
www.burmeseclassic.com

# လရောင်ကျေးရှင်

## မင်းနဲ့ရွှေဆက်ချင်လို့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

## မင်းနဲ့ရှေ့ဆက်ချင်လို့

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၃၈၀၉၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၉၁၃၀၈၁၀

အကြိမ် - ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရှင်

မင်းနဲ့ရှေ့ဆက်ချင်လို့/ လရောင်ကျူးရှင်၊ - ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၀။

၂၈၀- စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) မင်းနဲ့ရှေ့ဆက်ချင်လို့




## အခန်း (၁)

တရုတ်တန်းဈေး၏ ညနေခင်းက ဈေးသည်တွေ လူတွေနှင့် ကြက်ပျံမကျဆိုသလို စည်ကားရှုပ်ထွေးနေသည်။ ဒီလိုနေရာမျိုးမှာ 'တစ်ခုခုစားရ အောင်'လို့ပြောတာလောက် စိတ်တိုဖို့ကောင်းတာ မရှိ။

"ဘာစားချင်လို့လဲ၊ သွားဝယ်ခဲ့ကွာ"

မကျေနပ်တာက မကျေနပ်တာပဲ၊ မျက်နှာကို ဘယ်လိုမှ ပြေပြစ်လို့မရဘဲ မလိုသံပဲထွက်၏။

'မေပန်းချီ' ဆိုသော သူမသည် အလှအပ အလွန်မက်မော၍ အစားအသောက်လည်း မက်သေးသည်။ စားချင်ရင် ဝယ်စားလိုက်တာမျိုး မဟုတ်ဘဲ ကြေးအိုးဆို ဘယ်ဆိုင်မှာကောင်းသည်၊ ရွှေတောင်ခေါက်ဆွဲ၊ ကတ်ကြေးကိုက်၊ ဘာဖြစ်ဖြစ် ဒီအစားကို ဒီဆိုင်ကရမှ ...။

သူမ၏ ဇီဇာကြောင်တတ်သောအကျင့်ကို ကိုယ်တိုင် သိပ်မကြိုက်ပေမယ့် သူမ၏ မွေးသမိခင်ကြီး အိမ်ကိုရောက်လာတိုင်း ပြောနေကျ။



www.burmeseclassic.com

www.burmeseclassic.com



"ကားပါမလာဘူးလေ၊ သမီး မုန့်သွားစားတာ ပြန်မလာလို့ ..."

"သမီးပါတယ် ဆင့်ရဲ့ .. ၊ ဒီမှာ မအေကိုချပေးပြီးတာနဲ့ မုန့်စားမယ် ဆိုပြီး ပြန်ထွက်သွားလို့ ..."

ဆိုတာမျိုး ...၊

"ဘာစားချင်တာလဲ ..၊ အပန်းမကြီးတာဆို တို့ လုပ်ကျွေးပါ့မယ်၊ ရောက်လာပြီးမှ အပြင် ပြန်ထွက်စားရတယ်လို့ကွယ်"

"အမလေး မေပန်းချီတို့ အဲဒီလိုများကျွေးလို့ရရင် ကောင်းကင်မှာ နွားလှည်းမောင်းတာထက်တောင် ဆန်းပြားသွားဦးမယ်၊ သူက ဒီဆိုင်က ဟာစားမယ်ဆို ဒီဆိုင်မှာစားရမှ၊ ပြီးတော့ အိမ်ကိုဝယ်လာပါလား ဘာ ညာပြောရင် ဆိုင်မှာစားရတာမှ ပိုကောင်းသတဲ့"

စသဖြင့် သူမ၏ဂုဏ်သတင်းတွေအရ ဝယ်ခဲ့ပါလားလို့ပြောမိတဲ့ သူ့ စကားအဆုံးအလကားပဲဆိုတာလည်း သေချာနေ၏။ ထင်သည့်အတိုင်း ...

"ကိုကလဲကွာ အချိန်အခါနဲ့ စားစရာက အလိုက်ဖက်ဆုံးဟာကို ...၊ ဒီအချိန် ဒီနေရာမှာစားရမှ ကောင်းမှာပေါ့၊ လာပါ .. ခဏလေးပါ"

သူမဘက်က တံခါးဖွင့်နေရင်း သူ့ကိုလည်း လှည့်ခေါ်သည်။

"လာပါ.. ဆင်းပါဆို ..၊ ဒီမှာ မြေအိုးမြီးရှည် ကောင်းတဲ့ဆိုင် ရှိတယ်"

"မင်းပဲသွားစားပါ၊ အဲဒီမှာ မင်းတစ်ယောက်ထိုင်လို့အောင်ပဲ နေရာ ယူဦး"

မေပန်းချီက လှည့်ကြည့်ပြီး ပင့်သက်လေးရှိုက်၏။ ဟုတ်တော့ ဟုတ်သည်၊ ဆိုင်တွေကပ်ညပ်နေပြီး ဆိုင်တိုင်းမှာ လူတွေအပြည့်။

မတ်တတ်ရပ်စားနေတဲ့သူတွေ၊ ပါဆယ်စောင့်နေတဲ့သူတွေ...။ ထို့ကြောင့် ခက်ခဲသည့်ဆုံးဖြတ်ချက်ကို အလွယ်တကူချလိုက်ကာ ...

"ဒါဆို ခဏစောင့် .. မေ မစားတော့ဘူး၊ ထုပ်ခဲ့လိုက်တော့မယ်"





သူမဘက်က လိုက်လျောလိုက်ခြင်းကြောင့် သူ့မျက်နှာ သိသာစွာ ပြေကျသွားလျက် ခေါင်းညိတ်၏။ နက်ပြာရောင်ကိုယ်ကျပ်ကပ်ကပ်လေး နှင့် အဖြူရောင်လက်ကိုင်အိတ်လေးပါသော မေပန်းချီက အများကြဲမှာ ထင်းနေသည်။

ကားထဲကနေလှမ်းကြည့်ရင်း သူ အပြင်ထွက်လိုက်မိသည်။ နီရဲဝင်းစိုနေသည့် စတော်ဘယ်ရီခြင်းလေးတွေကိုမြင်လို့ အဒေါ်ဖြစ်သူကို သတိရသွားတာဖြစ်သည်။

အိမ်မှာ အန်တီနဲ့ သူ နှစ်ယောက်တည်းရှိပေမယ့် နှစ်ယောက်စလုံး စတော်ဘယ်ရီကြိုက်သည်။ ဒါပေမယ့် သူ့ခြေလှမ်းတွေ စတော်ဘယ်ရီ ဆီကို မရောက်ခဲ့ပါ။

"ဆွဲကြိုး .. ဆွဲကြိုး ပါသွားပြီ၊ လုပ်ပါဦး"

အသံထွက်လာတာက မေ့ ဆီကဖြစ်သည်။ ဒီလောက် လူကျပ်ကျပ် ထဲမှာမို့ ကိုယ့်နားကိုပင်-မယုံနိုင်ဘဲ ငေးခနဲတော့ကြောင်သွားမိ၏။

သို့သော် သူ့မျက်လုံး ကစားလိုက်စဉ်မှာ အလွန်အလှမ်းကွာသွားပြီ ဖြစ်သည့် မှုမမှန်စွာလှမ်းနေသူတစ်ယောက်ထံ ရောက်သွားပြီး ...

"ဟိုမှာ ..."

သူ အသံကျယ်သွားသလားမသိ။ ထိုလူက အပြေးတစ်ပိုင်း မှုမပျက် ရှုသွားနေရာမှ လှစ်ခနဲပြေး၏။ သူလည်း ပြေးလိုက်တာပင်၊ ဒါပေမယ့်...

"အင့်"

"အမလေး သေပါပြီ၊ ကုန်ပါပြီ"

သူ့ဗိုက်နှင့် မာကျောကျောအရာတစ်ခုပစ်တိုက်ကာ ကွဲရှသံရော အော်သံရော စုံသွား၏။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ..."

"ဒီမှာ ကုန်ပြီ၊ ဟိတ်လူကြီး"

ဆက်လိုက်မည့် သူ့အကျီစားစကို အမိအရဖမ်းဆွဲထားလိုက်သဖြင့် လူတစ်ကိုယ်လုံး ပုံပျက်ပန်းပျက်နှင့် ပြန်ပါသွားခဲ့သည်။

တရုတ်တန်းနားမှာ ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။

"တောက် .. ဖယ်စမ်း"

သူမလက်ကို ခပ်ဆတ်ဆတ်ပုတ်ထုတ်လိုက်ပြီး ပေတာကြေတာ လည်းမသိဘဲ အကျီကို ခါထုတ်နေမိရင်း ...

"ဘယ်လိုဖြစ်လာတာလဲ၊ မင်း နားမလည်ဘူးလား"

"မလည်ဘူးလေ၊ ကျွန်မပစ္စည်းကုန်တာပဲ ကျွန်မ သိတယ်၊ ပြန်လျော်ပေး"

ရှုပ်နေသည့် လူခြေထောက်တွေကြားထဲမှာ ဖန်ကွဲစတွေနှင့် ဆယ်လုံးခန့်ပါမည်ထင်ရသော ကြက်ဥထုပ်တစ်ထုပ်၊ ပြီးတော့ ဘယ်လိုမှ ပြန်ကောက်ယူလို့မရနိုင်တော့သည် အမှည့်လွန်နေသော သဘော်သီးမှည့် တစ်လုံး...၊

ကိုယ့်ဖာသာကိုယ် မဆင်မခြင်ပြေးလာမိတာ မှန်ပါသည်၊ ဒါပေမယ့် ဒီလို ကွဲရှတတ်တဲ့ပစ္စည်းတွေကို လူကြားထဲမှာ ဖြတ်သန်းသယ်လာတဲ့ လူကရော ဂရုတစိုက် ထုပ်ပိုးသယ်ပါလား ...။

နတော့ ဒါတွေကို ဒီတိုင်းမွေ့ပိုက်လာပုံရသည့်မြင်ကွင်းထဲမှာ ထည့်လျှိုလာသည့် အိတ်ခွံ ဘာညာလည်းမမြင် ...၊

သူ့မှာ လူက မတ်တတ်ကျန်ခဲ့ရပြီး စိတ်က ဟိုဆီရောက်နေသဖြင့် ပြီးစလွယ်ရှင်းလိုက်ဖို့ ပိုက်ဆံအိတ်ထုတ်သည်။

သို့သော် ...





"ဒါ ဘာတွေလဲ ပြော"

ဟု ပြောပြီးမှ ကိုယ့်ဘာသာ စေ့စေ့စပ်စပ်ငုံ့ကြည့်မိ၏။

ပလာစတစ်တွေမှာရောင်းသည့် ဖန်ပန်းကန်လုံးကြီးတွေဖြစ်သည်။ ဘယ်နှစ်လုံးဖြစ်မလဲ ..။

"ပန်းကန်လုံးက ငါးလုံး၊ တစ်လုံးကို ထောင့်နှစ်ရာ ဆိုတော့ ခြောက်ထောင်..."

"မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ"

ပန်းကန်တွေဖင်မှာကပ်ထားသည့် တံဆိပ်က တစ်ခုစီပဲပါမှာမို့ သူက မေးဆက်ပြကာ ...

"ဟိုမှာ တစ်လုံးကို တံဆိပ်တစ်ခုပဲပါတာ၊ သုံးလုံးပဲရှိတယ်"

"အို .. ဘယ်ဟုတ်ရမှာလဲ၊ တံဆိပ်မပါတဲ့ ဆွမ်းတော်ပန်းကန်ပြား အသေးလေးတွေပါသေးတယ်၊ အဲဒါကြောင့် အသေးစိတ်မပြောချင်လို့ တန်ဖိုးညှိပြီးပြောတာ၊ အတိအကျဆိုရင် နောက်ထပ် ပိုလာနိုင်တယ်၊ ကြက်ဥက ဆယ့်ငါးလုံး ..."

သူ့မျက်နှာကြီးတင်းနေတာကို သူမက မထီတထိကြည့်၍ ...

"သဘော်သီးက ထောင့်နှစ်ရာ ပေးခဲ့ရတာ"

ဟု ထပ်ပြောကာ သူမ ဘာသာ တွက်ချက်လိုက်ပြီး ...

"အားလုံး ရှစ်ထောင်နှစ်ရာ၊ ရှစ်ထောင်ပဲပေး၊ အဲဒါတောင် ကျွန်မက အမှန်အကန်တွက်တာနော်၊ နှစ်ရာတောင်လျှော့ထားသေးတယ်၊ ဒါမျိုးက တောင်းရင် တောင်းသလောက်ပေးရမှာပဲ"

"ဘာဖြစ်နေတာလဲ ကိုရယ်၊ ဒီမှာ ရင်တွေတုန်ရတဲ့အထဲ ..."

မေ ရောက်လာတော့ စိတ်က မေ့ဆီရောက်သွားပြန်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ရလား"

"မရပါဘူး၊ လိုက်တော့လိုက်သွားကြတာပဲ၊ ပြန်မယ့် ကိုး ဟိုနှစ်ဆိုင်က လူတွေကို ဖုန်းနံပါတ်ပေးခဲ့တယ်"

"ခဏနေဦး"

သူ့အိတ်က တစ်ထောင်တန်ရှစ်ရွက် ထုတ်ပေးလိုက်ပြီး ...

"မင်း နောက်တစ်ခါ ငါ့ကိုတွေ့ရင် ရှောင်၊ ဒီတစ်ခါ လူကိုပါ ကြေမွသွားအောင် တက်ကြိတ်နင်းပစ်မယ်"

"ဘာပြောတယ်"

"လျော်ပေးရင် ကျေနပ်တယ်မဟုတ်လား"

အနီအဝါအကွက်ကျားနှင့် ရုပ်အင်္ကျီပွပွကိုဝတ်ထားကာ ဆံပင်တိုတိုဖရိုဖရဲနှင့် ထိုမျက်နှာက ဆတ်ခနဲပင့်တက်လာ၍ ...

"ရတယ်၊ ပစ္စည်းကိုထိတော့ ပစ္စည်းတန်ဖိုးချင်းပေါ့၊ လူကိုထိပါးရင်တော့ ကိုယ့်ခြေထောက်ကိုထိရင် သူ့လည်မျို၊ ကိုယ့်လက်ဆိုရင် သူ့ခေါင်း၊ အဲဒီတစ်ယောက် ခင်ဗျားမဖြစ်အောင် ဆုတောင်း"

"တောက်"

ပိုက်ဆံကိုဆွဲယူပြီးလှမ်းသွားလိုက်တဲ့ ခြေလှမ်းတွေက မိန်းကလေးနဲ့မတူ၊ စီးထားသည့်ဖိနပ်က ယောက်ျားတွေစီးသည့် အကောင်းစားကွင်းထိုးဖိနပ် အညိုရောင်။

မေ ကတော့ ကားပေါ်ရောက်ကြတဲ့အထိ သူဖြစ်နေဟဲ့ဒေါသကို နားမလည်။

"ထားလိုက်ပါတော့ ကိုရယ်၊ ရွှေချည်းပဲဆိုတော့ အလွန်ဆုံးတန်လဲငါးသိန်းပေါ့၊ မနေ့က စိန်လော့ကက်ဝတ်ထားတာ ဖြုတ်ခဲ့မိလို့ တော်သေးတယ်" တဲ့။





သူ့မှာတော့ လူကြားထဲမှာ ခါးပိုက်နှိုက်မမိတဲ့အပြင် ကိုယ့်ဆီကထပ်ပါသွားရတဲ့အဖြစ်ကိုရော၊ မိန်းကလေးတစ်ယောက်က ပက်ပက်စက်စက်ပြန်လှန်ပြောသွားတာရော ဒေါသလည်းဖြစ် ရှက်လည်းရှက်။

ဒီလောက် ကက်ကက်လန်ပြန်ပြောတတ်မှန်းမတွေးလိုက်မိခင် သွားစပြောမိတာကိုက ကိုယ့်အမှား၊ ကိုယ့်ကိုယ်ကိုယ် သတိတရ ဆုံးမမိသည်။

မိန်းကလေးတွေနဲ့ သွားလာတာ ရှောင်၊ အတိုက်အခံ မပြောနဲ့...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဖြစ်ရလေ သားရယ်၊ မိန်းကလေးတွေနဲ့ သွားတာလာတာ ဆင်ခြင် ရမယ်လို့ပဲ"

"ကိုယ်က ယောက်ျားလေးပဲလို့ အန်တီက ပြောချင်တာလား"

"ဒီလိုလဲမဟုတ်ဘူးလေ၊ မေပန်းချီ က တွဲသွားမရဲလောက်စရာ မိန်းကလေးမှမဟုတ်တာ၊ သားလဲ ဟောဒ်သွမ်းရမ်းကားတဲ့လူ မဟုတ်ဘူး၊ ပြီးတော့ လူကြီးချင်း သဘောတူထားပြီးသား ..."

"ကျွတ်"

အဲဒါကိုက စပြီးခက်တာ ..၊ လူကြီးချင်း သဘောတူထားတာနဲ့ ကိုယ်က ပါဝင်လှုပ်ရှားပေးရအောင် ဒါရိုက်တာတွေ မင်းသား မင်းသမီးတွေမှ မဟုတ်ဘဲ ..။

အသံတိတ် စကားတွေပြောနေသည့်မျက်နှာမကြည်မသာကို





ဒေါ်ခင်ဆင့်က မြင်ပေမယ့် မသိသလိုနေလိုက်၏။ ဒီတစ်ထစ်ကိုတော့ လျှော့မပေးဖို့ဆုံးဖြတ်ထားသည်မို့ ...

"ဖမပန်းချီ က အဝတ်အစား၊ အပျော်အပါးလေးကြိုက်တတ်တာ တစ်ခုပဲ ..."

"ကုန်ပြီ"

"မကုန်သေးပါဘူးကွယ်၊ စိတ်ဓာတ်၊ စာရိတ္တ၊ အဆင့်အတန်း တစ်ခုမှ ပြောစရာမရှိဘူး၊ သားကိုဆိုလဲ သူ့ခမျာ အောက်ကျတယ်၊ သည်းခံရတယ် ဘာမှမတွက်ရှာဘူး"

"သည်းခံနေရအောင် ကျွန်တော်က သူ့ကို ဘာတွေများ လွန်လွန်မင်းမင်း ဆိုးရှားနေလို့လဲ"

"မဟုတ်ဘူး၊ အန်တီ ပြောချင်တာက သားက သူ့ကို ပျူပျူငှာငှာ မရှိဘူးလေ၊ တစ်ခါတလေ မျက်မှောင်ကြီးကြုတ်ပြီး မအားဘူး၊ မသိဘူး ပြောလွှတ်တာက ရှိသေးတယ်"

"ကိုယ်နေတတ်သလိုနေတာ"

"ဒါတို သူ နားလည်တယ်လေ၊ အဲဒါ ပြောတာပါ။ အသက်ချင်းကလဲ မတိမ်းမယိမ်း၊ တွဲသွားရင် နေနဲ့လ ရွှေနဲ့မြ၊ ဘာမှ အထစ်အငေါ့မရှိနိုင်တဲ့ အိမ်ထောင်ရေးကို ..၊ ဒီတစ်ခါတော့ ခေါင်းထဲကမထုတ်လိုက်ပါနဲ့ကွယ်"

သူ နေရာမှ ထရပ်လိုက်မိသည်။ အိမ်ပေါ်မှာ မေမေက လူမမာကြီးလို အခန်းအောင်းနေတတ်သူ၊ အိမ်မှုကိစ္စ၊ အတွင်းရေး အပြင်ရေး ဘာမဆို အန်တီဆင့်လက်ထဲမှာပဲ ရှိသည်။

အားလုံး ဘာကိုပဲဖြစ်ဖြစ် ကြိုက်သလိုစီမံပါ။ ကိုယ်တိုင်ကျတော့ အပျိုကြီးလုပ်နေပြီး ဘယ့်နှယ် ကိုယ့်ကျမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘယ်ကိုလဲ"

"ကျွန်တော် အလုပ်ကိစ္စ သွားစရာရှိသေးလို့"

"အို .. တော်ကြာ မေပန်းချီ ရောက်လာမှာမို့လား"

"ကျွန်တော် အလုပ်ကိစ္စရှိတယ်ပြောထားတာပဲ"

"ဩော် .. ခက်ပါဘိတော့ ..."

သူ လှည့်ထွက်လာတော့ ဒေါ်ခင်ဆင့် သူ့နောက်ကနေပါလာခဲ့ပြီး..

"ဘာပဲဖြစ်ဖြစ် သူ လာခဲ့မယ်လို့ပြောသွားတယ်မဟုတ်လား သားရယ်၊ အကျိုးအကြောင်းလေး ပြောပြပြီးမှ ..."

"အန်တီက ဘာဖြစ်လို့ ကျွန်တော် ဒီမိန်းမနဲ့လက်ထပ်ဖြစ်ရေးကိုပဲ အာရုံတ်အနယ် နပန်းလုံးနေတာလဲ၊ ဒီကာလမှာ သူ့ကို ကျွန်တော် သဘောမကျရင်၊ သူ ကျွန်တော့်ကိုမကြိုက်ရင် ဘယ်ဘက်ကဖြစ်ဖြစ် နောက်ဆုတ်ခွင့်ရှိတယ်"

"ဟိုကတော့ နောက်ဆုတ်မှာမဟုတ်ပါဘူး မင်းပဲ နောက်ဆုတ်မှာ"

"အဲဒီလောက်ထိ ကျွန်တော့်ဘက်က ဆန္ဒမရှိတာကို အန်တီ သိသားနဲ့ ..."

"ဆန္ဒမရှိတာတွေ၊ မကြိုက်ကာတွေ မင်းဘက်က ရှေ့ဆက်ချင်တဲ့ မိန်းမရော ရှိဖူးလို့လား၊ အိမ်ထောင်ပြုရမှာကို အသေခံဖုံးကိုင်ပြီး ရှေ့တန်းထွက်နိုင်းတာကျနေတာပဲ"

"ပိုဆိုးတယ်"

အခေါ် ဆိုပေမယ့် အမြဲတမ်း အလိုလိုက်လာခဲ့တာမို့ တော်ရုံကိစ္စဆို ဒီလိုပဲ သူငယ်ချင်းပြော ပြောဆိုမိခဲ့သည်။ ဒေါ်ခင်ဆင့်ကလည်း ဆူတဲ့အခါ ဆူလိုက်၊ ကလေးပေါက်စလို တစ်ခါတလေ ခေါင်းသပ်ပြီး လာချော့





လိုချော့ ...၊

"မင်းဟာလေ အသက်လဲ သုံးဆယ်ပြည့်တော့မယ်၊ ခုချိန်ထိ ပြောရဆိုရ လက်ပေါက်ကပ်တဲ့နေရာမှာ ကလေးထက်ဆိုးတုန်း ..."

"မနှာခံချင်တာတွေချည်းပြောနေတာကျတော့ အန်တီကောင်းလား"

"အဲဒါ မင်းအတွက်ပဲ သားရယ်"

ဒေါ်ခင်ဆင့် လေသံပျော့ကျသွားပြန်သည်။

"မင်းညီလေး ပျောက်နေတဲ့သောကနဲ့ အမေဖြစ်တဲ့သူ ဘယ်လောက်ခံစားနေရရှာသလဲ သား သိသားနဲ့ ...၊ သူ့ခမျာ ရှိနေတဲ့သားကိုလဲ ပူရပြန်ရော"

"မေမေက အိမ်ထောင်ရေးကိစ္စအတွက် ဒီလောက်မပြောပါဘူး"

"မပြောတာက သူ့သောကတွေ ဟိုဘက်မှာပဲ ပိုနေတာကိုး၊ ပြီးတော့ မမပဲစီစဉ်ပေးလိုက်ပါလို့ အန်တီ့ကို လွှဲထားတဲ့ဥစ္စာ ..."

သူ ဘာမှမပြောဖြစ်တော့ပေ။

ကုတ်အင်္ကျီအညိုကိုဆွဲယူကာ အပြင်ထွက်လာရင်းဝတ်သည်။ ကံကောင်းထောက်မပြီး ဖုန်းဝင်လာသဖြင့် အင်္ကျီကြယ်သီးတစ်ဖက် တပ်ရင်း ဖုန်းပြောလိုက်၏။

လက်မှာ အိတ်ပါလာ သဖြင့် ဆိုဖာလက်တင်မှာလှမ်းတင်၍ ခဏ တော့ရပ်နေရခဲ့၏။

အန်တီ ဘာမှမပြောနိုင်တော့ဘဲ လက်လျှော့ကျန်ရစ်ခဲ့ပြီဟုတွက်မိကာ ဖုန်းပြောရင်း ကျေနပ်နေမိသေးသည်။

သို့သော် ...

"အဲဒါ ပြောတာပေါ့ အိတ်က တစ်ဖက်၊ ဖုန်းပြောနေရတာ တစ်ဖက်၊



www.burmeseclassic.com

www.burmeseclassic.com



အကျိုးကြွယ်သီးက တပ်ရသေးတယ်၊ ဒီနေရာမှာ ကိုယ့်မိန်းမသာရှိရင် အိတ်ကလေးပြေးဆွဲမယ်၊ ကြွယ်သီးလေးတပ်ပေးမယ်၊ ဘယ်လောက် ပြည့်စုံလိုက်မလဲ” တဲ့။

အနိတို့ မျက်လုံးထဲမှာ သူ့ဘေးမှာ ဇနီးချောတစ်ယောက် ရှိနေရ မည့်အဖြစ်ကိုပဲ တွေးမြင်နေခဲ့သည်က သေချာသည်။

စိတ်ညစ်စရာပါလား .....။





## အခန်း (၃)

ဆိုင်ပေါ် တက်လိုက်တာနှင့် ဘယ်ပစ္စည်း လက်ရာပျက်သလဲဆိုတာ ဖြူးဖြဲလိုက်ကြည့်တတ်သည့် ကိုယ့်အကျင့်ကိုလည်း ဖျောက်လို့မရ။

မသေချာတာမပြောနှင့် သေချာပေါက်သိလိုက်လို့ မေးရင်တောင် ကြမ်းပိုးက လိပ်ဖြစ်အောင်ပြောတတ်လွန်းသည့် ပါးစပ်အကြောင်းလည်း သိလျက်နှင့် ...

“ကြက်ဥနှစ်လုံး ဘယ်ရောက်သွားလဲ၊ ဟဲ့ .. ဇင်ကို ...”

“ကြက်ဥနှစ်လုံး ဘယ်ရောက်သွားလဲမေးရအောင် မီးဖို ကြောင်အိမ် ထဲမှာ သေချာထုပ်ပတ်ပြီး သိမ်းထားတာမို့လို့လား”

“ညည်းကို ငါ မမေးဘူး”

“လုပ်မနေနဲ့ နပ်ပြီးသား ဒီက ..၊ ဈေးဆိုင်မှာရောင်းဖို့ချထားတဲ့ ကြက်ဥအမြောက်အမြားကို နှစ်လုံးပျောက်တယ်၊ သုံးလုံးပျောက်တယ် နဲ့၊ သူခိုးဖမ်းချင်ရင်လဲ သေချာနိုင်မာအောင်လုပ်ဦးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ရေစည်ဘေးမှာ အဝတ်လျှော်ရင်း တစ်ခွန်းမကျန်ပြန်ပြောနေသည့် တစောင်းမျက်နှာကို ဖနှောင့်နဲ့ပြေးပေါက်ချင်စိတ်တွေဖြစ်လာကာ ဒေါ်ဝင်းဝင်း ဆိုင်ခုံပေါ်ကနေ ခါးနှစ်ဖက်ထောက်၍ ...

"ညည်းက ကြာလေ မိုက်ရိုင်းလေပါလား မမ .. ဟင် ..၊ တော်ရုံဆို ညည်းနဲ့ စကားမပြောချင်လို့ ငါ ပါးစပ်ပိတ်နေခဲ့တာ"

"ဒေါ်လေးလိုပါပဲ ...၊ သမီးကလဲ မလိုအပ်ဘဲ ပြောကိုမပြောချင်တာ၊ အဲဒါကြောင့် တစ်နေကုန် လမ်းပေါ်မှာပဲထွက်နေတာ၊ ခဏလေး အိမ်ကပ်တာနဲ့ ခဏလေးဖြစ်ရတာပဲ"

မမက လှည့်ပြောလိုက်၊ အဝတ်တွေကို ဆောင့်ရိုက်ဖွပ်လိုက်နှင့် ဒေါသတွေပါကာ လျှော်ဖွပ်သံက တဖျန်းဖျန်း တဘိုင်းဘိုင်းမြည်လာ၏။

"ကိုဇင် မရှိဘူး၊ ဒေါ်လေး၊ သမီးနဲ့မပြောချင်ရင် သူလာမှပြော"

"သူရှိတာ မရှိတာလဲ ကျုပ်က ဘယ်လိုလုပ်သိမှာလဲ၊ ညည်းတို့က လမ်းပျော်မောင်နှမလေ၊ တစ်ယောက်ရှိရင် တစ်ယောက်ရှိနေတာပဲ၊ ငါ ကြက်ဥ အပေါ်ယံမှာ ငါးလုံးတင်ခဲ့တာ အခု သုံးလုံးပဲရှိတော့တယ်၊ မီးဖိုချောင်မှာလဲ ဟင်းရှိတာမဟုတ်ဘူး၊ ယူရက်ကြော်စားလိုက်သလားလို့ မေးတာ မစားရင် မစားဘူး၊ စားရင် စားတယ်ပေါ့"

မမက ရေလျှော်နေသည့်အဝတ်တွေကို ဇလုံထဲ ဖတ်ခနဲလွှတ်ချကာ ဇလုံကိုပါ ကျောက်ပြားပေါ်မှာ တွန်းပစ်လိုက်၏။

ပြီးတော့ ...

ဖင်ထိုင်ခုံပြားလေးပေါ်မှာ ထိုင်နေရာကနေ ဒေါ်ဝင်းဝင်းဘက်ကို တည့်တည့်လှည့်ထိုင်လိုက်တာ ဆောင့်ခနဲ။

"စားတယ်ထင်ရင်လဲ စားသလား မေးပါလား၊ ကြက်ဥ ဘယ်ရောက်သွားလဲဆိုတော့ ..."





"တော်စမ်း တော်စမ်း၊ ငါ ညည်းနဲ့စကားပြောရတာ အကုသိုလ်များတယ်"

"အကုသိုလ်က သမီးနဲ့ပြောမှ များတာမဟုတ်ဘူး၊ ခုပဲ ဆိုက်ကား အုံနာက ဆိုက်ကား ပြန်သိမ်းမယ်ဆိုလို့ ပြေးတောင်းပန်ခဲ့ရကယ်မို့လား၊ မနေ့ကလဲ ညက ခြင်ထောင်မီးခွဲတဲ့အမှုနဲ့ ရုံးရောက်ခဲ့ပြီးပြီ၊ အဲဒါ ဘယ်သူ့ အကုသိုလ်လဲ ပြန်တွေးကြည့်"

"ညည်းတို့ဦးလေး အရက်သမားရဲ့ ကောင်းမှုလေ၊ ဘယ်အုံနာက ဆိုက်ကားပေးနင်းချင်မှာလဲ၊ မပြောသိုက်ချင်ဘူး .. ဝှနဲ့ဝှမက သူ့ခိုး ကြမ်းပိုး အပေအတေလေးတွေ၊ ဦးလေးက အရက်သမား"

"ဦးတင့်အောင် ဆိုတာ ဟိုတုန်းက ရပ်သိရွာသိ လူတော်လူကောင်းပါ၊ ဒေါ်ဝင်းဝင်းလက်ထဲကျမှ အရက်သမားကြီးဖြစ်သွားတာ လူတိုင်းသိတယ်"

"ဘာအေ့ ..."

"စဉ်းစားကြည့်လေ ..၊ သူများကိုပြောချင်ရင် ကိုယ့်မှာ အပြောလွှတ်ရဲ့လား ပြန်ကြည့်ပေါ့၊ ဒေါ်လေးနဲ့ညားမှ ဦးလေး အရက်သမားဖြစ်တာ ဘယ်သူ့အကုသိုလ်လဲ"

"ကြည့်စမ်း .. ညည်း ..."

ဒေါ်ဝင်းဝင်း မခံမရပ်နိုင်စွာ ဆိုင်ပေါ်ကနေ ခုန်ချမတတ် ဆိုးဆိုး ဆက်ဆတ်ဆပ်လာ၏။

မမကလည်း ထိုင်ရာကနေ ထရပ်လိုက်သည်။

ဝေးပါသေးတယ်၊ ကြောက်သွေးပါလို့ကတော့ ကိုယ့်ကာသာ တိုင်နဲ့ ခေါင်းနဲ့ ပြေးဆောင့်ပစ်လိုက်ဦးမည်။

"ကိုဇင်နဲ့သမီး တကယ်အပေအတေတွေဖြစ်ရင်တောင် ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



မွေးမြူလာခဲ့တဲ့ကလေးတွေ၊ ကိုယ့်အရည်အချင်းတွေကို ကြွေးကြော်ဖော်ပြမနေနဲ့"

"လှပါးဝလို့ .. ညည်းက .. ငါ့ကိုလား ..."

"ဒေါ်လေး သမီးကို အသားနာအောင်လုပ်ဖို့ စိတ်မကူးနဲ့နော်"

လက်ရှယ်ပြီးပြေးလာတော့ မမက ပေစောင်းစောင်းမော့ကြည့်လိုက်ပြီး နောက်ကို တစ်လှမ်းဆုတ်၏။

"ရိုက်ဆုံးမရအောင် သမီးတို့မောင်နှမက ဒေါ်လေး ကျွေးမွေးစောင့်ရှောက်လို့ ကြီးပြင်းလာခဲ့ကြတာမဟုတ်ဘူး၊ ခံသင့်မှခံမှာ"

"ဟာ .. ဒေါ်လေး .. မမ ..."

ဒေါ်ဝင်းဝင်း နေရာမှာပဲရပ်သွားစဉ် ဖင်ကို အပြင်ကနေ အပြေးအလွှားရောက်လာပြီး နှစ်ယောက်ကြားမှာ ရပ်၏။

"ဘာတွေဖြစ်နေကြတာလဲ၊ စိတ်ညစ်လိုက်တာ"

ဒေါ်လေးက ပါးစပ်ကြမ်းကြမ်း အပြောဆိုးဆိုး၊ မမက တစ်စက်မှ သည်းမခံ၊ တစ်ခွန်းမှမခံဘဲ ပြန်ပြောတတ်၏။

တကယ်တမ်းပြောကြကြေးဆို မမက မလွန်ဘူးပဲထင်သည်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသည့်စကား ရှိတယ်မို့လား ...၊

"မင်းတို့မောင်နှမ လမ်းပေါ်မှာထွက်ရှာပြီး လမ်းပေါ်မှာပဲစားကြကင်းမယ်ဆိုရင် လုံးဝကင်းအောင်နေ၊ ငါ့အရိပ်မှာနေပြီး ခွေးလို ပြန်ကိုက်လို့မရဘူး၊ ဟွန်း .. ပါးစပ်က ငါးစိမ်းသည်ထက်ဆိုးတယ်၊ ခါးပိုက်နှိုက်ပီသပ့်"

"ဟုတ်တယ်၊ ပီသလို့ပဲ မခံနိုင်တာ၊ မမတို့က ဟိုမရောက် ဒီမရောက် ပေါက်ပေါက်ဖောက်တဲ့ပါးစပ်မဟုတ်ဘူး၊ ချိန်ခွင်ကိုင်ပြီး တစ်ကျပ်ဖိုးရရ နှစ်ကျပ်ဖိုးရရ အလေးခိုးမစားဘူး၊ ခါးပိုက်နှိုက်ပေမယ့် သစ္စာရှိတဲ့ ခါးပိုက်





နှိုက်နော်၊ ပုပ်စော်နံနေတဲ့ပစ္စည်းဆို ဘာမှမမက်မောဘူး"

"ဘာပြောလိုက်တယ်"

"တော်တော့ မမ၊ ဒေါ်လေးလဲ တော်တော့ဗျာ၊ လူကြားမကောင်းဘူး"

"လှပါးဝတဲ့ကောင်မလေး၊ ငါ ကျွေးမွေးခဲ့တာတွေ လည်ချောင်းထဲမှာ ခြေမနဲ့ကော်ထုတ်လို့ရသေးတယ်၊ ဝါးပြီးပြန်ထွေး၊ စားပြီးနားမလည်."

ဆဲနည်းမျိုးစုံနှင့် ဒေါ်ဝင်းဝင်း ထဘီမ ကျန်ခဲ့၏။ ရန်ဖြစ်ကြပြီဆို တွဝရိုးဖြစ်နေကြတာနဲ့မတူ။

ကိုယ်ကပြောတာ ဘာဖြစ်လဲ၊ ဦးလေးနဲ့စပ်မှ တော်တာပေမယ့် အုပ်ထိန်းသူမဟုတ်ဘူးလား၊ သင်းက လူငယ်ဖြစ်ပြီး နည်းနည်းလေးမှ ရိုသေကိုင်းရှိုင်းမှုမရှိ။

"ဘာတွေဖြစ်နေတာလဲ မမဝင်း"

ဒေါ်သက ပွင့်အံပေါက်ကွဲဖို့ လမ်းကြောင်းရှာမရဖြစ်နေတုန်း နှစ်အိမ်ကျော်က ဒေါ်သန်းမြင့်၏မေးသံကြောင့် မျက်လုံးတွေ ချက်ချင်း စူးစူးရဲရဲ ထဖြစ်လာ၏။

အိမ်မကြီးဘက်ကို မျက်နှာမူထားရာကနေ ဈေးဆိုင်လေးပေါ် အပြေးအလွှားပြန်တက်ကာ ...

"ကြားတဲ့အတိုင်းပဲလေ၊ အိမ်မှာ ပုဏ္ဏကတိုက်တာ၊ မမြင် မကြားရသမျှ အိမ်မှာအေးချမ်းနေသေးတယ်၊ မျက်စိအောက်ရောက်လာတာနဲ့ အမြင်မတော်တာတွေ ဒီပါးစပ်က မနေနိုင်လို့ပြောမိတော့ ခွေးကိုက်ခံရရော..."

ဆိုင်ရှေ့မှာ ဈေးဆွဲခြင်းတစ်ဖက်နှင့် အချိန်ကုန်ခံ အလေးခံပြီး စပ်စုဖို့ရပ်နေသော ဒေါ်သန်းမြင့်က အိမ်ထဲကအသံတွေကိုလည်း မသိသာ



www.burmeseclassic.com

www.burmeseclassic.com



နှားစွင့်၏။

ဒီလိုပဲ ...၊ ဒီအိမ်မှာ အုန်းခနဲ့ဖြစ်တတ်ပြီး အိမ်ရှေ့မှာ ဒေါ်ဝင်းဝင်း ကိုတ်မနိုင်ခဲ့မရ မပြီးနိုင်မစီးနိုင်ပြောဆိုကျန်ရစ်မည်။

အိမ်ထဲမှာ ဟိုမောင်နှမကတော့ ဘယ်လိုတွေ ခွဲလွဲနှပန်းလုံးနေကြသည် ဘယ်လျှမှ မသိကြတော့ ...။

ဒီလမ်းတစ်ကြောမှာတော့ 'မမ'ဆိုသည့်ကောင်မလေးက မိန်းမဆိုးလေးပဲဖြစ်၏။ သွားချင်တဲ့လမ်းကိုသွားသည်၊ ဂရုမစိုက်ဟတ်သည့်မျက်နှာနှင့်နေ၏။

သူ့ကို နည်းနည်းလေးထိပါးတာနှင့် ဝွက်သောပါလိမ့်မည် နှုတ်ခမ်းပါးလျှာပါး အာရိုလျှာနိုက စကားလုံးတွေ စက်သေနတ်ပစ်တဲ့အတိုင်း...၊

အမျိုးလေးတစ်ယောက်က ဒီအရွယ် လှတပတလေးနှင့် ဤမျှ ရန်တွေ့ကောင်းတာ အံ့သြလောက်ပါ၏။

"ကြက်ဥပျောက်လို့မေးမိတာကစပြီး ဖြစ်သွားလိုက်တာအေ .. ကြားတဲ့အတိုင်းပဲ"

ဒေါ်ဝင်းဝင်း အော်ပြောနေတဲ့ကြားကနေ ဒေါ်သန်းမြင့် စိတ်ဟာ အိမ်ပေါ်ကမောင်နှမဆီမှာပဲ ဝေ့ဝဲနေသဖြင့် ခေါင်းညိတ်နေပေမယ့် မျက်လုံးရှောက်နေတာက တခြား။

ဒီမြင် အိမ်ဆိုင်လေးမှ ဝယ်သူတွေ နောက်ထပ်ရောက်လာတော့ ဒေါ်ဝင်းဝင်း ပြောနိုင်ဖို့ တတပ်တအားဖြစ်သွားခဲ့ပြန်ကာ..

"အဲဒါပဲ .. ငမ်းနဲ့မလွယ် သားမမည်ဆိုတာ ..."

"သည်းခံလိုက်ပါ ဒေါ်ဝင်းရာ ...၊ ကိုယ်က လူကြီးပဲ"

လို့ ပြောသွားကြတဲ့လူတွေ ရှိသလို ...

"သူဝို့က ငယ်သူတွေကို .. မိုက်ခွင့်ရှိတယ်၊ မမဝင်းက မျိုသိပ်လိုက်"





ဆိုသည့် စကားမျိုးကျတော့ ဘယ်ဘက်ကို ဦးတည်ပေးမှန်းမသိ။

တချို့ကျတော့ ဝယ်စရာရှိတာဝယ်ပြီး ပြန်သွားကြသည်၊ 'မမ' ပါးစပ်ကိုကြောက်တဲ့လူတွေကလည်းရှိသည်မို့ ဘယ်ဘက်ကမှ ဝင်မပြောရဲကြတာတွေ ...၊

ဒေါ်ဝင်းဝင်း နဲ့ မမ ...၊

နာမည်နှစ်လုံးဆင့်များနှင့် တစ်အိမ်တည်းမှာ အတူတကွနေထိုင်မိကြပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

“နင်ကလဲ ငါ ဒေါသဖြစ်ဖို့ထားဦး”

တက်ခေါက်လိုက်၊ တစ်လမ်းလုံးရှိသမျှ မြင်သမျှ ခြေထောက်တစ်ဂမ်းမှာရှိတာအားလုံးကို လွှဲကန့်ဖိနင်း ...၊

ဒေါသ ဟူသမျှ သူမချည်းပဲ သိမ်းပိုက်သောင်းကျန်းနေ၏။ ဇင်ကိုက ခေါင်းကဆံပင်တွေကို ကုတ်တာမဟုတ်ဘဲ ထိုးဖွခါထုတ်ကာ ရွှံ့မဲ့ပြောသည်။

“မိန်းကလေးဖြစ်ပြီးတော့ တစ်ချက်မှ ပိပိပြားပြားမရှိဘူး”

“ကိုဇင်နော် .. တစ်သက်လုံး လက်ချင်းချိတ်ဆော့လာခဲ့ပြီး နိုးတာဆိုးတာလဲ အတူတူ၊ ပိပိပြားဖို့တွေ လာရှုတ်မနေနဲ့၊ အစ်ကိုစာရင်းသွင်းထားလို့ ချမ်းသာပေးထားတာ”

“ဟုတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ နောက်ထပ် ကျေးဇူးမထင်ချင်လို့ တစ်ခုတော့တောင်းပန်ပါရစေ၊ ငါ ဘယ်သွားသွား နင် မလိုက်ပါနဲ့တော့”





“ဘယ်သွားသွားဆိုတာ ဘယ်ကိုပြောတာလဲ”

“ဘယ်ဖြစ်ဖြစ် မလိုက်နဲ့”

“ဟိုမိန်းမကြီးနဲ့ ဒီလောက်ပဲဖြစ်နေရတာ နည်းသေးလို့လား”

ဒီလိုကျတော့ ဇင်ကို ငြိမ်ကျသွားသည်။ ပြောစရာမရှိလေ ဆံပင်တွေဖွမိလေ ...၊ ဆံပင်ဖွသည့်အကျင့်ကြောင့်ပဲ ဇင်ကို့မျက်နှာက ချောမောပြေပြစ်ပါလျက်နှင့် အမြဲတမ်း ရှုပ်ပွပွ သိုးသွင်းသွင်း။

သူ့ကိုယ်သူ ကာကွယ်ဖို့ စကားဘော အဆင်သင့်ရှိ၏။

“ဒီခေတ်ထဲမှာ ဒီလို တစ်ခုစီ တစ်ပင်စီထောင်နေအောင် ယောက်ျားလေးတွေ ဂျယ်တွေ ဈေးကြီးပေးပြီးဝယ်သုံးနေရတာ၊ ငါ့ဆံပင်က အော်တိုမစ်တစ်ထောင်နေတာ” ဟု ..၊

ဒီတစ်ခါလည်း ပုံဆိုးပန်းဆိုးထောင်ကျန်ရစ်သည့်ဆံပင်တွေကို မမက လှည့်ကြည့်၏။

“ဆံပင်တွေ ဒီလောက်ပွယောင်းရှုပ်ထွေးကုန်အောင် ဆွဲဖွနေရတာလည်း နင့်ခေါင်းက အကြံကောင်းဉာဏ်ကောင်းမထွက်ဘူးနော်၊ ပြောသင့်တဲ့စကားမှန်းမသိ၊ မပြောသင့်မှန်းမသိ”

“ငါ ဘာပြောလို့လဲ”

“ဦးလေးနဲ့ ဆိုက်ကားနင်းချင်တယ်လို့ သွားပြောတာ”

“အဲဒါ ဘာဖြစ်လဲ၊ သူနိုးကြမ်းပိုးလေးတွေလို့ အပြောခံလာရတာတွေ မခံချင်တော့ဘူး”

“ဘယ်သူကရော ခံချင်နေလို့လဲ၊ အနောက်နိုင်ငံတွေမှာ အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့သူကို မိဘက အရွယ်ရောက်ပြီလို့ သတ်မှတ်ပြီး လက်လွှတ်တယ်၊ ငါတို့မှာ ကိုးနှစ်သမီးကတည်းက ပန်းရောင်းရတာနယ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းရ၊ နင်က ဆယ့်နှစ်နှစ်လေ၊ သစ်ပင်ပေါ်တက်ပြီး ငှက်ထောင်ရတယ်၊ ဥနှိုက်ရတယ်၊ ဘယ်အုပ်ထိန်းသူက ငါတို့ကို အလကားကျွေးမွေးခဲ့တာရှိလဲ"

"ဒါကတော့ အုပ်ထိန်းသူဆိုတာကို ပြန်ကြည့်လေ၊ ငါတို့မိဘမှ မဟုတ်တာ"

မမ ဒေါသထွက်သွားသည်။ အခက်အခဲလေး ထစ်ခနဲရှိပြီဆို ဇင်ကိုတို့ ခေါင်းဟုတ်ပြီ မိဘမဲ့ခဲ့တာတွေ၊ ဘဝအကြောင်းမကောင်းခဲ့တာတွေ အစပြု၍ မနောင်အနာဂတ် ဘယ်ရွှေ ဘယ်မျှထိ တစ်မျှော်တစ်ခေါ်စိတ်ညစ်ဖို့တွေ တန်းစီထုတ်နုတ်ပြီး ညည်းညူမည်။

ယောက်ျားလေးဖြစ်ပြီး အဲဒါကျတော့ ကောင်းလား ...၊

ခြေထောက်က ရှေ့ဆက်မလှမ်းချင်တော့ဘဲ ခြံကြီးတစ်ခြံ၏ရှေ့ အုတ်ခုံမှာ ဒီတိုင်းဝင်ထိုင်လိုက်မိ၏။

ဇင်ကိုကတော့ ရုတ်တရက် မထိုင်သေးဘဲ တိုးလိုးတစ်လစ်ရပ်ထားသည့် အနက်ရောင်ပြောင်နေသောကားကြီးကိုကြည့်ပြီး ...

"နင့်ဒူးနှစ်ဖက် အပေါ်တင်ထိုင်၊ ဟိုကား ဘက်ခ်ဆုတ်လာရင် အတွဲလိုက်ပါသွားမယ်"

ဟုပြော၍ သူက အမူးမှ ကျောပေးထိုင်၏။

မမက ကားကိုသာကြည့်ပြီး မနာခံချင်ပေမယ့် လွတ်ကင်းအောင်တော့ ခြေထောက်နှစ်ဖက်ကို ရုပ်လိုက်သေးသည်။ ခြံတံတိုင်းမှာ ကျောကပ်မှီပြီး တင်ပျဉ်ခွေကျကျနနထိုင်လိုက်ပြီးမှ ...

"နင် ဒါထက် နှစ်နှစ်, သုံးနှစ်ကြီးမှန်းသိရက်နဲ့ အစ်ကိုလို့မခေါ်ဖြစ်ခဲ့တာ အဲဒါပဲ ကိုဇင်၊ ဦးနှောက်မှမရှိတာ"





"ဘာလဲ"

"ဟုတ်တာပြောရင် နာခံလိုက်"

"မမနော် နင် ... ဒီမှာ တင်းနေတာ"

"တင်းပေါ့၊ ဘယ်သူက ဂရုစိုက်နေလို့လဲ၊ လူဖြစ်ပြီး လူ့သဘာဝအတိုင်း ကိုယ့်ကိုယ်ကိုယ် အမွန်းတင်မယ်၊ သံယောဇဉ်ကြီးမယ် မရှိဘူး"

"အမွန်းတင်စရာ ဘာတွေရှိလို့လဲ ပြော"

"မရှိရင် မတင်ဘဲနေလေ၊ တော်ပေါ်ကဲဆိုးတဲ့ကောင်၊ ဘဝမကောင်းခဲ့တဲ့ကောင်၊ ကျွေးမယ့်သူမရှိခဲ့ဘူး၊ ဘယ်သူမှ စေတနာမရှိကြဘူး၊ ဒါတွေပဲ အထပ်ထပ်ရွတ်ပြီး ကိုယ့်ရဲ့ဂုဏ်ကျက်သရေတွေကို တိုးပွားနေတာကောင်းလား"

"ဒါ အမှန်တွေပဲ"

"မှန်တိုင်းမကောင်းဘူးဆိုတာ မမေ့နဲ့၊ များများသိတိုင်း များများမပြောရင် အန္တရာယ်ကင်းမယ်၊ နဲတော့ ကိုယ့်ရဲ့ ကိုယ်စောင့်နတ်တောင် ကိုယ်မှာကပ်ချင်မှာမဟုတ်ဘူး၊ ဒီလောက်တောင် တစ်နေ့ကို အခေါက်ခေါက်အခါခါ ကျက်သရေတုံးနေတာ၊ နေခဲ့စမ်းကွာ ဆိုပြီး ..."

"ဘာဖြစ်လဲ အဲဒီတော့ ..."

"ကြော် ... ကိုယ်စောင့်နတ်တောင် မစောင့်ရှောက်တော့ဘူးဆိုမှတော့ မိုးစားရင် မိမယ်၊ သစ်ပင်ပေါ်က ပြုတ်ကျရင် ရေနွေးအိုးထဲတည့်တည့်ကျပြီး အိုးပါမှောက်လို့ မီးထဲရောက်မယ်၊ ဒါတွေမဖြစ်ဘဲနဲ့ ပြိုင်ဘက်ချင်း ရန်ဖြစ်ကြရင်လဲ သူများကိုထိုးတဲ့ဓားက ကိုယ့်ရင်ဝတည့်တည့်ကို လာစိုက်မှာပဲ၊ ပလက်ဖောင်းပေါ်မှာသွားနေပေမယ့် လမ်းပေါ်ကကား ဘရိတ်ပေါက်ပြီး တက်ကြိတ်ခံရတာတွေရော ကြားဖူးလား၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



တွေ ကိုယ်စောင့်နတ် မစောင့်ရှောက်လို့ဖြစ်တာတွေပဲ”

ခင်ကို က ငြိမ်နေလေ မမက ပြောလို့ကောင်းလေ၊ ကျောပေးနေတာတောင် တစ်စွန်းတစ်စမြင်နေရသည့် မေးရိုးအစွန်းတို့ကို လည်ပင်းလေးရှည်ကြည့်၍ …

“မဟုတ်တာလုပ်တဲ့လူတွေလဲ ဘယ်သူမှမသိပေမယ့် ကိုယ်စောင့်နတ် သိတယ်၊ ရှေးက ကောင်းမှုက စေတနာအကျိုးလေးနဲ့ ဒီဘဝမှာ စံ့စား၊ ခံစားနေရရင်တောင် နတ်တို့အချင်းချင်း သတင်းပေးပြီးသား၊ အဝီစိ၊ ငရဲပြည်၊ ဖုတ်၊ ပြိတ္တာ၊ အသူရကာယ် တစ်နေရာရာမှာ ဘုံပေါက်နေမှာ လူမသိ၊ သူမသိ …”

“ငါ မဟုတ်တာလုပ်သမျှ နင်ပါတယ်၊ အားပါးတရ ရွတ်ပြမနေနဲ့”

“ရွတ်တော့ ဘာဖြစ်လဲ၊ မရှိလို့ ခိုးစားဖူးတယ်၊ အမှန်မပြောရဲတဲ့အခါ လိမ်ပြောတယ်၊ ဒါပေမယ့် မမတို့က ကိုယ့်ကိုယ်ကိုယ် အလကားလူလို့ ဘယ်တော့မှ မသတ်မှတ်ဘူး၊ သူများအပေါ် မှာ ယုတ်မာခဲ့တာ ဘာမှမရှိဘူးဆိုတဲ့စိတ်နဲ့ အမြဲတမ်း လိပ်ပြာသန့်တယ်”

“ဂုဏ်သရေရှိသူခိုးပေါ့၊ ခုမှပဲကြားဖူးတယ်”

“ကိုယ့်ကိုယ်ကို မြှင့်တင်ခြင်းလေ၊ ဘုန်းကြီးဆွမ်းလောင်းတာတောင်မှ ငါဦးပဉ္စင်း၊ ငါကိုရင်ဆိုပြီး မလောင်းရဘူး၊ ‘ဘုရားရဲ့ တပည့်သားသံဃာတွေ’ ဆိုတဲ့အမှတ်နဲ့ အာရုံပြုလောင်းရတယ်၊ ဒါမှ အကျိုးထူးတယ်တဲ့”

“အဟွန်း …”

ဟိုသင်းပါးစပ်က နတ်စကားထွက်နေသည်ဆိုသည့် ရယ်သံ ခင်ကို့ဆီက ထွက်၏။ မိမိ က ဂရုမစိုက်ပါ။

“မမတို့က မရှိလို့ခိုးဗှက်ခဲ့တာ၊ ဒေါ်ဖြူဆီက ရအောင်ခိုးမယ်၊ ဦးနီ





ဆီကပဲယူမယ်ဆိုတာမျိုးမဟုတ်ဘူး၊ ငါခိုးလိုက်လို့ ဒီလူကြီး စိတ်ဆင်းရဲသွားပြီး ဒီမိန်းမကြီး မွဲသွားပါစေဆိုတာမျိုးလဲ ဓာင်းတယ်”

“အင်း .. ခိုးတဲ့အပြစ်ကင်းကြောင်းဥပဒေများ ထုတ်ဦးမလို့လားမသိဘူး”

“မဟုတ်ဘူးလေ၊ မရှိပေမယ့် မရှိတဲ့မာနလေးတော့ထားရမှာပေါ့၊ ဒါတွေက ဘဝတစ်ကွေ့မှာ မကြုံချင်ဘဲကြုံနေရတာတွေ၊ လွတ်မြောက်တဲ့တစ်နေ့ဆိုတာ ရှိလာမှာပဲ၊ မိမိစိတ်ကို မိမိ သန့်စင်ခြင်းဆိုတာ တစ်နည်းအားဖြင့် ကိုယ်စောင့်နတ်ကို တိုင်တည်တာ …”

“ပါလာပြန်ပြီ ကိုယ်စောင့်နတ်”

“ကိုခင့်ကို အဲဒါ အဓိက ပို့ချနေတာ မပါလို့ဖြစ်မလား၊ ကိုယ်လုပ်နေရတဲ့အလုပ်ကို တစ်နေ့ အကြိမ်တစ်ထောင်မက ရှုတ်ချညည်းညူနေတော့ ဘာထူးခြားလာလို့လဲ၊ ကိုယ်လဲ တခြားဖြစ်မြောက်အောင် ဘာမှ မလုပ်နိုင်သေးဘူး၊ လုပ်နိုင်တာလေးကိုကျတော့ မဲ့ရွဲ့ ကဲ့ရဲ့၊ ငါမှာ မိန်းကလေးတန်မဲ့ နင်ခိုးတဲ့နောက်လိုက်ပြီး ခြေထိုးခံရ၊ ရန်ဝင်ဖြစ်ရ နင့်ထက်တောင် အန္တရာယ်ကြီးသေးတယ်၊ သိရဲ့လား”

ခင်ကို အသံတိတ်သွားပြန်သည်။ ဒီမျက်နှာ ဒီဘက်လှည့်ပြီး ကျောနိုင်းနေတာတောင် ဒီကလေးမ ပြောပဲပြောနိုင်လွန်းသည်။

သူ့ကျောပြင်မှာ မျက်စောင်း ဘယ်နှစ်စင်းလောက် ပစ်ဝင်နေပြီလဲမသိ။ မိန်းကလေးဖြစ်ပြီး သူ့ထက် အများကြီးသွက်တာ၊ ပါးစပ်ရောလက်ရောပဲ။

မျက်လုံးကလည်း လျင်သည်၊ နားကလည်းပါး၏။ လူ့ထဲကလူတော်တော်များများနှင့် ကြောဝ်ပေါင်းမသင့်ပေမယ့် သူ့တော့လူနဲ့ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပညာပေးမလား၊ ဆုံးမစကားကြားရမလား၊ ဘာဖြစ်ဖြစ် ဒိတ်ဝင်တစား ရှိတတ်သေးသည်။

ထိုအခါ တစ်ယောက်တည်း ချောင်ကပ်ပြီး စိတ်ဆင်းရဲနေတတ်သည့်သူထက် အများကြီးကွာခြားသော စကားကြီးစကားကျယ်တွေနဲ့ 'မမ' ဖြစ်လာခဲ့၏။

ယခုကဲ့သို့ ရှည်လျားသော ဥပမာ၊ ရူပကတွေနှင့် ဆုံးမသလိုလို၊ ကဲ့ရဲ့သလိုလို စကားတွေလည်း ဆိုတတ်နေလျက် ...

"ပြောတဲ့စကားက လိုရင်းကိုမရောက်သေးဘူး၊ နင်နဲ့ငါကလွဲရင် အားလုံးကောင်းမွန်ကြကယ်ဆိုတဲ့ ဒဿနကြီးကို ဖျောက်ပစ်လိုက်၊ သူတို့ မကောင်းလို့ ငါတို့ဆိုးရတာလို့မှတ်"

"သူတို့က သူတို့ဟာသူတို့ နေကြတာ"

"အဲဒါကိုပြောတာပဲလေ၊ မိဘမဲ့တာက ကံတရား၊ လူလားမမြောက်သေးတဲ့အရွယ်တွေကို စေတနာရှိရှိနဲ့ ကျွေးမွေးပေးကမ်းခဲ့တာ ဘယ်သူရှိလဲ"

ဦးလေးအရင်းကြီးဖြစ်သည့် ဦးတင့်အောင်မျက်နှာနီနီကြီး နှစ်ယောက်စလုံး၏အာရုံထဲမှာ ပေါ်လာသည်။ ဦးလေးရဲ့ အရင်အိမ်ထောင်ဝှန်းက တော့ သဒ္ဓါလေးဝ ပြည့်စုံလှစွာမဟုတ်သည့်တိုင် ကြည်ကြည်သာသာ၊ နူးနူးညံ့ညံ့ ဆက်ဆံဖော်ရသည်။

ကျွေးမွေးခဲ့တာတွေ့နှုန်း၏။

နောက်ထပ်ယူတဲ့မိန်းမ ဒေါ်ဝင်းဝင်း ကျမှ ...

"ဒီမိန်းမကြီး အမြဲတမ်း ဘူများမကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်းတွေပြောနေတာကို သူ့ရဲ့လေလုံးအောက်မှာ နင်က ပိပြားနေတာ"





ဒေါ်ဝင်းဝင်းကို သတိရလိုက်ပါမှ မမ က ဒါပဲစလာ၏။

"အုပ်ထိန်းသူလို့ တွင်တွင်အော်နေပြီး အုပ်ထိန်းခဲ့တာ ဘာရှိလို့လဲ၊ သူနဲ့ယူပြီးတာနဲ့ နင်နဲ့ငါ့ကို တစ်အိမ်စီရှောက်ပေးပစ်တယ်၊ ဦးလေး လုပ်တဲ့သူကလဲ မင်းတို့ကောင်းစားစေချင်လို့ဆိုတဲ့ ခေါင်းစဉ်နဲ့ ..."

မရည်ရွယ်ပေမယ့် အတိတ်ကအကြောင်းတွေကို အလုံးအရင်းပြော မိပြန်သည်။

ဇင်ကို က လူပျိုပေါက်မဖြစ်စလောက်လေး၊ မမက အသက်ပိုငယ် သူမို့ ပိုဆိုးသည်။

ဇင်ကိုကို မွေးစားဖို့ခေါ်သည့်အိမ်က တကယ်ခါးပိုက်နှိုက် မှောင်ခို လုပ်ရှားတဲ့ သူဌေးကြီးရဲ့အိမ်ဖြစ်ကာ မမ ကျတော့ ခေါ်သွားတဲ့အတိုင်း ကျောင်းတော့ဆက်ထားပေးခဲ့ပါသည်။

အနီးဆုံးမိကြီးမှာ အိမ်ရှင်မက တစ်အိမ်လုံးကို ဂရုမစိုက်ဘဲ ငွေကို ရေလိုသုံးသည်။

နှစ်နှစ်သား လူမမယ်လေးတစ်ယောက်ရှိတာကလည်း အိမ်ဖော် တွေလက်ထဲမှာပဲဖြစ်လျက် သူဌေးကြီးဆိုသည့်ယောက်ျားကြီးက အသက် ငါးဆယ်ကျော်ရှိသည့် ဒုက္ခတကြီးတစ်ယောက် ..၊

အပျိုဖော်ဝင်စ မိန်းကလေးကို ညဝတ်အင်္ကျီဆိုပြီး အရှက်လုံ့ရဲ ပါးပါးကပ်ကပ် ကျော့ဟိုက်ရင်ဟိုက်တွေပဲ မွေးဆင်သည်။

မနက်ပိုင်းမှာ လှလှပပလေးကျောင်းသွား၊ နေ့ထိုင်သုံးစွဲရတာလဲ မချို့ငဲ့ရ၊ ဒါပေမယ့် ညပိုင်းမှာ လူနာပြုစုဖို့အချိန် သတ်မှတ်လိုက်တာက ဒီလူကြီး မအိပ်မချင်း ထိုအခန်းထဲကမထွက်ရ .. ဟု ...။

ရောက်စကနေ့ နောက်ပိုင်း ကြာတဲ့အထိ လိုလူကြီးကို နှိပ်နယ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းသေနေတာလို့ပဲ မမ ထင်ခဲ့မိသည်။

လူကြီးရဲ့ မျက်လုံးတောက်တောက်ကြီးတွေက သူ့ဘာသာ ခုတင်ပေါ်ကနေ ပိုးလဲ်ချဲပေါ်ထိ ကူးလူးပြောင်းလဲနိုင်ပုံနှင့် ဆက်စပ်လျှင် ဒုက္ခိတအတိအကျတော့မဟုတ်သေးဟု နောက်ထပ် အမြေထွက်လာခဲ့၏။

"ချာတိတ် .. ဦးကို လာတွဲစမ်း"

ဟု ခေါ်တဲ့အခါ ပိုင်းကူပေးမပေးရသော်လည်း မမ ကိုကိုင်ပြီဆို မသန်စွမ်းလို့ အားပြုတာနဲ့မတူ။

တစ်ခါတစ်ရံ သတိထားမိသော်လည်း အမှတ်တမဲ့ထားလိုက်မိသည်။

မမ ဆယ်တန်းတက်သည့်နှစ်မှာ ဒီလူကြီးကို ရေချိုးပေးတော့ ကန်ထဲဆင်းဖို့ တွဲပေးနေကျအတိုင်း တွဲပေးရ၏။

ဒါပေမယ့် အားပြုရင်း တွဲထားရင်း နှစ်ယောက်စလုံး ကန်ထဲကို ပစ်စလက်ခတ်ကျသွားကြတော့ မမ ဘယ်လိုမှ ပြန်ထလို့မရတော့ပေ။ ထိုအခါ ...

"ဦး ဘာလုပ်တာလဲ၊ ဖယ်ပေးလေ"

"ညည်းကိုဖယ်ပေးရအောင် ငါလဲ ကြွမှမကြွနိုင်တာ"

ဟု ပြောပြီး မဖွယ်မရာတွေပြုမူဖို့ကြိုးစားလာ၏။ မမ အော်တာနှင့် အိမ်ဖော်တွေ ပြေးလာသံကြားမှ ထိုအဖြစ်က လွတ်မြောက်ခဲ့၏။

"ညည်းက ဆတ်ဆတ်ခါ ဘာဖြစ်တာလဲ၊ ငါ့ယောကျ်ားက ဒုက္ခိတနော်၊ ညည်း မပြောနဲ့ ညည်းထက် အဆတစ်ရာလှတဲ့မိန်းမဆိုရင်တောင် သူ ကျူးလွန်မှာမဟုတ်ဘူး။ ဒီလောက် အတူတူနေတဲ့နှစ်တွေ မနည်းတော့ဘူး၊ နားလဲမလည်ဘူး။ စိတ်ညစ်တယ်"

ဒီလိုပြောတာလည်း မမ သေချာနားမလည်ခဲ့သေးပါ။ ဒေါ်ခင်ပပ





ဆဆင်သော အပိုက်၊ အရှိက်ရတွေနှင့် ညဝတ်ပါးလေး ဘွဝတ်မှ လွတ်ထပ်သည်ထင်ပြီး အကျင့်ပါနေခဲ့သည့် စိတ်ကလည်း ဒါတွေပဲဝတ်မိလျက်သားဖြစ်ခဲ့သည်။

ညဘက် စာအုပ်တစ်ဖက်နှင့် လူနာစောင့်ရင်း ဒီလိုပဲ ဆယ်တန်းအောင်ခဲ့၏။ လူကြီး၏ မျက်လုံးတဝင်းဝင်းကလည်း 'ငါ အိပ်မပျော်လို့' ဆိုသောအကြောင်းပြချက်တစ်ရပ်နှင့် ညတိုင်း ညဥ့်နက်အောင်ရှုစားနေခဲ့တာ မမ အမှတ်တမဲ့။

"အဲဒီဟာမျိုးတွေမဝတ်ပါနဲ့လား မမရယ်၊ ညဘက်ဆို ညည်းက ယောကျ်ားတစ်ယောက်နဲ့ ညဥ့်နက်သန်းခေါင်နေရတာ"

အိမ်ဖော်ဆိုသည့် မိန်းမကြီးကလည်း တစ်ခါတလေ ကပ်ပြောဖူးသည်။ ဒီလူကြီး ဒုက္ခိတဆိုတာကို ဘယ်နေရာ ဘာဖြစ်တဲ့ဒုက္ခိတမှန်း သေချာမသိသော မမကတော့ အင်းမလုပ်၊ အဲမလုပ်နှင့် ဒီတိုင်းပဲ မဆင်ခြင်ခဲ့ပေ။

သိလိုက်ရသည့်အချိန်မှာ မမ ဒုတိယနှစ်တက်နေပြီဖြစ်၏။ အိမ်မှာ ဘယ်သူမှမရှိတုန်း ညနေခင်း အင်္ကျီလဲပေးနေသည်။

"အို.. ဘာလုပ်တာလဲ၊ ဦး .. ဘာလုပ်တာလဲ .. လွှတ်နော်"

"ဒီလောက်ထိအောင်နေခဲ့ရပြီးပြီကွာ၊ မရုန်းစမ်းပါနဲ့၊ ညည်းလေးက ငါ့အတွက်ပါ"

"ဘာ.. ဟင့်အင်း .. လွှတ်နော်"

ရုန်းနေရင်း အိပ်ရာထက်ကို သူနှင့်ထပ်လျက်ပါသွား၏။

"ပြည့်ပြည့်ဝင်းဝင်း ဖိုးလမင်းလေးလိုပဲ ချာတိတ်ရယ်၊ မင်းရဲ့အလှတွေကို ထိုင်ကြည့်ရင်း တံတွေးမျိုချနေရတာ ရက်တွေ လတွေ မနည်း



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး၊ ဒီနေ့တော့ အောင်ပြီ"

"လူယုတ်မာကြီး လွတ် .. လာကြပါဦး၊ ဒေါ်သူဇာ .. မမစု .. အန်တီပပ ..."

မမ ဘယ်လိုမှရုန်းမရနိုင်ဘဲ ရှိသမျှလူတွေကို အော်ခေါ်၍ ကယ်ပါယူပါဖြစ်နေ၏။ လူကြီးကတော့ ဘီလူးသရဲစီးနေသလိုပင်။

"မင်းက ငါ့အတွက်ပါဆို ရှာတီတ်ရယ်၊ ပပက မင်းကို ငါ့အတွက် မွေးစားထားတာ၊ ငါက တောမိမင်းသားလိုတော့မဟုတ်ဘူး၊ ဒါပေမယ့် ဒီနေ့ ရပြီ၊ အောင်မြင်ပြီ၊ ဒီနေ့တော့ မင်း မလွတ်တော့ဘူး"

စကားတွေပြောရင်း ကြိုးစားရင်းနှင့် မမ မသိခဲ့သောရောဂါ အမျိုးအစားတွေကို ယုတ်ယုတ်မာမာထည့်ပြောသည်။

ထိုအခါ မမ မျက်လုံးထဲမှာ မီးပွင့်သွား၏။ တစ်သက်လုံး အညာခံလာခဲ့ရသည့် ကိုယ့်အဖြစ်ကို သိလိုက်သည်နှင့် ကြေကွဲစွာ အရှုံးပေးရတော့မည့်အဖြစ်ကနေ ပုန်းခနဲထဖြစ်၏။

"အား .. မင်း .. မင်း ..."

သူ ယုတ်မာဖို့အတွက် ကိုယ့်ဘာသာ ပြုစုမွေးမြူပေးလာခဲ့သည့်အဖြစ်ကို နာကြည်းစွာ ထိုနေရာကိုပဲ အားရှိပါးရှိ တိုက်ခိုက်ပစ်လိုက်၏။

အားခနဲအော်ကာ ကုန်းကွပြို့ကျသွားစဉ် မမ လွတ်မြောက်ခဲ့လေသည်။ ဒါတောင် မမတို့က သတိလက်လွတ် ထွက်ပြေးခဲ့တာမဟုတ်ပေ။

ခုတင်ပေါ်မှာ အသက်ရှူမဝနိုင်သေးသည့်လူကြီးကို ခုတင်အောက်ရောက်အောင် တွန်းချလိုက်ပြီး မတော်တရော်နေရာကို ဖနောင့်နဲ့ပေါက်ပစ်ခဲ့သည်။

"ငါ့လို နောက်တစ်ယောက်ထပ်မွေးပြီး ကြိုးစားလဲ ဒီဘဝတော့ နင်





မရတော့ဘူး"

ရှုံ့ရှုံ့ရှာရှာပြောခဲ့ပြီးမှ ထွက်ပြေးခဲ့၏။

ဒါကို ဒေါ်ခင်ပပ က ခေါင်းစဉ်ကြီးတပ်ပြီး တရားစွဲသည်။ မွေးစားသမီးက ဒုက္ခတကိုရိုက်နှက်ပြီး ပစ္စည်းတွေယူပြေးပါတယ် တဲ့ ...၊

ဒီအမှုကိုကြားတော့ ဇင်ကို လည်းပြေးလာသည်။ ဦးဟင့်အောင် တို့ကတော့ ကိုယ်ဖြစ်ကိုယ်ခံဆိုသည့်စကားကလွဲပြီး ဘာမှမပြော၊ အကူအညီပေးဖို့လည်းမပြင်။

ခါးပိုက်နှိုက်ပညာတွေပြည့်ဝပြီး မနှိုက်ချင်ဘဲနှိုက်နေရသည့် ဇင်ကိုကတော့ စိတ်ပါလက်ပါကြီး နှိုက်ဖြစ်သွားလျှက် ညီမဖြစ်သူ အမှုအတွက် သေလုမြောပါးကြိုးစားရှာ၏။

မမနဲ့ဇင်ကို သူ့ဇာတ်ကောင်းမဟုတ်ပေမယ့် နတ်ကောင်းတော့ မဲသည်။ အမျိုးသမီးရှေ့နေတစ်ယောက်က ထိုအမှုကို မခံမရပ်နိုင်ဝင်ပါကာ ကိုယ့်စရိတ်ကိုယ်စားပြီး အကျိုးဆောင်ပေး၏။

ကားအက်ဆီးဒင့်ဖြစ်ခဲ့ပြီး ကိုယ်တစ်ပိုင်းချည့်နဲ့ကာ ပန်းသေရောဂါသည်ဖြစ်ခဲ့သော ဦးကျော့မြိုင် ၏ဖြစ်စဉ်နှင့် ...၊ သူနာပြုဆရာမတွေ တစ်ယောက်ပြီးတစ်ယောက်ခေါ်၊ ဆေးနှင့်ကု၊ လူနဲ့မြူဆွယ် ကြိုးစားရင်း ဘယ်လိုမှမအောင်မြင်ခဲ့ဘဲ မမကို ရည်ရွယ် ချက်ကြိုးကြိုးနှင့်မွေးမြူခဲ့တဲ့အထိ ...၊

ဒေါ်ခင်ပပ၏ မဟာစီမံကိန်းကြီးကို အတိအကျဖော်ထုတ်ခဲ့သည်။

ထို့ပြင် အရင်က ထွက်ပြေးကိမ်းရှောင်သွားကြသည့် သူနာပြုဆရာမများနှင့် ဦးကျော့မြိုင် ဆေးမှတ်တမ်းတွေကိုလည်း အစအဆုံး ပြန်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ထွက်ပြေးခဲ့သည်မှစ၍ နေထိုင်စားသောက်ရပုံ ဆင်းရဲတာတွေက အစ အထောက်အထားခိုင်လုံအောင်တင်ပြရင်း အမှုအောင်မြင်ဖို့ မဆုတ်မနစ်လိုက်၏။

လောကကြီးထဲမှာ မတရားမှုကို မလိုလားတဲ့သူတွေလည်း အမြောက်အမြားရှိနေကြပါသည်။ အမြဲတမ်း ရှုံးနိမ့်ခြင်းဆိုတာ မရှိသလို အမြဲတမ်း အောင်မြင်နေတာမျိုးလည်း မရှိနိုင်။ လူတစ်ယောက်မှာ တစ်သက်မှာ တစ်ခါတော့ အလှည့်အပြောင်းကြုံကြရတာပဲဖြစ်၏။

ဆိုးရွားလာလျှင် ကြံ့ကြံ့ခံနိုင်ရမှာဖြစ်သလို ကောင်းစားနေချိန်လေးကို သာယာနေတတ်ရုံနဲ့လည်း မပြီး။

ဒီလိုဘဝတစ်ဆစ်ချိုးမှာ မမ ပညာတွေ အများကြီးရခဲ့ပေမယ့် ဇင်ကို ကတော့ ထိုမှအစပြုကာ ခြေကုန်လက်ပန်းကျခဲ့သလားမသိ။

"အစတည်းက စိတ်မပါခဲ့တာကို ခုတော့ ဘယ်လိုအဖတ်ဆယ်ရမှန်းကိုမသိတော့ဘူး၊ ကိုယ့်ဘဝကို စိတ်ပျက်လာပြီဟာ၊ ငါတို့မောင်နှမ ဒီထက်တော်သင့်ကောင်းမွန်တဲ့ဘဝမျိုးရောက်ဖို့ မလွယ်တော့ပါဘူး၊ ဘုရားတောင် အမှီရှိမှပွင့်တာ"

ဆိုတာတွေ ညည်းညည်းညူညူပြောတတ်လာ၏။

မမ ကတော့ မဟုတ်။ လုံခြုံတဲ့အရိပ်တစ်ခုပဲလိုသည်၊ ကိုယ့်ဝမ်းစာကိုယ်ရှာမည်၊ လက်ဝဲဖြန့်တောင်းရတဲ့ဘဝမှာ သူများမျက်နှာကြည့်နေရတာနှင့်စာလျှင် ရွှေပေါ်မြတင်ထားပြီး ဘဝကို ဝါးမျိုခံလိုက်ရသည့်အဖြစ်မှလွဲ၍ ...

"ငါကတော့ ဘဝမပျက်ရင်ပြီးတာပဲ၊ တစ်ဝမ်းတစ်ခါးစာရှာဖို့ ဘာဖြစ်ဖြစ် ..."





မောင်နှမနှစ်ယောက် မညီမညွတ်နဲ့ပဲ စည်းလုံးရင်း ရုန်းကန်လာခဲ့ရသည်။ ကျောက်တောင်ကို တွယ်တက်နေရပါသည်ဆိုမှ ဖဲမွေ့ရာထက်မှာ ဖက်လုံးလေးနဲ့ ကွေးနေရတာလောက် နိမ်ကျပါ့မလား။

"မမ"

"ဟင်"

သာလိကာမလေး အကြဝကြီး အသံတိတ်သွားတော့ ကျောနှိုင်းထိုင်နေသည့် ဇင်ကိုက အံ့သြသလိုလို ပြုံးစိစိလှည့်ကြည့်၏။

"ဘာလဲ .. ရှေ့ဆက်ပြောဖို့ စကားရှာမရဘူး ဖြစ်သွားတာလား"

"မဟုတ်ပါဘူး။ နင် အသုံးမကျခဲ့တာတွေ ပြန်တွေးပြီး ငါတစ်ယောက်တည်း လေကုန်နေရသလားလို့ တွေးနေတာ"

"လာသေးတယ် .. သူက ..."

ဇင်ကို ရှေ့ပြန်လှည့်သွားသည်။ ခုပဲ နှစ်ယောက်စလုံး မိုက်ဆာနေကြတာ၊ ဘယ်သူ့လက်ထဲမှာမှ ငွေမရှိ။

"ဦးလေးဆီ ငါသွားတဲ့ တကယ့်အကြောင်းရင်းက ဆိုက်ကားနင်းချင်လို့မဟုတ်ပါဘူး"

ဇင်ကို သက်ပြင်းချရင်း ရင်ဖွင့်လာ၏။

"ငါတို့မှာ ဗိုက်ဆံပြတ်နေတာကို သိစေချင်လို့ အလုပ်လုပ်ချင်ကြောင်းသွားပြောတာ၊ ငါ့ကို လူတွေရှေ့မှာပြောလိုက်တာ ရစရာမရှိဘူး"

"နည်းသေးတယ်၊ ငါ သူတို့နဲ့ကင်းကင်းနေဖို့၊ ကိုယ်တိုင် လိုက်ခိုးဖို့ကြိုးစားတဲ့အထိ လုပ်ပြနေတာတောင် ပတ်သက်ဖို့ စိုင်းပြင်းသေးတယ်၊ ဦးလေးက သူ့အရက်ဖိုးတောင် သူ မရှာနိုင်တော့ဘူး"

"ဒါတော့ ဒါပေါ့ဟာ၊ ငါတို့ သူတို့နဲ့ပြန်နေကြပေမယ့် ငါတို့အကျက်



www.burmeseclassic.com

www.burmeseclassic.com



ဘာများစိုက်ဘုတ်ကျွေးမွေးခဲ့တာရှိလို့လဲ၊ တစ်ခါတလေ အပူကပ်ကြည့်တာဆိုတော့ ရနိုင်မယ်ထင်လို့ ...”

“မရတဲ့အပြင် သူတို့ အုပ်ထိန်းသူဝတ္တရားမကျေတာကို ကိုယ့်အပြစ်ဖြစ်အောင် ပြောလွှတ်လိုက်ရောလား”

ဇင်ကို ငြိမ်သွားပြန်သည်။

“မကောင်းမြင်ဝါဒက အကုသိုလ်မကင်းပေမယ့် ကိုယ့်အတွက် ကျိန်တယ်ဟာ၊ နောက်ထပ် သူတို့ကို လုံးဝအကောင်းမထင်နဲ့၊ အပူမကပ်နဲ့၊ သူ့မိန်းမကြီးကို သူ ဘစ်ခွန်း ကိုယ်နှစ်ခွန်း ပြန်အော်နိုင်နေတာ ဘာဖြစ်လို့လဲ သိလား ကင်းကင်းနေလို့လေ ...”

“ဒီထက်ပြောနိုင်အောင် ငါတို့ သမ္မာအာဇီဝလုပ်စားကြရအောင်ဟာ”

“နင်က ငါ့ကို ဟာရားပြမနေနဲ့၊ နင့်ဆရာ ဦးနေစိုးကြီးက နင့်နောက်ကို အရိပ်လိုလိုက်နေတာ၊ အဲဒါကို အရင်ရှင်းအောင်ကြိုးစား”

မကောင်းမှုလောကဆိုတာကလည်း အမှောင်နယ်ပယ်ထဲမှာ ကျယ်ချင်တိုင်းကျယ်၊ နက်ချင်တိုင်းနက်နေတဲ့ လောကတစ်ခုဖြစ်သည်။

ဘယ်လုပုံနဲ့ပဲနစ်သွားသွား ပြန်ရုန်းထွက်ဖို့ မလွယ်တော့ပေ။

ဦးနေစိုးဟာ သူ့ဘဝ ကောင်းစားမြင့်မားဖို့အတွက် ကယ်တင်ခြင်းသက်သက်မဟုတ်ခဲ့မှန်း သိလာခဲ့သည့်အချိန်မှာ လှည့်ပတ်ကောက်ကျစ်နည်းမျိုးစုံကို အဆင့်ဆင့်သင်ကြားပို့ချနေခဲ့ပြီဖြစ်လေသည်။

ဟင့်အင်း မလွှပ်ရဲ၊ မျက်နှာမညိုရဲ။

သူဌေးကြီးဦးနေစိုး ဆိုတာကို နာမည်အကြားဖူးခဲ့သည်၊ ဒီနေ့ထိ လူကို မမြင်ဖူးပေ။

ဦးနေစိုး ဟုသတ်မှတ်ခဲ့မိသော ဖြူဖြူခန့်ခန့် အရပ်ထောင်ထောင်နှင့်





လူကြီးဟာ ဦးနေစိုး မဟုတ်သေးမှန်း သိခွင့်ရတဲ့အချိန်က သူ အချုပ်ယဲကို နှစ်ကြိမ်ရောက်ပြီးမှ ...

“ကိုယ်ညှဲ့ကိုယ်ခံနော်၊ မောင်မောင် ဘာဘာ ဘယ်သူ့ကိုမှ ကယ်ပါ၊ ယူပါ မကြည့်နဲ့ ဘယ်နာမည်ကိုမှ အလွဲသုံးစားမလုပ်နဲ့ တို့တစ်ခြံလုံးမှာရှိသမျှ လူငယ်အားလုံး နာမည်အရင်းနဲ့လုပ်ရှားကြတာမရှိဘူး” တဲ့။

ခြေလှမ်းများတော့ ကိုယ့်ဘာသာခံ၊ ပြဿနာဖြစ်ပြီဆိုတော့ ‘နောက်မှာအဖွဲ့ရှိတယ် မလှုပ်နဲ့’လို့ ကျောကပ်စားထောက်ထားတာမျိုး ...၊

တစ်ခုတော့ရှိသည်၊ ဘယ်သူပဲ အချုပ်ကျကျ တစ်ညပဲနေရပြီး ပြန်လွှတ်သည်၊ ဘယ်သူက အာမခံပြီး ဘယ်လိုထုတ်သွားမှန်းမသိ။

သူ့အဖြစ် သူ့ဘဝအကြောင်းကို ဦးလေးနဲ့တွေ့တော့ ပြောပြဖူးသည်။

“မင်း ဘာတွေလာပြောနေတာလဲ၊ သူဌေးကြီးဦးနေစိုးက ဆောက်လုပ်ရေးလုပ်ငန်းတွေ အကြီးအကျယ်ပိုင်ဆိုင်ထားတဲ့သူဌေးကြီး၊ သူက မိန်းမ မရှိတော့ ယောကျ်ားလေးမွေးစားမယ်ဆိုလို့ အငယ်မကို တခြားခွဲပို့လိုက်ရတာ”

“မဟုတ်ဘူး၊ ကျွန်တော့်လိုလူငယ်တွေ အများကြီးပဲ၊ အားလုံးပဲ ...”

“တော်ပါကွာ၊ အဲဒီခြံထဲမှာ မင်းနဲ့မှ သုံးယောက်ပဲ ငါတွေ့တယ်၊ စည်းကမ်းကြီးလွန်းလို့ တော်ရုံကလေးဆို မနေနိုင်ဘူး၊ ဦးနေစိုးဆီကိုရောက်သွားတဲ့ကောင်လေးတွေ မင်းမမြင်ဘူးလား၊ စာကယ့်လုပ်ငန်းရှင်ကြီးတွေကျနေတာပဲ၊ ဇမတ်ကိုကျလို့ ...”

ဘယ်လိုမှ တိုးမပေါက်အောင် ကာကွယ်ပြောတာတွေကြောင့် ဇင်ကို ဆိုသည့် လူငယ်တစ်ယောက်၏ဘဝဟာ ‘နက်ရှိုင်း’ပေဟာကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ကာလများစွာ နှစ်မွန်းနေခဲ့ရပြီး ...

ကိုယ့်အကြောင်းကို ပြန်တွေးမိတော့လည်း ညီမငယ်ပြောသည့် စကားကို ချေပစရာစကားစ ရှာမရဘဲဖြစ်သွားခဲ့ရသည်။ ဒီလောကထဲက ထာဝရစွန့်ခွာဖို့မလွယ်တာ သူအသိ။

'နက်ရှိုင်း' ဂေဟာမှာ အကြီးဆုံးအုပ်ချုပ်ရေးမှူးဖြစ်သည့် ဦးနိုင်မင်းကို ...

"ဦးလေးနဲ့ ကျွန်တော် သွားနေတော့မယ်၊ ညီမလေး ပြန်ရောက်နေပြီဆိုတော့ ကျွန်တော်ရှိမှဖြစ်မှာ"

လို့ ပြောစဉ်ကတောင် ...

"နေချင့်တဲ့နေရာမှာသွားနေ၊ ဒီကစည်းကမ်းတွေကို ဖောက်ဖျက်ဖို့ မစဉ်းစားနဲ့၊ ဒါမှ မင်း အန္တရာယ်ကင်းမှာ"

ဟု တစ်ခါပဲမှာသည်၊ နားထဲမှာစွဲနေခဲ့၏။ ပြီးတော့ သူတို့၏မျက်နှာတွေ ....

မဟုတ်တရုတ်ပညာတွေ သင်နေရပြီဆိုကတည်းက မျက်နှာမကောင်းသည့်သူ့ကို အားလုံးက ကြည်ကြည်လင်လင်ရှိခဲ့ကြတာမဟုတ်။

ပြီးတော့ နာမည်ကောင်းတစ်ခု ရခဲ့သေးသည်။

"ငါတို့က အထင်ကြီးလွယ်မိတာ၊ မင်းက လူပျော့ပဲ" တဲ့။

"ကဲ.. အခု ဘာလုပ်မှာလဲ၊ ဗိုက်တွေက နာဂစ်ကိုသတိရအောင် ဆန္ဒပြနေကြပြီ"

မေးလည်းမေးသည်၊ သူ့ကျောပြင်ကို မမ က ခပ်ဆတ်ဆတ်လှမ်းထု၏။

"နင့်မှာ ဗိုက်ဆာ ဘယ်လောက်ရှိလဲ၊ လက်ကျန် ..."





"နှစ်ရာပဲရှိတယ်"

"ငါ့မှာ ပြတ်ကျလုလု ငါးဆယ်တန်လေးတစ်ရွက်ပဲရှိတော့တာ"

ဇင်ကို က မမ ပြောတာကို စိတ်ဝင်စားလို့မဟုတ်ဘဲ ကျောခိုင်းရာကနေ ဘေးတစောင်းလှည့်ထိုင်လိုက်ကာ ...

"နင် ငါ့ကို ကိုဇင် လို့တော့ခေါ်ပြီး နင်နဲ့ငါနဲ့ပြောတာ မကောင်းဘူး မမ၊ ပြင်ဦး"

"အံမယ် .. ဒီလိုပဲခေါ် ပြောလာတဲ့ဥစ္စာ ..."

"ဟုတ်ပေမယ့် ကွယ်ရာမှာဆို ငါက ကျွန်တော့်ညီမလေး၊ ငါ့ညီမလေးအတွက် ဘာညာနဲ့ ..၊ သူတို့ရှေ့မှာကျတော့ နင်က နင် တစ်လုံး ငါတစ်လုံးနဲ့ ..."

"ကိုဇင်ရယ် နင်နဲ့ငါ နှစ်ယောက်တစ်ဘဝ လည်ပင်းဖက်ကြီးပြင်းလာကြတာ ကိုကြီးရေ ..၊ ညီမလေးရေ နဲ့ ကိုင်းရှိုင်းနေကြရင် သွားအတူစားအတူ ဘယ်လိုနေကြမလဲ .. ဟွန်း၊ ခိုးအတူတူ၊ ပြေးအတူတူ၊ ခါးပိုက်နှိုက်တာတောင် ဒီက လမ်းရှင်းပေးရသေးတယ်၊ ရိုသေကိုင်းရှိုင်းမှုတွေ ဘယ်မှာသွားထားမလဲ"

မမတို့က သူများစကားအကျကောက်ပြီး ပြန်လည်ထိုးနက်ရမည်ဆို မဆိုင်းမတွပဲ။ ဒါပေမယ့် ဇင်ကို က မမ စကားကို နားဝင်ပုံမရှိဘဲ တစ်နေရာကိုစိုက်ကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။

"ဘာလဲ"

မမ ကလည်း သတိထားမိပြီး လိုက်လှည့်ကြည့်၏။ သူမတို့နှင့် နီးနီးလေးမှာရပ်ထားသည့် ကားနက်ကြီး၏အပေါ်ဘက်မှာ ဖြူနုနု စီးကရက်မီးခိုးငွေ့တွေ ...၊



www.burmeseclassic.com

www.burmeseclassic.com



မမ က ဇင်ကို့လို မျက်မှောင်ကြုတ်စဉ်းစားမနေ။ ထိုင်နေရာက ချက်ချင်းထ၍ ကားပတ်ိဘက်ကို ပတ်လျှောက်သွားသည်။

"ဟင် ..."

လူတစ်ယောက်လို့ ပါးစပ်ဖွင့်ပြောလိုက်မိမတတ်း ပြောလိုက်လို့ကတော့ အရှက်ကွဲမှာပင်။ လူတစ်ယောက်လုံးရပ်နေတာကို/အံ့သြသွားတာက ကိုယ့်အပြစ်။

တစ်ဆက်တည်းမှာ ဖြစ်လာသည့် မလုံမလဲစိတ်က မမေးသင့်တာကို မမေးဖို့တော့ မေ့သွား၏။

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

"ဘာလုပ်နေတာလဲ မင်း မမြင်ဘူးလား"

ကားနဲ့လူကတော့ ဝမ်းဆက်ပါပဲ။ ကားက အနက်ရောင်၊ လူက စပို့ရှပ်အဖြူဘောင်းဘီအဖြူရောင်နှင့် နီရွှေရောင်သမ်းနေသည့် မျက်မှန်တပ်ထားသောမျက်နှာက လေးထောင့်ဆန်ချင်သည်။

ထူထဲသောမျက်ခုံး၏ဧရိယာက မျက်မှန်ထဲနဲ့အပြင် တစ်ဝက်စီမှာ မျှတာစွာနေ၏။ နဖူးကျယ်ပေမယ့် ပြေပြေပြစ်ပြစ်ရှိသဖြင့် ကြည့်ကောင်းသည်။

အပေါ်အောက်အသွာအပါးညီသော နှုတ်ခမ်းပြည့်ပြည့်မှာ စီးကရက်တပ်ထားလျက် လက်ႏ...က်စလုံးက ဘောင်းဘီအိတ်ထဲမှာ ငြိမ်းချမ်းစွာ ရှိနေခဲ့၏။

စီးကရက်ပြုတ်မကျဘဲ စကားပြောသွားပုံကို မမ ငေးခနဲဖြစ်သွားမိသည်။ ချောလွန်းလို့မဟုတ်ပေ၊ ဒီမျက်နှာကို သူမ မြင်ဖူးသည်၊ ဒီအသံကိုလည်း ကြားဖူးနေခဲ့၏။ ဒါပေမယ့် တွေးကြည့်တော့လည်း သတိမရ။





"ရှင် ဒီနားမှာရှိနေတာ ကြာပြီပေါ့"

ထပ်မှားပြန်ပြီလားမသိ၊ သိချင်စိတ်က လူကိုရော သူ ဒီနားမှာရှိနေသည့်အဖြစ်ကိုရော နှစ်ခုစလုံး ...၊ သူက လက်တစ်ဖက်ထုတ်၍ နှုတ်ခမ်းက စီးကရက်ကို လက်ညှိုးလက်မနှစ်ချောင်းနှင့် ဖြုတ်ယူလိုက်၏။

ပြီးတော့ ကျန်ရစ်သည့်မီးခိုးငွေ့တို့က နှုတ်ခမ်းလွှာတို့ကြားမှ ဖြင်းရှရှတိုးဝှေ့ထွက်လာကြပြီ။

"မင်းတို့ပြောနေတာတွေ အလုံးစုံကုန်စင်အောင်ကြားလဲ ငါက ခါးပိုက်နှိုက်လိုက်ဖမ်းနေတဲ့စုံထောက်မဟုတ်တဲ့အတွက် ပူမနေနဲ့"

"ဘာရယ် .."

မမ ဘာမှထပ်မပြောရသေးခင် ခြံဝင်းကြီးထဲက လူရိပ်တွေ ထွက်လာတာမြင်လိုက်ပြီး ...

"ဟွန်း .."

ကြည့်စမ်း ..၊ မဲ့သွားသည့်နှုတ်ခမ်းက ရွံသလို ရှာသလို ...၊

ကားတံခါးပိတ်သံ၊ စက်နှိုးသံတွေက နားထဲမှာ တိုးဖြတ်ဝင်သွားသလိုပင် ...၊

ဟုတ်သည် ..၊ ဒီလူ ကိုယ့်ကို သိကိုသိနေတာဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"မင်းနဲ့ သိလို့လား"

"မသိပါဘူး"

လို့ပဲဖြေလိုက်သည်။ စိတ်ထဲမှာ အုံ့သြနေတာကတော့ ခုနက စီးကရက်မီးခိုးများနဲ့အတူ ထုတ်လွှင့်ပစ်ခဲ့ပါပြီ။ ဒီကောင်မလေး ဖန်ပန်းကန်တွေနဲ့ ကိုယ့်ကို တမင်ဝင်တိုက်ပြီး အဟန့်အတားလုပ်လိုက်သည်ပဲ ...၊

ဒီလောက်လေးတောင်မရိပ်မိခဲ့တဲ့ ခံလိုက် ..၊

ကိုယ့်ကိုလည်း မကျေနပ်ပေ၊ အစ်ကိုဖြစ်တဲ့သူက ဆွဲကြိုးဖြတ်သွားသည်၊ သူကတော့ ညီမဖြစ်သူကိုတောင် တောင်းပန်ရတော့မယ့်အဖြစ်မျိုး ...၊

ပြောတဲ့အတိုင်း လက်ညှိုးထိုးသမျှအတွက် လျော်ပေးခဲ့ရသည်။

"ဒါတို့ ပြောခဲ့ပြီ ပင်လယ်၊ အဆင်ပြေတယ်ကွ၊ တစ်ခုပဲရှိတယ်"





သိမ်းအုပ်က ကားမောင်းနေရင်း နောက်ကိုငဲ့ကြည့်ကာ ...

"ဆက်ပြောရမလား"

အပြင်ကိုငေးနေသည့်မျက်နှာ သူ့ဘက်လှည့်လာမှ ပြုံးစိစိနှင့်...

"မင်းစိတ်တွေ နောက်မှာကျန်ခဲ့သလားလို့ ..."

သူ့ဘေးက အေးမင်းကလည်း သွားအဖြီးသားနှင့် ...

"ငါတို့လူ ဒီလောက်စိတ်ကြောင်တာကွာ ..၊ မင်းကလဲ ကောင်မလေးပုံစံကို ပြန်စဉ်းစားပါဦး၊ မဖြစ်နိုင်တာ"

မဖြစ်နိုင်တာလို့ပြောပြီး 'ဟိတ်ကောင် ဟုတ်ရဲ့လား'လို့ မေးနေတာမျိုး၊

"ဘာမှ အစ်အောက်မနေနဲ့၊ ပြောစရာရှိတာ ဆက်ပြော"

သူ့မျက်နှာ မှုန်ကုပ်ကုပ်ကိုကြည့်ပြီးမှ သိမ်းအုပ် တို့ တစ်ယောက်နဲ့တစ်ယောက် မျက်ခုံးပင့် မျက်စပစ်လျက် ...

"မင်းပြောတဲ့ကိစ္စ အဆင်ပြေတယ်လေ၊ ဒါပေမယ့် အဘိုးကြီးက မင်းနဲ့တွေ့ချင်တာကွ"

"အေးလေ၊ သူ့သမီးနဲ့မင်းကို ဟိုအရင်က ပြောဆိုကမ်းလှမ်းထားဖူးတာရှိတော့ အခု မင်းနာမည်ကြားလိုက်တာနဲ့ ဒေါ်ခင်ဆင့် ဆိုတဲ့နာမည်ကို တန်းမေးတော့တာပဲ၊ 'ဒေါ်ခင်ဆင့်တို့ တူဝရီးအတွက်ဆိုရင် ဘာမဆို...'လို့ပြောတော့မယ့်အတိုင်း ..."

ယောက်ျားလေးချင်း အားကျသလိုပြောကြပေမယ့် ဒီလိုစကားတွေကြားတိုင်း သူ့မျက်နှာပျက်လေသည်။ အန်တီဆင့် လုပ်ပုံကြောင့် ပင်လယ်ဆိုတဲ့ကောင်နဲ့ မစေ့စပ်ဖူးတဲ့မိန်းကလေး မရှိသလောက်။

ဘယ်လူကြီး ဘယ်မိဘနဲ့တွေ့တွေ့ 'မဆင့်ရဲ့တူလား' လို့ အမေးခံလိုက်ရပြီဆို ဖျန်းခနဲပူပူသွားသည့်မျက်နှာမှာ ရေနွေးနဲ့အပက်ခံရတာ



www.burmeseclassic.com

www.burmeseclassic.com

ထက် ဆိုးသည်။ ထိုပြင် အန်တီဆင့်က ညည်းသေးသည်။

"မင်းကြောင့် အန်တီတော့ တစ်လောကလုံးက ရှိသမျှသမီးရှင်တွေနဲ့ မျက်နှာပျက်ရတော့မယ်" တဲ့ ...။

သူ့မျက်စိထဲ မြင်သမျှ သဘောကျတာနှင့် စကားတွေ စ၊ ကမ်းလှမ်းပြီးလျှင် စေ့စပ်ပေးမည် လိုက်ကြည့် ... ဒါပဲ ...။

ဟင့်အင်း .. ခေါင်းခါတဲ့လူမှာ အပြစ်ရှိသလား၊ ကာယကံရှင်ကို မမေးမြန်းဘဲ စေ့စပ်ဖို့ တောင်းရမ်းပြီးစီးနေတဲ့ သူ့ရဲ့အပြစ်လား ...၊

"ပင်လယ် ..."

ဘေးမှာထိုင်နေသည့် အေးမင်း က ပခုံးချင်းတိုက်ခေါ် ၍ ...

"တကယ်ဆို အဲဒီအဘိုးကြီးနဲ့ မင်း အဆင်ပြေရင် လုပ်ငန်းချင်းက တကယ့်ဖက်ရှင်နော်"

"ဟုတ်တယ်၊ ငါ အဲဒါပြောမလို့ ဦးအေဝကျော် က သူ့အသက်အရွယ်ကိုပြန်ကြည့်ပြီး မင်းလိုလူနဲ့ သမီးကိုရော လုပ်ငန်းတွေကိုရော အားလုံး စိတ်ချ ဝကွက်ချင်နေတာ၊ တင်သိရိကျော် က ဆံပင်တွေအရှည်ကြီးနဲ့ တော်တော်လှပါတယ်ကွ၊ နည်းနည်းပါးပါး ရင်ခုန်ဖို့ကြိုးစားကြည့်ပါလား"

ပင်လယ် က ခပ်လွန့်လွန့်ပြုံးလိုက်ပြီး မျက်နှာလွှဲကာ ...

"နှစ်ခါပြောဖူးတယ်၊ တစ်ခါမှ အဖြေအမောက်မတည့်ဘူး"

"ဒါက လုပ်ငန်းစကားပြောတာပဲကွ"

"အဲဒီလို ဦးအောင်နိုင်သူ ဆိုတဲ့ မာနတွေနဲ့မိန်းမ ဘာလုပ်ဖို့လဲ"

"သူ ဦးအေ...လဲ ကိုယ် သက်သာတာပေါ့ မင်းတို့လုပ်ငန်းချင်းလဲ တစ်ပြေးညီတည်းဖြစ်သွားမယ်၊ အတူတူလုပ်လို့လဲ အဆင်ပြေမယ်"

"သိမ်းအုပ်"

အေးမင်းက နှာညှပ်သံနှင့်ခေါ် ၏။





"နှာခေါင်းနဲ့ မထောင်နဲ့"

"နားနဲ့ထောင်တာပါ၊ နှာခေါင်းက သူ့ဟာသူယားလာတာ"

နှစ်ယောက် ပြောနေတာကိုကြားပြီး ပင်လယ် က ရယ်သည်။

"ငါပြောချင်တာကကွာ .. ငါတို့ရဲ့ 'အာမခံ'လုပ်ငန်းတွေဆိုတာက ဘယ်လုပ်ငန်းရှင်နဲ့မှ ကင်းကွာလို့မရဘူးမဟုတ်လား၊ တိုးချဲ့လေ ငွေလိုလေ..၊ ပြီးတော့ မင်းက ..."

'ပင်လယ်'ဆိုသည့်လူဟာ ဒေါ်ခင်ဆင့်တို့ညီအစ်မ၏ ရင်သွေးရတနာ မဟုတ်ကဲ့အကြောင်း ဘယ်တုန်းကမှ လျှို့ဝှက်ခဲ့တာမဟုတ်တော့ သူတို့လည်း ဒါကိုသိကြ၏။

"ကိုယ်လွတ်ရုန်းတာမဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့ဘဝအခြေအနေရ ငါ့အစွမ်းအစနဲ့ငါ ဖြစ်ချင်တယ်"ဟု သူပြောခဲ့သောစကားတွေအရ သူ ကြိုးစားသမျှအတွက် အထောက်အကူလည်းဖြစ်၊ အားလုံး ပြည့်စုံသွားတာမျိုးလည်းဖြစ်အောင် အေးမင်းတို့က ရည်ရွယ်တာဖြစ်၏။

"ကိုယ့်မာနနဲ့ကိုယ် မှန်နေတဲ့လူမျိုးကို ပြောရဆိုရတာ နည်းနည်းတော့ခက်တယ်ကွ၊ မင်းရဲ့အန်တီ ဖြစ်စေချင်နေတာလဲ ဖြစ်မြောက်သွားအောင် ..၊ ကိုယ့်အတွက်လဲ အဆင်ပြေအောင် ..."

"နေပါတော့ကွာ၊ မင်းပြောနေတာ မိန်းမယူဖို့လား ..၊ အကွင်းရေးမှူးခေါ်ဖို့ ကြော်ငြာမှာလား ..."

ပင်လယ့် အစား အေးမင်း က ဝင်မေးလိုက်သဖြင့် ကားမောင်းနေသည့် သိမ်းအုပ် မျက်နှာကြီး နောက်လှည့်လာပြန်သည်။

"အဲဒါတွေ ထားလိုက်၊ အခု ဘက်ကိစ္စ အဆင်ပြေပြီဆိုတော့ နေရာ ပန္နက်ချဖို့အတွက် ငါတို့ ဘယ်နေ့ စ,ကြမလဲ"

မေးပြီးဆိုမှ ပင်လယ် က သူတို့ဘက်ကိုပြန်လှည့်လာကာ ...


www.burmeseclassic.com

www.burmeseclassic.com



"ဖယ်နိုင်းရမယ့် အိမ်ခြေအရေအတွက်ရော ထွက်ပြီလား"

"မင်းကလဲ အတိအကျတွက်နေရင်တော့ နည်းမလားကွ၊ အိမ်ငှားဆိုတဲ့ပုဂ္ဂိုလ်တွေကလဲ ဒီလိုအရေးအခင်းမျိုးကို စောင့်နေကြတာ၊ ဖယ်ပေးမယ်၊ ဘယ်လောက်ရမှာလဲဆိုတာချည်းပဲ"

"အဲဒီတော့ မင်း ဘာလုပ်ထားလဲ"

"အဲဒီနေရာက မြေကရန်မဲ့ ကျူးကျော်လေ၊ ပေနှစ်ဆယ်ကွက်တွေကို ပဲတွက်လိုက်တယ်၊ အိမ်ရှင်အိမ်ငှားတွေမခွဲဘူး၊ တစ်ကွက်အတွက် ဘယ်လောက်ဆိုတာကို သူတို့စွန့်လွှတ်ရမယ့် စားဝတ်နေရေးအဆင့်အတန်းအလိုက်ပေးထားတယ်"

ဖြစ်ရဲ့လား ဆိုသည့်မျက်နှာနှင့် ပင်လယ် က မျက်မှောင်ကြုတ်ကြည့်၏။

"မင်း ဘာမှမပူနဲ့၊ အဲဒါ ကျူးကျော်မြေဖြစ်နေတဲ့အတွက် ငါတို့က တရားဝင်လျှောက်ထား ဝယ်ယူတဲ့သူ၊ သူတို့ကိုပေးတာ ကရုဏာကြေးသက်သက် ..."

ဒါပေမယ့် လူထုအင်အားဆိုတာကို ထည့်မတွက်လို့မဖြစ်ဘူးဆိုတာနားလည်ထားရမည်။

ပင်လယ် တစ်ခုခုပြောချင်သေးတာကို အေးမင်း ကလည်း သိသည်။

မမေးဘဲနေခဲ့တာက ဒီကောင် မတည့်အောင်ပြောတော့မှာ သိလို့..





## အခန်း (၆)

ကားအကောင်းစားကြီးတွေ လမ်းကြားထဲကို ကျပ်ကျပ်ညပ်ညပ်မောင်းဝင်လာကတည်းက တစ်လမ်းလုံး ရုတ်ရုတ်သဲသဲတွေဖြစ်ကုန်ကြ၏။

ပြီးတော့ တိုက်ပုံအင်္ကျီကြီးတွေတကားကား၊ ချည်ချောပုဆိုးကြီးတွေ တပြောင်ပြောင်နှင့် တစ်တောင်လောက်ရှိသည့် လက်ကိုင်အိတ်မည်းကြီးတွေက ဒီလိုရပ်ကွက်ငယ်လေးထဲမှာတော့ သွားရှည်ယှိုရာပေ။

ကားပေါ်ကဆင်းလာသည့်လူကြီးတွေက ရပ်ကွက်ထဲက လူကြီးသူကြီးတွေနှင့် တခြားလူကြီးတွေနဲ့ဆို လူတွေ နည်းတာမဟုတ်။

ခုမှ လိုင်းကားပေါ်ကဆင်းလာကြသည့် မမနဲ့ ဇင်ကို က လမ်းထဲဝင်လာရင်း ရုတ်ရုတ်သဲသဲတွေဖြစ်နေကြတာကို အံ့သြဟန်နှင့်ငေးသည်။

"စီမံကိန်းတွေ တကယ်ဖြစ်ကုန်ပြီဟ"

"ကောင်းတာပေါ့၊ လူမွဲတွေ သူဌေးဖြစ်မယ့်ကိန်းလေ၊ အိမ်ဖယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေမယ့် ဝမ်းနည်းတဲ့သူ ရှိမှာမဟုတ်ဘူး။ ခုလောက်ဆို အိမ်ထဲမှာ ထက,ချင်ကနေမှာ"

မမ က စလွယ်သိုင်းလွယ်ထားသည့်အိတ်ကို ခဏခဏ ကြိုးလျှော့လိုက်၊ ပခုံးပေါ် ပြန်ဆွဲတင်လိုက်နှင့် ရယ်သည်။

ဖင်ကို က လူကြီးတွေ စုရုံးရပ်နေကြသည့်နေရာနှင့် ကားတွေရပ်ထားတာကို လှမ်းကြည့်ရင်း ...

"ငါကြားသေးတယ်၊ သိပ်များများမပေးဘူးတဲ့"

"ဘာဖြစ်ဖြစ် သူတို့ဆောက်ထားတဲ့ တဲထက်တော့ သာမှာပဲ၊ သောင်းဂဏန်းတောင် ကိုင်ဖူးကြတာမှမဟုတ်တာ၊ အဲဒီ ကျူးကျော်တစ်ကွက်လုံး တစ်အိမ်မှ သားသားနားနားမရှိဘူး"

"ဘာပြောတယ်အေ့"

နောက်ကျောနားကအသံက စူးခနဲ၊ ဒီအသံကြားလိုက်တာနှင့် ဖင်ကို နားရွက်တွေပါထောင်သွားသလားမသိ။

ဒေါ်ချက်စူမ ဆိုတာ ဒီနားတစ်ဝိုက်မှာ လက်ယဉ်တာ၊ အဆဲကြမ်းတာ တကယ့်နာမည်ကြီး။

အလုပ်ကျတော့ ကန်စွန်းရွက်ရောင်းတာ နေ့ရော ညပါ မနား။ သူမသည် လမ်းဘေးနားက ဘိန်းမုန့်ဆိုင်ကနေ ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးကြီးနှင့် မလိုက်ဖက်အောင် အနားကို မြန်မြန်ဆန်ဆန်ရောက်လာလျက် ...

"မမ ညည်းပြောတဲ့စကားတွေကို တစ်ကပြန်စပြီးပြောလိုက်စမ်းပါ၊ သတ္တိရှိရင် ..."

မျက်နှာလေး မသိမသာပျက်သွားပေမယ့် ချက်ချင်း ပြန်တင်း၏။ အနီးအနားမှာ စည်ကားနေသမျှ လူအားလုံး စုပြုံ အာရုံရောက်လာတော့ ဒေါသဖြစ်လွယ်ခြင်းက ပို၍အရှိန်များသွားသည်။





"သတ္တိရှိလို့ လူတွေကြားထဲမှာပြောလာတာပေ့ါ။ ဘာမရှင်းတာရှိလို့လဲ"

"အံမာ .. ကျူးကျော်ကလူတွေ သောင်းဂဏန်းတောင် ကိုင်ဖူးကြတာမဟုတ်ဘူးဆိုတာ ဘာစကားလဲ"

"မှန်သောစကားလေ၊ အဲဒါ တခြားလူတွေအတွက် မှားသွားရင်တောင်မှ ဒေါ်ချက်စူအတွက်တော့ မမှားနိုင်ပါဘူး၊ ဒေါ်လေးဆိုင်မှာ ကြွေးယူပြီး မပေးနိုင်တိုင်း တစ်သောင်းမပြောနဲ့ တစ်ထောင်ပြည့်အောင်တောင် မကိုင်ရတာကြာပါပြီ၊ မွန်းလွဲတာနဲ့ ပိုက်ဆံဆို မှုးလို့ရှုစရာတောင် မရှိပါဘူး၊ နေ့ည နပ်မှန်အောင် မနည်းစားနေရတာပါ၊ အဲဒါတွေ ဒေါ်ချက်စူပဲပြောတာ"

"ဒါတွေ ဘာမှ ညည်း ပြောဖို့မလိုဘူး"

"မေးလို့ပြောပြတာလေ၊ ကန်စွန်းရွက်တောင် တစ်ဗန်းလုံးရောင်းလို့ တစ်ထောင်ပြည့်အောင်ရတာမရှိဘူး၊ မနေ့ကကြွေးလေးတော့ နေပါဦး"

"မမ ..."

"နောက်ထပ် မရှင်းတာရှိရင် ထပ်မေး၊ ပြောဖို့တွေရှိသေးတယ်"

ဒေါ်ချက်စူမ မျက်လုံးကြီးပြူးနေသမျှ မမ က မျက်နှာကိုရှုတင်းပြီး မော့ထား၏။

တစ်ဖက်က လက်ယဉ်မှန်းသိတော့ ဖင်ကို က ဒေါ်ချက်[illegible]မ လ[illegible]ကိုပဲ မျက်ခြည်မပြတ်ကြည့်ရင်း ညီမရှေ့ကို မသိမသာတိုး၏။

ဟိုက လှုပ်ရှားလိုက်တာနှင့် ကာကွယ်နိုင်အောင်ဖြစ်သည်။

"ညည်းတို့ကရော ဘယ်လောက်ချမ်းသာနေလို့လဲ၊ ဒီလူတွေအားကိုးနဲ့ ဒီဆိုင်ဖွင့်နေလို့ စားနေရတာ"

"အဲဒါက ဒေါ်ဝင်းဝင်းပါ၊ မမ တို့က ကိုယ့်ခြေ ကိုယ့်လက်[illegible] ရှာစား



www.burmeseclassic.com

www.burmeseclassic.com



တာ"

"အေးလေ .. သူခိုး ခါးပိုက်နှိုက် မောင်နှမတွေပဲ"

မမ က မျက်နှာလေးကို မဲ့ပစ်လိုက်၏။

"ဟုတ်လား၊ ကျွန်မတို့က ကောင်းရောင်းကောင်းဝယ် ခိုးစားတာပါ"

"အမယ်လေးလေး .. အရှက်မရှိပြောနေလိုက်တာ"

"ဘာလုပ်စားမှန်းမသိတဲ့အစ်မတွေ နှမတွေဆီက ဘာမှမလုပ်ကိုင်ဘဲ လက်ဝါးဖြန့်သုံးနေတဲ့သားတွေနဲ့ ကိုယ့်အဖြစ်ကိုလဲပြန်ကြည့်နော်၊ ဝင်ငွေတွေ ဘယ်လောက်ကြမ်းကြမ်း လူရာမဝင်တာ၊ ရုပ်မပေါ်တာမျိုး..."

"ကြည့်စမ်း ကောင်မ .. မိုက်ရိုင်းလိုက်တာ"

လက်ဝါးကြီးက ဝိုးခနဲမြည်သွားသလားမသိ၊ ဇင်ကို ကာကွယ်ဖို့ကြိုးစားပေမယ့် မမ က သူမဘာသာ ဘေးကိုတိမ်းရှောင်ကာ ...

"ကြီးတောင်ကြီးမားနဲ့ နားရင်းအုပ်မိရင် ဒီက မိုက်ရိုင်းတယ်ဖြစ်ဦးမယ်၊ နောက်တစ်ချက်ရွယ်ကြည့်နော် .. လုံးဝ သည်းမခံဘူး၊ ဒါပဲ ..."

ဒေါ်ချက်စု က နောက်တစ်ချက်သာမကဘဲ မထိမချင်းရိုက်ရမှ ကျေနပ်မည့်ဒေါသများနှင့် ရှူးရှူးရှားရှားလိုက်ရိုက်သည်။

မမ ကလည်း တုံ့ပြန်ဖို့ပြင်ဆင်ပြီးသား၊ ဒါပေမယ့် လူတွေ ဝိုင်းဆွဲကြသဖြင့် ရန်ပွဲက သတ်ပုတ်တဲ့အထိ ဖြစ်မသွားခဲ့ပေ။

မြေတိုင်းအင်ဂျင်နီယာ၏ဘေးမှာရှိနေသော ပင်လယ် တို့က ရုတ်ရုတ်သဲသဲဖြစ်နေတာကို လှမ်းကြည့်နေကြလျက် ...

"တော်တော်ဆူတဲ့နေရာတွေပဲနော်၊ မကြားဝံ့မနာသာတွေ ..."

သိမ်းအုပ် က ညည်းညူသလိုပြော၏။ ပင်လယ် ကတော့ သူပြောတာကို စိတ်မဝင်စားပါ။ ရုတ်ရုတ်သဲသဲတွေထဲမှ တက်တခေါက်ခေါက်





ပါလာသည့် မမ မျက်နှာကို နိုးလာတာမြင်သည်နှင့် မျက်မှန်ကို သာသာလေးချွတ်သည်၊ ပြီးတော့ သေချာစိုက်ကြည့်၏။

မမဘေးမှာ လူငယ်တစ်ယောက်နှင့်တွေ့မြင်လိုက်ရမှ တွန့်ကုတ်နေသည့်မျက်ခုံးနှစ်ဖက်က အနည်းငယ်ပြေကျသွား၏။

ဒီကောင်မလေး ...

စိတ်ထဲမှာ အတည်ပြုလိုက်ရင်း မျက်မှန်ကိုပြန်တပ်သည်။

တကယ့်ကို စိတ်ပျက်ဖွယ်အတိနှင့် စရိုက်ဆိုးလေးပါလား ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"ပင်လယ်"

"ဟင် .. စံ ပါလား"

"အမလေး .. ပြောင်းလဲသွားလိုက်တာ ပင်လယ် ရယ်၊ ခေါ် သာခေါ် လိုက်ရတယ် ဟုတ်ပါ့မလားလို့ ...၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"မေမေ နေမကောင်းလို့၊ အစာအိမ်အူလမ်းကြောင်းနဲ့ဆိုင်နေလို့ ဒေါက်တာဦးဖေဇော်နဲ့လာပြတာ"

သားနဲ့ တရင်းတနှီးနှုတ်ဆက်နေတော့ ဒေါ် ယဉ်ယဉ်ဆင့်နှင့်ဒေါ် ခင် ခင်ဆင့် တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

မျက်ဝန်းတွေမှာ ကျေနပ်ခြင်းတွေအပြည့်နဲ့ဖြစ်သည်။ ဘယ် မိန်း ကလေးကိုကြည့်ကြည့် မျက်မှောင်ကြုတ်မပြေခဲ့သောယောက်ျားက သွား တွေပေါ် အောင်ရယ်လို့ ...၊ ပြီးတော့ ဆရာဝန်မလေးကလည်း ဖြူဖြူ သွယ်သွယ် လှလှလေး ...။





ဆံပင် ဘယ်လောက်ရှည်မှန်းမသိပေမယ့် ဂျူတီချိန်မှာ နောက်တွဲ ဆံထုံးလေးထုံးဖွဲ့ထားပုံကတော့ ယဉ်ပြီးရင်းယဉ်၊ လှပြီးရင်းလှ ...။

ဘုရားသိကြား မ,လို့ သားလိုပဲ အိမ်ထောင်မရှိသေးတဲ့ အပျိုလေး ဖြစ်ပါစေ ..၊ သားရင်ဝိုဝီ အိမ်ထောင်ချပေးကြဖို့ပဲ အင်တိုက်အားတိုက် ရှိနေကြတာမို့ တော်သင့်ကောင်းမွန်တဲ့မိန်းမလှလေးတွေမြင်တိုင်း အကဲ ခတ်ကြ၊ စုံစမ်းကြနှင့် ညီအစ်မနှစ်ယောက်မှာ ...၊

"အကူအညီလိုရင်ပြောနော် ပင်လယ်၊ ငါ ဒီဆေးခန်းမှာ ဆန်းဒေး တစ်ရက်ပဲမထိုင်တာ"

"အိုခေ .. အိုခေ"

"အန်တီတို့ ခွင့်ပြုပါဦးရှင်"

"အေးပါကွယ်၊ ဪ .. ဟုတ်ကဲ့ ဒေါက်တာ"

ဒေါ် ခင်ဆင့် စကားတွေ ဘာတွေမှားကုန်၏။ ပင်လယ် က မသိမသာ ပြုံးသည်။ အန်တီဆင့် ဘယ်လိုစိတ်ကူးတွေဖြစ်ကုန်ပြီမှန်း သူ နားလည် သွား၍ဖြစ်သည်။

"ပြောပါဦး လူလေးရဲ့၊ ဒေါက်တာမလေးက လှလိုက်တာ မွန်ညက် နေတာပဲ၊ ကျောင်းနေဘက်တော့မဟုတ်နိုင်ပါဘူး၊ သားက ဘီအီးဘွဲ့ ယူခဲ့ တာ ဆိုတော့ ..."

ကားပေါ် ပြန်ရောက်သည်နှင့် ဖင်ကျအောင်မထိုင်ရသေးခင် တန်း မေးတော့သည်။

"ဟုတ်တယ်၊ စတီဖက်ကျောင်းမှာကတည်းက ရင်းနှီးခဲ့ဖူးတာ"

"ဪ ..."

ဪ .. သံကြီးက သဘောတကျရှည်လျားစွာ ...၊

"နို့ .. ဒါနဲ့ အိမ်ထောင်ရက်သားကျနေပြီတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ကားဟောင်းရှင်း သူ ဖျတ်ခနဲငုံကြည့်တော့ ဘာမှမဟုတ်သည့်မျက်ဝန်း အဖြစ်ပြင်ဆင်၍ ဟိုလွှဲ ဒီလွှဲ ...၊

"တော်တော်လှလို့မေးတာပါ။ အိမ်ထောင်သည်လို့ကို ထင်စရာမရှိဘူး၊ အပျိုလေးထင်တယ်နော်"

"ကျွန်တော် ဘယ်သိမှာလဲ၊ အန်တီနဲ့မေမေ့ရှေ့မှာပဲ ပြောဖြစ်ကြတာ၊ အန်ဟ်တို့ ကြားတာပဲဟာ"

"မကြားလိုက်လို့ပေါ့ကွယ်၊ ကိုယ့်တူမှာ မိန်းကလေးအသိအကျွမ်း ရှိနေတာမြင်ပြီး အရမ်းကိုအံ့သြသွားလို့ ..."

သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။ 'စံနမူ'ဆိုသည့် ဆံပင် ပခုံးအောက် သာသာအဖြောင့်လေးနှင့် ဆေးကျောင်းသူလေးဟာ ဂျီတီယူကျောင်းသား ပင်လယ် ဆိုသည့် လူငယ်လေးတစ်ယောက်ကို တစ်နေရာစီ ဝေးသွားတဲ့အထိ ရင်းနှီးခင်မင်ဆဲ၊ မျှော်နေဆဲဆိုတာတွေ မပြောဖြစ်သော်လည်း အာရုံက အဘိထံကပုံရိပ်တွေဆီ ဝေ့ခနဲ ပြန်ပြေးသွားခဲ့၏။

ကျောင်းသားတို့၏အထာအတိုင်း ဟိုကျောင်း ဒီကျောင်း ကူးသွားပြီး ချိတ်မိ၊ ငြိမိကြတာတွေရှိသည်။

ထိုထဲမှာ သူလည်းပါခဲ့ဖူး၏။ သူငယ်ချင်းနဲ့ မကြာခဏလိုက်သွားခဲ့ရင်း ဟိုဘက်က မိန်းကလေးသူငယ်ချင်းက စံနမူ ဖြစ်နေခဲ့သလို ဒီဘက်မှာ သူငယ်ချင်းက ပင်လယ် ဖြစ်နေလေသည်။

နှစ်ယောက်ချင်းမို့ စုံတွဲလေးနှစ်တွဲဖြစ်ဖို့ရှိသော်လည်း သူနဲ့ စံ ကတော့ ခင်ခင်မင်မင် အနေအထားထက် ပိုပြီးမကျော်လွန်ခဲ့ကြပေ။

စံ ကလည်း အရေးတယူရှိသည်။ စကားအသွားအလာလေးတွေမှာ လိုက်လျောခဲ့၏။

"မင်းကိုက နှုတ်နှေးလွန်းတာ၊ စံ က ဒီလောက်ထိလိုက်လျောပေး





နေတာကို ချစ်တယ်လို့မပြောသေးဘဲ 'ချစ်လား'လို့မေးလိုက်ရင်တောင် ခေါင်းညိတ်မလားဘဲ၊ ဘာတွေရင်ခံနေတာလဲ၊ ဖွင့်ပြောလိုက်ပါလား"

လို့ သူငယ်ချင်းဖြစ်သူက အားမလိုအားမရပြောသည်။

"ချစ်တာ မချစ်တာနဲ့ပတ်သက်ပြီး ခွဲခြားမကြည့်ဖူးပေမယ့် မင်းလိုပဲ အတွဲလေးဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့တော့ မပြောချင်ပါဘူးကွာ"

"မင်းက စံ ကို လုံးဝစိတ်မဝင်စားတာလား၊ တကယ်လား .."

ဒီလိုမေးခွန်းတွေဖြစ်ခဲ့တုန်းက သူ ဘာပြေခဲ့သလဲဆိုတာ သတိတရ တွေးမိလိုက်သေးသည်။

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းဆိုတော့ တကယ်ပေါ့၊ အံ့ရောကွာ"

လို့ သူငယ်ချင်းကပဲခေါင်းတခါခါ၊ အချစ်ဆိုတာ လွယ်တာ ခက်တာ သိပ်မသိသော်လည်း အချစ်အကြောင်း ပြောဆိုဆွေးနွေးလိုသည့်ဆန္ဒမျိုး သူ့ရင်ထဲမှာ ဘယ်တုန်းကမှ မရှိခဲ့။

မျှော်လင့်တကြီးမေးမြန်းနေသော အန်တီ့ဘက်ကို သူ မလှည့်ဘဲ နေလိုက်၏။ နောက်ထပ် မေးခွန်းတွေ ထပ်ထွက်မလာဖို့လည်း ဆုတောင်းမိသည်။

ထိုစဉ်...

"ဟာ .."

"ကျွိ .."

"ဘုရား .. ဘုရား"

တစ်လမ်းလုံးတိတ်ဆိတ်လာခဲ့သည့် ခေါ်ယဉ်ယဉ်ဆင့်ထဲမှ ဘုရားတသံနှင့်အတူ ရင်ဘတ်ဖိ မျက်လုံးတွေမှိတ်ပစ်လျက်...

"လုပ်ကြပါဦး၊ သေကုန်ပြီလား"

"ဘာမှမဖြစ်ဘူး မေမေ၊ မစိုးရိမ်နဲ့၊ ဘာမှမဖြစ်လိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ကမန်းကတန်းလှည့်၍နှစ်သိမ့်ကာ သူ ကားပေါ်ကဆင်းလိုက်၏။

ကားရှေ့နားမှာ လဲကျနေသည့်စက်ဘီးနှင့် လူငယ်လေး သုံးယောက် ...၊

“ခင်ဗျား ကားမောင်းတာ ရမ်းလှချေလားဗျ”

ခေါင်းမှ အနီရောင်၊ အနက်ရောင်ကြိုးတွေ စည်းထားလျက် စပို့ရှပ်ဖားဖား၊ ဘောင်းဘီတိုပွပွတွေနှင့် ဆယ်ကျော်သက်အရွယ်လေးတွေ ဖြစ်သည်။

ကားပေါ်ကနေ စိုးရိမ်တကြီးလှမ်းငုံ့ကြည့်ပြီးမှ ဒေါ်ခင်ဆင့်မျက်နှာ ရှုံ့မဲ့သွားလျက် ...

“စက်ဘီးတစ်စီးတည်းကို သုံးယောက် ဘယ်လိုများစီးလာသလဲ မသိဘူး၊ ဟွန်း ...”

ဒေါ်ခင်ဆင့်အသံကြားမှ ဒေါ်ယဉ်ယဉ်ဆင့် မျက်လုံးဖွင့်ရဲသည်။

“ဘာ .. ဘာမှဖြစ်မသွားဘူးလား”

“ဘာမှမဖြစ်ပါဘူးအေ၊ လမ်းပေါ်မှာလိမ့်နေတဲ့ အပေအတေလေးတွေပါ၊ လမ်းကို ပြိုင်ကွင်းများမှတ်နေလားမသိဘူး၊ စက်ဘီးကိုစီးခွင့်ရတုန်း တိုးကြိတ်ခွစီးလာကြတာပေါက်လွှတ်ပဲစားတွေလို ..”

“မမရယ် ...”

“ဒါမျိုးတွေကျတော့ လဲပြိုကျိုးကန်းကုန်တာမျိုးမဖြစ်ဘူး၊ တကယ်ပါပဲ .. ပြောရရင် ငရဲကြီးဦးမယ်၊ ပြောနေကြတာ ကြားလား ဟိုမှာ ..၊ ဒီကထိန်းနိုင်လို့ တက်မကြိတ်မိတာကို ကျေးဇူးမတင်ဘဲ မိမဆုံးမ ဖမဆုံးမတွေလို မိုက်ရိုင်းစော်ကားနေတာ”

ကားရှေ့မှာ လက်ညှိုးထိုး ခေါင်းခါနှင့် ကလေးတွေအသံကပဲ ဆူနေ





သည်၊ ဘာမှမဖြစ်ကြမှန်းသိလိုက်ရသဖြင့် သေချာကြည့်မိရင်း ဒေါ်ခင်ဆင့်ပြောနေတာတွေကြောင့် ဒေါ်ယဉ်ယဉ်ဆင့်နားမချမ်းသာပါ။

“ဟော့ .. ဘာမှမဖြစ်ဘူးမို့လား၊ ပြန်တက်မဲ့ သား၊ ကလေးကချေ အရိုင်းအစိုင်းလေးတွေနဲ့ ဖက်မပြောနေနဲ့”

ကားထဲကနေ လှမ်းပြောတာကို အပြင်ကနေ သိပ်မကြားရဘူးထင်သည်။ ပင်လယ်က နောက်ကို တစ်ချက်လှည့်ကြည့်ပြီး ပိုက်ဆံအိတ်ပြားလေးထုတ်၍ ကလေးတွေကို ပေးနေသည်။

“ဟွန်း .. ထင်သားပဲ၊ တစ်ပဲခြောက်ပြားတန်တွေမှန်း လိုချင်လို့သုတ်မာကြတာ၊ မိဘတွေက ကလေးတွေကို ရှာမကျွေးနိုင်ဘဲ ကိုယ့်ဝမ်းစာကိုယ်ရှာဆိုပြီး လမ်းပေါ် လွှတ်ထားတော့ ကလေးကချေလမ်းသရဲလေးတွေ တိုးပွားလာတာပေါ့”

“မမရယ် ပြောနေလိုက်တာ ကြားလို့လဲမကောင်းပါဘူး၊ တော်ပါတော့”

ညီအစ်မအရင်းတွေပေမယ့် ဒေါ်ခင်ခင်ဆင့်က စိတ်ဆတ်သည်၊ ဒေါသဖြစ်လျှင် ဖြစ်တဲ့အတိုင်း မျက်နှာက အရောင်ပြောင်းသွားတတ်ပြီး စိတ်ထဲရှိသလိုပြောပစ်တတ်၏။

ဒေါ်ယဉ်ယဉ်ဆင့် ကတော့ နူးနူးညံ့ညံ့သဘောလေးရှိ၏။ စကားပြောလည်းနည်းသည်။ ပြောပြီဆိုလည်း အကျိုးအကြောင်းစဉ်းစားပြီးမှ ပြောတတ်သူမို့ ဖြစ်သလိုပြော၍ အနိုင်ယူတတ်သော ခပ်လည်လည်လူတွေကြားမှာ ပဲ့စပ်လေးအဟောင်းသားနှင့်ကျန်ခဲ့ရတာတွေလည်း ခဏခဏ။

ဟိုတုန်းကဆို ညီမလေးကိုချစ်တော့ ဒေါ်ခင်ခင်ဆင့်က နေရာတိုင်း စိတ်မချပေ။ ညီမဖြစ်သူ မျက်နှာပျက်နေပြီဆို မရမကမေး၍ ပြဿနာအရင်းအမြစ်ကို အစကနေပြန်လိုက်ခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့သည်းခံရမှာလဲ၊ သည်းခံတာ သူ့နေရာနဲ့ သူ့အတိုင်းအတာ ရှိတယ်၊ တစ်ခါသည်းခံလိုက်တာနဲ့ အားလုံး ပြီးဆုံးသွားမယ်ဆိုရင် လောကကြီးမှာ စိတ်တိုတတ်တဲ့သူတောင်ရှိမှာမဟုတ်တော့ဘူး"

မခံချင်စိတ်တွေဖြစ်အောင် ညီအစ်မချင်း အမုန်းခံပြောပေးလည်း မရ ...၊ ယောကျ်ားရသွားတဲ့အထိ ယောကျ်ားက နိုင်၊ ယောကျ်ားရဲ့ ဆွေမျိုးနီးစပ်တွေ နိုင်၊ ဒေါသဖြစ်လွန်းလို့ ပစ်ထားလိုက်မိသည့် ကိုယ့်အပြစ်ပဲဆိုတာ နောက်ကျမှ နောင်တရခဲ့၏။

သူမတို့မှာ အပျိုရွယ်လေးတွေဖြစ်ပြီဆိုကတည်းက မိဘတွေမရှိတော့တာဖြစ်သည်။ စည်းစိမ်ဥစ္စာတွေအပြည့်နှင့်ကျန်ခဲ့ကြတော့ အဒေါ်ဝမ်းကွဲတစ်ယောက်က ကြည့်ရှုစောင့်ရှောက်ပေးခဲ့၏။

ယဉ် ယောကျ်ားရသွားတော့လည်း ပစ်မထားသင့်ကြောင်း၊ အဒေါ်ဖြစ်သူက ပြောသေးသည်။ စိတ်ကြီးသူပီပီ ခင်က လုံးဝ ခွင့်မလွှတ်နိုင်။

ကိုယ်ကတော့ ချစ်လိုက်ရတာ၊ ညီအစ်မနှစ်ယောက်မှ တစ်ဘဝတည်းလို ...၊

သနားလိုက်ရတာလည်း ငါ့ညီမလေး စိတ်ပျော့ရှာတယ် ဆိုပြီးတော့...၊

သူ့ကျတော့ အစ်မ မသိလိုက်အောင်ရည်းစားထားပြီး စာလေး တစ်စောင်နှင့်နှုတ်ဆက်ထားရစ်ခဲ့သည်။

လက်ဝတ်လက်စားတွေက အစ ချွတ်ထားပစ်ခဲ့တာကို ခင်က ပို၍နာကြည်းသွား၏။

"ဒီယောကျ်ားကို ဒီလောက်ထိ ယုံရဲသလား"

"ဒီလောက်တောင် အားကိုးခဲ့တာလေ" 'နေလိုက်စမ်း' ဆိုသည့်မာနနှင့် နေ့ရှိသရွေ့ ငိုနေပေမယ့် ပြန်လာလေမလားလို့ အိမ်ပေါက်ဝကိုတောင်





မျှော်မကြည့်မိအောင်နေ၏။

မမျှော်လင့်ဘဲ ပြန်ရောက်လာခဲ့ပါသည်။ ဒါပေမယ့် သူမတစ်ယောက်တည်း။

ယဉ် ကိုယ်တိုင် သူ့ကလေး မွေးပြီးပြီးချင်း ဆုံးသွားသည်ဟုပဲ ထင်ခဲ့၏။

သူမ၏ခင်ပွန်း 'နတ်ရဲ'ဆိုသည့်ယောကျ်ားသည် သူမကိုချစ်တော့ချစ်ပေမယ့် စိတ်ဓာတ်က မာကျောသည်။ အဆင့်အတန်း အခြေအနေချင်းက သိပ်ကွာလှတာမဟုတ်ဘဲ ခင် က သဘောမတူနိုင်ဘူးဆိုသည့် အဖြစ်ကို သူ မကျေနပ်နိုင်။

ထိုအကြိတ်အခဲကြောင့် ယဉ်ကိုချစ်ပေမယ့် လိုက်လျောကြင်နာမှုတွေ မပေးခဲ့နိုင်ဘဲ အိမ်ထောင်ရေးက အဆင်မပြေ။

ထို့ကြောင့် ယဉ် က ကလေးမွေးပြီးတာနှင့် ပြန်တော့မည်ဟု ကြေညာခဲ့၏။ ယောကျ်ားကလည်း 'ငါ့ကလေးကိုထားခဲ့ရင် ပြီးရော၊ ကြိုက်သလိုဆုံးဖြတ်'လို့ စိန်ခေါ်သည်။

သို့သော် ကလေးမွေးခါနီးလေးမှာ အရေးတကြီးကိစ္စဖြင့် 'နတ်ရဲ' ခရီးထွက်သွား၏။

သူ နှစ်ညအိပ်တည်းနဲ့ပြန်ရောက်လာပေမယ့် ကလေးက မွေးဖွားပြီးဖြစ်နေသည်။

"ကလေးက အဖတ်မတင်ဘူး ဆရာ၊ ယောကျ်ားလေးမွေးတာ" လို့ အိမ်အကူမိန်းကလေးတွေက ပြောပေမယ့် မယုံနိုင်။

မျက်ရည်စက်လက်နှင့်ဖြစ်နေသော ယဉ်ကိုလည်း ညာတာရမှန်း မသိတော့ဘဲ ပြဿနာတွေ အကြီးအကျယ်တက်ကြ၏။

"မင်း ငါ့ကလေးကို ဒီလိုဖြစ်အောင်တမင်လုပ်တာ၊ ထားခဲ့ရမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ယုတ်မာလိုက်တာ”

“ကို မစွပ်စွဲနဲ့နော်၊ ယဥ် က ဝမ်းနဲ့လွယ်မွေးခဲ့ရတာ”

“ဘာနဲ့လွယ်လွယ် ငါ နားမလည်ဘူး၊ မင်း ငါ့ကိုယုတ်မာလိုက်တာ ဒီနေရာမှာပေါ့ တာ၊ မင်း ဘယ်မှမသွားရဘူး၊ ငါ့ကလေး သေသလို မင်းကို တတိတိနှိပ်စက်မယ်၊ မင်းလဲ သေရမှာပဲ .. သွားရဲရင် သွားကြည့် ...”

“ဟင် .. အဲဒီလိုပြောတယ် ဟုတ်လား၊ သူ တကယ်နှိပ်စက်နေတာ ပေါ့၊ ဒါကြောင့် နင် ခုလို ပိန်ခြောက်စုတ်ပြတ်နေတာလား”

ပြောပြနေပေမယ့် ယဥ် က ငိုနေရင်း ခေါင်းတွင်တွင်ခါသည်။

“သူ မမကို မကျေနပ်ပေမယ့် ယဥ့်ကိုချစ်ပါတယ်၊ သူ့လက်ထဲမှာ မပျော်ပေမယ့် သူချစ်တာကို ယဥ် သိတယ်၊ ဒီလိုပဲကြိမ်းဝါးပြီး သူ့ဘာသာ အရက်တွေဖိသောက်နေတာ ယဥ်ကရော စိတ်ချမ်းသာပါ့မလား၊ မမပဲ စဥ်းစားကြည့်ပါဦး၊ သူ့ကို ယဥ် ချစ်တယ်၊ ကလေးကလဲ မျက်နှာတောင် မမြင်လိုက်ရဘူး”

“ခု ထွက်လာတော့ သူ မတားဘူးလား”

“ဟင့်အင်း .. အချိန်မရွေးပြန်လာခဲ့ပါလို့တော့ မှာတယ်”

ကြားလိုက်ရတော့လည်း သူများအိမ်ထောင်ရေးကြားမှာ စိတ်မသက်သာ ...၊

ထိုအဖြစ်တွေကြားကခန ယဥ့်ကို မျက်ရည်တိတ်အောင်ချော့နေရတုန်း သုံးနှစ်ပဲကြာသည် ..

“ကလေးက သေတာမဟုတ်ပါဘူး၊ အနိုးခံလိုက်ရတာပါ၊ ကိုရဲ့ က မကောင်းမှုမလုပ်ခဲ့ပေမယ့် အပေါင်းအသင်းများတယ်၊ သူက ကြွေးရှုံးကြိုက်တယ်၊ ပြောရရင် လူမှုန်းများတယ်ပေါ့၊ သူ့ကို သေလောက်အောင် မုန်းပေမယ့် ဒုက္ခမပေးရဲတော့ ကလေးကို နိုးထွက်သွားတာပါပဲ”





လာပြောသည့်လူကလည်း သူ့တပည့်တွေထဲကပဲဖြစ်သည်။ နတ်ရဲ သောက်စားပျက်စီးကာ လူရော စီးပွားရေးပါ ယိုင်နဲ့နေချိန်မှာ ထိုပြဿနာ အစပြုခဲ့ပေါ် သွားခဲ့၏။

ယဥ့်ကို သတင်းပေးသည့်လူကပဲ တိတ်တဆိတ် ဖုန်းဆက်ပြောခဲ့တာဖြစ်သည်။

သူတို့လည်း ထို့ထက် ဘာမှရေရေရာရာမသိ။

ထို့ကြောင့် နတ်ရဲ ရှေ့ကို သေချာသွားမပြောရဲခြင်းဖြစ်သည်။ ထင်သည့်အတိုင်းပင် .. နတ်ရဲ ကလည်း သတင်းကြားသည်နှင့် ဖုန်းဆက်သူနောက်ကို ခြေရာခံ၍ သဲကြီးမဲကြီးလိုက်တော့သည်။

ဒါပေမယ့် အရက်ကြောင့် နစ်မွန်းခဲ့ပြီဖြစ်သည့်လူက မတတ်နိုင်။ စိတ်က တစ်ခုံတစ်ခုကြောင့် ပြင်းအန်ဆူပွက်နေသည်မို့ ပိုဆိုးသွားသည်။

နတ်ရဲ ဆုံးသွားခဲ့ပြီ။ သူနှင့်တကွသော စည်းစိမ်ဗိမာန်အားလုံးပါ ပြီးဆုံးပျောက်ကွယ်သွားခဲ့၏။ ကလေးကို ခြေရာခံလိုက်ကြည့်တော့ ကလေးနိုးသူသည် တခြားအမှုတစ်ခုနှင့် ထောင်ကျသွားခဲ့ပြီး ကလေးကို ရောင်းစားသွားခဲ့သည် တဲ့ ...၊

ခင် လည်း ယဥ့်ကို စိတ်ချမ်းသာစေချင်တာရော၊ သူမကိုယ်တိုင် ကလေး ဒုက္ခရောက်မှာကို စိုးတာရော သောကတွေစုပြုံကာ ကလေး အတွက်နဲ့ တစ်ရွာတစ်ကျိုးဆောက်သလို ဟိုမြို့ရောက်လိုက်၊ ဒီမြို့ရောက် လိုက် ...၊

လုံးဝကို လက်မှန်းကျတော့မှ ကိုယ့်နေရာမှာ ကိုယ်ပြန်နားနိုင်ခဲ့သည်။

“ကိုယ်မွေးပေမယ့် ကိုယ် မကျွေးထိုက်လို့ပေါ့ကွယ်၊ ကံဆုံဖို့ရှိသေးရင် ပြန်တွေ့မှာပါ”

www.burmeseclassic.com



ဒေါ်လေးက တရားပြ၍ နှစ်သိမ့်စကားပြောသည်။ ယဉ် ကတော့ ဒီနေ့ ဒေါ်ယဉ်ယဉ်ဆင့် ဖြစ်လာတဲ့အထိ ကုန်ဆုံးသွားတဲ့နှစ်တွေကို လက်ချိုးရေနေခဲ့သည်။

"မမ ယဉ့် သားလေး ဒီအရွယ်တော့ရှိပြီနော်"

ကလေးမြင်တိုင်း လိုက်ငေး၊ တမ်းတမ်းတတပြော ...၊

သူမ မေးဆတ်ပြသျှ လိုက်ကြည့်တော့လည်း စုတ်ပြတ်ပြတ် ပေပေရေရေပုံစံကလေးတွေ ...၊

နည်းနည်းလေးလစ်တာနှင့် ယဉ် ပျောက်သွားလို့ လိုက်ကြည့် ဆင်းရဲစုတ်ပြတ်သည့်ရပ်ကွက်ကြီးရပ်ကွက်ကြားမှာ ရောက်နေတတ်သည်။

ခင် လက်မခံနိုင်ဖြစ်လာတာက တောင်းရမ်းစားနေသည့်ကလေးတွေထိ ယဉ် က စိတ်ဝင်စား၏။

ထို့ကြောင့် တစ်ခါတလေ အော်ကြီးဟစ်ကျယ် ဆူငေါက်ပစ်မိတဲ့ အထိပင်။

"ပြောပါ၊ ရိုက်ချင်လဲရိုက်၊ သူတောင်းစားဖြစ်ဖြစ်၊ ငရဲသားဖြစ်ဖြစ် ယဉ့်သားလေးဖြစ်နေရင် ယဉ်က ပြေးဖက်မှာပဲ၊ မိဘမဲ့ လူဆင်းရဲတွေ လက်ထဲမှာ ဘယ်လိုက်တွေကောင်းမှာလဲ၊ သူတောင်းစား လူပေလူတေ လေးဖြစ်နေဖို့အပြင် ဘယ်လိုရွှမ်းသာခြင်းတွေရှိမှာတဲ့လဲ ...၊ ယဉ့်အတွက် ကတော့ သားလေး အသက်ရှင်နေဖို့ အဓိက၊ တစ်ယောက်ယောက်က ပြုစုစောင့်ရှောက်ထားဖို့ပဲလိုတာ၊ မသဒ္ဓါ မကြည်ဖြူ မသေရုံတမယ်ကျွေး ဘယ်လိုဖြစ်ဖြစ် ..၊ သူတောင်းစားဖြစ်နေတာထက်စာရင် လူဆိုးလူမိုက်လေးဖြစ်မနေရင် တော်ပြီ"

"ကဲ.. လူမိုက်လေးဖြစ်နေပြီတဲ့ .. နင် ဘာတတ်နိုင်မှာလဲ"

"မတတ်နိုင်ဘူးလေ၊ ထောင်ထွက်လေးဖြစ်နေပြီဆိုလဲ ယဉ်ယဉ်ဆင့်





ဘ ထောင်ထွက်ရဲ့အမေပေါ့၊ မမပဲ ဒေါသထွက်နေတာ၊ သားလေးကို ဒီလိုအတန်းအစားထဲကဖြစ်နေတာနဲ့ မမ လက်မခံနိုင်ရင် ယဉ့်ကိုပါ စွန့်လွှတ်ဖို့စဉ်းစားတော့ ..."

နေရာတကာ အလျှော့ပေးအလိုလိုက်ခဲ့ရတဲ့ ယဉ် ဆိုတဲ့ မိန်းကလေး က ဤသို့ကြေညာခဲ့၏။ ဒေါ်ခင်ခင်ဆင့် လက်မြှောက်အရှုံးပေးခဲ့ရသည်။

တစ်လျှောက်လုံး ငိုခဲ့ရတဲ့ညီမလေးကို မကြည့်ရက်တော့၍ပါ။

ကားရှေ့ရောက်လာသည့် စက်ဘီးတစ်စီးနှင့် လူငယ်သုံးယောက်ကို မြင်ခဲ့ပြီးတော့လည်း အောက်မဆင်းလိုက်ရလို့ ဘာမှမမေးမြန်းခဲ့ရလို့...၊

ဒေါ်ခင်ဆင့်ကိုပြောရင်း မျက်ရည်ဝေ့လာတာ အိမ်ရောက်တော့ ငိုလေသည်။

"နင် လှမ်းမြင်လိုက်တာပဲ ယဉ်ရယ်၊ ဖြူဖြူတစ်ယောက် ညိုညို နှစ်ယောက်၊ နင့်ယောက်ျားနဲ့တူနေတာများပါလို့လား နုတ်ရဲ့ကို ငါ မမြင်ဖူးပေမယ့် နင်နဲ့တော့ ဘယ်နေရာမှာမှ မတူပါဘူး"

"တူတူမတူတူ မမေးမြန်းမိလို့ ..၊ မျက်နှာချင်းဆိုင်မိကြပါလျက်နဲ့ မဆုံဖြစ်ကြတာတွေ ..."

"ဘာလဲ ရုပ်ရှင်ထဲမှာလား"

"အပြင်မှာ တိုက်ဆိုင်တာတွေ ပိုတောင်ဆန်းသေးတယ် မမ သိလား"

"ဆန်းပဲဆန်းပါစေဦး ညီမလေးရယ်၊ ရွယ်တူရှိလောက်တဲ့ကလေး တိုင်းကိုသာ လိုက်ဆွဲပြီးမေးမြန်းရမယ်ဆို ကံမကောင်းရင် ကလေးသူခိုး ထင်ပြီး ထောင်ကျနိုင်သေးတယ်"

"ဒီအရွယ်တွေက ကလေးတွေလား မမရဲ့၊ ကြီးစားတာ ဘယ်အရာမှ အရှည်းနီးမဖြစ်ဘူး"

"ခက်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. တော်ပါတော့ အန်တီရာ၊ မေမေလဲ ပင်ပန်းလှပြီ၊ ကျွန်တော် နီးစပ်သမျှ စုံစမ်းနေပါတယ်၊ မပူပါနဲ့ ပြီးစလွယ်ပြောတာမဟုတ်ဘူး တကယ်ပြောနေတာ"

"ဒါနဲ့ပဲ ..."

ဒေါ်ယဉ်ယဉ်ဆင့် မျက်ရည်သုတ်၍ အခန်းထဲဝင်လေသည်။

မလွယ်ပါလား ...။





## အခန်း (၈)

မိတ်ဆွေတစ်ယောက်၏မွေးနေ့အတွက် လက်ဆောင်ဝယ်ဖို့ လာခဲ့ခြင်းဖြစ်သည်။ အထဲဝင်လာပြီးမှ ဘယ်ကောင်တာ ဘယ်လမ်းကိုသွားရမှန်းမသိဘဲ အဆင်ပြေပြေဝယ်ခြမ်းသွားလာနေကြသူတွေကို အမှတ်တမဲ့ လိုက်ကြည့်နေမိ၏။

မေမေတို့ကခိုင်းတာဆိုလျှင် သူ ခေါင်းရှောင်လို့ရသေးသည်။ ခုတော့ ကိုယ့်ပြဿနာဖြစ်နေသည့်အပြင် မိတ်ဆွေက အမျိုးသမီးဖြစ်နေသဖြင့် လက်ဆောင်ဝယ်ဖို့ အခက်တွေ့နေ၏။

ပိုခက်တာက မိန်းကလေးအသုံးအဆောင်တွေရှိတဲ့ဘက်ကို မသွားချင်၊ ကိုယ့်အခက်အခဲနဲ့ကိုယ် စက်လှေကားထိပ်ကနေ ဘယ်ဘက်အတိုင်း ညီ်ရွယ်ချက်မဲ့လျှောက်သွားနေမိစဉ် မျက်လုံးထဲမှာ တစ်စုံတစ်ခုကို အမှတ်တရ သတိထားမိလိုက်၏။

သူနဲ့ တော်တော်အလှမ်းဝေးသည်။ ဒါပေမယ့် ထိုမျက်နှာကို သူ မှတ်မိနေခဲ့သည်မို့ စူးစိုက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ်အစင်းကျားနှင့် ဂျင်းဘောင်းဘီက ပေါ်လွင်ထင်ရှားလွန်းလို့
မဟုတ်ဘဲ အနီရောင်သမ်းနေသည့် အဖြောင့်ဆံပင်ကုပ်ထောက်က ပခုံး
အောက်ထိ ခပ်စွန်းစွန်း ...၊

နှာတံစွန့်ပေမယ့် ယောကျ်ားလေးတချို့လို တန်းစင်းနေတာမျိုး
မဟုတ်ပေ။ အနည်းငယ်တို့၍ အဖျားကကော့ချင်သည်။

အပေါ်နှုတ်ခမ်း၏ထောင့်ချိုးညီနေပုံနှင့် နှာတံကော့ကော့က ဆက်
သွယ်မှုရှိသလိုဖြစ်နေလျက် ကြည့်လို့တော့ကောင်း၏။

ပြောရလျှင် အသားလတ်လတ်နှင့် မျက်လုံးအနည်းငယ်မှေးသော်
လည်း ယောကျ်ားပီသပုံက သပ်သပ်၊ မျက်နှာပြင်အစိတ်အပိုင်းတွေက
တော့ မိန်းမချော ချောနေတာမျိုး။

ထိုမျက်နှာကို သူ ကားမှန်ထဲကနေ သေချာကြည့်ခဲ့ဖူးတာ ခဏ
လေးမဟုတ်။ ပြီးတော့ မျက်နှာချင်းဆိုင်ကြည့်ဖူးသည်။ ဟိုးအစကတော့
မေ့ ဆွဲကြိုးကိုဖြတ်ပြေးသွားသူအဖြစ် ပခုံးပြန့်ပြန့် အရပ်မြင့်မြင့်ကို
နောက်ကနေ ဖျတ်ခနဲမြင်လိုက်တာ ...

ခု ထပ်တွေ့လိုက်တာနှင့် ထိုလူငယ် ရပ်နေသည့်ဘေးဘီကို ဝေ့
ကြည့်လိုက်မိသည်။ ဟိုမိန်းကလေး တစ်နေရာမှာ ရှိလိမ့်မည်။

ဟိုဒီကြည့်လို့မမြင်တော့ လူငယ့်ထံ မျက်ဝန်းပြန်ရောက်၏။ ဒီတစ်ခါ
လည်း အလစ်သုတ်ဖို့ကြံနေတာပဲဖြစ်နိုင်သည်။ သူ ရပ်နေသည့်ဘေးမှာ
ရှိနေသမျှ မိန်းကလေးတွေ၊ အမျိုးသမီးတွေက လက်ဝတ်လက်စားတွေ
နှင့်ဖြစ်ကာ အားလုံး ကိုယ့်အာရုံနဲ့ကိုယ်။

ကိုယ်နဲ့တော့မသက်ဆိုင်ပါ။ ဒါပေမယ့် ဘာရယ်မဟုတ်ဘဲ မျက်လုံး
က ဘေးဘီဝန်းကျင်ကိုပဲ ပတ်ဝေ့နေမိသည်။

တစ်ယောက်က နှိုက်ပြီး တစ်ယောက်က လမ်းကြောပိတ်ပေးတဲ့





မောင်နှမ ..၊ သိပ်မရှာလိုက်ရဘဲ သူမကိုတွေ့လိုက်ရ၏။

သူမကိုယ်သူမ 'မမတို့ကတော့ ...'ဟု ထည့်သုံးပြီး မရှိရှိတာကို
ကြံဖန်ဂုဏ်ယူနေတတ်သည့် စွာစော်ကဲ ...၊

ပန်းနုရောင် ရှပ်အင်္ကျီပွပွလေးကို တင်ပါးအထက်နားလောက်ကနေ
အင်္ကျီနှစ်ဖက်စ ချည်ထား၏။ အညိုရောင်ကွာတားဘောင်းဘီကျပ်ကျပ်
လေးနှင့် ...၊

ဆံပင်လည်း ဟိုလူငယ်ထက် သိပ်မပိုဘူးထင်သည်။ အလွယ်ကူဆုံး
သိမ်းထုပ်နည်းနှင့် သားရေကွင်းပါးလေးထဲမှာ ထည့်စည်းထားတော့ ပြန်
ကျတာကကျ၊ မကျသေးတာက ခပ်လျော့လျော့ တိုးလိုးတန်းလန်း ...၊

အသားရောင်က ဝင်းနှစ်နေအောင်ဖြူ၏။ ပါးစပ်ထဲမှာ ပီကေဝါးနေ
တာထင်သည်။ သူမြင်နေရသည့်ဘက်က ပါးလေးတစ်ဖက် ဖောင်းလာ
လိုက်၊ ပြန်ကျသွားလိုက် ...။

မောင်နှမနှစ်ယောက် ချိတ်ဆက်မပြတ်အောင် လှုပ်ရှားနေသည့်
မျက်လုံးတွေက ပစ္စည်းတွေကိုကြည့်သလိုလိုနှင့် ဟိုဆီမှာပဲ ဝေ့နေသည်။

မမက သူနဲ့ပိုနီးသည်မို့ ပြုံးလိုက်မိ၏။ ဒီမိန်းကလေးနဲ့သူ ဘာဖြစ်လို့
ကြာခဏဆုံစည်းနေတာလဲ၊ တစ်ခုကျေနပ်ဖို့ကောင်းတာက ဒီတစ်ခါ
ကိုယ့်အလှည့် ...၊

သူ တွေးနေဆဲ ဟိုတစ်ယောက်ထံမှ မသင်္ကာဖွယ်လှုပ်ရှားမှုတစ်ရပ်
ကို သတိထားမိလိုက်ကာ တစ်ဆက်တည်းမှာ မမ၏အေးဆေးသည့်
အသွင်က ချက်ချင်းလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

အဆင်သင့်ပြင်ထားပြီးသားမို့ သူလည်း နောက်မကျအောင် လှုပ်ရှား
စေလိုက်သည်။

"အား .."



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ကိုဆောင့်ဆွဲခံလိုက်ရကာ ပခုံးထိအောင့်တက်သွား၏။ ထို့နောက် မမကိုယ်လေး ကော့ခနဲဖြစ်သွားပြီး နာကျင်သည့်နောက် ပြန်ပါသွား၏။

"ခါးပိုက်နှိုက်ရဲကာမှတော့ သူ့အန္တရာယ် သူကြည့်ရှောင်မှာပေါ့၊ မင်း ကူညီဖို့မလိုပါဘူး"

"ဘာလုပ်တာလဲ၊ အား .. ရှင် .. ရှင် လွှတ်နော်"

"မင်း လှည့်ပတ်သွားတာကိုခံရဖူးတဲ့တစ်ယောက်..."

"အား ..."

လက်ကို မညှာမတာချုပ်လိမ်ခံထားရပေမယ့် နောက်ကိုလှည့်ကြည့်လို့လည်းမရ၊ သိလိုက်တာက ကိုဇင်နဲ့သူမကို သိထားတဲ့သူ ဟု ...။

လက်ကိုဆွဲလို့လုပ်ကြံပြီးလို့ အော်လိုက်ရင် တစ်ခွန်းတည်းနဲ့ ပွဲသိမ်းမှာပေမယ့် အမြဲတမ်းသွက်ခဲ့သည့်ပါးစပ်က ဒီတစ်ခါ မေ့နေခဲ့သည်။ ကိုယ့်ကို ခါးပိုက်နှိုက်ဆိုတာ သိထားသည့်လူအဖြစ် ပြန်၍စိုးရိမ်တာမျိုးဖြစ်နိုင်၏။ သို့သော် မမက သိပ်တော့ အကြောက်ကြီးတဲ့သူမဟုတ်ပေ။

အကျီချိတ်စင်တွေကြားမှာ ဆွဲချုပ်ခံထားရသဖြင့် သူ့လိုပဲ ကိုယ့်မှာလည်း အခွင့်အရေးရှိသည်။

"ခွပ်"

"အင့်"

မေးဖျားကို ခေါင်းနဲ့နောက်ပြန်တိုက်ထည့်လိုက်သဖြင့် ခေါင်းထဲမှာ မီးပွင့်သွား၏။ စုစည်းမှုလျော့ရဲသွားလျှင် သူမက ကျွမ်းကျင်စွာရုန်းထွက်သွားခဲ့ပြီး ...

"မမ .. လာ .."

ဗိုက်ကို လက်သီးတစ်ချက်၊ မျက်နှာပေါ်ကို မိတ်ဆက်သွားပြန်





သည်။

"ကိုဇင် နေဦး"

မောင်နှမနှစ်ယောက် ပူးပေါင်းသွားပြီမှန်း သိလိုက်ပေမယ့် နံရံဘက်ကို ကျောကပ်ကျသွားသည့်အရှိန်နှင့် ရုတ်တရက် သူ ဘာမှမလှုပ်ရှားလိုက်နိုင်။

"နောက်ကိုမှတ်ထား၊ ပညာမတတ်ဘဲ သူခိုးမဖမ်းနဲ့"

"ဟိတ် .."

ပါသွားပြီ ပိုက်ဆံအိတ်၊ သူမလေးက ပိုက်ဆံအိတ်ပြားလေးကို ထောင်ပြပြီး စိန်ခေါ်သွားသေးသည်။ ဘယ်လိုနှိုက်ယူလိုက်လဲဆိုတာ မသိ။

အရောင်းကောင်တာက မိန်းကလေးနှစ်ယောက်'ဘာဖြစ်တာလဲ'ဆိုသည့်မျက်လုံးပြူးလေးတွေနှင့်ရောက်လာကြပေမယ့် ...

ရန်ဖြစ်မှန်းလည်း သိသွားကြသည့်တိုင် ...၊

ဟိုကြည့် ဒီကြည့်နှင့် မျက်လုံးတွေသာ ပိုပြူးကုန်သည်။ ဘာမှ မကူညီနိုင်။

ဟိုမောင်နှမကတော့ အရှိန်မှန်ခြေလှမ်းများနှင့်ထွက်သွား ပျောက်ကွယ်သွားပါပြီ။ နတ်ခမ်းလွှာတွေထဲမှာ ငန်ကျိကျိဖြစ်လာတော့ ရှက်သည်။

ခေါင်းက မူးနေဆဲ၊ ဗိုက်ထဲက စူးရှရှအောင့်နေ၏။ ဟိုကောင်မလေး လက်သီးနဲ့ထိုးသွားတာဖြစ်သည်။

မောင်နှမနှစ်ယောက် တစ်ယောက်တစ်ချက် သမသွားပေမယ့် နေရာကျဉ်းကျဉ်း လူတွေများများထဲမှာ တိုးတိုးကြိတ်ကြိတ်လှုပ်ရှားသွားဟာမို့ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင် ဒီလက်သီးတွေ ဒီထက်ပို၍ အရှိန်ပါလာဖို့ရှိ၏။ တစ်သက်နဲ့တစ်ကိုယ် ရန်လည်းမဖြစ်ခဲ့ဖူး။ ထိခိုက်နာကျင်တဲ့အထိဖြစ်ဖို့ဆိုတာ အဝေးကြီးပင်၊ ထို့ကြောင့် ...

ကိုယ့်ဘက်ကို ဘယ်လိုအန္တရာယ်ပြန်ရောက်လာနိုင်တဲ့အထိ မတွေးလိုက်မိအောင် သတိလက်လွတ်နေခဲ့မိသည်။

ဟိုတစ်ယောက် သူ့ညီမကိုပြန်လာဆွဲတာမှန်သော်လည်း သူလာမကယ်ရင်တောင် ချာတိတ်မက ပင်လယ် ဆိုတဲ့ ကောင်လေးက်ကို အသာလေးလှဲသိပ်သွားနိုင်မှာပင်။

ထို့ပြင် ပိုက်ဆံအိတ်ကိုတောင် နှိုက်ယူပြသွားသေးသည်။

ပြူးဝိုင်းနေသည့်မျက်လုံးတွေကိုရှောင်ရှား၍ ဘာမှလည်းမဝယ်ဖြစ်တော့တဲ့ သူ ပြန်ထွက်လာခဲ့မိ၏။ တစ်သက်လုံး ဒီနေ့မှစ၍ ရှက်တတ်တာလားမသိ ...၊

မျက်နှာပြင်မှာ ဂရုတ်ရည်တွေသုတ်လိမ်းထားရတဲ့အတိုင်း ပူလောင်နေသည်။ တကယ်တော့ ဟုတ်ပါသည် ...၊

သူခိုးဖမ်းဖို့ သူ့မှာ ပညာမစုံသေး ...။





## အခန်း (၄)

ဦးပင်လယ်
ဦးပင်လယ်၏ နိုင်ငံသားမှတ်ပုံတင်ကတ်အား
ရုပ်ရှင်ရုံအပေါ်ထပ် အမျိုးသမီးသန့်စင်ခန်းတွင်းမှ
ကောက်ရထားပါသည်။
ကျေးဇူးတုံ့ပြန်ရန်နှင့်တကွ ဂမုန်းပွင့်ကုန်တိုက်
'မေပျို'စာသော်လီအရောင်းဆိုင်တွင် လာယူပါ။

အပျိုကြီး ဒေါ်ငွက်ထော်

"ကြည့်ပါဦး ..၊ ကျော်မကောင်း ကြားမကောင်း ပင်လယ် ...၊ ဒါဘာဖြစ်တာတုံး .. မှတ်ပုံတင်က ဘယ်တုန်းကပျောက်နေတာလဲ .. သား.. ဟဲ့ .. ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မမေးနဲ့ အန်တီရာ .. အဲဒီမှာ ဖတ်ပြီးပြီမဟုတ်လား"

မျက်နှာကြီးနီရဲလျက် လည်စည်းချည်နေရင်း ကုတ်အင်္ကျီက ပခုံးပေါ်မှာ ဒီတိုင်းနှင့် ပင်လယ် အပေါ်ထပ် တက်သွား၏။

အပြင်ထွက်လာတာပေမယ့် အန်တီ့ကို ဘာမှမပြောချင်တာမို့ ခြေထောက်က အပေါ်ထပ်ကို အလိုအလျောက်စနစ်နဲ့ လှမ်းသွားမိတာဖြစ်သည်။

ထိုအခါ လှေကားအပေါ်ကဆင်းလာသည့် မေမေနှင့်ပက်ပင်းတိုး၏။

"မေမေ ကြားတယ် သား။ ဘာတွေဖြစ်ကုန်တာလဲ .. ဘယ်တုန်းက.."

"မဟုတ်ပါဘူး မေမေရာ၊ ကျွန်တော် ဘယ်တုန်းက ရုပ်ရှင်ကြည့်ဖူးလို့လဲ၊ ကြည့်ချင်ရင်လဲ ရုပ်ရှင်တစ်ကားစာအချိန်အတွက် ပိုထွက်လာအောင် တစ်နှစ်လုံး စာထဲကညစ်ထုတ်ယူတာတောင် ထွက်မှာမဟုတ်ဘူး"

"အေးလေ .. မေမေတို့လဲ ဒီတိုင်းသိခဲ့ကြတာ၊ အခု ..."

"သက်သက်ညစ်ပတ်တာ"

ပင်လယ် အပေါ်ဆက်မတက်ဖြစ်တော့ဘဲ ကုတ်အင်္ကျီလည်း ဒီတိုင်းမဝတ်ဖြစ်သေးဘဲရှိကာ စိတ်ပျက်လက်ပျက် ပြန်လှည့်ဆင်းလာရခြင်းသို့ ရောက်၏။

"ဘယ်လို .. ဘယ်လို ..၊ ညစ်ပတ်တယ် ဟုတ်လား၊ ဘယ်သူကလဲ..."

ဒေါ်ခင်ဆင့်က လှေကားရင်းထိရောက်လာပြီး တအံ့တသြ မေးသည်။ ဒေါ်ယဉ်ဆင့်က သူ့လက်မောင်းကိုဆွဲထား၍ ...

"ညစ်ပတ်တယ်ပြောရအောင် သားမှတ်ပုံကင်က တကယ်ပျောက်ခဲ့တာမဟုတ်လို့လား"

ပင်လယ် မျက်နှာမြင်မကောင်းအောင်ရှုံ့မဲ့သွား၏။





"ဒါ တကယ်ညစ်ပတ်တာဆိုရင် သားက ကိုယ့်သိက္ခာအတွက် ငိုခံနေစရာမလိုဘူး"

"မဟုတ်ဘူး မေမေ၊ ဒါပေမယ့် မှတ်ပုံတင်မရှိတော့တာက ဟုတ်တယ်"

"ဘာ ..."

သုံးယောက်သား လှေကားရင်းမှာဆုံတော့ ဒေါ်ခင်ဆင့်အသံက တော်တော်ကသိကအောက်ဖြစ်နေသည့်အတိုင်း မာကျောကျော ...

ပြီးတော့ ဖွင့်လျက်သားနှင့် လက်ညှိုးထည့်ခံပြီးပိတ်ကိုင်ထားသည့် သတင်းစာကို ပင်လယ့်မျက်နှာရှေ့မှာ ထောင်၍ တဖျပ်ဖျပ်ခါပြကာ ...

"ဒါဆို ဒါ တကယ်ပေါ့"

"ပျောက်သွားတာမဟုတ်ဘူး၊ ပိုက်ဆံအိတ် ခါးပိုက်နှိုက်ခံရလို့ ပါသွားတာ"

"ဟင် ..."

"ခါးပိုက်နှိုက်တွေ ဒီလိုလုပ်ကြတာ တစ်ခါမှမကြားဖူးဘူး၊ အန်တီကို ရှင်းရှင်းပြောစမ်းပါ။ အပျိုကြီး ဒေါ်ဥက်ထော် ဆိုတာနဲ့ ..."

"လုပ်ပြန်ပြီ အန်တီရာ၊ အဲဒါတွေကို မရှင်းတတ်လို့ ဘာမှမမေးပါနဲ့ဆိုတာ ..."

"မမေးလို့ရမလား၊ ဒီမှာ ကြော်ငြာရိုးရိုးလေးရေးထားသလိုထင်ရပေမယ့် မင်းရဲ့ ..."

ဒေါ်ခင်ဆင့် ပြောလို့မဆုံးခင် ပင်လယ့်အိတ်ထဲက ဟန်းဖုန်းမြည်လာ၏။

"ဟလို"

"ပင်လယ် .. မင်း ဘာတွေဖြစ်ကုန်တာလဲ၊ ခုနကပဲ ငါ့ကို အေးမင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြောလို့ ဖတ်ကြည့်လိုက်တယ်”

“ဟုတ်တယ်၊ အဲဒီအတိုင်းပဲ”

သူ ဘာမှမပြောဘဲ ဖုန်းပိတ်လိုက်ပေမယ့် ဟိုဘက်က ဘာမေးလိုက်တယ်ဆိုတာကို ဒေါ်ခင်ဆင့်က ရိပ်မိသွား၏။

“ကျော်မကောင်း ကြားမကောင်းကိစ္စဆိုတာ ခု သိပြီလား”

“ဟုတ်တော့လဲ လောလောဆယ် ဘာမှမတတ်နိုင်သေးဘူးလေ၊ ခါးပိုက်နှိုက်ခံရလို့ မှတ်ပုံတင်ပါသွားတာ၊ ခါးပိုက်နှိုက်က ...”

မမ ဆိုသည့် ကောင်မလေးမျက်နှာ ပေါ်လာပြီး ဒေါသက ထောင်းခနဲဖြစ်၏။ ဒီထက် သူ ပိုမရှင်းတတ်တော့။ ပြဿနာက ရှုပ်သထက်ရှုပ်လာတော့မှာဖြစ်သည်။

မိန်းကလေးဖြစ်ပြီး ဒီလောက်ပြဿနာရှာရဲတာ တကယ့်ကို လက်လန်ပါ၏။ ပိုက်ဆံအိတ်ကို သူမကိုယ်တိုင် နှိုက်ယူသွားတာ သူသိသည်။

လူကို တွန်းထိုးသတ်ပုတ်ပြီး ထိုအချက်နှင့်ရောချသွားတာဖြစ်၏။ ခါးပိုက်နှိုက်ကျွမ်းကျင်အဆင့်နှင့် ချုန်ပီယံရထားသူမှန်း မသိခဲ့မိခြင်းကိုက သူ ညံ့တာ ..၊ တော်ရုံကိစ္စလောက်နှင့် အောက်ဆင်းမလာတတ်သည့် မေမေကိုယ်တိုင် ဧည့်ခန်းထိ ဆင်းလာပြီး မျက်စိမျက်နှာပျက်လို့ ...။

ထိုစဉ် ဖုန်းသံမြည်လာပြန်သည်၊ အိမ်ဖုန်းက အနံ့တို့နားမှာမို့ သူ့ရင်ထဲမှာ ဒိတ်ခနဲခုန်သွားပေမယ့် မကိုင်လိုက်ရပေ။

“ဟလို ..”

“ဩော် .. မဆင့်ကိုမေးချင်လို့၊ ပင်လယ် ဆိုတာ မဆင့်သားလေးလားလို့ ...”

“ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ မမယု”

စိုးရိမ်အမှတ်နှင့်ကြည့်နေကြသည့် ဒေါ်ယဉ်ဆင့်နှင့် ပင်လယ့်ဆီ





ဒေါ်ခင်ဆင့် က တစ်ချက်လှမ်းကြည့်၏။ ပြီးမှ မျက်နှာပြန်လွှဲကာ ...

“ဟင် .. အဲဒါလေ .. ဒီမှာလဲ အဲဒါကို ခုပဲတွေ့တာ”

ပင်လယ် အပြင်မထွက်သေးမီမှာ ဖုန်းဆက်ကြတာ သုံးဦး ...၊

ဒေါ်ခင်ဆင့်ကိုယ်တိုင် ဒေါသထွက်လာတဲ့အထိ ဖြစ်ကာ ...

“သတင်းကလဲမြန်လိုက်တာ၊ သတင်းစာ အိမ်ပေါက်စေ့မရောက်သေးဘူး၊ တစ်နိုင်ငံလုံးနှံ့နေပြီ”

ဟု ရေရွတ်ရင်း ဖုန်း ခွပ်ခနဲချပစ်၏။

ကိုယ့်ကလေးအကြောင်းကို မသိဘဲနေမလား၊ တမင်တကာ ချောက်တွန်းလိုက်တာ အသိသာကြီး။ ဒါကို ဘာဖြစ်လို့ လိပ်ပတ်လည်အောင် ရှင်းမပြနိုင်ရတာလဲ ...၊

လူကြီးတွေကိုတိုင်ပင်မှ ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားမှာ ...၊

“ဘယ်ရောက်သွားပြီလဲ၊ ဟိုကလေး ...”

ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ ပင်လယ် က မရှိတော့ပေ။

“သွားပြီ”

ဒေါ်ယဉ်ဆင့်က စိတ်ပျက်သည့်မျက်နှာလေးနှင့် ဖြေပေးသည်။ သူ့ခမျာလည်း ရှက်ရှာပေမည်။ ခါးပိုက်နှိုက်ခံလိုက်ရတာ တကယ်ပေမယ့် ရှင်းမပြတတ်အောင် တစ်ခုခုလွဲမှားနေတာကိုလို့သာ အမှန်တရားက မြုပ်ကွယ်နေတာဖြစ်နိုင်၏။

ပင်လယ် ဟာ မွေးစားသားဆိုပေမယ့် နံရှာသည့်အဆင့်အတန်းထဲက မဟုတ်ပေ။ ခွဲစိတ်အထူးကုဆရာဝန်ကြီး၏ တစ်ဦးတည်းသောသား ဖြစ်သည်။

ကိုယ့်ရဲ့ ဖင်မလိုဒေါက်တာမို့ ဒီအိမ်နှင့် ရင်းနှီးနေကာ အလုပ်တစ်ဖက်၊ သားတစ်ဖက်နှင့် သွားလာနေရသော သူ့ဘက်က အဆင်မပြေမှု



www.burmeseclassic.com

www.burmeseclassic.com



တွေကိုမြင်နေရခြင်းမှ စ,မိခဲ့ကြ၏။

သူမက သားကိုတမ်းတ၍ အိပ်ရာထဲလဲခဲ့သည့်အချိန်၊ မုဆိုးဖိုဖြစ်သော ဆရာဝန်ကြီးမှာလည်း ကလေးတစ်ဖက်နှင့် ဒုက္ခများနေ၏။

ပြီးတော့ ပင်လယ်က ငယ်ငယ်လေးကတည်းက ရည်ရည်မွန်မွန် တည်တည်တံ့တံ့လေးနေတတ်တာဖြစ်သည်။

အိမ်ကို နှစ်ခါပဲလာဖူးကာ သူမက တမ်းတမ်းစွဲတောင်းပေမယ့် ဆရာဝန်ကြီးက မပေး၊ ဒါပေမယ့် အိမ်မှာပဲ တစ်နေကုန်လာထားဖော်ရကာ သူ အလုပ်ပြန်မှ ဝင်ခေါ်သည်။

အစ်မဖြစ်သည့် ဒေါ်ခင်ဆင့်ကလည်း ဒီကလေးကြောင့် ထန်းဆန်းတက်ကြွလာသော ညီမအတွက် ကလေးကို အပိုင်ရဖို့ကြိုးစားသည်။

ကံကြမ္မာသည် ကံဆိုးကံကောင်း နှစ်ရပ်ကို နှစ်ဖက်စလုံးမှာ တစ်ပြိုင်တည်းချပေးသွားသည့်အခါ ဆရာဝန်ကြီး မဆုံးမီ ပင်လယ့် ကို သူ ကိုယ်တိုင်ပဲ ညီအစ်မနှစ်ယောက်လက်ထဲကို ထည့်ပေးသွားခဲ့လေသည်။

ဆွေမျိုးညာတိမရှိခဲ့သောပင်လယ်ကို ဒေါ်ယဉ်ဆင့် သားအဖြစ်တရားဝင်မွေးသည်။ သူ့မိဘက ကျန်ခဲ့သော အမွေပစ္စည်းနှင့် ဘဏ်အကောင့်အားလုံးကို ပင်လယ့် အတွက်ပဲဆက်လက်ထိန်းသိမ်းပေးမဲ့ပြီး ဒါတွေကို ဘာမှမထိမတို့စေဘဲ ကိုယ့်ရင်ခွင်ထဲမှာ လိုလေသေးမရှိ ပြည့်စုံအောင်ထားခဲ့၏။

ပင်လယ် ကလည်း မိခင်အရင်းမဟုတ်တာကို သိလျက်နှင့် အမေလိုပဲချစ်သည်။ ဆုံးမသမျှ နာခံခဲ့၏။ သူ့အတွက် ခေါင်းခဲရတာက အိမ်ထောင်ပြုဖို့တိုက်တွန်းမရခြင်းဘဲရှိသည်။

မိဘကတော့ ကိုယ့်သားသမီးကို ဒီတိုင်းလေးပဲ တစ်သက်လုံး မြင်သွားချင်ကာပါ။ ဒါပေမယ့် မျက်ကွယ်ပြုသွားရမယ့်နောက်ပိုင်းမှာ သူတို့





ဘဝလေး ပြည့်စုံသာယာစွာကျန်ရစ်စေချင်သည်။

"မိန်းမပေးစားတာတောင် ခါးခါးသီးဖြစ်နေတဲ့ဟာ ဒီလိုပြဿနာ မရှိနိုင်ပါဘူး"

ကိုယ့်အတွေးနဲ့ကိုယ် ခပ်တိုးတိုးရေရွတ်မိ၏။ ဒေါ်ခင်ဆင့် က လှမ်းကြည့်ကာ ...

"ပြဿနာရှိလို့ ပြဿနာတက်လာတာပေါ့ ယဉ်ရယ်၊ ဒါမျိုးဆိုတာ နှစ်ဦးနှစ်ဖက် စိတ်ထားညီမှဖြစ်လို့ရတာမဟုတ်ဘူး၊ အဲဒါကြောင့် မတော်တရော်တွေဖြစ်သွားမှာစိုးလို့ မိန်းမယူပါတော့လို့ချည်းတိုက်တွန်းနေတာလဲ မရ ..."

"မမက ဘယ်လိုထင်နေလို့လဲ"

"ဘယ်လိုမှမထင်တတ်ပေမယ့် မိန်းကလေးတွေနဲ့ ဘာစ်စုံတစ်ရာ ငြိနေပြီမှန်း သိသာနေတာပဲ၊ ယောကျ်ားလေးဘက်က ပါပါ၊ မပါပါ ငြိမိရင် ရှုပ်ကုန်မှာ၊ ငါမလိုချင်တာ အဲဒါပဲ၊ ဘယ့်နှယ် .. ဘော်လီရောင်းတဲ့ ဈေးသည်တွေရော ခါးပိုက်နှိုက်တွေရော ဘာတွေမှန်းမသိဘူး ဒီကိစ္စ လျှော့တွက်ထားလို့မရဘူးနော် ယဉ် .."

လျှော့မတွက်လွန်းလို့ ခေါင်းပေါ် မှာ ရာဝင်အိုးကြီးတင်ထားလိုက်ရတဲ့အတိုင်း ဖြစ်နေပါပြီ၊ ခက်ပ့ါ .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ကျွန်မညီမလေးရဲ့ ကျန်းမာရေးအခြေအနေလေး သိပါရစေ ဒေါက်တာ"

"ဘာမှ ဆိုးဆိုးရွားရွားမရှိပါဘူး၊ သူ့စိတ် ဒီထက်လန်းဆန်းပြီး ကိုယ့်ကိုယ်ကို ဂရုစိုက်ဖို့ပဲလိုပါတယ်၊ အဲ .. ဒီတိုင်း၊ ဒါမှမဟုတ် ဒီထက်အားနည်းသွားမယ်ဆိုရင်တော့ မကောင်းဘူးပေါ့ဗျာ"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မတို့ ဂရုစိုက်ပါ့မယ်"

ရောဂါကြီးကြီးမားမားမရှိဘူးဆိုတာ ဒေါ်ခင်ဆင့် သိပါသည်။ ဒါပေမယ့် လူက အားနည်းလွန်းနေသည်မို့ စိုးရိမ်လာခဲ့ခြင်းဖြစ်သည်။

အစားလည်း ပုံမှန်မစား၊ အိပ်ချိန်က မမှန်၊ ဒါတောင် အနားမှာ ပင်လယ် ရှိနေလို့သာ ..၊ မဟုတ်လျှင် ယဉ် ဒီလိုလေးတောင် သွားလာလှုပ်ရှားနိုင်တော့မည်မထင်။





"ပြောရတဲ့လူတွေကိုလဲ ညာတာပါပြီး ယဉ်ရယ်၊ ခုပဲ ဆရာဝန်က ပြောလိုက်တယ်၊ ရောဂါကြီးကြီးကျယ်ကျယ်မရှိဘူးတဲ့၊ ဘာဖြစ်လို့ စိတ်ဆင်းရဲစရာတွေချည်းတွေးပြီး နှိပ်စက်နေတာလဲ၊ ခေါင်းကိုက်ရင် ခေါင်းကိုပျောက်ဆေးတိုက်လို့ရတယ်၊ ဗိုက်နာရင် ဗိုက်နာပျောက်ဆေး၊ ညီမလေးစိတ်ထဲမှာတွေးနေပူနေတာတွေကျတော့ နှိက်ထုတ်ဖယ်လိုက်လို့လဲမရဘူး ပျောက်သွားအောင် ဘာမှလဲလုပ်မပေးတတ်ဘူး၊ ဘယ်လိုလုပ်ရလဲ အဲဒါ ..."

ကားမောင်းနေရင်း ဒေါ်ခင်ဆင့် က ချော့မော့သလိုပြောသည်။

"ဘာမှမလုပ်နဲ့ပေါ့ မမရယ်၊ ယဉ်လဲ ဒီလိုနေချင်လို့နေကာမှမဟုတ်တာ၊ စိတ်ထဲမှာ ဘာတွေဖြစ်နေမှန်း ကိုယ်ကိုယ့်ကိုယ်တောင်မသိဘူး"

"သိပါတယ် ယဉ်ရယ်၊ နင် ဘာလို့မသိရမှာလဲ၊ ဘယ်ရောက်နေမှန်းမသိတဲ့သားကို ဘယ်လိုပြန်ရှာနိုင်မလဲဆိုတဲ့ အခွင့်အလမ်းလဲ အရမ်းနည်းနေတဲ့ဟာ ..၊ နေ့ရှိသရွေ့ ဒါတွေပဲတွေးပြီးစိတ်ဆင်းရဲနေတာ ..."

"ဒါကတော့ ကိုယ့်ရင်သွေးပဲ၊ အဖေမရှိ အမေမရှိနဲ့ ဘယ်လိုပတ်ဝန်းကျင်မှာ ဘယ်လိုဘဝနဲ့နေရှာမလဲ၊ သက်ရှိထင်ရှားမှရှိသေးရဲ့လား"

"သြော် ... မျက်စိအောက်မှာရှိနေကြတဲ့ သားသမီးတွေကိုတောင်ကိုယ့်စိတ်ကြိုက် စည်းရုံးဆုံးမဖို့မလွယ်တဲ့ဟာ .. မြင်တောင်မမြင်လိုက်ရတဲ့ ကလေးအတွက် အဲဒီလောက်ခေါင်းထဲထည့်နေရင် ကလေးကိုမတွေ့ခင် နင် ဒုက္ခရောက်သွားလိမ့်မယ် သိလား၊ မမက မိခင်မဖြစ်ဖူးလို့ပြောရက်တာမဟုတ်ဘူး၊ ကိုယ့်ညီမလေးကို ဆုံးရှုံးခံရမှာမလိုချင်တာ"

ဒေါ်ခင်ဆင့် က ကားကို အရှိန်မှန်လျှော့ချလိုက်ပြီး လေသံအေးအေးနှင့်ချော့မော့နှစ်သိမ့်နေ၏။ တစ်ပတ်ကိုတစ်ခါ အထူးကုဆရာဝန်ကြီးနဲ့လာပြနေရတာလည်း သိပ်တော့မကောင်းဘူးဆိုတာ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ယဉ် ကိုယ်တိုင် သူ့ကိုယ်သူ လူမမာကြီးလုံး လုံးသတ်မှတ်သွားနိုင်လို့ ...၊ ဒါပေမယ့် အပြင်ကိုလည်းထွက်ဖြစ်အောင် ကျန်းမာရေးစစ်ဆေးတဲ့သဘောမို့ ဆေးခန်းကိုလာဖြစ်တဲ့နေ့မှာ ကား လျှောက်မောင်းရင်း အပန်းဖြေစေခဲ့မိသည်။

ကိုယ်ကြိုးစားနေတာ အရာထင်သလား၊ မထင်သလားတော့မသိပါ။ ကားကို ညာဘက်ကွေ့မှာမို့ သာသာလေးကပ်ကွေ့လိုက်မိလျှင် ...

"အမလေး"

"အား ..."

လူဆိုတာကို သိလိုက်သော်လည်း ဘရိတ်အုပ်လိုက်တာ မမီဘူးထင် ၏။ ညီအစ်မနှစ်ယောက် အလန့်တကြားအော်လိုက်မိကာ ဒေါ်ယဉ်ဆင့် က မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ပစ်လိုက်၏။

ဒေါ်ခင်ဆင့် ကတော့ မျက်လုံးအပြူးသားနှင့် ရှေ့တရက် ကြက် သေသေသွား၏။

ကားရှေ့မှာ လဲကျသွားသည့်လူ သေပြီလား ...၊

"အား .. ကျွတ် ကျွတ်"

"ဟော ထ.. ထလာပြီ"

ဒေါ်ခင်ဆင့် ပြောမှ ဒေါ်ယဉ်ဆင့် မျက်နှာပေါ်ကလက်တွေကို ဖယ် ကြည့်ရဲ၏။

ကတုံးဆံပင်ငုတ်တိုနှင့် ခပ်ဖိုင့်ဖိုင့်လူတစ်ယောက်၊ အသက်ငါးဆယ် ကျော်ခန့်ရှိကော တစ်ကိုယ်လုံး အဝတ်အစားတွေက ခပ်စုတ်စုတ်ကြေမွ လျက် ...

"သွားလေ မမရယ်၊ ဘာဖြစ်သွားသေးလဲ၊ တွဲတူပြီး လိုအပ်တာလေး လုပ်ပေးလိုက်ပါ"





"အမလေး ထူတော့မထူနိုင်ပါဘူး၊ ဟိုမှာ ထနေပြီ ဟွာ .."

ဒေါ်ခင်ဆင့် အကြောက်ပြေတော့မှ မာနလေးပြန်တက်ကာ အသံ က မာလာ၏။ ဒါပေမယ့် လူကတော့ ကားပေါ်ကဆင်းလိုက်ပြီးဖြစ် လျက်..

"ဘာဖြစ်သွားသလဲဟင် ..၊ ကျွန်မလဲ ဖြည်းဖြည်းပဲကွေ့လိုက်တာပါ .."

"ဖြည်းဖြည်းကွေ့တာမဟုတ်လို့ ခင်ဗျား အသည်းအသန်ဘရိတ်အုပ် လိုက်ရတာပေါ့၊ ပြဿနာရှောင်ချင်တာနဲ့ ကိုယ့်အပြစ်ကိုကာကွယ်ပြီး သားထွက်လာတယ်"

"မဟုတ်တာရှင်၊ ရှောင်ချင်လို့မဟုတ်ပါဘူး၊ ရှင့်မှာ ဒဏ်ရာပြင်းပြင်း ထန်ထန်ရမသွားစေချင်လို့ပါ၊ ဒီကားနဲ့ဖြစ်ရင် ပွန်းပဲ့တာဖြစ်ဖြစ်၊ ကျိုးကျန်း သွားသွား ကျွန်မတို့က ကုပေးရမှာပါ၊ ဒုက္ခတဖြစ်မှာက ရှင် .."

လူကြီးက စုပွပွမျက်နှာနှင့် မခိုင့်တခိုင်ဖြစ်နေသည့် သူ့ခြေထောက် တွေကို ထိန်းနေသည်။ ဒေါ်ခင်ဆင့်က ယူပေးရမလိုလို လက်ကလည်း ပြင်နေပြီး မရောက်။ ခေါင်းတစ်ချက်ကုတ်၍ ကားထဲက ညီမဖြစ်သူကို ပြန်ကြည့်မိ၏။

ဒေါ်ယဉ်ဆင့် ကတော့ ခပ်ငိုက်ငိုက်လှုပ်ရှားနေသည့်လူကြီးမျက်နှာ ကိုပဲ စိတ်ဝင်တစားစိုက်ကြည့်နေသည်။ လူကြီးက ခြေနှိုင်နှိုင်ရပ်မိပြီးမှ ဒေါ်ခင်ဆင့်နှင့် မျက်နှာချင်းဆိုင်၏။

"ကြီးကြီးကျယ်ကျယ်တော့ ဘာမှမဖြစ်ဘူး၊ လက်ထောက်လိုက်လို့ လက်ကောက်ဝတ် နည်းနည်းရောင်သွားတယ်၊ ကျောလဲအောင့်သွားတယ်"

လက်ကောက်ဝတ်တစ်ဖက်မှာ သိသာစွာရောင်လာတာမြင်လိုက် သဖြင့် ဒေါ်ခင်ဆင့်က ပျာပျာသလဲခေါင်းညိတ်သည်။ အဆင်သင့်ကိုင် ထားသည့်ပိုက်ဆံအိတ်ကိုဖွင့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .. ပြောပါ၊ ကျွန်မတို့ ဘာလုပ်ပေးရမလဲ၊ ဟိုလေ .. ရှင့်ကိုဆေးခန်းပို့ပေးဖို့တော့ မဖြစ်လို့ပါနော်၊ ကားပေါ်မှာလဲ လူမမာပါနေလို့ပါ၊ တကယ်လို့ ဆေးခန်းပြမှဖြစ်မယ်ဆိုရင် တက္ကစီကားငှားပြီး ဆေးဖိုးဝါးခအပြည့်အစုံနဲ့ တင်ပေးလိုက်ပါ့မယ်၊ ဒါမှမကျေနပ်သေးရင်လဲ ရှင့်ကုတဲ့ဆေးခန်းလိပ်စာကို ဖုန်းဆက်ပြောပါ၊ ကြာရှည်ကုရမယ့်ဒဏ်ရာရှိနေရင် ..."

"နေပါဦး .. ကျုပ်က ဘာမှမပြောရသေးဘဲနဲ့ ..."

"အင်း .. ဟုတ်ပါပြီ၊ ပြောပါ .. ပြောပါ"

ဒေါ်ခင်ဆင့်က ပျာပျာသလဲခေါင်းညိတ်နေပေမယ့် ခပ်တွန့်တွန့်နှာခေါင်းနှင့်မျက်ဝန်းများက လူကြီးကို ကားပေါ်တင်မသွားလိုခြင်းကြောင့်သာ ..၊ မပျာချင်ဘဲပျာနေတာမှန်း သိသာနေသည်။

လူကြီးကလည်း ဒါကို အကဲခတ်မိပုံရှိကာ ဒေါ်ခင်ဆင့်မျက်နှာကို စိုက်ကြည့်၍ လက်ကောက်ဝတ်ကိုဖိဆုပ်နေပုံက လက်နက်တဆဆနှင့် တိုက်ပွဲဝင်တော့မည့်လူနှင့်တူနေ၏။

"ဆေးဖိုးဝါးခတွေဘာတွေ ပြောမနေနဲ့၊ ဗီးစေ့လောက်ကို ညောင်ရွက်လောက်ပုံကြီးချဲ့ပြီး ငွေညှစ်ဖို့လဲ ကျုပ် စိတ်မဝင်စားဘူး၊ ဒါပေမယ့် ခင်ဗျားတို့ကားနဲ့တိုက်မိတဲ့အတွက် ခင်ဗျားတို့မှာ တာဝန်ရှိတယ်"

"ဟုတ်ပါပြီ"

"ကျုပ်ကို ငွေငါးသောင်းပေးပါ၊ ဒါဆို အားလုံးပြီးပြီ"

"ငါးသောင်း ..."

ဒေါ်ခင်ဆင့် က လက်ငါးချောင်းထောင်ပြ၍ အားကောင်းမောင်းသန်းမတ်တတ်ရပ်နေသည့်လူကြီးတစ်ကိုယ်လုံးကို ဝေ့ခနဲကြည့်သည်။

'ဘာမှဖြစ်တဲ့ပုံလဲမရှိဘဲနဲ့'လို့ အကြည့်တစ်ချက်နှင့် ကဲ့ရဲ့သည်။ ဒါပေ





မယ့် လူမိုက်ပုံပေါက်နေသည့်မျက်နှာကြီးကို ထပ်မကြည့်တော့ဘဲ ပိုက်ဆံအိတ်ကိုဖွင့်လိုက်၏။

"မြန်မြန်ရှင်းပေးလိုက်ပါ မမရယ်၊ ပြန်ကြရအောင်"

"အေး အေး .. ပြီးပါပြီ ယဉ်ရယ်၊ ဒီမှာ ..."

ပိုက်ဆံအိတ်ထဲ လက်နှိုက်ရင်း ဒေါ်ခင်ဆင့် ဘာတွေ အကျိုးအနယ်ရှာနေသည်မသိ၊ လူကြီး မျက်လုံးတွေက အသံထွက်လာသည့်ကားဆီ .. ဒိုင်းခနဲရောက်သွားသည်။

ထိုအခါကျမှ ဒေါ်ခင်ဆင့်နှင့် ကွယ်သလိုဖြစ်သွားသည့်မျက်နှာကို ယဉ် ကလည်းမြင်သွား၏။

"ဟင် ..."

ကားမှန်ရဲ့ တစ်ဖက်စီမှာပေမယ့် မျက်လုံးချင်းဆုံသွားတော့ နှစ်ယောက်စလုံး မျက်မှောင်ကြုတ်သွားခဲ့ကြသည်။

ဒေါ်ယဉ်ဆင့် ရုတ်တရက်စဉ်းစားမရမီ လူကြီးက ဖျတ်ခနဲခေါင်းငုံ့သွား၏။

ထိုအခါကျမှ ...

"ဒရိုင်ဘာ ..."

နှုတ်ခမ်းမှာ တိုးသဲ့သည့်ရေရွတ်သံအပြီး ...၊

"ကိုဝင်းမြင့် .."

စိတ်ထဲမှာ ဘာရယ်မဟုတ်ဘဲ နှုတ်ဆက်ချင်စိတ်ပေါ်လာကာ တံခါးကိုဖွင့်တော့ လော့ခ်ချထားတာမို့ ရုတ်တရက် မရ။

"ဘာဖြစ်လာတာလဲ၊ ဟဲ့ .. ဖြည်းဖြည်းဆင်းလေ"

"ဟိုလူ ..."

ဒေါ်ယဉ်ဆင့် ခြေထောက်တွေ လမ်းပေါ် ချမိသည့်အချိန်မှာ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



က အဝေးကြီးကိုရောက်သွားပြီဖြစ်သည်။

"မြန်လိုက်တာ၊ ကျွန်မက နှုတ်ဆက်မလို့ဟာကို ..."

"မြန်မှာပေါ့။ ထွက်သွားလိုက်တာ မပြေးရုံတစ်မယ်ပဲ၊ ဟွန်း .. ဒါနဲ့ များ တောင်းသွားလိုက်တာ ငါးသောင်းတောင်မှ ..."

မကြီးမငယ်နှင့် မျက်စောင်းရွယ်မိသေးသည်။

ဆေးဖိုးဝါးခလို့ ခေါင်းစဉ်မတပ်ဘဲ ပြောင်ပြောတောင်းတော့လည်း ဘာမှမတတ်နိုင်၊ ဒါပေမယ့်..

လူနာက ကောင်းဘာနှင့်မတူဘဲ ဓားပြတိုက်သလိုယူသွားတာကို မကျေနပ်ချင်။

"နေစမ်းပါဦး၊ နင်က ဒီဟာကြီးနဲ့ ဘယ်တုန်းကအသိအကျွမ်းဖြစ်ခဲ့တာလဲ"

"သိခဲ့တာမဟုတ်ဘူး မမရဲ့၊ သူက ကိုရဲရဲ့ဒရိုင်ဘာ၊ နာမည်က ကိုဝင်းမြင့် .."

"ဟင် .. ဟုတ်လား၊ ဒါ ဒရိုင်ဘာရုပ်ကြီးပေါ့၊ ဖြစ်ရလေဟာယ်"

"မဟုတ်ပါဘူး မမရယ်၊ အဲဒါကြောင့် ကျွန်မ ရုတ်တရက် မမှတ်မိတာပေါ့။ ဟိုတုန်းက ဒီလိုလဲမဝဘူး၊ အသားလဲသိပ်မမည်းဘူး၊ ဆံပင်ကတော့ ဒီပုံစံပဲ"

သူမတို့ ကားပေါ်ပြန်ရောက်ကြတဲ့အထိ ထိုအကြောင်းကိုပဲ ပြောနေခဲ့ကြသည်။ ပြီးတော့ ဒေါ်ယဉ်ဆင့် မျက်လုံးတွေက ကားသွားတဲ့တောက်လျှောက်မှာ ဟိုဒီဝေ့ရှာလျက်ရှိကာ..

"ဘာဖြစ်လို့ ဒီပုံစံကြီးဖြစ်သွားတာလဲမသိဘူး၊ ကျွန်မကိုတွေ့လို့ တမင်မြန်မြန်ရှောင်ထွက်သွားတာကိုလဲ စဉ်းစားမရဘူး၊ အဲဒီမှာနေတုန်းက ကျွန်မနဲ့ ကိုရဲ အဆင်မပြေကြပေမယ့် တခြားလူတွေနဲ့ ရင်းနှီးသွားခဲ့





ပါတယ်၊ သူနဲ့ပဲ ..."

"သူနဲ့တော့ သိပ်မရင်းနှီးဘူးမဟုတ်လား၊ အဲဒါကြောင့်နေမှာပေါ့"

"သူက ဟိုတုန်းတည်းက ခပ်တည်တည်ပဲ၊ ဒါပေမယ့် ခင်ခင်မင်မင်ရှိပါတယ်"

"အခု ဘာမေးချင်လို့ အသည်းအသန်ထွက်လာတာလဲ"

"မမေးပါဘူး၊ ဒါပေမယ့် ကိုယ်သိခဲ့တဲ့သူကို နှစ်တွေ အများကြီးကြာပြီးမှ မထင်မှတ်ဘဲပြန်တွေ့လိုက်တော့ နှုတ်ဆက်ချင်လို့ ..."

"သူက နှုတ်မဆက်ချင်လို့ထွက်သွားတာ အသိသာကြီး"

"အဲဒါကြောင့်ပြောတာ၊ အားလုံးပြောင်းလဲကုန်ကြပြီး ကျွန်မရင်ထဲမှာတော့ အရင်တိုင်းဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်ဘူး"

'လွမ်းနေတာလား'ဆိုသည့် အကြည့်တစ်ချက်ရောက်လာတော့ ဒေါ်ယဉ်ဆင့် ချက်ချင်းနားလည်သွားပြီး ခေါင်းခါပြသည်။

"တကယ်ပါ။ သားနဲ့ပတ်သက်ပြီး သတိရနေသမျှ အတိတ်ကို ထားခဲ့လိုက်လို့မှမရတာ၊ ကျန်တာ ဘာမှမပါဘူး။ သူလဲ သူ့မာနတွေကို ထုပ်ပိုးပြီး သွားရှာပြီပဲ မမရယ်၊ သတိရတိုင်း မုန်းနေလို့ ဘာထူးမှာလဲ၊ လွမ်းစရာရှိဖို့တော့ အဝေးကြီးပါ"

"ဟဲ့ .. ငါ တစ်ခုစဉ်းစားမိတယ်"

"ဟင် ..."

ဒေါ်ခင်ဆင့် က ကားမောင်းနေရင်း အားတက်သရော လှည့်လာကာ ...

"နင်နဲ့သူ ဘယ်သူကအရင်ထွက်လာတာလဲ"

"ဘယ်လို ..."

"နတ်ရဲ ဆီမှာ သူက ဒရိုင်ဘာဆိုတော့ နင်ပြန်လာတော့ သူ ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလား၊ ဒါမှမဟုတ် သူက အရင်ထွက်သွားတာလား"

"ကျွန်မ ထွက်လာတော့ 'ရဲတိုက်အိမ်'ကြီးမှာ အားလုံး ဒီတိုင်းကျန်ခဲ့တာပဲ၊ သူလဲရှိနေမှာပေါ့"

"ဒါဆို ကလေးမွေးခံရတဲ့ကိစ္စမှာ အိမ်မှာကျန်ခဲ့တဲ့လူတွေ သိကြမှာပဲ၊ သူ မသိနိုင်ဘူးလား"

ဒေါ်ယဉ်သင့် မျက်နှာမှာ လေးနက်ခြင်းတွေဖြစ်သွား၏။ အတန်ကြာငြိမ်သက်နေပြီးမှ ...

"မသိတော့ဘူး။ ကျွန်မတောင် နောက်နှစ်တွေကြာမှ ကလေး အသက်ရှင်နေသေးတယ်ဆိုတာကို သိရတာ၊ အဲဒီမှာ ဘာတွေဆက်ဖြစ်ခဲ့လဲ ဘယ်လိုလုပ်သိမှာလဲ"

ဖြေလိုက်ရပေမယ့် ထိုကာလဆီကို ပြန်လှည့်ပြေးလို့ရလျှင် ပြေးကြည့်လိုက်ချင်သည်။ ကလေးရှိနေသေးသည့်သတင်းကို နတ်ရဲ က သူမ ထက် အရင်သိတာဖြစ်သည်။

သူ့ကို ဒီလောက်ထိမုန်းနေသူရှိနေမှန်း သိလိုက်ရသည့်အချိန် ချစ်တဲ့သူအပေါ်မှာ မချစ်သယောင်မာနထားမိ၍ ထာဝရဆုံးရှုံးလိုက်သည့် ကြေကွဲခြင်း ...၊

ထို့ထက်ဆိုးသည်က သူထင်ခဲ့သလို ကလေးဟာ သူမကြောင့် သေကျေပျက်စီးခဲ့တာမဟုတ်မှန်းသိလိုက်ရသည့်နောက် ...၊

နတ်ရဲ သည် ကလေးနောက်လိုက်ရင်း ကြေကွဲစိတ်ကို အရက်နဲ့စိမ်ရင်းဖြင့် ဘဝဆုံးသွားခဲ့တာဖြစ်သည်။

တကယ်တော့ သပ်သပ်စီ၊ တစ်နေရာစီမှာ တူညီစွာပျက်စီးဆုံးရှုံးခဲ့ခြင်းများက အဆက်အစပ်မဲ့စွာဖြစ်ခဲ့၏။

နတ်ရဲ သည် ကလေးနောက်ကို မရမကလိုက်ပေမယ့် ထွက်သွားခဲ့





သည့်မေနီးဖြစ်သူကိုလည်း အကြောင်းကြားဖို့၊ တောင်းပန်ဖို့ ဘာမှစိတ်မကူးခဲ့ဘဲ သေဆုံးသွားခဲ့၏။

ကလေးခိုးတဲ့သူကလည်း ကလေးကိုခိုးပေမယ့် မကျေနပ်တာက နတ်ရဲ ကိုပဲမို့ နတ်ရဲ သေဆုံးသွားခဲ့သည့်နောက်မှာ ကလေးနဲ့တကွသော သတင်းအားလုံးလည်း ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ခုတော့ ကလေးရှိနေသေးသည်ဆိုသောသတင်းတစ်ရပ်ဟာ အပြောကျယ်သော သဲကန္တာရကြီးထဲမှာ ခြေရာတစ်စုံကိုပြန်ရှာဖို့ကြိုးစားတဲ့အဖြစ်နဲ့ တူနေသည်လား .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"နတ်ရဲ ဆိုတဲ့သတ္တဝါက ငါ့အတွက် နံပါတ်တစ်ရန်သူတော်၊ နံပါတ်နှစ်က ပြိုင်ဘက်၊ ဒီလူ အသေစောသွားတာတောင် ငါ ရင်နာလို့မဆုံးဘူး။ ဟွန်း .. အသက်ငယ်ငယ်နဲ့ လူကြီးတွေထဲမှာ ဖျံကျပြီး စီးပွားရေးဈေးကွက်မှာ နေရာလုကာယ်၊ သူ့ကြောင့် ငါတို့မိသားစု စီးပွားပျက်၊ ဘဝတွေပျက် ..."

"ပြိုင်ဘက်ဖြစ်လာတဲ့ နံပါတ်နှစ်အကြောင်းက ဘာလဲ"

"ငါ့ညီမလေးကို သူ စော်ကားလိုက်တာလေ၊ တောက် ..."

"အဲဒါတွေလဲ ငါသိပါတယ်၊ မင်းကို ငါက မသိလို့မေးနေတာမဟုတ်ဘူး ဝင်းမြင့်၊ ပြောချင်တာက မင်းညီမ ကေသီ က သူ့ကို ကလဲ့စားချေဖို့ စိမ်ချက်နဲ့ စပြီးမရိုးသားခဲ့တာမဟုတ်လား၊ သူ့လက်အောက်မှာ ဝန်ထမ်းအတုလုပ်ရင်း သူ့အလုပ်တွေ ကမောက်ကမဖြစ်အောင် အများကြီးလုပ်





နိုင်ခဲ့တယ်၊ ဟိုက မရိပ်မိအောင်လှုပ်ရှားနေခဲ့တာ နည်းတဲ့အချိန်တွေလား။ ကေသီ ကလဲ ခပ်နုံနုံမဟုတ်ပါဘူးကွ"

"တင့်အောင် .. မင်းက ငါ့ကို တစ်ခုချင်းပြန်မေးပြီး ငါ့ဘက်ကို စွဲချက်တွေတစ်ရစ်ပြီးတစ်ရစ် ပြန်ပို့နေတာလား"

ဦးတင့်အောင် က ခေါင်းရမ်းပြသည်။ တစ်ယောက်က ဆိုက်ကားကို လက်တစ်ဖက်တင်၍ မတ်တတ်ရပ်လျက်ဖြစ်ကာ တစ်ယောက်က ကုက္ကိုပင်ရိပ်မှာ ပစ်စလက်ခတ်ထိုင်နေရင်းဖြစ်၏။

နှစ်ပေါင်းများစွာကွဲကွာနေကြသည့် ငယ်ပေါင်းကြီးဖော်သူငယ်ချင်းတွေပေမယ့် အမှတ်မထင်ပြန်ဆုံကြတာတောင် ဝမ်းသာအားရမဖြစ်နိုင်၊ ဆိုင်ကလေး ဘာလေးထိုင်ပြီး လက်ဖက်ရည်သောက်ဖို့၊ ရေနွေးလေးနဲ့ မျှောဖို့၊ ဒါမှမဟုတ် အရက်ဆိုင်တစ်ခုခုမှာထိုင် ...

ဒါတွေ ဘာမှဖြစ်မလာဘဲ စကားပြောဖြစ်ကြတာက သစ်ပင်ရိပ်မှာဖြစ်သည်။ ဘယ်သူ့မျက်နှာမှာမှ ဝမ်းသာလှိုက်လှဲသည့်အပြုံးရိပ်မထင်သည့်ပြင် မဲ့တာတွေ၊ ထော့ငေါ့တာတွေပဲရှိကာ ...

"ခုကျမှ မင်းကို အပြစ်ပြန်ဖို့တော့ ဘာထူးလာမှာမို့လဲ၊ ငါပြောချင်တာက အဲဒါမဟုတ်ဘူးကွ၊ မင်း နတ်ရဲ ကိုမုန်းလို့ မဖွယ်မရာတွေလုပ်ခဲ့တယ်၊ အခု နတ်ရဲ မရှိတော့ဘူး၊ ကလေးမှာလဲ ဘာမှအပြစ်ရှိတာမဟုတ်ဘူးလေ၊ ပြီးတော့ ကလေးအမေ ..."

"ငါလိုချင်တဲ့စကားက အဲဒီကိုမရောက်သေးဘူး တင့်အောင်၊ မင်းနားထောင်ဦး"

"မင်းပြောလာမှာတွေကို ငါ ကြိုသိပါတယ်၊ ကေသီကိုပေါင်းသင်းပြီး လက်မထပ်လို့ ကလေးမွေးပြီးတာနဲ့ ကေသီ သူ့ကိုယ်သူ သေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြဲသွားတယ်၊ ကလေးက တစ်နှစ်သားမပြည့်ခင်ဆုံးသွားတယ်၊ ဒါတွေက အဖြစ်ဆိုးခဲ့ပေမယ့် စပြီးမရိုးသားခဲ့တဲ့သူမှာလဲ အပြစ်ရှိတာပဲကွ၊ စီးပွားရေးနယ်ပယ်မှာ အောင်မြင်နေတဲ့သူတွေက ဒုစရိုက်လောကသားတွေမှ မဟုတ်တာ၊ နတ်ရဲ့ အောင်မြင်တာ သူ့အစွမ်းအစနဲ့ကြိုးစားတာတွေပါ။ မင်းရဲ့ မိဘတွေ ဘဝပျက်တယ်ဆိုတာက ...”

“တင့်အောင် ...”

ထိုင်ရာကနေ ဝုန်းခနဲထ,ရပ်ရင်း ဝင်းမြင့် က ပုဆိုးညစ်ညစ်ကြီးကို ဖုတ်ဖက်ခါ၏။

“ငါက တစ်လောကလုံးမှာ မင်းတစ်ယောက်ပဲ ခင်တွယ်စရာရှိတော့တယ်လို့ သတ်မှတ်ပြီး သွေးသားလိုသံယောဇဉ်နဲ့ပြေးလာခဲ့တာ”

ဦးတင့်အောင် က မထိမဲ့မြင်အပြုံးကို နှုတ်ခမ်းမှာမပျက်စေဘဲ သူ့ကို စေ့စေ့ကြည့်၏။

“ပြောပါ။ အခု ဘယ်လိုထင်သွားပြီလဲ၊ ထိုးကြိတ်ပစ်ချင်တာလား၊ အရမ်းနာကြည်းသွားတာလား”

ဦးဝင်းမြင့် မျက်နှာ အနည်းငယ်ပြေကျသွား၏။ ပြီးတော့ ဘုကြီးဖြစ်နေသည့်အမြစ်ဆုံမှာ မကြည်မလင်ပြန်ထိုင်ပြီး ဟိုဘက်လှည့်နေ၏။

ဦးတင့်အောင် က ငုံ့ကြည့်ပြီး ဆိုက်ကားကယ်ရီမှာ ထိုင်လိုက်၏။

“ငါကတော့ ပြောရမှာပဲ ဝင်းမြင့်၊ မင်းလို့တော့မပြောတော့ဘူး။ ဒါပေမယ့် မင်းကိုငဲ့ညှာခဲ့တဲ့စိတ်နဲ့ ငါ့ဘက်မှာ မနိုင်တဲ့ဝန်ထမ်းပြီး ပေးဆပ်နေခဲ့တာ နှစ်တွေနည်းသလား”

ဦးဝင်းမြင့် မျက်နှာငုံ့ကျသွားသည်။

“ဒီကလေးကို မင်းရဲ့ကလေးလို့ပဲထင်ပြီး ငါ လူပျိုစစ်စစ်ကနေ ကလေး





တစ်ယောက်အဖေ တစ်ခုလပ်ဘဝကို ရဲရဲရင့်ရင့်ပြောင်းပစ်ခဲ့တယ်၊ ငါ့နှမက ငါ့ကိုချစ်ရှာတော့ ကြည်ဖြူခဲ့တာပါပဲ၊ ဒါပေမယ့် မင်း ထောင်ကျလို့ တစ်ယောက်ထပ်ရောက်လာပြန်တော့လဲ နားမလည်ဘဲ ခေါ်ထားခဲ့ရတာပဲ”

“မင်းကို ကလေးအတွက် ငါ ဆယ်သိန်းပေးထားခဲ့တာပါ၊ ဒီအရွယ်ထိ မလုံလောက်ပေမယ့် ငါတို့လိုလူတန်းစားတွေအတွက်တော့ လုပ်ငန်းသစ်၊ ဘဝသစ်တစ်ခုကို တည်ဆောက်နိုင်တဲ့ငွေပမာဏပဲ”

“မှန်ပါတယ်၊ ဒါပေမယ့် မင်း ဘယ်လိုဘဝရောက်ခဲ့သလဲ၊ ဘာတွေလုပ်ခဲ့သလဲဆိုတာကျတော့ အခု နာရီပိုင်းလေးကျမှ ငါ့ကို အမှန်အတိုင်းဖွင့်ပြောတာ .. အဲဒါ ကောင်းလား”

ဦးဝင်းမြင့် က ဆတ်ခနဲခေါင်းညိတ်၏။

“အဲဒါက အမှန်အတိုင်းသိသွားရင် မင်းစိတ်ထဲမှာ ခွဲခြားပြီးသားဖြစ်သွားမှာစိုးလို့ပါ။ ရှင်းရှင်းဝန်ခံရရင် သူ့ကလေးကိုတော့ ငါ မမုန်းခဲ့ပါဘူး”

“အဲဒါပဲဖြစ်ရမှာပေါ့ကွ၊ အခု မင်းကို ငါ အတိုက်အခံလုပ်ပြောနေတာ အဲဒါကိုပဲ၊ ကလေးလဲ ကောင်းကောင်းမွန်မွန်ရှိနေတယ်၊ ကလေးအမေကိုလဲ မင်း တွေ့နေပြီ၊ ပြန်ထည့်ပေးလိုက်ပေါ့ မဟုတ်ဘူးလား၊ ငါလဲ ဒုက္ခအေးမယ်၊ ထောင်ကထွက်လာတဲ့ မင်းအတွက်လဲ ကလေးအမေဆီက ကျေးဇူးတုံ့ပြန်မှုတစ်ခုခုရမှာပါ”

‘ထင်လို့လား’ဆိုသည့် မဲ့ပြုံးနှင့် ဦးဝင်းမြင့်က မျက်နှာလွှဲပြန်သည်။

ကိုယ်ဝန်ရှိကတည်းက ဒီကိုယ်ဝန်ကိုပဲ အရိပ်တကြည့်ကြည့်နှင့် အရူးကြီးလိုဖြစ်နေသည့် နတ်ရဲ့ ကိုမြင့်တိုင်း စိတ်ထဲမှာ အကျအနဖြစ်နေသည့် အစီအစဉ်တွေက ကလေးမွေးပြီးတာနဲ့ ခိုးယူသွားဖို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ကိုယ့်အတွက် မျက်နှာသာပေးလာတော့ ကလေးမွေးချိန်မှာ နတ်ရဲ က ခရီးထွက်သွားခဲ့သည်။ တစ်ပတ်လောက်ကြာသည့် ခရီးစဉ်ကို တစ်ညနှစ်ညနှင့် ချက်ချင်းပြန်ခေါက်လာတာဖြစ်သည်။

ဒါပေမယ့် သူ့အတွက် လိုအပ်သည့်အချိန်ဟာ ကလေးမွေးပြီးသည့် နာရီပိုင်းလောက်ပဲဖြစ်၏။

ယဉ်ယဉ်ဆင့် ဆိုသော မိန်းကလေး ဒုက္ခရောက်သွားတာကို စိတ်မကောင်းပေမယ့် နတ်ရဲ အရက်သမားကြီးဘဝကို ပြောင်းသွားသည့်အတွက် သူ့မှာ ကျေနပ်လို့မဆုံး။

ဒီကိစ္စဖြစ်မြောက်အောင် ကူညီခဲ့သည့် အတွင်းလူတစ်ယောက်က သူနဲ့ မညီမညွတ်ဖြစ်လာသည့်နောက်ပိုင်းမှာ နတ်ရဲတို့လင်မယားဘက်က ရပ်တည်တော့မလို ပြင်းထန်စွာခြိမ်းခြောက်ပြောဆိုခဲ့၏။

အကယ်၍ ဒီအဆင်မပြေမှုသာပေါ် ပေါက်မလာခဲ့လျှင် လူမသိ မရိပ်မိအောင် သေသေသပ်သပ်လေးလှုပ်ရှားသွားရုံနှင့် နတ်ရဲ ကို ဇီဝိန်နုတ်ပစ်လိုက်လို့ရသည်။

ဒရိုင်ဘာလို ရိုကျိုးစွာနေပြီး ရက်လမျှားစွာ ဟန်ဆောင်ထားခဲ့ရသည့်အမုန်းတရားများကို ဤသူ သင်္ချာဖောက်တာကြောင့်တော့ အပျက်စီးမခံနိုင်ပေ။

ထို့ကြောင့် အချင်းများကြရင်း ဒေါသကြောင့် လက်လွန်သွားခဲ့၏။ ပြီးတော့ ထိုသူက မသေဆုံးမီ ကြိမ်းဝါးသွားသေးသည်။

"ဘုန်းတစ်ရာ ပါးစပ်တစ်ပေါက်တဲ့၊ မင်း ကြားဖူးလား ဝင်းမြင့်၊ မင်းငါ့ကိုသတ်လိုက်လို့ ဒါတွေကိုသိတဲ့လူ မရှိတော့ဘူးထင်သလား၊ ဟွန့်.. သနားသေးတယ် ..."





ဆိုတော့ ဖျင်းခနဲဆို သတိရလိုက်၏။

ထိုသူ၏ ဇနီးမယား၊ ဒါမှမဟုတ် ညီအစ်ကိုမောင်နှမ တစ်ယောက်ယောက်များ ...၊

မကောင်းမှုသည် ကျူးလွန်မိပြီဆိုကတည်းက အပ်နဲ့အပ်ချည်လိုပင်၊ အပ်က ခေါင်းတိုးထွင်းဖောက်ဝင်သွားသမျှ အပ်ချည်က တွဲလျက်ပါနေမည်သာ ...၊

တစ်မှုက အဆုံးမသတ်သေးဘဲ နောက်တစ်မှု ကျူးလွန်ရဖို့ ဖြစ်လာ၏။

သို့သော် ထိုမိသားစုတွေကို ရှာဖွေနေဆဲမှာ သူ တရားခံမှန်း သိသွားသည့် နတ်ရဲ က သူ့နောက်ကို ထက်ကြပ်မကွာပါလာပြီဖြစ်သည်။

သူ့ရင်သွေး ရှိနေသေးသည့်သတင်းဟာ နတ်ရဲ ဆိုသူ၏သွေးတို့ကို ပွက်ပွက်ဆူစေလျက် ကလေးနောက်လိုက်ရင်း ဒေါသနောက် အမှားပါခဲ့သည်။

ထိုအခါ သတ်ချင်သည့်လူကို ကိုယ့်လက်နဲ့မသတ်လိုက်ရဘဲ မသတ်ချင်ဘဲသတ်မိသည့်လူသတ်မှုက ပေါ်သွားခဲ့ပြီး သူ ထောင်ကျခဲ့သည်။

အတုံ့အလှည့်ရန်ငြိုးများကြောင့် ဦးဝင်းမြင့် ဆိုတဲ့အရွယ်ကိုရောက်ခဲ့တဲ့အထိ သူ့ဘဝ မအေးချမ်းခဲ့တဲ့ ထောင်ထွက်ဘဝကို ရောက်လာသည်။

ထောင်ကထွက်ခဲ့တော့လည်း အစကတည်းက အသိုက်အမြုံမဲ့ခဲ့တဲ့ဘဝမို့ အေးမြသည့်အရိပ်ဆိုတာ မရှိ။

ခုတော့ သူငယ်ချင်းဖြစ်သူကပါ သူမှားနေသည်ဟုပြောလာခဲ့ပြီဖြစ်၏။

"မင်း နားလည်သင့်ပြီ ဝင်းမြင့်ရာ၊ ငါလဲ မင်းလိုထောင်မကျဖူးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တာ သေရှင်စော်နံနေပြီ"

ဦးတင့်အောင်၏ ညည်းညူသံကြောင့် သူ့စိတ်တွေ ပစ္စုပ္ပန်တည့်တည့်ကို ပြန်ရောက်လာသည်။

"ငါ နောက်အိမ်ထောင်ပြုလိုက်တယ်ကွာ၊ သူက နည်းနည်းဆိုးတယ်၊ ငါ တာဝန်မကျေတာတွေလဲရှိတော့ ကလေးနှစ်ယောက်နဲ့ သူ့ကြားမှာ ဘာမှကို ရှင်းလို့မရဘူး။ မင်းလဲကြားခဲ့ပြီးပြီဖြစ်မှာပါ။ ကလေးတွေကို တစ်ယောက်တစ်အိမ်စီ သူများကိုပေးပစ်ခဲ့ဖူးတယ်"

ဦးဝင်းမြင့် က ခေါင်းညိတ်၏။ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံရင်း အတိုက်အခံတွေထဖြစ်တော့မလို့နှင့် အခြေအနေက ငြိမ်းချမ်းသည့်အသွင်ဆောင်ပြန်၏။

"မတတ်နိုင်ဘူးလေ၊ မင်း စဉ်းစားကြည့် ..၊ မင်းနဲ့ငါ ကျောင်းနေဘက်ဘဝမှာ မင်းတို့မိသားစုက ငါ့ကို အများကြီးကြည့်ရှုစောင့်ရှောက်ခဲ့တယ်၊ အဲဒီအစဉ်အဆက်ကတည်းက ငါက မွဲတစ်ယောက်ပါ။ ခုချိန်ထိလဲ မပြောင်းရောင်တဲ့ကောင်ပဲ ..."

"တော်ပါတော့ .. မင်းကို ငါ နားလည်ပါတယ်၊ တောင်းပန်ဖို့လဲမလိုဘူး။ ပြီးတော့ မင်းမသိတဲ့ကလေးဆိုတာ ကလဲ ..."

ဦးဝင်းမြင့် က ဦးတင့်အောင်ကို တောင်းပန်သလို တစ်ချက်ကြည့်၏။ ပြီးမှ ...

"နှစ်ယောက်စလုံး ငါ့ကလေး တစ်ယောက်မှမဟုတ်ဘူး"

"ဟင် ..."

"ငါ့ကို ခွင့်လွှတ်ပါကွာ၊ သူက ငါ့ညီမတစ်ယောက်က မွေးတဲ့ကလေးပါ"





"ဒေဝီ လား"

"ဟုတ်တယ်၊ ဒေဝီ မလေးရှားကနေ ဒုက္ခရောက်ပြီးပြန်ရောက်လာတာတည်းက ဒရိုင်ဘာလခထဲကနေ ငါပဲလှမ်းထောက်နေရတာ၊ ငါ့ညီမတွေ ကံမကောင်းကြပါဘူး။ သူလဲ အိမ်ထောင်ကွဲဖြစ်ပြီးပြန်ရောက်လာတာပဲ"

ဦးတင့်အောင် ငိုင်သွား၏။

ဒေါသထွက်ဖို့တောင် မေ့နေရတဲ့အဖြစ် .....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ခဏလေးနော်"

စံ နားမလည်စွာမော့ကြည့်လိုက်တာကို ရှင်းမပြသေးဘဲ လှစ်ခနဲမြ
လိုက်သည့်နောက်ကို အမိအရလိုက်ခဲ့၏။

မမ ဆိုတဲ့ ခါးပိုက်နှိုက် အကျော်အမော် ...၊

မှတ်ပုံတင်ကိစ္စကို မကျေနပ်ခြင်းက နွေးနွေးညည နှိပ်စက်နေခဲ့တိုင်း
စားလည်း ဒီမျက်နှာ၊ အိပ်လည်း ဒီမျက်နှာ ...၊ အိပ်မရ၊ စားမဝအောင်
စွဲလမ်းနေခဲ့ခြင်းသည် ချစ်လွန်းလို့တော့မဟုတ်ပေ။

"ဟာကွာ ..."

မမ က ကားဝှားနေသည်။ သူ့ရှေ့မှာ ဖြတ်သန်းသွားနေသူတွေက
လက်ချင်းချိတ်တဲ့သူနဲ့ ...၊ အိတ်တစ်လုံးကို တစ်ယောက်တစ်ဖက်ကြိုးဆွဲ
ပြီး ဘယ်သူကြားဖြတ်လို့မှမရအောင် လမ်းအပြည့် တအိအိသွားနေကြ
တာနှင့် ...

ရှေ့တစ်လှမ်းတိုးလိုက်တိုင်း ရင်ဘတ်နောက်ကို ခြေထောက်က မပ
နိုင်။ သွားလို့ရသည့်အချိန်မှာ တံခါးပိတ်လိုက်သံက ကျုံးခနဲနှိပ်စက်၏





ကားပေါ်ရောက်ပြီးမှ ဘယ်လိုပြန်ဆွဲချမလဲ၊ ဒါပေမယ့် ...

"၄၂ ရပ်ကွက်၊ ရွှေဥဒေါင်း ၂ လမ်း ဟုတ်လား"

အနားက ဖြတ်မောင်းသွားသည့် ကားသမားရဲ့မေးသံကိုတော့ သေချာ
ကြားလိုက်ရသည်။

"အသိတွေ့လို့လား ပင်လယ်"

"ဟင် .. ဩော် .. တူလို့ပါ၊ မဟုတ်ဘူး"

ဒေါသဖြစ်သမျှ အံကြိတ်ထားမိသည့်မျက်နှာကို စံ အနားရောက်
လာတော့ မသက်မသာပြုံးပြင်ရ၏။ ရုပ်အကျိုးမနိမ့်ရဲ့ တိုန့်နှံ့ ရှိစုမဲ့ ဆံပင်
လေးတွေကို ဖြစ်သလိုစည်းလျက် ဘယ်ကိုမှမကြည့်ဘဲ ကြောကြောမော့
မော့လေးပါသွားသည့်ပုံစံကို ချက်ချင်းဖျောက်ပစ်ဖို့မှမလွယ်ဘဲ ...၊

တောက် .. ဝဲစားမလေး ..၊ ပုံစံကိုက တစ်လောကလုံးကို ဂရုမစိုက်
ချင်တဲ့ပုံ ...။

"ပင်လယ်"

"ဟင်"

"ဒီမှာ ဖုန်းကျန်ခဲ့တယ်"

"ကျေးဇူးပဲ စံ၊ တိုက ပြန်လာမယ်ဆိုပြီး ထားခဲ့တာပါ"

"မသိဘူးလေ၊ လက်ကိုင်အိတ်ကိုတော့ ကောက်ယူသွားတာနဲ့
အရေးကြီးကိစ္စရှိလို့ ထပြန်သွားတယ်မှတ်နေတာ"

"စံ စားပြီးပြီလား၊ အားနာလိုက်တာကွာ"

စံ က ချစ်စဖွယ်လေးပြုံး၍ ခေါင်းခါသည်။

"ပြီးနေပါပြီ ရတယ်"

မှသားသုံးလိုက်မှန်း သူ သိသည်။ တကယ်ဆို ဒီလိုထားခဲ့ပြီး ပျောက်
ထွက်လာခဲ့တာ အလွန်အရုပ်ဆိုးတဲ့လုပ်ရပ်ပါ။ စံ ကို အားနာခြင်းထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုသော ကရုဏာစိတ်တို့ဖြစ်မိရင်း ...

"စံ ဒီနေ့ အလုပ်နားတယ်ဆိုရင် တခြားသွားစရာတစ်ခုရှိသေးလား"

"ဟင် .. ဘာဖြစ်လို့လဲ"

"ဪ .. ရှိရင် တို့ လိုက်ပို့မလို့ပါ။ စံ လဲ လိုအပ်တယ်ဆိုရင်ပေါ့"

စံ က ပလက်ဖောင်းအတိုင်းပြန်လျှောက်လာရင်း မျက်လွှာလေးချ၍ ပြုံး၏။ ခါးလောက်ထိဆံပင်ရှည်တွေကို တလက်လက်တောက်နေသည့် သိုးမွေးကွင်းလေးနှင့် လှလှပပလေးစည်းထားကာ ခရမ်းရင့်ရောင် ကိုယ်ကျပ်ဝတ်စုံလေး ဝတ်ထား၏။

ဝတ်စုံက ကိုယ်မှာ ကျပ်ကပ်နေပေမယ့် မရိုင်းပါ။ အသားလေးဝင်းနေတော့ ပေါ်လွင်သည်။ ဆံပင်ရှည်လေးစည်းထားပုံကြောင့် ယဉ်စစလေးဖြစ်ပြန်၏။

စံ့ ကို ဆေးခန်းမှာမြင်ပြီးပြန်လာကတည်းက မေမေနဲ့အန်တီတို့ ပါးစပ်ဖျားကမချနိုင်အောင် ချီးမွမ်းကြတာတွေက ခုလို နီးနီးကပ်ကပ်မြင်နေရသည့် အလှတရားတွေကို မမီသေးဘူးထင်သည်။

"သားနဲ့ သူငယ်ချင်းဆိုတာ အံ့တောင်အံ့သြတယ်၊ မိန်းကလေးပုံစံက အရမ်းရင်းနှီးနေတာ" တဲ့။

ဟိုတုန်းကလည်း ရင်းနှီးခဲ့ကြတာကိုး ...၊

"ပင်လယ် က စံ့ ကို အားနာသွားလို့ အလျှော်ပြန်ပေးတာထင်တယ်"

"ဟာ .. မဟုတ်တာ"

ကိုယ့်အတွေးနဲ့ကိုယ်ရှိနေတုန်းမို့ ပျာပျာသလဲငြင်းလိုက်ပြီးမှ သူ မျက်နှာပြုံးသွား၏။

"အဲဒီလိုတော့မဟုတ်ပါဘူး၊ ဒါပေမယ့် တို့ဘက်က မငဲ့ကွက်သလိုဖြစ်ခဲ့တဲ့အတွက် တော်တော်အားနာသွားတာတော့ အမှန်ပဲ"





စံ က ပွင့်လင်းသည့်မျက်ဝန်းလေးတွေနှင့် သူ့ကို မော့ကြည့်ရင်း ရယ်သည်။

"တကယ်တော့ အားနာတယ်လို့ အပြောခံရတာ အရမ်းခံရခက်တာနော်၊ ပင်လယ် ခံစားဖူးလား"

သူ ဟင်ခနဲဖြစ်သွားပြန်သည်။ လက်ကိုင်အိတ်ထဲကို ဖုန်းထည့်၍ ပြန်ပိတ်ပေမယ့် လက်က နေးကွေးစွာလှုပ်ရှားနေသဖြင့် အိတ်ပိတ်ခြင်းက ကြာရှည်၏။

"စံ အဲဒီလိုအပြောခံရတာ ဒါပါနဲ့ဆို နှစ်ခါရှိပြီ၊ အဲဒါရော ပင်လယ်မှတ်မိသေးလား"

မမှတ်မိပါ။ စံ့ ကို သူ ချစ်နေတဲ့အဖြစ်မျိုးထိ 'ရေလာမြောင်းပေးစကားတွေပြော၍ သူငယ်ချင်းတွေက နီးစပ်အောင်ဖန်တီးပေးခဲ့ဖူးသည်။

ဒါပေမယ့် ဘာမှမဟုတ်ခဲ့ကြဘဲ ပြီးဆုံးခဲ့၏၊ ဒီအဖြစ်တွေထဲမှာ သူ ဒီလိုပြောခဲ့ဖူးသလား ...၊

"ဘာဖြစ်ဖြစ် စံ က ပင်လယ်ကိုမြင်လိုက်တာနဲ့ ဟိုတုန်းကလိုပဲရင်းနှီးပါတယ်၊ အဲဒါကြောင့် 'အားနာပါတယ်'တစ်ခွန်းကလွဲရင် ကြိုက်တာပြော၊ ဒေါသဖြစ်ဖို့ စိတ်ကူးမရှိဘူး"

ပြုံးတာလည်းမဟုတ်ဘဲ စူးစိုက်ရီဝေခြင်းနှစ်ရပ်ဖြင့် မျက်ဝန်းနှစ်စုံဆုံစည်းသွားခဲ့၏။ ပင်လယ် ရင်ထဲမှာ တစ်ခုတော့ လက်ခံသွားသည်။

သူမက ချစ်စရာကောင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ကျွတ် .. ပြဿနာပဲ"

ခတ်မီးယိုးကြည့်လိုက်တော့ ဘာအပြစ်မှမတွေ့ဘဲ ဘက်ထရီစစ်ကြည့်တော့မှ စိတ်လေတ်ကျသွား၏။ ဘာမှလုပ်မရတော့သည့်ကိစ္စမို့ ဘွန်းနှစ်ကိုပြန်ပိတ်လိုက်ပြီး လမ်း၏ရှေ့နောက်ကို လှမ်းမျှော်ကြည့်မိသည်။

အချိန်က ညဆယ်နာရီထိုးတော့မည်။ နောက်မှာတောင် ဒီနေရာတွေက စည်ကားခဲ့တာမဟုတ်ပေ၊ ဒီအချိန်မှာ အကူအညီရဖို့က ဖြစ်နိုင်ချေမရှိသလောက်ပင်။

ထိုစဉ် မေမေ့ဆီက ဖုန်းဝင်လာသဖြင့် ...

"မေမေ"

"အေ .. သား ဒီနေ့ အလုပ်ထဲမှာပဲ အိပ်တော့မလို့လား"

နားယင်တစ်ချက်ကုတ်ရင်း ဘာပြန်ဖြေရမလဲစဉ်းစားသည်။ ပြန်လာနေကာမှ လမ်းခုလတ်မှာ ကားဘက်ထရီဒေါင်းနေလို့ ဟု ပြောလိုက်လျှင် မေမေနဲ့အန်တီ စိတ်ပူလို့ ပျာယာခတ်သွားမှာ သေချာသည်။

ရွှေသမင်စာပေ



"မသိသေးဘူး မေမေ၊ အလုပ်နည်းနည်းများနေလို့ပါ၊ ပြီးလို့ အချိန်ရှိသေးရင် ပြန်ခဲ့မယ်လေ၊ မေမေ နေကောင်းလား"

"ကောင်းတယ် သား၊ သားကို ပြောချင်လွန်းလို့စောင့်နေတာ၊ သားက ပြန်မလာသေးတာနဲ့ ဆက်လိုက်ရတာ၊ ဟို .. သားက ပြန်လာဖို့ သေချာဘူးဆိုရင် မေမေ ပြောမှဖြစ်မယ်ထင်တယ်"

"ပြောလေ မေမေ .. ဘာဖြစ်လို့လဲ"

"ဟိုလေ .. မေမေ့သားငယ်လေး .. သားငယ်လေးရှိတဲ့နေရာကို သိပြီး သားရဲ့ ..၊ သားညီလေးကိုတွေ့ရတော့မှာ"

"ဟုတ်လား၊ အဲဒါကြောင့် မေမေ့အသံ အရမ်းကောင်းနေတာကိုး၊ ပြောလေ မေမေ၊ မေမေ ဘာလုပ်ချင်လို့လဲ၊ မေမေ့ပုံစံကြည့်ရတာ ခု ညတွင်းချင်း ပြေးရှာချင်နေပြီထင်တယ်"

မေမေ ပျော်နေသည့် အသံခပ်တုန်တုန်ကိုကြားရသဖြင့် ကိုယ့်အခက်အခဲကိုတောင် မေ့သွားခဲ့မိသည်။

ဒီသားအတွက် တစ်သက်လုံး ပူဆွေးသောကရောက်ခဲ့ရတာ၊ မေမေ ပျော်ပါစေ၊ ကိုယ့်အမေမဟုတ်မှန်းသိတတ်နေတဲ့အရွယ်ပေမယ့် မေမေ အရမ်းကြင်နာတတ်တာကို ခံစားမိသည်မို့ မေမေ့ကို သူ ချစ်ခဲ့သည်။

လူမှန်းသိတတ်စကတည်းက အမေဆိုတာကို မမြင်ဖူးခဲ့သူမို့ 'မေမေလို့ပဲခေါ် နော် သား'လို့ သင်ပေးလိုက်တာနှင့် ရင်ထဲက လိုလားစောင့်တာခြင်းများနှင့် ခေါ်းညိတ်ခဲ့မိ၏။

ထို့ကြောင့် မေမေ ခံစားနေရသည့်သောကများကို ပြေပျောက်စေချင်တာ ငယ်ငယ်ကတည်းက ဆန္ဒဖြစ်သည်။

"သား ..."

"ဟုတ်ကဲ့ မေမေ၊ မေမေ့ကို ဘာလုပ်ပေးရမလဲလို့ စဉ်းစားနေတာ"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သားကြီးရယ် ..."

သဝန်တိုခြင်းကင်းသည့် သူ့ဘက်ကဖြူစင်မှုကို မေမေ လိုက်
ကျေနပ်သွားပုံပေါ် ၏။

"မေမေလေ သားငယ်လေးရယ် .. သားကြီးရယ် မေမေ့ဘေးမှာ
ရှိနေကြရင် သေပျော်ပါပြီ"

"ဟာ .. ဘာလို့သေရမှာလဲ မေမေကလဲ ..၊ ပျော်စရာတွေနဲ့
တစ်ကနေစရမှာ၊ ညီက ဘယ်မှာတဲ့လဲ၊ ကျွန်တော် ခု သွားရှာပေး
မလား၊ အလုပ်က အပြီးသတ်တော့မှာပါ"

ကားကို ငုံ့မကြည့်ဖြစ်အောင်နေရင်း ဖုန်းပြောနေတော့ ကိုယ့်ဘာ
သာပြုံးမိသေးသည်။

"နေပါစေ သားရယ်၊ မေမေ စိတ်တွေအရမ်းလှုပ်ရှားလွန်းလို့ ပြော
ချင်နေတာ၊ သား စိတ်ဖြောင့်ဖြောင့်လုပ်နော်၊ ပြန်လို့မဖြစ်ရင်လဲ အေး
ဆေးနေလိုက်တော့၊ မနက်ကျမှ သားကြီး ပြန်လာတာနဲ့ မေမေတို့ သွား
ကြတာပေါ့"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် ဒီည ပြန်လာမယ်ဆို ဖုန်းထပ်ဆက်လိုက်
မယ်၊ မေမေ စိတ်ချမ်းချမ်းသာသာအိပ်နော်"

"အေးပါ ငါ့သားရယ် .. အေးပါ"

ဖုန်းပိတ်ပြီးတော့ သူ တွေးမိသည်က ဒီကားနဲ့ သူ ဘယ်လိုပြန်ရမလဲ
ဆိုတာပင် ..၊

တစ်ခါတလေ သူ အလုပ်များတဲ့ညတွေဆို ပြန်မအိပ်တတ်တာကို
တော့ ဒီအချိန်ဆို ပြန်မလာလောက်တော့ဘူးလို့ မေမေ ထင်တာဖြစ်မည်။

အကယ်၍ သူသာ အချိန်မှန်အိမ်ပြန်ရောက်ခဲ့လျှင် မေမေ မျက်ရည်
တွေလည်း ရင်ဘတ်လေးဖိနှင့် အားပါးတရပြောမည့်စကားတွေကို ကြား





ရဦးမှာဖြစ်၏။

သူလည်း နားထောင်ချင်ပါသည်၊ ဒီလောက်နှစ်တွေအကြာကြီး စုပ်စ
မြုပ်စပျောက်နေခဲ့သည့်သတင်းတစ်ခုက ပြန်ပေါ်လာတော့လည်း တစ်ခါ
တည်း လက်ညှိုးထိုးပြလိုက်သလိုကြီးဆိုတော့ မယုံနိုင်စရာ ...၊

ဒါ အမှန်ဖြစ်ပါစေလို့ပဲ ဆုတောင်းပါသည်။

ကလေးရှိနေသေးသည်ဟု သတင်းပေးသွားသူနှင့် အခု သတင်းပေး
တဲ့သူ အတူတူပဲလား၊ ဒါမှမဟုတ် ဘယ်လိုဆက်စပ်နေသလဲ ...၊

ဒါတွေ မေမေတို့နဲ့တွေ့မှ မေးဖြစ်တော့မည်။ လောလောဆယ် ဖုန်း
ကိုင်ရင်း သူ ဘာလုပ်ရမလဲစဉ်းစားလိုက်၏။ ဝပ်ခ်ရှော့ကိုဖုန်းဆက်ပြီး
လာအောင်စောင့်နေမှပဲဖြစ်မည်။

ကားထားခဲ့ဖို့က ဒီနေရာမှာ မဖြစ်နိုင်။

နံပါတ်တွေနှိပ်ရင်း ဝပ်ခ်ရှော့ကိုခေါ်နေစဉ် နားထဲမှာ အသံတွေဝင်
လာ၏။

"ဟုတ်ကဲ့ ကျေးဇူးပါပဲ၊ အိုခေ"

လိုရင်းတိုရှင်းပဲပြောပြီး ဖုန်းပိတ်လိုက်ကာ အသံလာတဲ့ဆီကို စူးစမ်း
လိုက်၏။ စကားသံတွေလား၊ ညည်းသံလား ...၊

အသံတွေကိုကြားနေရဆဲနှင့် တဖြည်းဖြည်းဝေးသွားကာ ဘာသံမှ
မဟုတ်တော့ဘဲ တိတ်ကျသွားပြန်သည်။ သို့သော် ခဏအတွင်းမှာ ပြန်၍
ကြားလိုက်ရ၏။

"အား .. ကျွတ် .. ကျွတ်"

"ဘုတ်"

သူ ဆတ်ခနဲဖြစ်သွား၏။ အသံက ဒီလမ်း၏ ဟိုဘက်ကုန်းမြေပြောထဲ
ကဖြစ်နေ၏။ သူ ဟိုဘက်ကို လျှောက်သွားကာ ကားအတွင်းမီးကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

လုံလောက်သည့်အလင်းရောင်လေး ...၊ ဘေးကိုဖြာဆင်းသွားလျှင်...

"အင်း ..."

ရေမြောင်းအပေါင်းလို ခပ်ရှည်ရှည်ကျင်းတစ်ခုထဲမှာ ကုန်းကွလှုပ်ရှားနေတာ လူတစ်ယောက်ဖြစ်နေ၏။ ကြားလိုက်ရသည့်စကားသံတချို့အရ တခြားလူတွေရှိနေသေးသည်ဟုတွက်ပြီး ဟိုဒီ လိုက်ကြည့်မိသေးသည်။

ဒါပေမယ့် တခြားလှုပ်ရှားမှု ဘာမှမရှိသဖြင့် အနားတိုးသွားကာ ...

"ဟေ့လူ ခင်ဗျား ဘာဖြစ်တာလဲ၊ အရက်မူးနေတာလား"

"အား .. မဟုတ်ပါဘူး၊ ကျွန်တော့်ကို ... ကျွန်တော့်ကို ထူပေးပါ၊ ဗိုက်အရမ်းနာပြီး ခါးဆန့်လို့မရလို့ ... အား နာလိုက်တာ"

မျက်နှာကိုမမြင်ရသေးပေမယ့် စကားသံအရ လူငယ်တစ်ယောက်ပဲဖြစ်နိုင်သည်ကို တွက်လိုက်မိ၏။ သူ ရှေ့ကိုတိုးသွားပြီး ချိုင့်ထဲကို ခြေထောက်တစ်ဖက်ချသည်။

ဒီနေရာမှာ ဟန်ဆောင်လူဆိုးတွေဖြစ်ပြီး ကိုယ့်ကို ဒုက္ခပေးသွားနိုင်မှန်းသိပေမယ့် စာနာစိတ်က အရင်ရောက်သွားတော့ လက်က ပါမိသည်။

ဒါပေမယ့် သူထင်သလိုမဟုတ်ပေ။ ဆွဲထူလိုက်တဲ့အတိုင်း ကုန်းကွပါလာသည့်လူ၏မျက်နှာကို သေချာမြင်လိုက်ရလျှင် ...

"မင်း ..."

"ကျွန်တော် အရက်မမူးပါဘူးဗျာ"

သူက မှတ်မိပေမယ့် လူရွယ်က သူ့ကိုမသိပေ။ မမ ဆိုတဲ့ ကောင်မလေးခေါ်သံကြားတုန်းက ထိုလူရွယ်နာမည် 'ကိုဇင်' ဆိုလား ...၊

စိတ်ထဲမှာပဲတွေးဖြစ်ကာ ကိုယ်သိတဲ့အကြောင်းလည်းမပြောဖြစ်၊





ကိုယ့်ကိုထိုးသွားတာရော၊ ခါးပိုက်နှိုက်မောင်နှမဆိုတာတွေရော စိတ်ထဲမှာ ဘာမှ အထူးတလည်ခုခံနေတာမျိုးတွေ မရှိသလိုဖြစ်ကာ ...

"မင်း ဘာဖြစ်တာလဲ"

"အား .. ခဏ ခဏ"

မျက်နှာက မှန်ပျပျမီးရောင်အောက်မှာ ရုပ်ပျောက်ယောက်အောင် တွန့်မဲ့လျက် စကား သိပ်မပြောနိုင်ဘဲ လက်ကာပြ၏။ ပြီးတော့ ပါးစပ်ဖွင့်အသက်ရှူရင်း ဗိုက်ကို ဖြည်းဖြည်းချင်းဆန့်နေသည်။

ထိုအခါကျမှ နှုတ်ခမ်းထောင့်စပ်နှင့် နှာခေါင်းပေါက်နှစ်ပေါက်အဝမှာ သွေးစတွေရှိနေတာကို မြင်လိုက်ရသည်။ ထို့ပြင် သွားတွေကြားမှာ စိမ့်ကျသောသွေးစတွေကြောင့် အမှောင်ထဲမှာ ရုတ်တရက်ကြည့်လျှင် မြင်မကောင်း ရှုမကောင်း။

ပါးရိုးတစ်ဖက်မှာ အညိုကွက်ကြီးတစ်ကွက်နှင့် မျက်ခုံးရိုးလည်း ရောင်နေ၏။

"ကျွန်တော့်ကို ဝိုင်းထိုးသွားကြတာ"

"ဘယ်သူတွေလဲ၊ စောစောက စကားပြောသံတွေလိုလို ကြားလိုက်တယ်၊ ဘယ်သူမှလဲမတွေ့ဘူး"

"ဟုတ်တယ်၊ သူတို့က ဟိုဘက်အမှောင်ထဲကို ပြန်လှည့်သွားကြတာ"

ပြောနေရင်း မီးဖွင့်ထားသည့်ကားကြီးကို လှမ်းကြည့်လိုက်ပြီး ...

"ဟိုဟာ ခင်ဗျားကားလား၊ ကျွန်တော့်ကို တစ်ခုလောက်ကူညီပါဗျာ၊ ကျွန်တော် လုံးဝလမ်းမလျှောက်နိုင်တော့ဘူး၊ ဒီထက်ပိုညဉ့်နက်သွားရင် ကျွန်တော့်ညီမလေးက လမ်းပေါ် ထိ လိုက်ရှာတော့မှာ"

မမ ဆိုသည့် မိန်းကလေးကိုပြောတာမှန်း သူ သိလိုက်၏။ မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပါမလာတဲ့ပုံထောက်လျှင် ဒီမောင်နှမဟာ မိဘမဲ့တွေပဲဖြစ်လိမ့်မည်ထင်၏။

ကိုဇင် က သူ့လက်မောင်းတစ်ဖက်ကိုဆုပ်ကိုင်လိုက်ပြီး ခပ်မှုံမှုံမျက်နှာနှင့် ...

"ကျွန်တော့်ကို ယုံကြည်ပါဗျာ၊ လူကောင်းတစ်ယောက်တော့မဟုတ်ပေမယ့် ကျွန်တော် လူဆိုးမဟုတ်ပါဘူး။ မိဘမရှိပေမယ့် အုပ်ထိန်းသူတွေရှိပါတယ်၊ ညီမလေးနဲ့ ကျွန်တော်ကတော့ နှစ်ယောက်တစ်ဘဝပါ"

"မင်း အခုရထားတဲ့ဒဏ်ရာတွေနဲ့ တိုင်ချက်ဖွင့်လို့ရတယ်၊ ဒီတိုင်းပဲထားလိုက်မှာလား"

ဘာပြဿနာဖြစ်တာလဲလို့ မမေးချင်သည်မို့ ပင်လယ် က သွယ်ဝိုက်ခြင်းနှင့် စ,လိုက်၏။ ကိုဇင် က သူ လုံးဝမမှတ်မိခဲ့သောမျက်နှာကို သေချာပြန်ကြည့်ရင်း ...

"ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ကျွန်တော်တို့ချင်းချိတ်မိထားကြတဲ့ ပြဿနာတစ်ခုကြောင့်ပါ"

ပြောလိုက်ပြီး ခေါင်းခါ၍ ...

"တိုင်ချက်ဖွင့်လို့မဖြစ်ဘူး"

သိတယ်၊ မင်းတို့အချင်းချင်းတွေပဲ ...၊ စိတ်ထဲကပြောမိပေမယ့် သူ့ကိုယ်သူ လူကောင်းပါလို့ ညာမပြောခဲ့သည့် ကိုဇင် ကို နည်းနည်းတော့ လေးစားစိတ်လေးဝင်နေပါပြီ။

ထိုစဉ် ကားမီးရောင်နှစ်တန်းက ဒီဘက်ကို ဦးတည်လာနေလျက် ကားဘေးမှာ ရပ်တန့်သွား၏။

"မင်း ခဏစောင့်လို့မဖြစ်မလား။ ကိုယ့်ကား ပျက်နေတယ်"

"ဒီတိုင်းမိုးလင်းရမယ့်အဖြစ်ထက်စာရင် ဘယ်လောက်စောင့်ရ





စောင့်ရပါ၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ကားပြင်ခြင်း၊ လိုက်ပို့ခြင်း အချိန်အားလုံးက ည ဆယ့်နှစ်နာရီခွဲမှာ ပြီးဆုံး၏။ ၄၂ ရပ်ကွက်ဆိုသည့်နေရာကိုရောက်မှ မမ တက္ကစီငှားသွားတုန်းက ကားဆရာပြောခဲ့တာကို သတိရမိသည်။ ထိုနေ့က ဆုံးဖြတ်ချက်ထဲမှာ ရောက်အောင်လိုက်သွားပြီး သတင်းစာထည့်တဲ့ကိစ္စကို ပြဿနာရှာဖို့က အပြင်းအထန် ...၊

နတော့ သင်းတို့နဲ့ပဲ ပတ်သက်နေခဲ့ရပြီး ကိုယ်ပဲခံ၊ ကိုယ်ကပဲ ပြန်ပေး ..၊

"အား ..."

"မင်း ရလား"

"ဟုတ်"

ကားပေါ် ကနေဆင်းတော့ ကုန်းနေသေးသည်။ ဒါပေမယ့် လိုက်တွဲပေးဖို့ထိတော့ စိတ်က သဘောမကောင်းချင်။ ဒီကြားထဲ ဟိုဟာလေးမျက်နှာကိုမြင်လိုက်ရလျှင် စိတ်က ဒီတိုင်းညှိုသက်နေပါ့မလားဆိုတာကိုယ့်ကိုယ်ကိုယ် မသေချာ။

ဟိုကိစ္စ မကျေနပ်ခြင်းနှင့် ကိုယ်တိုင် ကူညီချင်စိတ်ရှိလို့ ကူညီခဲ့တာကို သပ်သပ်စီခွဲထားခဲ့လိုက်တာမှန်သော်လည်း စိတ်က သိပ်နိုင်တာမဟုတ်။ သို့သော် ...

"တီ .."

အိမ်ရှေ့ရောက်နေပြီမို့ ကားတစ်စီးလုံးကြီးရပ်လိုက်တာတောင် အိမ်ထဲက တစ်ယောက်မှထွက်မလာတော့ ပင်လယ် က ဟွန်းတီးလိုက်၏။

သိပ်နောက်ကျရင် လမ်းပေါ် ထိ ထွက်လိုက်လာမည်ဆိုသည့် ခါးပိုက်နိုက်လေးရော ဘယ်ရောက်နေသလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး မှောင်မိုက်တိတ်ဆိတ်နေသည့် ညဉ့်ယံမှာ ကားမီးကြောင့် လမ်းကြားကစ်ခုလုံး လင်းထိန်နေ၏။ ကားစက်သံ ညက်ပေမယ့်လည်း ဒီအချိန်မှာ လေယာဉ်မောင်းနေသည့်အသံမျိုးပဲဖြစ်နေလိမ့်မည်။

ဒါတောင် အိမ်ထဲက တစ်ယောက်မှထွက်မလာ။ ဇင်ကို သည် သူ့ကိုတောင် ပြန်မော့မကြည့်နိုင်တော့ဘဲ ဝါးကပ်တွေကပ်ထောင်ထားသည့် ဝါးခြံဝင်းလေးမှာ သူ့ဘာသာ တံခါးဖွင့်ဝင်၏။

တံခါးဖွင့်မည့်သူမရှိဘဲ အိမ်ထဲကို ဒီလိုပဲ ကိုယ့်ဘာသာဖွင့်ဝင်ရဦးမှာလားဟု တွေးမိပေမယ့် ဆက်ကြည့်မနေတော့ဘဲ ဘီးလိမ့်ရုံလေးမောင်း၍ ဘက်ခ်ပြန်ဆုတ်သည်။

ဇင်ကို တို့အိမ်လေးက ခြေရင်းခြံတစ်ခြမ်းပဲကာထားလျက် ခေါင်းရင်းခြမ်းမှာ တဲလုံးကလေးတစ်လုံးရှိသည်။

ဈေးဆိုင်လေးပဲဖြစ်နိုင်၏။ ဘိုဆိုင်လေးကိုဦးတည်၍ ကားကို ဖြည်းဖြည်းဆုတ်ကာ ဝင်လာသည့်လမ်းဘက် ပြန်လှည့်ရသည်။

လမ်းမကြီးထိပ်ကိုတက်ဖို့ ဂီယာချိန်းလိုက်စဉ်မှာ ကားမီးထဲကို မိန်းကလေးတစ်ယောက်နှင့် စက်ဘီးတစ်စီးက ဘွားခနဲဝင်၏။

မမ ...!

သူမ စက်ဘီးစီးနေတာတော့မဟုတ်ပေ။ ဂျပန်ဘီးခပ်စုတ်စုတ်လေးက ဘာတွေ ဒုက္ခပေးနေသည်မသိဘဲ စက်ဘီးဘေးမှာ ခြေဖျားထောက်လေးထိုင်၍ တကုပ်ကုပ်အလုပ်ရှုပ်နေ၏။

ကားမီးရောင်ကို တစ်ချက်လှည့်ကြည့်ပြီး အလုပ်ပြန်လုပ်နေတာနောက်ထပ် မော့မလာတော့ပေ။ သူမ ဘာဖြစ်လို့ လမ်းပေါ် ရောက်နေသည်းဆိုသိလိုက်သဖြင့် ပင်လယ် က ကားကို သူမနောက်မှာ ပွတ်ထိမတတ် ရပ်ပစ်လိုက်သည်။





ရှုးရှုးလက်လက်မျက်ဝန်းတစ်စုံ ကားဆီ ပင့်တက်လာ၏။

"ဟော့ ..."

သူ မှန်တစ်ဖက်ချပြီး မျက်နှာငုံ့ခေါ် လိုက်တော့ မျက်ဝန်းလေးတွေက ပစ်မှတ်ဆီတည့်တည့်ရောက်လာသလိုရှိကာ သူ့ကိုမြင်တာနှင့်ပဲ ချက်ချင်းမှတ်မိလေသည်။

"မင်းဘီးကို ပြင်မနေနဲ့တော့၊ လွှင့်ပစ်ခဲ့၊ သူများတွေဆီက အလကားရထားတဲ့ငွေတွေနဲ့ဝယ်တာ၊ ဘာနမြောစရာရှိလို့လဲ"

သူမက စက်ဘီးကိုကိုင်ထားရင်း ဆတ်ခနဲ ထ,ရပ်၏။ သူ့မျက်နှာနဲ့ကားကို နှာခေါင်းတွန့်ကြည့်၍ စက်ဘီးဒေါက်ထောက်ခြင်းကို မကြည့်ဘဲလုပ်သည်။

"သူများတွေဆီကဖြစ်ဖြစ်၊ ဘယ်လိုပဲရရ အလကားရထားတာဘာမှမရှိဘူး၊ သူခိုးဓားပြဆိုရင် ပိုပြီးရင်းနှီးရသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူများငွေကို လိုချင်လို့လေ၊ မလွယ်ကူဘူးဆိုတာ ရှင် ခုထိနားမလည်သေးဘူးထင်တယ်"

"ထားလိုက်ပါ၊ ဒါပေမယ့် အခု မင်းနားလည်အောင်ပြောချင်တယ်၊ သတင်းစာထဲမှာထည့်တဲ့ မင်းရဲ့လုပ်ရပ်ကို ငါ လုံးဝ အစားမကျေဘူး။ မင်း ဘာလုပ်ပေးမလဲ ပြော"

"ရှင်ပဲသွားသေသင့်တာ၊ မိန်းကလေးတစ်ယောက်ကို နိုင်လဲမနိုင်ဘဲနဲ့ ဆွဲချုပ်ပြီး အနိုင်ကျင့်ဖို့ကြိုးစားတယ်၊ ကားကြီးပေါ်မှာ ငုတ်တုတ်ကနေ အရှက်မရှိ စိန်ခေါ်သေးတယ်"

ရုပ်အင်္ကျီအဖြူအနက်ကွက်လေးနှင့် ရှေ့ပင်ပွပွဝတ်ထားသည့် သူမသည် အချိန်အခါနှင့်အန္တရာယ်ကို ဘာမှဂရုစိုက်ပုံမရှိဘဲ သူ့ကို စိန်ခေါ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အလစ်အငိုက်မို့ ကိုယ်ခံလိုက်ရပေမယ့် တကယ်တမ်းရင်ဆိုင်မည်ဆိုလျှင် ကိုယ် ဒီလောက်မညံ့ဘူးဆိုတာ သိတော့သိစေချင်၏။ ဒါပေမယ့် သူ့ ကားပေါ်က မဆင်းဖြစ်ပါ။

ကိုယ့်မျက်နှာအောက်မှာ နီးနီးလေးမော့နေသည့် သူမကို လှောင်ပြုံးနှင့် စီးမိုးကြည့်ကာ ...

"ကားပေါ်ကဖြစ်ဖြစ်၊ ကောင်းကင်မှာပဲနေနေ မိန်းကလေးတစ်ယောက်ကို ငါ စိန်မခေါ်ပါဘူး၊ ဒါပေမယ့် အပေးအယူတော့ရှိတယ်"

သူ့ စကားရပ်လိုက်တော့ မမ က ဘာမှပြတ်မမေးဘဲ မျက်မှောင်ကြုတ်ကြည့်နေ၏။

"မင်းလို ကွယ်ရာကနေ မနိုင်နိုင်တဲ့နည်းတွေနဲ့ ခပ်နုပ်နုပ်အလုပ်တွေ မလုပ်ချင်လို့ မျက်နှာချင်းဆိုင်ပြောချင်တာ၊ အဲဒါကြောင့် မင်းအိမ်ကို သွားကြည့်ခဲ့တာပေါ့"

"ဘာပြောတယ်"

"အိမ်ထဲက တစ်ယောက်မှကိုထွက်မလာတာနဲ့ ခုပဲလှည့်ပြန်ခဲ့တာ"

"ရှင် ဘာတွေပြောနေတာလဲ၊ ရှင်းရှင်းပြော"

"အပေးအယူလို့ ငါ ပြောပြီးပြီလေ၊ မင်း အခု ညဥ့်နက်သန်းခေါင် ဘယ်လိုအကြောင်းတွေနဲ့ အပြင်ရောက်နေတာလဲ စဥ်းစား၊ မင်းလိုချင်နေတာနဲ့ ငါလိုအပ်တာ လဲမယ်၊ မှတ်ပုံတင်ယူခဲ့ပြီး 'ဖွိုင်းကလပ်'ကို လိုက်ခဲ့"

မမ မျက်နှာလေး ကားမီးရောင်ဟပ်နေသည့်အောက်မှာ ရဲခနဲဖြစ်သွား၏။

'ဖွိုင်းကလပ်'ဆိုတာ ညဘက်ကျမှစည်ကားသည့် ယမကာဆိုင် ...၊

"တောက်"

ဒေါသဖြစ်ဖြစ်နှင့် လက်သီးဆုပ်ရင်း ကားဘီးကို ခြေတစ်ဖက်နှင့်





ဘအားလွှဲကန်လိုက်၏။

"ဘာတွေပြောနေတာလဲ၊ ယောကျ်ားဖြစ်ပြီး ခနီးခနဲ့တွေမပြောနဲ့၊ ရှင်းရှင်းပြော၊ ကိုဇင်နဲ့ တွေ့ခဲ့သလား၊ ဘယ်မှာလဲ"

"ငါထားတဲ့နေရာမှာလေ"

"ဘာ ..."

ဟုတ်တာမဟုတ်တာ၊ ယုတ္တိရှိတာ မရှိတာ ဘာမှတွေးချိန်မရလိုက်ဘဲ မချိုမချဥ်မျက်နှာကို တူးခါးစွာမုန်းတီးလျက် လက်သီးတစ်လုံးပစ်ဝင်သွား၏။

ပင်လယ် က မျက်နှာဆုတ်ရှောင်လိုက်ပြီး ရယ်သည်။ သူ့ မျက်နှာနှင့်လွဲသွားသည့်လက်သီးက တံခါးပေါင်နှင့်ရုပ်ထိသွားခဲ့ပြီး ထိခတ်သံက ကျယ်သွား၏။

ပင်လယ် က ကားကို လိမ့်ရုံလေးထွက်လိုက်ပြီး ...

"မင်းကို မချုပ်နိုင်ဘူးဆိုတာ မိန်းကလေးဖြစ်နေလို့ ...၊ မင်းအစ်ကို မျက်နှာကိုမြင်ရင် နားလည်သွားလိမ့်မယ်၊ အဟွန်း .. သူ လှုပ်တောင် မလှုပ်နိုင်တော့ဘူး"

"ဘာပြောတယ် .. အရူး၊ ဟိတ်လူကြီး .. ကိုဇင့်ကို ဘယ်မှာထားလိုက်တာလဲ"

အသံစူးစူးလေးနှင့် ကားနောက်ကို မိုက်တိမိုက်ကန်းပြေးလိုက်သေးသည်။

ဘက်မှန်ထဲကနေလှမ်းကြည့်ပြီး ပင်လယ် က ပြုံး၏။

မရည်ရွယ်ပါဘူး၊ ဒါပေမယ့် ဒီလောက်တော့ မင်း ရသင့်တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"သက်သက် ပွတ်ကပ်ပြီး အနိုင်ပြောသွားတာ"

မမ ဒေါသထွက်နေတာကို စိတ်ပျက်မိရင်း ဇင်ကို ခေါင်းခါ၏။ ပြောမယ့်စကားတွေတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ပေ။

အိမ်ရှေ့က ပုညပုညသံက တစ်မျိုး၊ အထဲက ပေါက်ကွဲနေတာတစ်မျောင့် ...၊

"သူ့ဟာသူ ပါးစပ်က ဘာပြောသွားသွား ငါ့ကို ကူညီသွားတဲ့သူပါဆိုမှ ဒေါသက ဘာဖြစ်လို့ထွက်နေရတာလဲ၊ သူသာ ပြန်ပို့မပေးရင် လမ်းဘေးမှာ အသက်ဘယ်ကထွက်ရမှန်းမသိဖြစ်နေပြီ"

"မဟုတ်ဘူး၊ အဲဒီလူနဲ့ပဲ ငြိငြိနေတာကို မကျေနပ်တာ၊ ဘယ်လို ပညာပေးလို့မှလဲ အမှတ်မရှိဘူး၊ သူကပဲ သူနိုးဖမ်းဖို့ချောင်းနေသေးတယ်"





"သူနိုးဖမ်းချင့်ရင် ငါ့ကိုမှတ်မိနေတာပဲ၊ ပြီးတော့ ငါ သူ့ကိုထိုးဖူးသေးတယ်၊ လက်ပူးလက်ကြပ်မဖမ်းနိုင်ရင်တောင် ဒီလိုကောင်မျိုး သေပါစေဆိုပြီး အေးဆေးထွက်သွားလို့ရတယ်"

ကိုယ်ခံစားခဲ့ရတဲ့ဝေဒနာကို ကိုယ်ပဲသိသည်၊ လူတစ်ကိုယ်လုံးကိုမှအိတ်ကြီးလို ထိုးနက်သွားခဲ့ကြတဲ့ကိစ္စ ..၊ ပြီးတော့ ပြောသွားသေးသည်။

"ဒီမှာ ဟိတ်ကောင် .. ငါတို့အားလုံး လမ်းဘေးမှာ အမှိုက်ပုံကထမင်းကြမ်းခဲ လျှောက်ကောက်စားရမယ့်ဘဝမှာ သူဌေးက ကယ်တင်ခဲ့လို့ ဒီလိုပြောင်ပြောင်ရောင်ရောင်ဖြစ်လာကြတာ၊ မင်း ကျေးဇူးမကန်းနဲ့၊ သူ့အတွက်ဆို သူ့အမိန့်အတိုင်း ဘယ်လမ်း ဘယ်အလုပ်ဖြစ်ဖြစ် လုပ်ရမှာပဲ၊ လုပ်နိုင်ဘူးလို့ဆုံးဖြတ်ရင် အရှင်ထွက်ခွင့်မရှိဘူး၊ သဘောပေါက်ရင် မင်းဘာလုပ်ရမလဲ စဉ်းစား" တဲ့။

ကောင်းရောင်းကောင်းဝယ်လုပ်စားတော့မယ်လို့ ဆုံးဖြတ်ထားပြီးမှ ဘာကိုစဉ်းစားရမှာလဲ၊ ထန်းလျက်ကျွေး ကျော့သပ်ပြီး ရှုးတိုက်ခိုင်းဘယ်ဆိုရင်တောင် ခွေး ဆိုတဲ့ဘဝ တိရစ္ဆာန်မို့ တော်သေးသည်။ လူဆိုတဲ့သတ္တဝါက စား၊ အိပ်၊ မေထုန် ဤသုံးမျိုးပဲသိသည့်တိရစ္ဆာန်ထက်အများကြီးပိုသိရမှာမဟုတ်ဘူးလား။

ကျေးဇူး ဆိုတဲ့ ပဝါပါးနဲ့ထုပ်ပတ်ပြီး ကြိုးစင်တက်ခိုင်းနေတာကိုသိလျက်နှင့် ရှေ့ဆက်တိုးပြီး မမိုက်ချင်။

ထို့ကြောင့် နောက်ထပ် ဘယ်လိုဆိုးကျိုးတွေပဲဖြစ်လာပါစေ သူရုန်းထွက်နိုင်အောင်ကြိုးစားမည်။ အထူးသဖြင့် မမရဲ့ရှေ့ခရီးကို သူ့ကြောင့်နွံနစ်မသွားစေချင်ပေ။ မိန်းကလေးဖြစ်ပေမယ့် မမက သူ့ထက်ပိုပြီး မိုက်ရူးရဲဆန်သည်။

သူ သင်ပေးလိုက်မိသည့် ကိုယ်ခံပညာလေး မတတ်တတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝကို သူ့ဘာသာလုံခြုံအောင်မွေးမြူသွားနိုင်သည်ဟု ယုံကြည်နေ၏။

ပိုဆိုးသည်က ယောက်ျားလေးဖြစ်သည့်သူ့မှာ ရှေ့ရေးနောက်ရေးတွေးတွေးပြီး ပူပင်သောကတွေဖြစ်နေခဲ့သလောက် သူမက ဘာမှ ခေါင်းထဲ ကြာကြာမထား။

"ကြုံတွေးပြီးပူနေတော့ အားလုံး အကောင်းတိုင်းဖြစ်လာမှာလား" ဟု သူ့ကိုပြန်လှန်မေးခွန်းတွေထုတ်ခဲ့သေးသည်။

တားနေဆီးနေသည့်ကြားကနေ သူသွားလေရာလိုက်သည်။ သူပြေးရပြီဆို အတူပြေးသည်။ အကျပ်အတည်းရောက်ခဲ့တိုင်း သူမ မကြောက်မရွံ့ဝင်ပါလို့ အသက်ရှူချောင်ခဲ့ရတာတွေလည်းရှိ၏။ မောင်နှမ နှစ်ယောက်ရဲ့ဘဝက သူများခိုင်းလို့ နိုးဆိုးလုယက်ပြီးပြေးရသည်။

ကိုယ့်ဝမ်းစာအတွက် ခိုးဝှက်ရှာဖွေစားခဲ့ရ၏။ ဘဝတစ်လျှောက်လုံးသည် သူများတွေကို မျက်ရည်ပေါက်ကြီးငယ်ကျစေခြင်းဖြင့် အသက်ဆက်ခဲ့ရပြီး ကိုယ့်အတွက် ကောင်းကျိုးချမ်းသာရခဲ့တာ ဘာမှမရှိ။

ဒီတိုင်းနဲ့ ဘဝဆုံးရတော့မည်ဆိုရင်တောင် မကောင်းမှုနဲ့ရရှိသည့် ချမ်းသာခြင်းတွေကို စွန့်လွှတ်၍ ကောင်းမှုလုပ်ရင်းဆင်းရဲခံသွားတော့မည်။

"မမ"

"ဟင်"

ဆုံးဖြတ်ချက်များနှင့် နာကျင်တာတွေဝေဘင် မေ့ချင်ချင်။

"တကယ်လို့ ဒီဘဝထဲက ရုန်းထွက်ဖို့ ငါ တစ်နေ့ရာရာကို ခြေရာဖျောက်သွားတော့မယ်ဆိုရင် ဦးလေးတို့နဲ့ နင် ဖြစ်မလား"

"မဖြစ်ဘူး"

ဆိုသည့်ဖြေသံ ချက်ချင်းထွက်၏။





"မဖြစ်လို့မရဘူး၊ မကောင်းမှုကို ငါ မုန်းတီးနေပြီ၊ ပြီးတော့ ဒါတွေက မိန်းကလေးနဲ့ ဘာမှမအပ်စပ်ဘူး၊ ငါရှိနေသမျှ သူတို့ ငါ့ကိုနားခွင့်ပြုမှာမဟုတ်သလို မကောင်းမှုနဲ့လဲကင်းကွာနိုင်မှာမဟုတ်ဘူး၊ ဝမ်းစာအတွက် လုပ်ရတာတွေ၊ သူများကိုကြောက်လို့ လုပ်ခဲ့တာတွေ အားလုံးက ငါ့ကြောင့်..."

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် ဥပဒေဆိုတာ ရှိတယ်၊ ကိုယ်မလုပ်ချင် မလုပ်ရုံပဲ၊ သူတို့ကိုကြောက်ပြီး ဘာမှထွက်ပြေးဖို့မလိုဘူး"

"မဟုတ်ဘူး မမ၊ သူတို့က နည်းတဲ့အင်အားမဟုတ်ဘူး၊ လုပ်ငန်းတစ်ခုဗန်းပြပြီး နောက်ကွယ်ကနေ မကောင်းတာတွေစုရုံးလုပ်နေတာ၊ သူဌေးက လေလွင့်လူငယ်လေးတွေကို မွေးစားစုဆောင်းပြီး ဒီလိုညွှန်ကြားနေတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ စည်းပေါက်ခံမှာမဟုတ်ဘူး၊ တစ်စုံတစ်ယောက်က သတင်းပေးပြီးတိုင်လို့လဲ လက်ပူးလက်ကြပ်မရှိဘဲ ဖမ်းလို့မှမရတာ၊ ပြီးတော့ ဒီတစ်ယောက် သစ္စာဖောက်ပြီဆို သူတို့က လွှတ်အောင်ရှောင်ထွက်တယ်၊ အဲဒီတစ်စုံတစ်ယောက်ရဲ့နောက်က မိသားစု နာပြီသာမှတ်၊ မကောင်းတာလုပ်နေတဲ့လူဟာ သူ့အတွက် ဝင်လမ်း ထွက်လမ်းကို အကွက်ချမှတ်ပြီးသား"

"ကိုဇင်နှင့်ကိုက အရမ်းအထင်ကြီးနေတာ၊ လူတစ်ယောက်ကို သတ်ချင်တိုင်းသတ်လို့ရမလား"

"ဒါကျတော့ နင်က ဥပဒေကို အားကိုးသံထွက်လာပါလား၊ ငါတို့ မကောင်းမှုတွေ ကျူးလွန်နေတုန်းကတော့ ဘာကိုဂရုစိုက်ရမှာလဲ၊ ဘာ သက်သေနဲ့ဖမ်းမှာလဲနဲ့ .. နင်ပဲ သတ္တိတွေကြီးနေခဲ့တာ"

"ဒါကတော့ ငိုက်မရှက် ငေါ်မရှက်လေ၊ ကိုယ့်အသက်ကိုတော့ ရှင်အောင်မွေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း ကြာရှည်စွာကိုင်ထားခဲ့သည့် ဆေးပုလင်းကို ကြမ်းပေါ်ခေါက်ခနဲမြည်အောင်ချလိုက်ပြီး ခါးထောက်၏။

"လူကို သူတော်ကောင်းတရားတွေ လာပြမနေနဲ့ မမတို့က ကော … ဖို့ရော ဆိုးဖို့ရော ဘာကြောင့်မှ မခက်ခဲဘူး၊ နှင့်ဘာသာနှင် နေတတ်အော … ကြိုးစား၊ အဲဒီကြိုးစားမှုထဲမှာ တခြားတွက်သွားဖို့တော့ မပါစေနဲ့"

"ကြော် … ကြော်…"

"ဟုတ်တယ်၊ အဲဒါ ကြိုးစားတာမှမဟုတ်တာ၊ ထွက်ပြေးတာ"

"အဲဒါ နှင့်အတွက်ပါတယ်၊ ပြီးတော့ ငါက တစ်ဖွဲ့လုံးနဲ့ တစ်ယောက် … ကို ဘယ်လိုရင်ဆိုင်မလဲ"

"ဘာဖြစ်လဲ၊ မမတို့က သူတို့ရဲ့မကောင်းမှုတွေကို ဖော်နေလို့လား"

"ဖော်တဲ့အထိ ဘယ်သူက စောင့်နားထောင်နေမှာလဲ"

"ကဲပါ ကိုဇင်ရာ ..၊ နည်းနည်းအထိနာလာတာနဲ့ တောပဲထွက်တော … မလိုလို ..၊ စိတ်ညစ်တယ်"

"ဟား .. ငါပူနေတာ နှင့်အတွက်"

"မပူနဲ့"

"ငါ ပိတ်ထုလိုက်ရ"

"နောက်မှထု၊ အခု အင်္ကျီချွတ်လိုက် .. ဆေးလိမ်းမယ်"

"မလိမ်းနဲ့တော့ .. ပျောက်နေပြီ"

"သွေးထွက်တဲ့ဒဏ်ရာထက် အတွင်းကြေကပိုဆိုးတာ၊ ချွတ်ဆိုချွတ်"

ပြောနေရင်း မမက ရင်ဘတ်ဟထားသည့် ဇင်ကို့အင်္ကျီကို သူမဘာ … သာပဲ ချွတ်ပေး၏။

မျက်နှာရှုံ့မဲ့ကာ ခေါင်းတရမ်းရမ်းဖြစ်နေသည့် မျက်နှာကို ငုံ့ကြည့် … ပြီးတော့လည်း ပြုံးသေးသည်။





သူမတို့မှာ တစ်ယောက်တစ်နေရာစီအပိုင်းခံရပြီး ပြန်ဆုံခဲ့ကြသည့်နောက်မှာ 'တို့မောင်နှမ ဘယ်တော့မှမခွဲဘူး' ဆိုသည့် သံယောဇဉ်တွေ ပိုတိုးလာခဲ့၏။

ပြီးတော့ …

မောင်နှမနှစ်ယောက် တစ်ရက်ကလေးမှ မခွဲနိုင်လောက်အောင် မျက်စိအောက်ကတောင် အပျောက်မခံနိုင်၊ သူမကတော့ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပင် …၊

ချစ်လို့ခွဲကြတယ်ဆိုတာ မရှိ …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"အိမ်ထဲက စည်းစိမ်ရှင်တို့ .. ဟောဒီမှာ လက်ဖက်ရည်ထုပ် လာယူ၊ ဟွန်း .. ကြီးလိုက်တဲ့စည်းစိမ်၊ မိုးလင်းတာနဲ့ စားဖို့က အဆင်သင့်၊ ဟိုက နေ့လယ်စာတောင်ပြန်စားတော့မယ်၊ သူတို့က အိပ်ရာမသေးဘူး"

ဈေးဆိုင်လေးပေါ်မှာ အချိုမှုန့်ထုပ်လေးတွေကို မီးနဲ့ကပ်၍ အိတ်ပိတ်ရင်း ဒေါ်ဝင်းဝင်း၏မေတ္တာပို့သံက မပြီးဆုံးနိုင်။

"ကြီးကြီး သားကို ဆီနှစ်ကျပ်ခွဲသားပေးပါ"

"ဘယ်မှာလဲ ပိုက်ဆံ၊ တစ်ဆယ်ချန် နှစ်ဆယ်ချန် မလုပ်နဲ့ နင့်အမေက သိပ်အငြင်းထူတာ၊ တစ်နေ့တစ်နေ့ အထဲနဲ့အပြင်ကို ပြောဆိုနေရတာ၊ ဒီမိန်းမပဲ နှတ်ကြမ်းတယ်"

ဒေါ်ဝင်းဝင်းက ဈေးဝယ်လာတဲ့ကလေးပေါက်စကိုလည်း ကြိမ်းမောင်းလိုက်သေးသည်။ ဆီချင်ပေးပြီး ပိုက်ဆံကို ခြင်းထဲပစ်ထည့်ကာ...





"အိမ်ကလူလဲ ကြည့်လိုက်ရင် မယားကြောက်သလိုလို၊ သည်းခံ တတ်တာလိုလိုနဲ့ အရေးကြုံလာရင် သင်းတို့ဘက်ကချည်းပဲ၊ မိုးမလင်းခင် လက်ဖက်ရည်ထုပ်လာပို့တယ်၊ မယားကိုတောင် ဒီလိုဂရုစိုက်ခဲ့တာ မရှိဘူး"

ပြောသွားသေးသည်။ "နေရာတကာ လက်ဝါးဖြန့်တတ်တဲ့ကလေး တွေမှုပဟုတ်ပါဘူးကွာ၊ တစ်ခါတလေတော့ ကျွေးမွေးသင့်ပါတယ်" တဲ့။

သူတို့အဖေကို ယူထားမိလို့ မိထွေးတော်ရတာဆို ရာထူးကမြင့်သေးသည်။ ခုတော့ ဦးလေးနေရာမှာ ..၊ နေတတ်ရင် အနေသာကြီး၊ ဒီလောက် ဂရုစိုက်ဖို့လိုသလား။ အိမ်မှာ လက်ခံပေးထားတာနဲ့ပဲ ရနေပြီ။

မကျေနပ်စရာတွေပဲတွေးနေတုန်း ဆိုင်ရှေ့မှာ ကားနက်ကြီးတစ်စီး ထိုးရပ်လာတော့ တန်းလန်းချိတ်ဆွဲထားသည့်မုန့်ထုပ်တွေအောက်ကနေ ငုံ့ကြည့်လိုက်မိသည်။

ခပ်ရင့်ရင့်နေရောင်အောက်မှာ ကားက ဖိတ်ဖိတ်လက်နေသလို ဆင်းလာကြသည့်လူသုံးယောက်မှာလည်း ကိုယ်ရောင်ကိုယ်ဝါတွေ ပြိုးပြက်လက်နေသလားထင်ရ၏။

လက်ဝတ်ရတနာတွေ ညွတ်နေအောင်ဆင်ထားသည့် အမျိုးသမီးကြီးနှစ်ယောက်နှင့် လူရွယ်တစ်ယောက် ဖြစ်သည်။

အမျိုးသမီးကြီးက အရပ်ခပ်တိုက်တိုက်ဖြစ်ကာ လူရွယ်က ဖြူဖြူမြင့်မြင့်၊ ရုပ်လက်ရည်ကြည်ပြာရောင်ဖျော့နှင့် ဘောင်းဘီရှည်အနက်ကြောင့် အရပ်မြင့်နေတာကြီးက ပိုထင်းနေ၏။

ကိုယ်က ဈေးဆိုင်မို့ ဈေးဝယ်လာသူတွေ နွမ်းဆောင်း ဘယ်အချိန်ဖြစ်ဖြစ် ကူးလာလို့ရအောင် ရှေ့မှာ အုတ်သဲလမ်းကလေးခင်းထား၏။

ထို့ကြောင့် ဒီအနီးအနားမှာ လာသည့် တခြားကားတွေလည်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာပဲရပ်ကြသည်။

ဒေါ်ဝင်းဝင်း ငုံ့ကြည့်လိုက်မိတာလည်း ကိုယ့်ဆီလာတဲ့ဧည့်သည် လားဆိုသော အတွေးမပါပေ။ ဒါပေမယ့် သုံးယောက်စလုံး သူမဆီကိုပဲ တည့်တည့်ဝင်လာပြီး ...

"ညီမ ဒါ အရင် သံပန်းဆရာဟောင်း ဦးတင့်အောင်အိမ် ဟုတ်ပါ တယ်နော်"

"ဟုတ်ပါတယ်၊ အခုတော့ ဦးတင့်အောင်က ဆိုက်ကားနင်းနေတယ် ဘာကိစ္စရှိလို့လဲ"

မေးသည့်အမျိုးသမီးက မုန့်ထုပ်တချို့ကို သာသာလေးတိမ်းဖယ်ပြီး ဒေါ်ဝင်းဝင်းကို အားနာသည့်အပြုံးနှင့် နှုတ်ဆက်ကာ ...

"ကျွန်မတို့က သူနဲ့ဆွေးနွေးစရာ အရေးကြီးတဲ့ကိစ္စရှိလို့ပါ"

ဘေးမှာရပ်နေသည့် အမျိုးသမီးက ဝင်ပြောတော့ ဒေါ်ဝင်းဝင်းရှေ့ မှာ မျက်နှာနှစ်ခု၊ ပြီးတော့ သူမတို့၏လည်တိုင်ကနေ လွှဲခါဆင်းနေသည့် ဆွဲကြိုးရှည်တွေက တဖျပ်ဖျပ်လင်းလက်လျက် ...

"ကျွန်မတို့ သူနဲ့တွေ့ပါရစေနော်၊ အထဲကို ခဏဝင်ပါရစေ၊ ဟိုလေ.. အဲထဲမှာ ကလေး .. အဲ .. သား .. ကောင်လေး ရှိတယ်မဟုတ်လားဟင်"

"ဘယ်လို ..."

တစ်ယောက်က ဘာတွေပြောနေမှန်းမသိ။ တစ်ယောက်က သူမ လက်မောင်းကိုဆုပ်ကိုင်ပြီး နောက်ဆုတ်စေကာ..

"ဒီလိုပါ ညီမရယ်၊ ရှင်းပြရမှာ ရှည်လို့ပါ။ သူနဲ့ တွေ့ပါရစေ"

"သူ ဆိုက်ကားမသိမ်းသေးဘူး၊ ဒါပေမယ့် ထမင်းစားပြန်လာတော့ မှာပါ။ ဟိုဘက်ကနေ ဝင်ခဲ့လေ၊ အိမ်ပေါ်ကို တက်ကြပါ"

လူတွေကြည့်ရတာ ပြဿနာရှာစရာတစ်ခုခုနဲ့ရောက်လာတာမဖြစ်





နိုင်ဟုတွက်မိပြီး ဒေါ်ဝင်းဝင်း ဖော်ရွေဖို့ဆုံးဖြတ်၏။

တကယ်တော့ ရောက်လာကြသူတွေဟာ ဒေါ်ခင်ဆင့် တို့ပဲဖြစ်လေ သည်။

အိမ်ပေါ်မှာ သားလေးရှိနေသည်ဆိုသည့်စိတ်နှင့် ကတုန်ကယင်ဖြစ် လာတော့ ပင်လယ် က ဒေါ်ယဉ်ဆင့်ကို တွဲကူရင်း အိမ်ထဲကိုဝင်၏။

သူ့စိတ်ထဲမှာလည်း ဒီလောက်ထိတိုက်ဆိုင်နေတာကို မယုံနိုင် အောင်အံ့ဩနေခဲ့သည်။ တစ်နေ့ညကပဲ ကိုဇင် ဆိုသည့်လူရွယ်ကို သူ ဒီအိမ်ထိ ပို့ပေးခဲ့ရသည်။

ဒီမှာ လူငယ်လူရွယ် ဘယ်နှစ်ယောက်ရှိနေသည်လဲ၊ ဤသူ တစ် ယောက်သာ လူရွယ်ရှိနေသည်ဆိုလျှင် ကိုဇင် သည် ...

မေမေ့သားဆိုသည့်အဖြစ်ကိုတွေးမိစဉ်မှာ စိတ်မကောင်းခြင်းနှင့် ကြည်နူးခြင်းနှစ်ရပ်ကို တစ်ပြိုင်တည်းခံစားလိုက်ရ၏။

လမ်းမှားပေါ် ရောက်နေသည့်လူရွယ်တစ်ယောက်ပေမယ့် ကိုဇင့် ပုံစံဟာ ပြုပြင်ပြောင်းလဲဖို့ ခဲယဉ်းမည့်လူမျိုးမဟုတ်နိုင်။

"ကဲ .. ကဲ ..နင်တို့မောင်နှမ အထဲဝင်နေကြ၊ ဒီမှာ ဧည့်သည်တွေနဲ့ စကားပြောဖို့ရှိတယ်"

သူတို့ အိမ်ပေါ် မရောက်ခင် ဆိုင်ပေါ် ကနေကူးသွားသည့် ဒေါ်ဝင်း ဝင်းက အရင်ရောက်ကာ အပြင်ခန်းကိုရောက်နေပြီဖြစ်သည့် ဇင်ကို နဲ့ မမ ကို နှင်ထုတ်၏။

ဒေါ်ယဉ်ဆင့် သည် အသံထက်အရင် လက်တကာကာဖြစ်သွားပြီး...

"နေ.. နေပါဦး .. မဝင်ပါနဲ့၊ သားလေးဆီကို မေမေ လာတာ .."

"ဟင် ..."

"ဘယ်လို ..."



www.burmeseclassic.com

www.burmeseclassic.com



ဇင်ကို က သူ့ကိုကြည့်ပြောလိုက်သည့်စကားကြောင့် တအံ့တသြ ပြန်ကြည့်၏။ သူ မှတ်မိနေခဲ့သော ပင်လယ်နဲ့ ဒေါ်ယဉ်ဆင့်ကို နားမလည်စွာငေးရင်း ...

"ကျွန်တော့်ကို ..."

ဒေါ်ယဉ်ဆင့် က ခေါင်းတဆတ်ဆတ်ညိတ်ရင်း မျက်ရည်တွေ ကျလာတာ စကားမပြောနိုင်။ ဒေါ်ခင်ဆင့် က အခြေအနေကို အကဲခတ်၍..

"တစ်ခုလောက်မေးပါရစေနော်၊ ဒီကောင်လေးက ဦးတင့်အောင်ရဲ့ သားလားဟင်"

"သား မဟုတ်ပါဘူး။ တူပါ"

"ဟုတ်ကဲ့ .. တူပဲထားပါ။ ကျွန်မတို့သိချင်တာက ..."

"ထားလို့မရဘူးလေ၊ ကိုတင့်အောင်က ကျွန်မနဲ့အိမ်ထောင်ကျပြီးမှ ကလေး တစ်ယောက်မှရတာမဟုတ်ဘူး။ ဒီကလေးတွေကလဲ သူ့တူတွေ တူမတွေပဲ၊ အစ်မကြီးက ဒါကို သားသမီးတွေလို့ပြောလိုက်တာ ဘယ်လောက်အဆင်ဆိုးသလဲ၊ ကျွန်မယောက်ျား ဂုဏ်သိက္ခာထိခိုက်တယ်၊ ကျွန်မရောပဲ ..."

ဒေါ်ဝင်းဝင်းက ရန်တွေ့သလိုပြော၏။ အိမ်ပေါ်တင်လိုက်တာက ကောင်းကောင်းမွန်မွန်ဧည့်ခံဖို့ပါ။ ပြောလာကြတာ မတည့်စကားတွေဆိုတော့ ...

"ဒီလိုပါ ညီမရယ်၊ သူက အစ်မရဲ့ညီမပါ၊ သူ့သားလေး ပျောက်နေလို့လေ ..၊ အဲဒါ ဦးတင့်အောင် မွေးထားပါတယ်လို့ သတင်းအတိအကျရလို့ လာစုံစမ်းတာပါ"

"ဟင် ..."

ဒေါ်ဝင်းဝင်း တုန်လှုပ်သွား၏။ ဒီလိုလူတန်းစားတွေက ဇင်ကိုလို





ခါးပိုက်နိုက်ကို သူ့သားလို့ထင်ပြီး လာရှာသည်တဲ့ ...၊

တကယ်ဟုတ်လိုက်ရင်တော့ အကောင်းသား၊ ဒါပေမယ့် ဖြစ်မှမဖြစ်နိုင်ဘဲ ...

"သတင်းရလို့ မနေ့ကတည်းက တို့ ရှာနေခဲ့တာပါ၊ နေရာမှားပြီး ရောက်သွားလို့ ဒီနေ့မှ ဒီကိုတည့်တည့်မတ်မတ်ရောက်လာတော့တယ်၊ အဖြစ်အပျက်အားလုံးကို ဦးတင့်အောင်နဲ့တွေ့လိုက်ရင်တော့ ရှင်းလင်းသွားမယ်ထင်တယ်၊ သူလာအောင် ခဏစောင့်ပါရစေ"

"မဟုတ်သေးဘူး၊ စောစောက မေးထားတာကိုပဲဖြေပေးပါရှင်၊ ဦးတင့်အောင်မွေးတဲ့သား ဒီတစ်ယောက်ပဲရှိတာလား"

ဒေါ်ယဉ်ဆင့် က ဒေါ်ခင်ဆင့် အဆင်ပြေအောင်ပြောဆိုပေးနေတာကို မစောင့်နိုင်။ ဇင့်ကို မျက်နှာပေါ်က အကြည့်ကို မခွာနိုင်တော့ဘဲ လိုရင်းကိုသာ ဖွတ်မေးနေ၏။

"သူ့အစ်ကိုရဲ့ကလေးတွေပဲ၊ အဲဒီမှာ သားတစ်ယောက်၊ သမီး တစ်ယောက် ..."

"သတင်းက အတိအကျပါ။ သတင်းပေးတဲ့သူက သူ့ကိုယ်သူ ပြောပြီး အတိအကျပေးလို့ ဒါ မမှားနိုင်ဘူး။ သူက ဦးတင့်အောင် မွေးထားတဲ့ကလေး မှန်တယ်ဆိုရင် ကျွန်မသားပဲ .. ကျွန်မ သားလေး ..."

ပြဿနာရှင်းမရဘဲရှိစဉ် အိမ်အဝင်ဝမှာ လူရိပ်တစ်ရိပ်ပေါ်လာပြီး..

"ခင်ဗျားက ဒေါ်ယဉ်ယဉ်ဆင့် ထင်တယ်"

"ရှင် ..."

အားလုံး နောက်လှည့်ကြည့်မိကြသည်။ ဦးတင့်အောင် က ချွေးမတိတ်သေးသည့် ရင်ဘတ်ကြီးကို ဟင်းလင်းဖွင့်ထားလျက် ခေါင်းကစွပ်ထားသည့် ဦးထုပ်ကို လက်တစ်ဖက်က ကိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါ်ယဉ်ဆင့်ကို စူးစိုက်ကြည့်ရင်း အိမ်ပေါ် ကိုတက်လာကာ...

"ဟုတ်လား၊ ဝင်းမြင့် သတင်းပေးလို့ရောက်လာတာ"

"ဟုတ်ပါတယ် .. ဟုတ်ပါတယ်ရှင်၊ ဦးတင့်အောင် ဆိုတာ ..."

"ကျွန်တော်ပါပဲ"

အခြေအနေက ဘယ်ကတယ်လိုကောက်ကွေ့သွားမည်မသိနိုင်ဘဲ လူတွေမှားနေလျက်နှင့် တဒင်္ဂ တိတ်ကျသွားခဲ့၏။

ဦးတင့်အောင် က ဇင်ကို တို့မောင်နှမဘေးထိ လျှောက်သွားလိုက်ပြီး မောင်နှမနှစ်ယောက်နှင့် ဒေါ်ယဉ်ဆင့်ကို နှစ်ပတ်မျှ ဝေ့ကြည့်၏။

ပြီးတော့ စိတ်မကောင်းသည့်မျက်နှာနှင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"စိတ်မကောင်းစရာပဲ၊ ဒေါ်ယဉ်ဆင့်က ကိုယ့်ကလေးကို သားလို့ပဲ ဘာဖြစ်လို့ သတ်မှတ်ခဲ့တာလဲ"

"ရှင် ..."

"သားလို့ တမ်းတနေသံကို ကြားလိုက်ရလို့ပါ၊ ကျွန်တော်လဲ ပြောရခက်သွားတယ်"

"ဘာဖြစ်လို့လဲဟင်"

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်၏။ ဦးတင့်အောင် က ဇင်ကိုတို့ကို ဦးထုပ်ကိုင်ထားသည့်လက်နဲ့ ညွှန်ပြလိုက်ကာ ...

"သူက 'ဇင်ကို' ၊ သူ့နှမငယ်က 'ယဉ်သကို' တဲ့၊ နှစ်ယောက်စလုံး ကျွန်တော်မွေးစားထားတဲ့ကလေးတွေပဲ၊ ဒါပေမယ့် ဇင်ကို က ခင်ဗျားရဲ့ သား မဟုတ်ဘူး၊ 'ယဉ်သကို' ကမှ ခင်ဗျားသမီး"

"ယဉ်သကို .."

ပွဲကြည့်ပရိသတ်လိုရှိနေခဲ့သည့် မိန်းမငယ်လေးထံမှ အကြည့်တွေ





ရောက်သွားလျှင် သူမက မျက်နှာလေးကိုငုံ့တော့မလို၊ ကွယ်တော့မလိုနှင့်...

ပြီးတော့ ဆတ်ခနဲပြန်မော့လာကာ ...

"ဦးလေးက ဘာတွေပြောနေတာလဲ၊ မမ က ..."

"ညည်းက သူတို့ရဲ့ရင်သွေးအစစ်ပဲ မမ"

"မဖြစ်နိုင်တာ"

ဘယ်တုန်းကမှ မကြားခဲ့ဖူးသည့်ကိစ္စ၊ မမရဲ့ အဖေက ဦးလေးထက် အကြီး၊ ဖေဖေ မရှိတော့လို့ ဦးလေးက မွေးစားခဲ့သည်၊ အားလုံး သိထားခဲ့တာ ဒါပဲဖြစ်၏။

တချို့က ကိုဇင် ကို မွေးစားသားလို့ပြောသံတွေ ပစ်ထည့်ခဲ့သေးသည်။ ဒါတောင် ဦးလေးက 'ဟုတ်ပါတယ်' လို့ ပြောခဲ့တာမဟုတ်။

အမြဲတမ်း ကိုယ့်ညီမလေးအရင်းလို့ သတ်မှတ်ခဲ့သည့် မမ ရင်ထဲမှာ သူမဟာ ဘာမှမဆိုင်ခဲ့သော တစိမ်းပြာစ်ရုံသံအဖြစ် တွေးတောင်မကြည့်ခဲ့ဖူးပေ။

ထိုပြင် ဒိုနေသည့်အမျိုးသမီးကြီးရဲ့နောက်မှာ ရပ်နေသူဟာ သူမတို့မောင်နှမနဲ့ ဘယ်တုန်းကမှ မသင့်မြတ်ခဲ့တဲ့သူ ...၊

အတွေးနှင့် မျက်လုံးက ဖျတ်ခနဲရောက်သွားလျှင် စူးစိုက်ကြည့်နေသည့် မျက်ဝန်းအစုံကြောင့် မျက်စောင်းထိုးခြင်းကို အလွယ်တကူ ဖြစ်မြောက်စေခဲ့၏။

"ကိုတင့်အောင် ဒါ ဘာတွေလဲဟင်"

တိတ်သွားကြသည့် မထင်မှတ်ခြင်းတွေထဲမှာ ဒေါ်ဝင်းဝင်း၏အသံကြီးပဲ ထွက်လာသည်။

"ရှင်က အနားမှာ တစ်သက်လုံးရှိနေခဲ့တဲ့ မယားကိုတောင် အသိမပေးနိုင်ဘဲ ကျွန်မက သူများပြောမှ သိရတာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက သူများရဲ့ ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်နေတာတွေရှိလို့ပါ"

"သူများကိုယ်ရေးကိုယ်တာကိုတော့ ရှင်က တစ်သက်လုံး နှုတ်လုံလုံဖုံးဖိထားတယ်၊ ကျွန်မက ငါ့ယောကျ်ားရဲ့ သွေးသားလေးတွေပဲဆိုပြီး ခွင့်လွှတ်သည်းခံခဲ့ရတာကျတော့ ..."

"ဘာသည်းခံခဲ့တာလဲ"

"အို ..."

မမ က ပက်ခနဲပြောလိုက်တော့ ဒေါ်ယဉ်ဆင့် မျက်နှာလေးပင့်သွား၏။

"ဒီမှာ ညောင်ပင်တူးရင် ပုတ်သင်ဥတွေပေါ် ကုန်မယ်နော်၊ အပိုတွေလာပြောမနေနဲ့"

"ကြည့်စမ်း .. အဲဒါတွေလေ၊ အဲဒီလို အမြဲတမ်းစော်ကားလာခဲ့သမျှငါက သည်းခံခဲ့ရတာ"

"နေကြပါဦး၊ သမီးလေးလဲ မပြောနဲ့တော့နော်၊ ဒါတွေအားလုံးဟာ လူကြီးတွေ ကမောက်ကမဖြစ်ခဲ့ရတာတွေကြောင့်ပါ၊ ပြဿနာအားလုံး ရှင်းသွားရင် သူ့အလိုလိုငြိမ်းချမ်းသွားမှာပါ"

ဒေါ်ခင်ဆင့် က လက်နှစ်ဖက်နဲ့ကာရင် ဖြေရှင်းဖို့ကြိုးစား၏။

ဝင်လာကတည်းက ဧည့်သည်တွေရော၊ အိမ်ရှင်တွေရော ဘယ်သူမှ မထိုင်ဖြစ်ကြသေး။ ဒေါ်ယဉ်ဆင့်ကတော့ ဒီအိမ်အခြေအနေကို အကဲခတ်လိုက်တာနှင့် အနည်းအကျဉ်းတော့ နားလည်သွားခဲ့သည်။

နို့စိမ်းရောင် စပို့ရှပ်ပွပွလေးနှင့် ပခုံးလောက်ဆံပင်တိုတိုလေးတွေ ရှိသော ဖြူဖြူနုနုမိန်းကလေးကို စူးစိုက်ငေးနေရင်း ရင်ထဲမှာ ဆို့နင့်လှိုက်လှဲစွာခံစားလာရ၏။

သူမ မွေးဖွားခဲ့သည့် ကလေးငယ်လေးဟာ မိန်းကလေး တဲ့လား...၊ ဇင်ကို ဆိုသည့်ကောင်လေးနှင့် သည်မိန်းကလေးကို အပြန်ပြန်





အလှန်လှန်ငေးရင်း ခေါင်းက အလိုလိုညိတ်လာမိခဲ့၏။

ဟုတ်ပါလိမ့်မည်။ သူမ၏ မျက်ဝန်းညိုလေးတွေ၊ နီတာမကဘဲ အညိုရောင်သမ်းနေသည့်နှုတ်ခမ်းပါးလေးတွေ၊ ပြီးတော့ ခုနက ဒေါသဖြစ်သွားသည့်မျက်နှာ၊ ဤသည်တို့သည် နတ်ရဲ ဆိုသည့်ယောကျ်ား၏ ဒေါသမာနကြီးလွန်းသော သွင်ပြင်ဟန်ပန်များနဲ့ တစ်ထပ်တည်း ...၊

ဒါပေမယ့် တမ်းတနေခဲ့သည့် ကာလတစ်လျှောက်လုံးမှာ အရိုးစွဲနေခဲ့တာက 'သား'ဆိုသော ရင်သွေးရတနာ ..၊

"ကျွန်မ တစ်ခုလောက်မေးပါရစေနော်"

သူမကပဲ ထိုအဖြစ်ကို ပြန်၍အစဖော်လိုက်ကာ ...

"ကျွန်မ မွေးခဲ့တာကို သားလို့ပဲ တစ်ချိန်လုံးသတ်မှတ်ခဲ့တာ၊ သမီးလေးဖြစ်တယ်ဆိုတာကို ကျွန်မ ရုတ်တရက် ..."

"ဒါဆို ကျွန်တော်က ပြန်မေးချင်တယ်၊ ဒေါ်ယဉ်ယဉ်ဆင့် ကို 'သားမွေးပါတယ်'လို့ ဘယ်သူပြောတာလဲ၊ မွေးပြီးပြီးချင်း သိတာလား၊ ဒါမှမဟုတ်..."

"ဟုတ်တယ်၊ မွေးပြီးပြီချင်းပဲ သားလေးလို့ကြားလိုက်တာ၊ ခဏလေးပဲကြာတယ်၊ ကလေး .. ကလေးက အဖတ်မတင်ဘူးဆိုပြီး ..."

ဒေါ်ယဉ်ယဉ်ဆင့် မျက်ဝန်းတွေ ကလေးတွေဆီငေးနေရင်း မျက်ရည်ဝဲတွေ ပြည့်ဆင်းလာ၏။ ပြီးတော့ ရှိုက်သံမပွင့်တပွင့်နှင့် ငိုကျသွားခဲ့သည်။

"ကျွန်တော် ခဏလောက်ပြောပါရစေ"

ပင်လယ် က ဒေါ်ယဉ်ဆင့် ပခုံးလေးကို အားပေးသလို ဖွဖွဖက်လိုက်ကာ ...

"ဒီအဖြစ်တွေကို ဘယ်သူဖန်တီးခဲ့တာလဲဆိုတာ ကျွန်တော်တို့ သိနေကြပြီပဲ၊ အခု မေမေက ကာယကံရှင်မှန်ပေမယ့် အဲဒီအချိန်မှာ မွေးလူနာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပါ၊ ဒီက ဦးလေးလဲ အနီးပတ်ဝန်းကျင်မှာ ရှိနေမှာမဟုတ်ဘူး ထင်တယ်၊ အမိကက ဦးဝင်းမြင့်ပဲ၊ ကျွန်တော်တို့ကို အကြောင်းကြားပေး ခဲ့ပြီး သူ ဒီမှာမရှိဘူး။ ဒါတွေအားလုံးကို သူနဲ့မေမေ တွေ့မှ ရှင်းလို့ရမှာ"

"မှန်တော့မှန်တယ်၊ ဒါပေမယ့် သူ လာမှာမဟုတ်ဘူး"

ဦးတင့်အောင် က ပင်လယ့်ကို စိုက်ကြည့်ကာ ဒေါ်ယဉ်ဆင့်ကို မေမေလို့ခေါ် လိုက်တာလည်း သတိထားမိသဖြင့် ဂရုစိုက်အလေးထားရ မည့်လူတစ်ယောက်အဖြစ် ကိုယ့်ဘာသာသတ်မှတ်၍ ...

"သူက အပြစ်တွေအများကြီးကျူးလွန်ခဲ့တဲ့သူပါ၊ ဒေါ်ယဉ်ယဉ်ဆင့် ကို ဘယ်လိုမှရင်ဆိုင်တွေ့ဝံ့မှာမဟုတ်ဘူး။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က ဦးနတ်ရဲ နဲ့ ဒေါ်ယဉ်ယဉ်ဆင့်တို့ရဲ့ အိမ်ထောင် ရေးကစပြီး ဖြစ်ပျက်ခဲ့သမျှအားလုံး ကျွန်တော် အသေးစိတ်သိပါတယ်"

နားထောင်နေကြသည့်လူတွေ ယုံကြည်အောင်၊ နတ်ရဲနဲ့ ယဉ် တို့၏ အိမ်ထောင်ရေး မပြေလည်ခဲ့တာတွေက စ၍ မွေးဖွားခါနီးမှာ ဘာတွေ ဖြစ်ပျက်ခဲ့တာအထိ လိုအပ်တာလောက်ကို ခြုံငုံပြောပြ၏။

"သူ တကယ်နာကြည်းတာက ခင်ဗျားယောကျ်ားကိုပါ၊ ခင်ဗျားနဲ့ ကလေး မပါပါဘူး၊ အဲဒါကြောင့် ကလေးကို ခိုးထုတ်လာခဲ့ပေမယ့် သူ မျက်နှာလွှဲခဲပစ်မလုပ်ခဲ့ဘူး။ ယောကျ်ားလေးလို့ အသိပေးခဲ့တဲ့ကိစ္စက တော့ နှစ်ဖက်စလုံးရဲ့ကံတရားပဲထင်တယ်"

ဦးတင့်အောင် က မမနဲ့ ဒေါ်ယဉ်ဆင့် တို့ကို စိတ်မကောင်းသလို ကြည့်၍ ...

"သူ ကျွန်တော့်ကို ဘာတစ်ခုမှ ခြွင်းချန်မထားခဲ့ဘူး ဟိုတုန်းကတည်း က ခုထိပေါ့၊ ဒီကိစ္စကို သူ ဒီလိုလုပ်ပစ်ခဲ့ပါတယ်လို့ပြောသံလဲမကြားဘူး၊ မသက်သာစရာလဲမတွေ့ခဲ့ဘူး၊ ကလေးကို မမြင်လိုက်ရဘဲ ယောကျ်ားလေး





လို့ထင်လိုက်တဲ့ တစ်ယောက်ယောက်က ထင်သလိုပြောလိုက်လို့ ဒေါ်ယဉ်ယဉ်ဆင့် နားထဲကို ဒီတိုင်းရောက်လာတာဖြစ်လိမ့်မယ်၊ ဒါက မြှုပ်ကွယ်ထားလို့ရော ဘာထူးမှာမို့လို့လဲ၊ တကယ်လို့ ဒေါ်ယဉ်ယဉ်ဆင့် ဘက်က ဒီထက်သေချာချင်သေးတယ်ဆိုရင် ဝမ်းမြင့်ဘက်က နိုင်မာတဲ့ သက်သေတစ်စုံတစ်ရာတော့ရှိနေမှာပါ၊ ကျွန်တော် ဆက်သွယ်ပေးကြည့် ပါ့မယ်"

ဒေါ်ယဉ်ယဉ်ဆင့် က မမ မျက်နှာလေးကိုငေး၍ ခေါင်းညိတ်ရင်း နှုတ်ခမ်းတို့မှာ ပြုံးယောင်သမ်းလာခဲ့၏။ ဘာမှတော့မပြောနိုင်။

"ကျွန်တော်ကတော့ ဒီကလေး ကျွန်တော့်လက်ထဲကိုရောက်လာခဲ့ တဲ့ ရက်လအပြည့်အစုံထိ မှတ်သားထားတာရှိပါတယ်၊ ဒါတွေအားလုံးကို ဒေါ်ယဉ်ယဉ်ဆင့် သိတဲ့အခါ ချိန်ထိုးကြည့်ပေါ့ဗျာ၊ အမှန်တရား တကယ် ရှိနေရင် ပေါ်လာမှာပါ"

"တစ်ခုလောက် ကျွန်မ မေးပါရစေ"

ဒေါ်ခင်ဆင့် ပြောလိုက်တော့ အိမ်ရှေ့ဈေးဆိုင်မှာ ဝယ်သူရောက် နေသည့်အသံကိုလည်းကြားရကာ ...

"ကဲ.. ကျွန်မ ဈေးရောင်းလိုက်ဦးမယ်၊ ညှော့သည့်တွေကို နေရာလေး ဘာလေး ပေးလိုက်ပါဦး"

ဒေါ်ဝင်းဝင်းသည် ယောကျ်ားနဲ့မမတို့ကို မကြည်လင်သည့်ရှုသော် ငြား ညှော့သည့်တွေကိုတော့ အားနာပုံပေါက်ကာ ဦးတင့်အောင်ကိုလှည့် ပြော၍ ဆိုင်ပေါ် တက်သွား၏။

"ထိုင်ကြပါဗျာ"

ကြိမ်ကွက်ခင်းထားသည့် ကျွန်းကုလားထိုင်လေးတွေပေါ်မှာ ဒေါ်ခင် ဆင့်တို့ ထိုင်ကြစဉ် မမက ခင်ကို့ကို လက်တို့၍ နောက်ခန်းထဲဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မထိုင်ဘဲ ဒီတိုင်းရပ်နေသည့် ပင်လယ် က မမ တို့ဝင်သွားသည့် နောက်ကို စူးစိုက်ကြည့်နေသဖြင့် မမ မျက်ဝန်းလေး ဖျတ်ခနဲရွှေ့လာတော့ တည့်တည့်ဆုံမိသွား၏။

ထိုအခါ မမသည် ဇင်ကို့ကိုပဲ အစ်ကိုအဖြစ် ဆက်လက်ခင်တွယ်သွားမှာဖြစ်ကြောင်း ပြလိုက်သလို တစ်ဖက်မှာ နွေးထွေးခြင်းကိုပေးကာ ဒီဘက်ကိုတော့ အေးစက်စက်အကြည့်တစ်ချက်နှင့် ...။

"ဒီလိုပါရှင် ..၊ ဟို .. ဒီကလေးတွေကို နှစ်ယောက်စလုံးမွေးစားလိုက်ရတဲ့အဖြစ်က ကျွန်မညီမလေးရဲ့ 'သား' ဆိုတဲ့စွဲလမ်းချက်ကို အတည်ပြုလိုက်သလို တိုက်တိုက်ဆိုင်ဆိုင်လာဖြစ်နေတော့ ..."

"ဟုတ်ပါတယ်၊ အဲဒါလေးကိုတော့ ရှင်းပြပါရှင်၊ ကလေးက ဦးတင့်အောင်ဆီမှာရှိနေတယ်လို့ကြားပြီး ကျွန်မတို့ရောက်လာတော့ ကျွန်မ သားလို့ထင်ရလောက်တဲ့အရွယ်၊ ယောက်ျားလေးတစ်ယောက်ကလဲ ဦးတင့်အောင်ရဲ့ မွေးစားသားအဖြစ်နဲ့ပဲ ရှိနေခဲ့တယ်၊ ဒီကလေးနှစ်ယောက်ကို ..."

"ဒီလိုပါ၊ ဇင်ကို ရဲ့ အသက်နဲ့ပြန်တွက်ကြည့်ရင် ဒေါ်ယဉ်ယဉ်ဆင့် မွေးဖွားခဲ့တဲ့ကလေးမဟုတ်ဘူးဆိုတာ ပေါ်လာမှာပါ၊ မမကိုမွေးစားလိုက်ရပြီး တစ်နှစ်နီးပါးကြာမှ ဇင်ကို့ကို ထပ်ရတာ၊ ဒါပေမယ့် ဇင်ကို ကျွန်တော့်ဆီရောက်တော့ပဲ အသက်လေးနှစ်မပြည့်တပြည့်ရှိနေပြီ"

"ဩော် ..."

ဒါဆို ဒီကလေး ဘယ်သူ့ကလေးလဲဆိုတာရော ဦးတင့်အောင် သိနေမှာပါ။ မေးခွန်းတစ်ခုဖြစ်သွားပေမယ့် မမေးဖြစ်ကြပါ၊ ဒါပေမယ့်...

"ဇင်ကို ကတော့ ဝင်းမြင့်ရဲ့ တူအရင်းပါပဲ"

"ဟင် ..."





"သူလဲ ဦးလေးဖြစ်သူရဲ့ အထောက်အပံ့နဲ့ကြီးပြင်းခဲ့ရတာပဲ၊ ဝင်းမြင့် ထောင်ကျခါနီးမှာ ကျွန်တော့်လက်ထဲထည့်ပစ်ခဲ့တာ၊ ရှင်းရှင်းဝန်ခံရရင် ကျွန်တော်ကလဲ သူငယ်ချင်းကို ချစ်လွန်းလို့ တတ်နိုင်သမျှလက်ခံကူညီခဲ့ပေမယ့် ကလေးတွေကို ရင်ဝယ်သားကဲ့သို့ မမွေးနိုင်ခဲ့ပါဘူး"

ဒါက ဖြစ်သင့်တဲ့သဘာဝဟုနားလည်ပြီး ဒေါ်ခင်ဆင့်က ခေါင်းညိတ်၏။

"စကတည်းက ကျွန်တော့်အခြေအနေက မကျပ်တည်းရှုံပါ၊ နောက်တော့ ကျပ်တည်းလာတယ်၊ အဲဒီအကျပ်အတည်းကြောင့် ကလေးတွေကို သူများလက်ထဲတစ်ဆင့်ထည့်ခဲ့မိတယ်၊ ကိုယ့်လက်ထဲမှာထက် ပိုပြီး ပြည့်စုံနိုင်တယ်လို့တွက်မိတာလဲပါပါတယ်၊ ဒါပေမယ့် သူတို့ ဒုက္ခရောက်ပြီး ပြန်ပြေးလာကြတယ်"

ထိုစကားကြားသည်နှင့် ဒေါ်ယဉ်ဆင့်၏ရှိုက်သံတွေ လွင့်ထွက်လာတော့သည်။

ဦးတင့်အောင် စကားရပ်သွားပြီး အားနာသလိုကြည့်သည်။ ပြီးမှ...

"နောက်ဆို ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံသိလာဦးမှာ၊ ကျွန်တော့်ဘက်က ချို့ယွင်းချက်တွေကို ဝန်ခံချင်လို့ အားနာနာပဲပြောရတာ ခွင့်လွှတ်ပါဗျာ"

"သွေးသားတော်ကြရင်တော့ ဒါက ပြောစရာဖြစ်ပေမယ့် ဦးတင့်အောင်က မဆိုင်တဲ့သူပဲ .. ခွင့်မလွှတ်နိုင်စရာ မရှိပါဘူးရှင်၊ အားမနာပါနဲ့ ဆက်ပြောပါ"

ဒေါ်ခင်ဆင့် က ညီမဖြစ်သူကိုဖက်၍နှစ်သိမ့်ရင်း ဦးတင့်အောင်ကို ပြေပြေပြစ်ပြစ်ဆက်ဆံသည်။ ဒါက တကယ်လဲမှန်နေသည်မို့ ...

"ဦးတင့်အောင်ရဲ့ အခြေအနေနဲ့ ကိုယ့်သွေးသားမဟုတ်တဲ့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ဒီအရွယ်ထိမွေးခဲ့ရတာ၊ ဒီကြားထဲမှာ ဖြူစင်ပြောင်ခဲ့တာတွေ ဘယ်လိုရှိခဲ့ရှိခဲ့ ခွင့်မလွှတ်နိုင်စရာမရှိပါဘူး"

"ဟုတ်..ဟုတ်ပါတယ်၊ သမီးလေးရဲ့ အရိပ်မိုးတစ်ခုအဖြစ်နဲ့ပဲ ကျေးဇူးတင်ထိုက်နေပါပြီ၊ တကယ်အပြစ်ရှိခဲ့တာက ကျွန်မ .. ကျွန်မတို့ ..."

"ညီမလေးရယ် ကလေးကိုတွေ့နေကာမှ ဘာဖြစ်လို့ တအားငိုနေရတာလဲ၊ ကိုယ်က ဝတ္တရားကျေချင်လွန်းလို့ ကမ္ဘာပတ်ရှာနေတဲ့သူပါ၊ စွန့်ပစ်ခဲ့တာမှမဟုတ်ဘဲ၊ မငိုနဲ့၊ တိတ် .."

ဒေါ်ခင်ဆင့်မှာ ဒီဘက်လူညီချော့ရ၊ သိချင်တာမေးရနှင့် အလုပ်ရှုပ်လျက်...

"ယဉ်သလို ကနေ ဘာဖြစ်လို့ မမ ဖြစ်သွားတာလဲဟင်၊ ဟို ဒီလိုပေါ့နော် .. ယဉ်သကို ဆိုတာလေးက သူ့အမေနာမည် ပါနေတယ်လေ၊ မသိတဲ့လူဆိုရင် ကလေးမိဘကပေးတဲ့နာမည်ကို မိဘနဲ့ပြန်မဆုံအောင် တမင်ဖျောက်ဖျက်ပြီးနာမည်ပြောင်းထားသလိုပဲ၊ ခုဟာက တိုက်တိုက်ဆိုင်ဆိုင် ..."

ဦးတင့်အောင် က ခေါင်းတညိတ်ညိတ်နှင့် ခပ်မိန့်မိန့်ကြီးပြုံးသည်။

"တိုက်ဆိုင်တာတော့မဟုတ်ပါဘူး၊ 'ယဉ်သကို' ဖြစ်သွားတာက ဝင်းမြင့်ကိုယ်တိုင် ကလေးကို လာပို့တုန်းကပြောသွားလို့ပါ၊ ကလေးကိုနာမည်ပေးရင် 'ယဉ်'တစ်လုံးတော့ ရှေ့ကဖြစ်ဖြစ်၊ နောက်ကဖြစ်ဖြစ် ပါပါစေ လို့ သူပြောခဲ့တယ်၊ နာမည်ပေးမယ့်လူကို ကျွန်တော်က ဒီလိုထပ်ပြောပေးလိုက်တော့ 'ယဉ်သကို'ဖြစ်လာတာပေါ့၊ ကျွန်တော်ပြောချင်တဲ့အဓိကကဗျာ၊ ဝင်းမြင့် က လူယုတ်မာဖြစ်ခဲ့ပေမယ့် သူ့မှာလဲ နာကြည်းစရာအတိတ်ရှိခဲ့ပါတယ်၊ ဒါပေမယ့် သူ ကလေးကိုတော့ နူးညံ့တဲ့စိတ်လေးထားခဲ့ရှာပါတယ်၊ ဘယ်လောက်ထိလဲဆိုရင် ကျွန်တော်က သူ့ကိုခင်လို့





ကလေးတွေကိုလက်ခံတာမှန်းသိနေလို့ ဘယ်ကလေးကတော့ ရန်သူ့ကလေး၊ ဘယ်ကလေးကတော့ သူ့သွေးသား၊ ဘာတစ်ခွန်းမှမပြောခဲ့ဘူး၊ ကျွန်တော်ကိုယ်တိုင် မမ ကို သူ့ရဲ့ရင်သွေးလို့ထင်ပြီး ယူထားခဲ့တာ၊ ဒါတွေအားလုံးကို သူ အစ ထောင်ကထွက်လာမှသိရတာ၊ အဲဒါ အမှန်တွေပါ"

"ဒါဆိုရင် ကျွန်တော်တို့က ကလေးခိုးသွားတဲ့ ဦးဝင်းမြင့်ကို တွေ့ခွင့်မရတော့ဘူးလား"

ပင်လယ် က ဝင်မေးသည်။ ဒီလူကြီးဘက်က ကောင်းကွက်တွေကို သူ မကြားချင်သလိုကြီးဖြစ်နေမိ၏။

ဘာဖြစ်လို့လဲဆိုလျှင် လူတစ်ယောက်ကို ငြိုးပြီး နှစ်ပေါင်းများစွာ ညှဉ်းဆဲထားခဲ့တာ ခံရတဲ့လူတွေက တစ်ယောက်တည်းမှမဟုတ်ဘဲ...၊

တကယ်ဆို သူ မုန်းနေတဲ့သူ သေပြီဆိုကတည်းက အမုန်တရားကို ပြန်ဖွင့်ပေးသင့်သည်။ ဦးတင့်အောင်ကလည်း ပင်လယ့် မျက်ဝန်းထဲက စာတွေကို နားလည်ကာ ...

"ဟုတ်တယ်၊ သူ့မှာ အပြစ်တွေရှိပါတယ်၊ ဒါကြောင့် သူ လုံးဝ လာတွေ့မှာမဟုတ်ဘူး၊ ကျွန်တော် တစ်ခုပြောချင်သေးတာက ..."

စကားရပ်လိုက်ပြီး ဒေါ်ယဉ်ဆင့်တို့ကိုကြည့်လိုက်သေးသည်။ ပြီးမှ...

"ကလေးကိုပြန်ခေါ်ချင်တယ်ဆိုရင် ဝင်းမြင့်ဘက်က ကျူးလွန်ခဲ့သမျှအတွက် ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းတော့ပေးခဲ့ပါ၊ ကျန်တာ ဘာမှမလိုတော့ဘူး"

"ဒါက ခွင့်လွှတ်သင့်တယ်လို့ အပေါ်ယံကြည့်လို့ရပေမယ့် အသက်တစ်ချောင်းဟာ နေ့စဉ် အသဟာရမှီဝဲနေရရင် ရှင်သန်ကြီးပြင်းလာမှာပဲ"

ပင်လယ် ပြောလိုက်သည့်စကားကြောင့် ဒေါ်ခင်ဆင့်တို့ လှုပ်လှုပ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားဖြစ်သွား၏။ ခင်ကို နဲ့ မမ ဘယ်လိုရုန်းကန်နေကြတာကို သူမတို့က ဘာမှမသိကြပေ။

သိနေသည့်နှစ်ယောက်က သူနဲ့ ဦးတင့်အောင် ...။

သို့သော် သူသိနေမှန်း ဦးတင့်အောင်ကလည်း မသိခဲ့သည်မို့ ပင်လယ်နှင့် မျက်နှာချင်းဆုံသွားပြီး အသံတိတ်စကားတွေ အများအပြားပြောဖြစ်သွားခဲ့၏။

ထို့နောက် ပင်လယ် က မျက်မှောင်ကြုတ်နှင့် အခန်းဆီ တစ်ချက်ဝေ့ကြည့်ကာ ...

"ဘဝတစ်လျှောက်မှာ ဒီမိန်းကလေး ဘယ်လိုရုန်းကန်ဖြတ်သန်းလာခဲ့ရသလဲဆိုတဲ့ အချက်တွေကို ပြန်ကြည့်ပြီးမှ ဒါက အဖြေထွက်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဒီလိုလုပ်သွားတဲ့အတွက် စည်းလွတ်ကမ်းလွတ်ကြီးပြင်းလာခဲ့ရတဲ့မိန်းကလေးတစ်ယောက်ရဲ့ဘဝ၊ ပွေ့ပိုက်မွေးမြူခွင့်မရခဲ့လို့ နှစ်ပေါင်းများစွာ ပူဆွေးသောကရောက်ခဲ့ရတဲ့ မိခင် တစ်ယောက်ရဲ့ မျက်ရည်စက်တွေ၊ ဒါတွေက နေပူလို့ ပန်းညှိုးသွားတာမဟုတ်ဘူး၊ လက်ဆိပ်လိုက်လို့ အပင်သေတာ၊ ရသွားတာနဲ့ ပျက်စီးခဲ့တာကို ယှဉ်ကြည့်ရင် ဘယ်ဘက်က နစ်နာသလဲ"

ပင်လယ် ပြောသမျှကို ဦးတင့်အောင် တစ်ခွန်းမှပြန်မပြောဘဲ နားထောင်နေ၏။

ဒေါ်ခင်ဆင့်တို့ကလည်း ဒီတိုင်းငြိမ်သက်နေခဲ့ကြ၏။

"ကျွန်တော်ပြောချင်တာက ဒီလူကို ဒါကြောင့်ခွင့်မလွှတ်နိုင်ဘူး ဆိုတာမျိုးမဟုတ်ဘူး၊ ဒါပေမယ့် အခု ဒီမှာဆုံစည်းကြတာက ဝမ်းသာကြည်နူးစရာကောင်းတဲ့ သားအမိနှစ်ယောက်ရဲ့ မေတ္တာစမ်းရေစီးကြောင်းတစ်ခုပါ၊ ဘယ်အရပ်က စိမ့်ထွက်စီးဆင်းလာသလဲဆိုတဲ့ ရေညှာအရပ်





ကို ပြန်မရှာပါနဲ့"

"ဒီလိုရှိပါတယ် ငါ့တူ၊ တကယ်ဆို ဦးလေးက နှစ်ဖက်စလုံးနဲ့ မဆိုင်တဲ့သူပါ"

"အဲဒါကြောင့် ဘာမှမတောင်းဆိုဘဲ ဒီတိုင်းနေလိုက်ပါ၊ ဦးဝင်းမြင့်နဲ့ မေမေ ဆုံးဖြတ်တဲ့ကြားမှာ အဆိုးအကောင်း အများကြီးပြောင်းလဲဖို့ရှိလိမ့်မယ်၊ ခုချိန်မှာ ဘာမှတောင်းဆိုခွင့်မရှိတဲ့ဘက်က ဦးဝင်းမြင့် ပဲ"

"မဟုတ်ဘူးလေ၊ သူကိုယ်တိုင် အကြောင်းမကြားခဲ့ရင် ခုလိုဆုံစည်းကြဖို့ ဖြစ်လာမှာမှမဟုတ်တာ၊ ကျေးဇူး ဆိုတာ တင်တတ်ရင် လေကိုတောင် ဝဝရှူချင်မှာမဟုတ်ဘူး"

"အဖြစ်ဆိုတာကိုကြောက်တတ်ရင်လဲ သူများမိသားစုတွေ သောကွဲ၊ ရှင်ကွဲတွေနဲ့ ဘဝပျက်အောင်လုပ်ရဲမှာမဟုတ်ဘူး။ ကြောက်အားလန့်အားနဲ့ပြေးနေတဲ့သူ ဘယ်တော့မှ လမ်းမတွေ့ဘူး။ အဲဒါတွေ ဦးလေး သိမှာပါ၊ သူပြေးလို့ မောပန်းပြီး မူလနေရာကိုပြန်ရောက်လာတာ ကျွန်တော်တို့ ဘယ်လိုပဲအပြစ်ပေးပေး သူ ခံရမှာပဲ၊ ဦးဝင်းမြင့်ကိုပဲပြောပြပေးပါ၊ အပေးအယူတွေမျှော်လင့်တယ်ဆိုရင် ကိုယ်တိုင်လာပါလို့ ..."

"ခဏနေကြပါဦး၊ သားကြီး နေဦး၊ အန်တီ ပြောစရာရှိတယ်"

ဒေါ်ခင်ဆင့် ပျာပျာသလဲပါလာတော့ ဦးတင့်အောင် ပင့်သက်ရှိုက်ရင်းပြုံးယောင်သမ်းသွား၏။

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့က ပြဿနာရှာဖို့စိတ်ကူးတွေလဲမရှိတော့ပါဘူး၊ ကလေးကိုပြန်ရရင်ပဲ ..."

"ဘာဖြစ်လို့ပြန်မရရမှာလဲ အန်တီ၊ မေမေကိုယ်တိုင် ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ကလေး ..."

"မဟုတ်ဘူးလေ၊ ဒီလိုပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အားလုံးကိုကျော်တက်နင်းဖြတ်ပြီး ကလေးလက်ကို ဆွဲခေါ်သွားဖို့ပြောနေတာမှမဟုတ်တာ၊ တိုက်မိုက်ဖို့မပါသလို ငြိမ်းချမ်းဖို့ လဲကြိုးစားစရာမလိုဘူး၊ ဖြစ်သင့်တာတွေ , မဖြစ်သင့်တာတွေကို ထားခဲ့ လိုက်ပြီးသား၊ ဒါကို ထပ်ပြီးတောင်းဆိုတာက မလွန်လွန်းဘူးလား"

"လွန်သွားပြီပဲထားပါကွာ၊ ခုချိန်ထိ မမ က ကျုပ် အုပ်ထိန်းစောင့် ရှောက်ခဲ့တဲ့ ကလေးအဖြစ်ပဲ ရှိနေတာပါ"

"ဦးလေးက ပြောသလိုမညီညွတ်ရင် ပြန်မပေးလိုက်နိုင်ဘူးလို့ ဆိုလို တာလား"

ဦးတင့်အောင် အသံတိတ်သွားသည်နှင့် ပင်လယ် ခြေလှမ်းတွေ အတွင်းဘက်ကို ဟောက်လျှောက်လှမ်းဝင်သွားခဲ့၏။ ဘယ်သူမှမထင် မှတ်ခဲ့တာမို့ အကုန်လုံး တိတ်သွားကြ၏။

"ယဉ်သကို .. ညီမလေး ခဏထွက်ခဲ့၊ ကိုကို ပြောစရာရှိတယ်"

ပင်လယ် က အပြာရောင်ခန်းဆီးလေးချထားသည့် အခန်းတံခါးဝ နားမှာ ရပ်၍ခေါ်သည်။

ဒေါ်ယဉ်ဆင့် စိတ်လှုပ်ရှားလွန်းသဖြင့် ဖျတ်ခနဲထရပ်လိုက်ပြီးမှ ညွတ်ကျသွား၏။

"ယဉ် ..."

ဒေါ်စင်ဆင့် ပျာပျာသလဲထိန်းဖက်ထားရင်း ...

"သတိထားပါ ယဉ်ရယ်၊ သမီးလေးကိုပြန်တွေ့နေကာမှ လူက ပျော့ ခွေနေပြီ"

ပင်လယ် က ဒီဘက်ကိုလှမ်းကြည့်ပြီးမှ အခန်းထဲဘက်ကိုပြန်၍ မျက်နှာမူကာ ...

"ညီမလေး .. နင့်ကိုတွေ့ချင်လွန်းလို့ နှစ်ပေါင်းများစွာရှာဖွေခဲ့ရတဲ့





အမေလေ ..၊ ကိုယ့်အမေ ရောက်လာတာကိုတောင် ဒီလိုနေနိုင်သလား၊ တစ်ခုခုထွက်ပြောစမ်းပါ"

သူ စကားဆုံးသည်နှင့် ခန်းဆီးစက တစ်ဖက်သတ်သိမ်းဖယ်သွား ၏။ ပင်လယ် ပျာပျာသလဲဆုတ်ပေးလိုက်ပေမယ့် မမ က ထွက်မလာပါ။

ခန်းဆီးစကိုဆုပ်ထားလျက်နှင့် တံခါးပေါင်တစ်ဖက်မှာလက်ထောက် ၍ သူ့ကိုမော့ကြည့်၏။ ညှော်ခန်းကနေကြည့်တော့ ပင်လယ် ကိုပဲမြင်ရ ကာ ခန်းဆီး၏အတွင်းဘက်မှာရှိနေသည့် မမ ကို မမြင်ရပေ။ သူ မြင်နေ ရသည့်မျက်ရည်စတွေ စွန်းထင်းနေသော မျက်နှာလေးမှ ...

"မမ ပြောစရာရှိတယ်"

ဤမျှလောက်ကောင်းရောင်းကောင်းဝယ်စကားလေးပြောဖို့ကို 'ဒီလူက ငါ့အစ်ကို'ဆိုသောရင်းနှီးမှုတွေ ခဏလေးအတွင်းမှာ မရှိမဆုံ ရိုက်သွင်းနေရတာဖြစ်၏။

ဒါပေမယ့် သတ်မှတ်ချက်တစ်ခုအဖြစ် နေရာပေးနိုင်တာပဲရှိသည်။ ဇင်ကို ကို နှုတ်ဖယ်ပစ်ဖို့ကတော့ မဖြစ်နိုင်။

"ပြောလေ .. ဘာလဲ"

"အဲဒီကပြောတာတွေ အားလုံးကြားတယ်၊ ခင်ဗျား ..."

"ရတယ် .. ခေါ် ချင်သလိုခေါ် လိုက်၊ ပြောစရာရှိတာပြော"

"ကိုကြီးပြောနေတာတွေကို မမ ကြားတယ်၊ ဘာကိုဆိုလိုတာမှန်း လဲ သိတယ်၊ ဦးဝင်းမြင့်အတွက် ဦးလေးက ပြောပေးနေတာကို ကိုကြီး သဘောမကျတာမဟုတ်လား"

ပင်လယ်က မဖြေ ...၊

အတွင်းဘက်မှာ ခေါင်းငိုက်စိုက်နှင့် ခေါင်းရင်းပြတင်းအပြင်ကို ငေးငြိ ရပ်နေသည့် ဇင်ကိုဆီလည်း အကြည့်ရောက်သွားမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မမ က ဦးလေးပြောတာကို ထောက်ခံတာမဟုတ်ဘဲ ဦးဝင်းမြင့်က ကိုဇင့်ဦးလေးဖြစ်နေတဲ့အတွက် အားလုံးကို ဖျောက်ဖျက်ပေးပါလို့ ပြောရင်ရော ..."

"မမ ..."

ဇင်ကို ဖျတ်ခနဲလှည့်လာသည်။

"မပြောနဲ့ ငါ့အတွက်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် မလိုဘူး၊ နင့်အစ်ကို ပြောတာတွေအားလုံး မှန်ပါတယ်၊ ဦးလေး ကျူးလွန်ခဲ့တဲ့အပြစ်တွေက ခွင့်လွှတ်နိုင်ဖို့မှမရှိတာ၊ ငါ့ဘဝမှာ ဦးလေးဖြစ်ဖြစ်၊ အဒေါ်ဖြစ်ဖြစ် နောက်ထပ်ပေါ် ပေါက်လာခြင်း မလာခြင်းကလဲ ဘာမှအရေးမပါဘူး၊ နင် ခုလို မိဘနဲ့ စည်းစိမ်ဥစ္စာနဲ့ တင့်တယ်သွားတာကိုပဲ ဝမ်းသာလှပြီ၊ လိုက်သွားစမ်းပါဟာ၊ ငါတို့ အချိန်မရွေး တွေ့ကြလို့ရတယ်"

ဇင်ကိုသည် မျက်ရည်တွေဝေ့သီလာလျက် မမ က ပိုးပိုးပေါက် ပေါက်ကျရှာ၏။

ပင်လယ် က ဘောင်းဘီအိတ်ထဲကို လက်နှစ်ဖက်ထည့်ထားလိုက်ပြီး ...

"ပြောခဲ့တာတွေက အနိုင်မပေးနိုင်တဲ့မာနသက်သက်နဲ့ပါ၊ ရောက်လာကြကတည်းက ဘာရည်ရွယ်ချက်မှမပါခဲ့ကြပါဘူး"

သူပြောလိုက်တော့မှ မမ မျက်ဝန်းလေးရွှန်းလက်သွားပြီး လှည့်ကြည့်၏။

ပြီးတော့ ဇင်ကို့လက်မောင်းကိုဆွဲလှုပ်၍ ...

"ကိုဇင် နင် အားမငယ်နဲ့နော်၊ ငါ မေမေ့ကိုပြောပြီး နင့်ကိုပါခေါ်မယ်"

"ငါ ..."

ဇင်ကို က တစ်ခုခုပြောမလို့ ပါးစပ်ပြင်ပြီးမှ ပြန်ပိတ်သွား၏။





ပြီးတော့ ပြုံးကာ ...

"အေးပါ"

"သမီးလေး .."

ပင်လယ် ဘေးမှာ ဒေါ်ယဉ်ဆင့် ရောက်လာတော့ မမနဲ့ တစ်ယောက်ကိုတစ်ယောက် ငေးမောသွားကြလေသည်။

မဟာနမ့ဖူးပြေပြေ၊ ခပ်သွယ်သွယ်ကိုယ်လုံးနှင့် စိန်လော့ကက်တပ်၊ ကြိုးရှည်တစ်ကုံးတည်းဆွဲထားသည့် ဒေါ်ယဉ်ယဉ်ဆင့်ဆိုသော အမျိုးသမီးကြီးကို မမ ငေးနေရင်း စကားပြောဖို့က မအောင်မြင်။

အခန်းထဲဝင်လာတာကိုက ခြေဖျားလက်ဖျားတွေ အေးစက်ကာ ဒူးတွေတုန်၊ အာခေါင်တွေခြောက်နှင့် စိတ်လှုပ်ရှားသည့်ဒဏ်ကို ဘယ်လိုမှ မခံနိုင်တော့၍ဖြစ်သည်။

"သမီးလေး .. သမီး မေမေ့ကို ရင်းနှီးလို့မရဘူးလားဟင်၊ မေမေလေ သမီးကို ပစ်ထားခဲ့တာမဟုတ်ပါဘူး သမီးရယ်၊ ဘယ်မှာမှ အစရှာမရအောင် ပျောက်သွားခဲ့လို့ပါ၊ သမီးလေး မစိမ်းကားပါနဲ့နော်၊ မေမေနဲ့ လိုက်ခဲ့ပါ၊ မေမေ တောင်းပန်ပါတယ်"

မမ လက်ကလေးတွေ ဇင်ကို့လက်မောင်းကို ဆုပ်ကိုင်ထားရာကနေ တဖြည်းဖြည်းပြေကျသွား၏။ ပြီးတော့ လက်ဖျားလေးတွေကို ဖိဆုပ်လိုက်မိသည်။

သူမမှာ မိခင်ရင်းရှိနေသေးမှန်း ဆောင်းတွင်းအိပ်မက်တွေထဲမှာတောင် မပါခဲ့ဖူးပါ။ ထို့ပြင် စားစရာမရှိတိုင်း နိုးယူပြေးလွှားနေရတဲ့သူမဘဝဟာ ဒီလိုစည်းစိမ်ဥစ္စာတွေကို ပိုင်ဆိုင်လာရသည့် ဘဝမျိုးထိ ပြောင်းလဲသွားမည်ဆိုတာလဲ ...၊

"သမီးလေး ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ..."

တရွေ့ရွေ့တိုးသွားမိခဲ့သော ခြေလှမ်းတွေမဆုံးမီ တယုတယထွေးပွေ့လိုက်သော မေမေ့လက်နှစ်ဖက်က နွေးထွေးမွေးပျံ့သောရင်ခွင်ထဲမှာ မမ တစ်ကိုယ်လုံး နစ်မြုပ်သွားတဲ့အထိ ...၊

မေမေလို့ ရေရွတ်နေမိသော်လည်း နှုတ်ခမ်းဖျားမှာပဲ လှုပ်ခတ်တုန်ယင်၍ ပျောက်ကွယ်သွားခဲ့သည်။

ဩ .. အိပ်မက်တွေ မဟုတ်ပါစေနဲ့ ...။





## အခန်း (၁၆)

"ကိုဇင်ရော .. ကိုဇင် ဘယ်ရောက်သွားလဲ"

ဆွဲထားသည့်အိတ်ကိုပစ်ချကာ ပခုံးမှာလွယ်ထားသည့်အိတ်ကို သပ်ဆွဲတင်ရင်း အိမ်ဘေးလမ်းကြားလေးကို ငုံ့ကြည့်၏။

အားမရနိုင်ဘဲ ပြေးဆင်းသွားသည်။ နောက်ဖေးအိမ်သာတံခါး ပွင့်နေတာမြင်မှ မမ မျက်စိမျက်နှာပျက်ယွင်းပြီး ပြန်လှည့်လာ၏။

"မမ ..."

"ဦးလေး .. ကိုဇင်ရော၊ ကိုဇင် ဗိုက်ဆာလို့ဆိုပြီး အစောကြီး ထ, ထွက်သွားတာ၊ တစ်ခါမှ ပြန်မလာသေးတာလား၊ ပြန်လာပြီးမှ ပြန်ထွက်တာလား"

ဦးတင့်အောင်လည်း မျက်နှာမကောင်းပါ။ အိမ်ရှေ့လမ်းပေါ်မှာ အနက်ရောင်ကားကြီးကရပ်လျက် ကားပေါ်မှာ ဒေါ်ယဉ်ဆင့်တို့ရှိနေပြီ။ တာ အိမ်ရှေ့ဧည့်ခန်းမှာတော့ ပင်လယ် ဆိုသည့်လူငယ်က ထိုင်ပါဆိုလည်း မထိုင်။



www.burmeseclassic.com

www.burmeseclassic.com



သောက်လက်စစီးကရက်ကိုရှိုက်နေရင်း မမကိုစောင့်နေ၏။ ညည်းသည်ရှေ့မှာမပြောချင်လို့ နောက်ဖေးကိုထွက်လိုက်လာခဲ့တာမှန်သော်လည်း မပြောရသေးဘဲ မျက်ရည်လည်နေသည့် မမ ကို ဘာက စပြောရမှန်းမသိ။

"ဟင် .. ဦးလေး သိလား ပြောစမ်းပါ"

"သိတယ်၊ ဒါပေမယ့် ညည်း ကိုယ့်စိတ်ကိုဖြေပါ၊ ဖြစ်လာသမျှတွေကို ပြန်စဉ်းစားကြည့်ရင် မမျှော်မှန်း မလိုလားတာတွေပဲဖြစ်လာခဲ့တာ၊ လိုတိုင်းမရသလို ရလာတွေကိုလဲ ဟန့်အင်း ငြင်းလို့မရဘူး။ ဒါက လူ့သဘာဝရဲ့ ပြောင်းလဲမှုတွေပဲ၊ လောကဓံတရားတွေပေါ့"

"ဦးလေး ဘာတွေပြောနေတာလဲ၊ ကိုဇင် ဘာပြောသွားလို့လဲဟင်၊ ညကတည်းက မမနဲ့အတူလိုက်နေမယ်လို့ ကတိပေးထားခဲ့တာ"

"ခုလဲ မလိုက်ဘူးလို့မပြောပါဘူး။ ဒါပေမယ့် ညည်း သွားနှင့်ပါစေ၊ သူ လိုက်လာခဲ့မယ်တဲ့"

"ဘာ ..."

"သူ့ဦးလေးရဲ့လုပ်ရပ်ကြောင့် ဒီအိမ်ပေါ်တက်ပြီး ဒီမိသားစုကို မျက်နှာချင်းဆိုင်ရမှာ ချက်ချင်းကြီးမဖြစ်နိုင်လို့ပါတဲ့"

မမ နှုတ်ခမ်းပါးလေးတွေ မျဉ်းဖြောင့်လေးတစ်ကြောင်းလို ဖိကပ်သွား၏။ ဖျော့တ်ခနဲလွှဲပစ်လိုက်သည့်မျက်နှာလေးကို ဦးတင့်အောင်က စိတ်မကောင်းစွာကြည့်၍ ...

"ကလေးတွေမှမဟုတ်ကြတော့တာ မမရယ်၊ ရှေ့လျှောက်ပြီး နေတတ်အောင်နေပါ၊ အခု ညည်းလို မြေပြင်ပေါ်ကနေ ကောင်းကင်ပေါ် တစ်လှမ်းတည်းနဲ့ရောက်သွားတဲ့အခွင့်အရေးမျိုး သေတဲ့အထိ ရဖို့မလွယ်ဘူး။ ညည်းက အရှင်လတ်လတ် ဘဝပြောင်းသွားတာပဲ၊ ဦးလေးပြောချင်





တာက ဇင်ကို ထွက်သွားပြီးပြန်လာသည်ဖြစ်စေ၊ မလာဘူးဖြစ်စေ ဘဒွေးဒွေးတာမျှော်မျှော်ဖြစ်မနေပါနဲ့"

မမ၏မကျေနပ်သည့်မျက်နှာလေး ဖျတ်ခနဲလှည့်လာသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ ရစ်သိုင်းနေလျက် ...

"ညည်း၊ သူ့ဘက်ကနေစဉ်းစားကြည့် ...၊ ညည်းတို့ချင်း မောင်နှမလို အသည်းနှင့်အောင်ချစ်ပြီး မခွဲနိုင်မခွာရက်ဖြစ်နေကြပေမယ့် အခု မောင်နှမအရင်းတွေမဟုတ်မှန်း ကိုယ်က စပြီး အားလုံး သိသွားကြပြီ၊ ဒေါ်ယဉ်ယဉ်ဆင့်တို့က ညည်းမျက်နှာလေးတစ်ခုကိုငဲ့ညှာပြီး ဒေါ်ချင်လဲဒေါ်နဲ့ပါလို့ ခွင့်ပြုတာမှန်ပေမယ့် သူ ဘယ်လိုက်ရဲမလဲ"

မမ မျက်ဝန်းလေးတွေ ရီဝေဝေမောသွား၏။

"ပြီးတော့ သူ့ဦးလေးနဲ့ပတ်သက်ပြီး ပင်လယ်နဲ့ပါ အရှင်းများနဲ့သေးတယ်၊ ဒီလို ဆိုးသွမ်းတဲ့ဂုဏ်သတင်းတွေ တစ်စစီဆွဲထုတ်သလိုဖြစ်ခဲ့ပြီးမှ သူ ဘယ်လိုမျက်နှာနဲ့ ဒီလူတွေကို ရင်ဆိုင်မလဲ"

- မမ မျက်ရည်တစ်စက် ပေါက်ခနဲစွန်ဆင်းသွား၏။ ဒီအချက်တွေ သူမ တွေးမိပါသည်။ ပြောကြကြေးဆို ဦးဝင်းမြင့်ဆိုသည့်လူကြီးကြောင့် ဖေဖေ သေနဲ့ရတာဖြစ်၏။ သူမဘဝသည်လည်း လမ်းပေါ်မှာ မပျက်စီးရုံတည်းတည်းလေး ...။

ထို့ပြင် ဒီစိတ်တွေနဲ့ မေမေသာ လုံးပါးပါးခဲ့ပြီဆိုလျှင် 'မေမေ'လို့တောင် သူမ ခေါ်ခွင့်ရတော့မှာမဟုတ်ပေ။

ဒါပေမယ့် ဟိုဘက်က အဖြစ်အပျက်ဟောင်းတွေကိုပြန်ဆွဲယူပြီး နိုင်မာခဲ့ပြီးသည့်သံယောဇဉ်ကိုတော့ ဖြတ်တောက်မပစ်နိုင်ပါ၊ ဒါတွေကို ညကတည်းက သူမ ရှင်းပြခဲ့ပြီးသား။ မလိုက်ဘူးဆိုရင်လည်း မြေခြနေတုန်းက ခေါင်းခေါ်လိုက်ပါလား ...၊ ခုကျမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ တစ်နေ့နေ့တော့ ညည်းဆီကိုရောက်လာမှာပါ၊ အတူလိုက်နေဖို့ဆိုတာ ဘာမှမတော်စပ်ကြတဲ့လူတွေဖြစ်နေတဲ့အတွက် ဘယ်ဘက်ကကြည့်လို့မှမသင့်တော်ဘူး"

"ဒီလိုပြောပြီး ဦးလေးတို့က နှင်ထုတ်လိုက်တာလားဟင်"

"ကြံကြီးစည်ရာ မမရယ်၊ ဒါပေမယ့် ဒီလိုဒီအကြောင်းကြောင့် သူသွားတော့မယ်လို့ပြောပြတာကို ဦးလေး ခေါင်းညိတ်လိုက်တယ်"

"သမီးလေးရော .. သမီးလေး ..."

သူတို့ စကားပြောနေကြတုန်း အိမ်ပေါ်မှာ ဒေါ်ယဉ်ဆင့်အသံ ပေါ်လာကာ နောက်ဖေးဆင်းသည့်တံခါးဝမှာ လူလုံးပေါ်လာ၏။

"သမီးလေး ...'

ဟုထပ်ခေါ်ပြီး ဆင်းထွက်မလို့ပြင်ပြီးမှ ခြေထောက်ကို ပြန်ရုပ်သည်။

"မေမေက သမီးလေး စိတ်တစ်ခုခုအနှောင့်အယှက်ဖြစ်ပြီး ထွက်များသွားပြီလားလို့ပါ၊ ပြောနော် သမီး ...၊ ပြီးအောင်ပြော .. မေမေ ကားပေါ်ကစောင့်နေမယ်"

မှာခဲ့ပြီး ပြန်လှည့်သွား၏။ ဒါပေမယ့် စိတ်မချသလို ဖျတ်ခနဲပြန်လှည့်ကြည့်၍ ...

"သမီးလေး ဘယ်မှထွက်မသွားနဲ့နော်"

"မသွားပါဘူး မေမေ၊ သမီး ကိုဝင့်ကို နှုတ်ဆက်မလို့ ရှာနေတာပါ"

"အေးပါ .. အေးပါ"

ဒေါ်ယဉ်ဆင့် တို့မှာ ဒီသမီးလေး သဘောကျ အားလုံး ခေါင်းညိတ်ထားခဲ့ကြ၏။ ဦးဝင်းမြင့်ရဲ့ တူဆိုတာကိုတော့ အတူနေဖို့ မခေါ်လိုပါ။

ထို့ပြင် သွေးသားတော်စပ်တာမဟုတ်ဘဲ နောက်ထပ် အတူတူ ရော နှောခင်မင်နေဖို့ဆိုတာ ...





"သားကြီး သားညီမလေးကို ဘာမှသွားမပြောနဲ့နော်၊ သူထွက်လာမှ စောင့်ခေါ်ခဲ့"

အိမ်ပေါ်ကျတော့ စီးကရက်တိုကို တိုင်မှာ ဖိကပ်ချေပစ်လိုက်သည့် ပင်လယ် မျက်နှာမှုန်ကုပ်ကုပ်ကြောင့် စိတ်မချနိုင်။

စီးကရက်ကို အတိုအရှည် ဘာဖြစ်ဖြစ် ဖိချေပစ်တတ်သည့် အပြုအမူဟာ ပင်လယ် စိတ်အထာမကျတိုင်း ပြုမူနေကျ ...၊

"ပြောတာကြားလား သား"

"ကြားပါတယ်၊ မေမေ ကားပေါ်မှာ အေးအေးဆေးဆေးနေပါ၊ ယဉ်သကို့ကို ကျွန်တော် စောင့်ခေါ်ပါ့မယ်"

စိတ်ထဲမှာတော့ အဲဒီကောင်မလေးကို ပခုံးနှစ်ဖက်ကနေ ကိုင်ပေါက်ပစ်ချင်နေပြီ။ မောင်နှမလိုတွယ်မိတဲ့သံယောဇဉ်ကို ဖြတ်တောက်ပစ်ရမယ်လို့တော့ မဆိုချင်ပါ။ ဒါပေမယ့် ဖြတ်သင့်တဲ့အချိန်မှာ ဖြတ်ကိုဖြတ်ရမှာမဟုတ်ဘူးလား ...။

အနှစ်နှစ်အလလ မမြင်မစမ်းဝေးကွာနေခဲ့ရတဲ့မိခင်ကိုပြန်တွေ့ရပြီ၊ လက်ရှိအခြေအနေထက်လည်း အများကြီးမြင့်မားပြောင်းလဲသွားပြီ။

ဒါတောင်မှ ဝမ်းသာအားရ ခုန်ပေါက်ပါမလာဘဲ ...

"နောက်လဲ လာပေါ့အေ၊ ကားကြီးပေါ် ရောက်သွားမှ မေ့သွားရင်လဲ တို့က ကျေနပ်ပါတယ်"

စကားသံကြားလို့ လှည့်ကြည့်လိုက်တော့ ဆန်ထည့်ထားသည့် ဆန်ကောကို လက်နှစ်ဖက်နှင့်ကိုင်ထားရင်း ဒေါ်ဝင်းဝင်း က ဆိုင်ပေါ်သွားဖို့ ဖြစ်၏။ ဦးတင့်အောင်နှင့် မမ က နောက်ဖေးကနေ တက်လာကြတဲ့ပုံ...၊

မမ က ဒေါ်ဝင်းဝင်းကို ရန်လိုမြင်းကင်းစွာကြည့်၍ ခေါင်းညိတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မှားခဲ့တဲ့ ကာယကံ ဝစီကံ မနောကံနဲ့ ဖြစ်မှားမိတာတွေကို ခွင့်လွှတ်ပါ"

နှစ်ယောက်စလုံးကို ကန်တော့တော့ မျက်နှာတွေမကောင်းကြရှာ။

"အေးဒုပ်လေ .. မင်းလောင်းမှန်ရင် ဖုတ်သွင်းရထားဆိုက်တယ် ဆိုတာမျိုးပေါ့၊ ငါတို့ကလဲ မကြည်လင်တာတွေရှိခဲ့ပေမယ့် ခုလိုကောင်းစားသွားတာကို ညည်းနဲ့ထပ်တူ ဝမ်းသာပါတယ်၊ ညည်းကလဲ လူငယ်မို့ မှားတယ်၊ ငါကလဲ သည်းခံနိုင်စွမ်းနည်းလွန်းတဲ့သူပါ၊ နှစ်ယောက်စလုံးမှာ အပြစ်မကင်းပါဘူး။ ငါ့တူမ ဘဝတစ်လျှောက်လုံး ဒီထက်ပိုပြီး ပြည့်စုံအေးချမ်းပါစေ"

မသင့်မြတ်သူချင်းဆိုတော့ သာရေးနာရေးကြုံမှခေါ်ခြင်းက ရင်ထဲမှာပဲ ပြီးဆုံးသွားခဲ့သည်။ လူငယ်က ငယ်သူမို့ ကြားကောင်းပေမယ့် လူကြီးဖြစ်သည့် ကိုယ်က လူငယ်နဲ့ပြိုင်ဆိုင်အော်ဟစ်ခဲ့တာတွေကို ခုကျမှတော့ ခွင့်လွှတ်ပါလို့ ပြန်မပြောချင်တော့ပါ။

ဦးတင့်အောင် ကတော့ သာရေးခေါ် ရင်း ကျန်ခဲ့လေသည်။ မမ သူ့ရှေ့ကနေ အိတ်ဆွဲပြီးဆင်းသွားမှ ပင်လယ်က နောက်ကဆင်းလိုက်ခဲ့၏။

မမ လာနေတာမြင်သည်နှင့် ဒေါ် ယဉ်ဆင့် က ကားပေါ် ကဆင်းပြီး လက်ကလေးကိုပြေးဆွဲ၏။

"မေမေတို့ကို ချပေးခဲ့ပြီး ကျွန်တော် အလုပ်ထဲကိုတန်းသွားမှာနော်၊ အထဲမဝင်တော့ဘူး"

"အေး .. သွားလေ သား၊ သားကြီး အလုပ်ရှုပ်မှန်း မေမေတို့ သိပါတယ်၊ သမီးငယ်ကို အားလုံးက ကြိုဆိုတဲ့သဘောလေးပြချင်လို့ ခေါ် လာခဲ့တာ"

ကားမောင်းရင်း နောက်ခန်းထဲကို မှန်ကနေလှမ်းကြည့်လိုက်တော့ မမ က နှုတ်ခမ်းလေးကိုဖိကိုက်ထားရျှ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်နေ၏။





ဒီမျက်တောင်တွေ ဘာဖြစ်လို့ခတ်နေသလဲဆိုတော့ ပင်လယ် က သိသည်။ မျက်ဝန်းအိမ်က မစို့မပို့မျက်ရည်တွေကို ပြိုဆင်းမလာအောင် ထိန်းချုပ်နေတာပဲဖြစ်၏။

သူ မျက်မှောင်ကြုတ်သွားပေမယ့် ဒေါ် ခင်ဆင့် ကတော့ နားလည်နေပါ၏။ ကိုယ့်ညီမက ပျာယာခတ်နေအောင် ဝမ်းသာလုံးဆို့နေပေမယ့် မမ က ဆွေးဆွေးမှုနည်းသေးသည်။ ဒါ အပြစ်တော့မဆိုသာပါ။

မအေဖြစ်တဲ့သူက ကိုယ့်ရင်သွေးလေး လောကအလယ်မှာရှိနေသေးမှန်းသိထားပြီး နေ့စဉ် ညစဉ် မျှော်တလင့်လင့်နှင့် ပူဆွေးသောက ရောက်နေတဲ့သူ ...၊

သူမကတော့ မိဘတွေမရှိကြတော့သည့်ကြမ္မာဆိုးကို ဘဝအတွက် ရန်းကန်ဖို့အင်အားတစ်ခုအဖြစ် ပိုင်နိုင်စွာဆုပ်ကိုင်ထားပြီးသည့် မိန်းကလေး ...၊

ဒါပေမယ့် ချက်ချင်းကြီး ရှေ့ဘုံပေါ် စံရမည့်အဖြစ်ကို ခုန်ပျံရောက်ရှိသွားတာအတွက်တော့ နည်းနည်းလေးဖြစ်ဖြစ် စိတ်လှုပ်ရှားသင့်သည်လို့ ထင်၏။ လောကဓံတရားတွေကို ရန်းကန်ရင်ဆိုင်ရင်း ပါရမီတွေရင့်သန်နေတာလား ...၊

ဒါမှမဟုတ် ဝမ်းသာလွန်ပြီး အိပ်မက်လိုလို ..၊ တကယ်လိုလို .. ကြောင်တောင်တောင်ဖြစ်လောက်အောင် ခံစားနေရတာလား ...

သူပဲသိလိမ့်မည် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"နေဦး"

အိတ်လွယ်ပြီး ရှေ့တစ်လှမ်းတိုးလိုက်သည်နှင့် လက်တစ်ဖက်က ဆန့်တန်းထွက်လာ၏။ ရင်ဘတ်ရှေ့မှာ ပိတ်ကာပစ်လိုက်သဖြင့် ဇင်ကို ခြေလှမ်းတုံ့သွားသည်။

ဒါပေမယ့် ဘယ်သူ့မျက်နှာကိုမှ မကြည့်ပေ။

"မင်းက တာကယ်သွားမှာပေါ့ .. ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါကို လုံးဝအစီပွာယ်မရှိတာ၊ ကိုယ်နဲ့ ဘာမှမတော်စပ်ပေမယ့် ဒီကောင်မလေးနဲ့ပတ်သက်ပြီး သူတို့တစ်အိမ်လုံးက မီးသေနေတာ၊ မင်း လက်ညှိုးထိုးသမျှ အားလုံးဖြစ်စေနိုင်တဲ့ကောင်မလေးကို လက်လွှတ်ခံ ပြီး ..."

"တော်ပါတော့ဗျာ၊ ခါးပိုက်နှိုက်ဘဝကနေ ဖိုးတွမ်တီး လူယုတ်မာ ထပ်မဖြစ်ပါရစေနဲ့"





ဇင်ကို က ဒေါသဖြစ်ဖြစ်နှင့် အကျယ်ကြီးထအော်သည်။ ပြီးတော့ လူကြီးသုံးယောက်စလုံးရှိနေကြသည့်ဘက်ကို လှည့်ရပ်လိုက်ကာ ...

"ဦးလေးဦးတင့်အောင်ဆီမှာ ကျွန်တော့်ကိုထားခဲ့တော့လဲ ငွေတွေ အများကြီးပုံပေးခဲ့တယ်တဲ့၊ အဲဒီငွေတွေက ဘယ်ကရတာလဲ"

ဦးဝင်းမြင့် မဖြေပါ။ မဖြေပေမယ့် ဇင်ကို က သိနေသည်။ သူတို့ပဲ ပြောပြထားတာဖြစ်၏။ မမ ကို ခိုးယူထားပြီး ဦးနတ်ရဲ ဆီက နည်းမျိုးစုံ နှင့်ညှစ်ထုတ်ယူခဲ့တာတွေ၊ ပြီးတော့မှ 'ကျုပ်က ပြန်ပေးဆွဲတာမဟုတ် ဘူး၊ ပြန်မပေး'ဟု စိန်ခေါ်ပြီး ခြေရာဖျောက်ပစ်ခဲ့သည်။

ထိုအချိန်မှာ မာနအလွန်ကြီးသည့် နတ်ရဲ က မိန်းမနှင့်ကွဲကွာလျက် မိသားစုပြိုပျက်ခဲ့သည့်ဝေဒနာများနှင့် အရက်ချိုးကြီးဖြစ်နေသည်မို့ မခံ ရပ်နိုင်သောဒေါသမာနတွေကြောင့် ဘဝဇာတ်သိမ်းသွားခဲ့တာဖြစ်သည်။

ဒါတောင်မှ 'ဝှဲလက်နဲ့မသတ်လိုက်ရဘူး'လို့ ကြိမ်းဝါးနေတုန်း တဲ့...၊

"သူ့အဖေရဲ့ငွေတွေနဲ့ ကျွန်တော့်ကိုမွေးတယ်"

"သူ့သမီးလဲပါတာပဲကွ၊ မင်းတစ်ယောက်ပဲစားတာမဟုတ်ဘူး"

"ဒါတော့ ဟုတ်တယ် ဇင်ကို၊ မင်းဦးလေးက ကလေးကိုတော့ မုန်း တဲ့ဖယားထဲမှာ ထည့်ထားတာမဟုတ်ပါဘူး၊ အဲဒါကြောင့် ဘယ်ကလေး က သူ့သွေးသားအရင်းဆိုတာတောင် ငါ မသိခဲ့ဘူး"

"တော်ပါတော့"

"ဟိတ်ကောင် ..."

ဇင်ကို က ခွတ်ထွက်သည်။ လက်လည်းပါ၊ ပါးစပ်ကပြည်းအော်ရင်း ဦးဝင်းမြင့်မျက်နှာကြီး နီလာ၏။

"သွားမယ်ဆိုလဲ ဘယ်အရပ်မျက်နှာဆိုတာ ပြောသွား"

"တစ်သက်လုံး ဒီတိုင်းပဲနေလာတာ၊ ကျွန်တော့်တောင်ကရုမစိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လွမ်းမနေပါနဲ့"

"ဟာ .. ဒီခွေးကောင်လေး လူကြီးကို မိုက်ရိုင်းနေတာ ..."

"အဟွန်း"

မဲ့တဲ့တဲ့မျက်နှာနှင့် ဇင်ကို က ဦးဝင်းမြင့်ကို စောင်းကြည့်သည်။

"ဦးဝင်းမြင့်ရဲ့ တူအဖြစ်ခံယူပြီး အားလုံးကို စွန့်လွှတ်ပစ်ခဲ့ပြီးပြီ၊ ဘာ ထပ်လုပ်ပေးရဦးမလဲ၊ ရိုင်းတယ်ဆိုရင်လဲ လူရိုင်းလို့ခေါ် လိုက်ပါ၊ မွေးစားထားတဲ့အုပ်ထိန်းသူတွေရှိတဲ့အမည်ခံနဲ့ ဇင်ကိုနဲ့ ယဉ်သကို ဆိုတဲ့ မောင်နှမ လမ်းပေါ်မှာပဲ နိုးဆိုးတိုက်နိုက်စားခဲ့ရတာ"

ဦးတင့်အောင် မျက်နှာငံ့ကျသွား၏။ ဒေါ်ဝင်းဝင်းကတော့ ဟိုအရင်ကလို အော်ကျယ်ဟစ်ကျယ်တွေ ဘာမှထပ်မပြောတော့ဘဲ တိတ်တိတ်နေ၏။

"ဘာပဲဖြစ်ဖြစ် မိဘမဲ့က မိဘမဲ့ပါပဲ၊ မိမဆုံးမ ဖမဆုံးမကောင်ဖြစ်နေတာ သဘာဝကျပါတယ်"

"ငါ့ကိုတော့ စောင်းချိတ်မပြောပါနဲ့ကွာ၊ ငါကိုယ်တိုင် ကိုယ့်အိမ်ထောင်ဝန်ကို မထမ်းနိုင်ခဲ့တာ မင်းတို့ သိပါတယ်"

"အဲဒါကြောင့် ဘာမှမပြောချင်တာ၊ ကျွန်တော့်ကိုလဲ ဘာမှ လာမပြောနဲ့တော့၊ ရန်ကုန်ပြန်ပြီးခြေချဖြစ်ရင်တောင် ကျွန်တော် ပြေးတွေ့မယ့်သူက 'မမ'..."

ဦးဝင်းမြင့်၏ တစ်ခြမ်းကွယ်ထားသည့် ပန်းတစ်ဖက်ကို မထိတထိ တိုးတိုက်ပြီး ဆင်းထွက်သွားသည်။ သူတို့ ဘာမှမတားဆီးလိုက်နိုင်ပါ။

အတန်ကြာမှ ဦးဝင်းမြင့် မျက်နှာကြီး ဦးတင့်အောင်ဘက်ကို လှည့်လာကာ ...

"သူတို့က ဘာဖြစ်လို့ ဒီလောက်ခင်တွယ်နေကြတာလဲ၊ ဟိုကောင်မ





လေးကလဲ နတ်ရေကန်ထဲကျသလို ချက်ချင်း ရတနာပုံပေါ် ရောက်သွားကာတောင် ငိုကြီးချက်မနဲ့ဆို ..."

"ဟုတ်တယ်၊ အဲဒီနေ့က နေ့ခင်းဘက်တောင် ကားနဲ့ပြန်လာရှာသေးတယ်၊ ညနေစောင်းမှ ထပြန်သွားတာ၊ ဇင်ကို ကလဲ သူ မပြန်မချင်း အိမ်ကိုဝင်မလာဘူး။ အဲဒါနဲ့ ငါလဲ မျှော်မနေနဲ့တော့ .. သူ ဝေးဝေးထွက်သွားပြီဆိုတာ ငါသိတယ်၊ မပြောရက်လို့မပြောဘဲနေတာ ဘာညာနဲ့ ရမ်းသမ်းပြောလွှတ်လိုက်ရတယ်၊ နကျတော့ သူက တကယ်သွားဖို့ဆုံးဖြတ်ထားတာပဲ"

ဦးတင့်အောင်လည်း မျက်နှာမကောင်းတော့ပေ။ ထွက်သွားကြပြီဆိုတော့လည်း နှစ်ယောက်စလုံး။

"မင်းကလဲ မောင်နှမအရင်းမဟုတ်ဘူးဆိုတာ ပြောပြမထားခဲ့ဘူးလား"

"ဟာ .. ပြောရအောင် ငါကိုယ်တိုင်တောင် သေချာသိလို့လား၊ မင်းရောက်လာရင် ရုပ်ရှင်ထဲက တကယ့်ဝိုထ်းစကားကြီးကျနေတာပဲ သုတ်သီးသုတ်ပျာ ပြေးပြေးလွှားလွှား မင်းဘာသာ တစ်ယောက်ပြီးတစ်ယောက် လာလာပို့တာ၊ ငါ့ကို ဘာများလိပ်ပတ်လည်အောင်ပြောတာရှိလို့လဲ၊ ပြီးတော့ ငါက အရက်မူးမှ စကားများတဲ့ကောင်၊ ငါ့မိန်းမက မမနဲ့ အချိန်မရွေးရန်ဖြစ်နေတဲ့သူ၊ မွေးစားပါတယ်၊ မပတ်သက်ချင်ပါဘူးပြောလဲ အရာမထင်ဘူး၊ အရင်းအချာမဟုတ်တာတွေ တစ်နေကုန်ထိုင်ပြောနေလဲ မောရင် ရေသောက်ရုံပဲရှိတယ်၊ သူတို့နားထဲမှာ အမူးစကား၊ အရူးစကားလို့ထင်ကြတာ"

"ဒါပေမယ့်ကွာ သွေးက စကားပြောတယ်ဆိုရင် ကြားကောင်းသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွေးမဟုတ်ဘဲ ညီအစ်ကိုမောင်နှမထက် သံယောဇဉ်ကြီးကြတာတွေ မင်း မကြားဖူးဘူးလား၊ နောက်ပြီး သူတို့မောင်နှမက လူမှန်းသိတတ်ပြီဆိုကတည်းက ဒုက္ခထဲမှာ လက်ပစ်ကူးခဲ့ကြရှာတာ"

စကားစပ်မိရင်း တစ်ယောက်တစ်အိမ်စီပို့ခဲ့မိသည့်အဖြစ်တွေကို အစအဆုံး ပြန်ပြောမိပြန်သည်။

"ငါ အဲဒီလူတွေကို ဒါတွေလုပ်မှန်း တကယ်မသိခဲ့တာ၊ သူတို့မောင်နှမ ပြန်ရောက်လာကြတော့ ငါ တာဝန်မကင်းခဲ့တာကို သတိရပြီး ငါ ကောင်းကောင်းစောင့်ရှောက်ထားတာပါ၊ ခါးလှုပ်ဖို့ ဝမ်းဝဖို့ထိတော့ မတတ်နိုင်ဘူးပေါ့ကွာ"

အားလုံး နားထောင်ပြီးမှ ဦးဝင်းမြင့်က သက်ပြင်းချသည်။

"အင်း .. တကယ်ဆိုရင် သူတို့ရဲ့ သားမဟုတ်ပေမယ့် ငါ့တူလေးပါကံကောင်းသင့်တာ"

"ဘာကိုပြောတာလဲ"

"မောင်နှမအရင်းတွေမှမဟုတ်တာကွ၊ သူတို့ချင်းလဲ ဒီလောက် သံယောဇဉ်ကြီးကြတယ်၊ ခေတ်သိမ်းမှာ ညားကြလေသတည်းဆိုရင် ပြီးပြီ၊ ငါ တကယ် အဲဒီလိုဖြစ်ဖို့ မျှော်လင့်ခဲ့တာ၊ ခုကော့ ...."

"မျှော်လင့်မနေနဲ့"

နောက်ကနေ ကောက်ခနဲ ဝင်ပြောလိုက်သည့် ဒေါ်ဝင်းဝင်းအသံကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြ၏။

ဒေါ်ဝင်းဝင်း က စားပွဲပေါ်မှာအထပ်လိုက် အစုလိုက် ပုံထားသည့် ထောင်တန်အုပ်တွေကနေ မျက်လုံးမခွာနိုင်ဘဲ ...

"ဒီမှာ ကျေးဇူးဆပ်ပါတယ်ဆိုတဲ့ငွေကို ကျွန်မတို့က နှစ်ပုံ၊ ရှင် တစ်ပုံယူပြီး အေးဆေးပြန်တော့၊ ဒါနဲ့ပဲကျေနပ်လိုက်ဖို့ပြောတာနော်၊ ညားကြ





လေသတည်းဖြစ်ဖို့ဆိုတာ အိပ်မက်တောင်မမက်နဲ့၊ ဇင်ကို က သူ့နောက်မှာ အဖွဲ့ဆိုလား၊ ဂိုဏ်းဆိုလား ရှိတယ်တဲ့၊ သွားလေရာမှာ အပုပ်နံ့က တထောင်းထောင်းဖြစ်နေမှာ၊ သူလဲ ဒါကိုသိလို့ သူ့လမ်းသူလျှောက်သွားတာပဲ၊ သူ့နောက် တကောက်ကောက်ပါရင်း မမတောင် ဂေါ်လီလေးလိုလိမ့်နေသေးတာ"

ဘယ်သူ့ကိုချီးမွမ်းပြီး ဘယ်သူ့ကိုကဲ့ရဲ့နေမှန်းမသိ၊ သို့သော် ...

ဇင်ကိုနဲ့မမ၊ ဦးတင့်အောင်နဲ့ဒေါ်ဝင်းဝင်း၊ ဦးလေးအရင်းဖြစ်သည့် သူကိုယ်တိုင်မှအစ ဒီလူစုတွေဟာ ဘယ်တုန်းကမှ မသင့်မြတ်ခဲ့သလို ဒီနေ့မှစ၍ နောင် ဘယ်သောအခါမှလည်း သင့်မြတ်ဖို့မရှိတော့တာ သေချာပါသည်။

အထူးသဖြင့် ဇင်ကိုနဲ့ မမတို့သည် လူချင်းဝေးနေကြပေမယ့် စိတ်ချင်းတော့နီးနေကြမှာပဲဖြစ်၏။ သူတို့နဲ့ကျတော့ ...

"ရှင့်တို့ ကျွန်မတို့လဲ သူတို့အပေါ်မှာ သင့်တော်ကောင်းမွန်တဲ့ အုပ်ထိန်းသူတွေမဟုတ်ခဲ့တာ၊ တကယ်စော်ကားပြောဆိုသွားလဲ မခံမရပ်နိုင်ဖြစ်မနေနဲ့၊ မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်တော့ရှိတယ်၊ ကျွန်မကတော့ ဒီငွေတွေရလိုက်တာကိုပဲ ကျေးဇူးတင်နေသေးတယ်၊ ရှင့်ရှင်းပဲလေ .. ကိုယ်လဲကောင်းခဲ့တာမဟုတ်ဘူး၊ ဒီလိုပြောဆိုသွားတာ နည်းသေးတယ်"

ဟု ပေါက်ဆိန်နဲ့ပေါက်၍ တရားပြနေသေးသည်။

မျက်ရည်လည်နေတာတောင် ဘယ်ရောက်သွားပြီလဲမသိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ပြီးရင် သွားမယ်"

ခေါ်ယဉ်ဆင့်ကို ခေါင်းဖြီးပေးနေသည့် မမ က အခန်းဝမှာပေါ်လာသည့် ပင်လယ် ကို တစ်ချက်ပဲ မျက်လွှာပင့်ကြည့်၏။ ပြီးတော့ ခေါင်းဖြီးမပျက်ဘဲနေပုံက မသိသလိုလို၊ မကြားသလိုလို ..။

"ဟာ .. ယဉ်သကို .. မင်း ..."

"ဘာလဲ၊ ဘာဖြစ်နေတာလဲ၊ ဒီမှာလုပ်နေတာမမြင်ဘူးလား"

"အို .. သမီးငယ်၊ ကိုကို့ကို အဲဒီလိုခံမပြောရဘူးလေ .."

မမ က ခေါ်ယဉ်ဆင့်ကျောနိုင်းနေတာကို အားကိုးနှင့် 'အစ်ကိုလဲမဟုတ်ဘဲနဲ့' ဆိုတာကို နှာခေါင်းရှော ပါးစပ်ရော ပေါင်းစည်းကာ အသံတိတ်ပြော၏။

"သမီးလေးရယ် .. လာပါဦး"

ခေါ်ယဉ်ဆင့်က မမ ကို လည်ပင်းလေးလိမ်၍မော့ကြည့်ကာ လက်မောင်းလေးတစ်ဖက်ကို ဆွဲလိုက်သဖြင့် ရင်ခွင်ထဲကို မမ တစ်ကိုယ်လုံး ယိုင်ကျလာ၏။





"သမီးလေးရယ် ..၊ သွက်လိုက်တာ .. အရမ်းချစ်ဖို့ကောင်းတာပဲ"

ဟုပြော၍ တအားဖက်ကာ ပါးခ်လေးတွေကိုနမ်းတော့ တကယ့်ရင်ခွင်ပိုက်ကလေးငယ်လေးလို မမ ကိုယ့်ကိုယ်ကိုယ်ထင်သွား၏။

တစ်သက်လုံးမှာ မတောင့်တရဲခဲ့သော မိခင်တစ်ယောက်၏ ယုယနွေးထွေးသောရင်ခွင်ဟာ ဒါပါလားဆိုသောအသိက မျက်ရည်စတို့နှင့် ပူးတွဲဖြစ်လာသည်။

ငါ့မှာ မေမေရှိတယ် ဆိုတာသိလိုက်ရချိန်၊ ဒီတိုက်ကြီးပေါ်ကို ပါလာခဲ့သည့်အချိန်အထိ နှလုံးသားက ထုံဆေးမပြယ်သေးသလို လှိုက်လှဲသော ဝမ်းသာပျော်ရွှင်မှုတို့ မဖြစ်ခဲ့ပေ။ ကိုစင့်ကို ခွဲလာရခြင်းကြောင့် ကြေကွဲနေခဲ့တာကပိုသည်ထင်၏။

ခုကျတော့ ကိုစင့်ကို မေ့သွားတာမျိုးလည်းမဟုတ်ဘဲ မေမေ့ရင်ခွင်ထဲတစ်ခါဝင်မိတိုင်း ကတုန်ကယင်ဖြစ်သွားတတ်သည့်ခြေလက်တွေကို အံ့သြချင်သည်။

မေမေသည် တစ်ခါတလေ 'သမီးလေး' လို့ နှစ်ခါသုံးခါခေါ်ပြီးထူးတော့လည်း၊ ခေါင်းခါပြကာ 'ခေါ်ရတာ ကြည်နူးလွန်းလို့ ခေါ်မဝနိုင်ဘူး' ဟုလည်း ဝန်ခံရှာ၏။

မမ သည် ပင်လယ်ကို ရန်လိုစွာကြည့်လိုက်ခြင်းနှင့် ဘာမှမဆိုင်သော မျက်နှာနုနုလေးကပြုံးလျက် ခေါ်ယဉ်ဆင့်ကို ပြန်ဖက်ထား၏။ ခေါ်ယဉ်ဆင့်က မေးဖျားလေးကနေ မော့ယူပြီး ငေးမောကြည့်ရင်း ..

"မေမေလေ .. သားလေးမွေးခဲ့တာလို့ သိထားတဲ့ကြားကနေ သားကြီးကို ချစ်နေမိတဲ့စိတ်နဲ့ သားငယ်လေးသာ သမီးလေးဖြစ်လို့ကတော့ရင် မေမေ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ ပြည့်စုံသွားမှာပဲလို့ တွေးမိခဲ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သားနစ်ယောက် အပြိုင်ဖြစ်လာတဲ့အခါ 'ငါကတော့ သားအရင်း မဟုတ်ဘူး' လို့တွေးပြီး သားကြီး တစ်မျိုးတစ်မည်ခံစားသွားရမှာစိုးလို့ပါ။

"လောကကြီးက ဒီလိုကျတော့လည်း တစ်ပြန်တစ်လှည့် ခံစားခွင့်ပေးသွားပဲနော်၊ မေမေ တစ်သက်လုံး ပူဆွေးသောကရောက်ခဲ့ရသမျှ ရပြီဆိုတဲ့နေ့မှာ အားလုံးကို ပြည့်ပြည့်စုံစုံရနဲ့တယ်၊ ပြီးတော့ ကိုယ့်ကလေးကို ပြန်တွေ့ရင်တောင်မှ လက်ရှိအုပ်ထိန်းသူတွေကိုခင်တွယ်ပြီး မိဘရင်းပေမယ့် ပြန်ခေါ်မရတာတို့၊ ခေါ်လို့ရရင်တောင် စိတ်မချမ်းသာစရာတွေပေါ်ကွယ်၊ အဲဒါတွေ လူတိုင်းလိုလို ကြုံကြရတယ်၊ မေမေကတော့ တစ်ခါတည်း နွေးနွေးထွေးထွေး ကောက်ပွေ့လာခွင့်ရခဲ့တယ်၊ ကြည့်စမ်း .."

"မေမေနဲ့မတွေ့ခင် မမက ဖြစ်သလိုနေ၊ ဖြစ်သလိုစားခဲ့ရတာတွေ ရှိတော့ ဒါတွေကြောင့် မေမေ့ဂုဏ်သိက္ခာထိခိုက်လာမှာတွေ မစိုးရိမ်ဘူးလားဟင် .."

"ဘာလို့စိုးရိမ်ရမှာလဲ သမီးရယ်၊ မေမေ့ရင်သွေးလေးကို နွံ့ဗွက်ထဲကပဲ ပြန်ကောက်ရ ကောက်ရ၊ ဆူးချုံပေါ်ကပဲ တက်ယူရပါစေ ...၊ အိုကွယ် ... ဒါတွေမပြောပါနဲ့တော့"

"ဟုတ်တယ် မေမေ၊ အဲဒါတွေ နောက်မှပြောတော့၊ အချိန်နီးနေပြီ၊ မေမေ့သမီး အခုထိ ဘာမှမလုပ်ရသေးဘူး"

"ဟင် .. ဟုတ်ပါရဲ့"

သားအမိနှစ်ယောက် မျက်လုံးချင်းဆုံတာနှင့် ပတ်ဝန်းကျင်ကို မေ့လေ့မေ့သွားခဲ့တာ ပင်လယ် မတ်တတ်ရပ်နေတာကိုလည်း မေ့၏။

ဒီနစ် ကျောင်းပြန်တက်ဖို့ မမ အတွက် သွားလာလှုပ်ရှားရမှာတွေ





ရှိသေးသည်။ ပြီးတော့ သူမအတွက် လိုအပ်တာတွေ ဝယ်ဖို့၊ ခြမ်းဖို့။

"ဘာမှမလိုဘူးလို့ ပြောပြီးပြီဥစ္စာ .."

"မင်းကို လိုအပ်ချက် ဖြည့်ဆည်းပေးချင်လွန်းလို့မဟုတ်ဘူးလေ၊ ကျောင်းတက်ဖို့က .."

"ကျောင်းလဲ မတက်ချင်တော့ဘူး"

"မဟုတ်တာ သမီးလေးရယ်၊ ကျောင်းမတက်လို့တော့ ရကိုမရတာ၊ သမီး ပထမနှစ်ပြီးခဲ့ပြီ၊ နောက်ထပ် .."

"တချို့ဆိုရင်လဲ ပထမနှစ်နဲ့ပဲ ပြီးလိုက်ကြတာ .."

"ယဉ်သကို .."

"သူများကို မမ လို့ပဲခေါ်ပါ၊ နာမည်ခေါ်တာ 'ဦးပင်လယ်' တစ်ယောက်ပဲရှိတယ်"

"သမီးရယ် ..၊ ဘယ့်နှယ် 'ဦးပင်လယ်' လဲ၊ မောင်နှမတွေပဲဟာ၊ ကိုကိုလို့ပဲခေါ်ပါ၊ သမီးကို အလိုလိုက်ပြီး လွှတ်လွှတ်လပ်လပ်ခေါ်ပြောပါစေလို့ ထားလိုက်လို့ရတယ်၊ ဒါပေမယ့် လူကြားမကောင်းဘူးလေ၊ သားကြီးကို မေမေ့-သားကြီးလို့ပဲ လူတိုင်းက သိထားတာ၊ မေမေ ကိုယ်တိုင် ပွေ့ပိုက်ယုယခဲ့တဲ့သားပါ၊ မေမေ့ရင်သွေးကလဲ သမီးပဲ၊ သားကြီးကလဲ ရင်သွေးပဲ"

မေမေ့ရှေ့မှာတော့ မမ မျက်လွှာလေးချနေလိုက်သည်။ ရင်ထဲမှာ နာစ်နေတာတော့မဟုတ်ပေ။ မေမေ့ကို စတွေ့လိုက်တုန်းက ဒီလူက 'ငါ့အစ်ကိုဖြစ်နေပြီလား' လို့ တွေးမိပြီး မျက်နှာတင်းတင်းကိုတောင် ဘယ်လိုပြင်ဆင်ရမှန်းမသိ ဖြစ်ခဲ့သေးသည်။ ဒီရောက်မှ ဘာမှမတော်စပ်ဘူးဆိုတာသိရတော့ ရှိရင်းစွဲမသင့်မြတ်မှုတွေက မူလအစ ပထမကအတိုင်း ..။



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပါးပါး ရှင်းပြစမ်းပါဦး၊ 'မမ' ခေါ်မကြိုက်ရတဲ့ ခံစားချက်တွေဖြစ်ခဲ့ပုံ .."

ကားပေါ်မှာ နှစ်ယောက်အတူပါလာကြတော့ ကားကို လိပ်သာသာလေးမောင်းနေပြီး ဟမ်းဖုန်းတစ်ဖက်နှင့် သူပဲပြောနိုင်လွန်းသည်။ ဖုန်းချလိုက်ပြီး လှည့်လာတော့ ကိုယ့်ဘက်ကို ..၊

တစ်ယောက်တည်း မကျေနပ်ချက်တွေ စုဆောင်းရင်း တုံ့ပြန်တော်လှန်ဖို့ကြိုးစားနေသည်မို့ စိတ်ကူးပျက်တော့ ဒေါသထွက်၏။

"ရှင်လဲ တော်တော်စကားပြောနိုင်တဲ့လူပဲနော်၊ ဖုန်းတွေပြောနေတာ နားတော့ အနားမှာရှိတဲ့လူ ..."

"မင်းကိုပဲ မေးချင်နေတာ ဟိုနေ့တွေကတည်းကပါ၊ ဖုန်းပြောနေရတာက ဒီနေ့ မင်းနဲ့ပဲ တစ်နေကုန်သွားမယ့်အခြေအနေဆိုတော့ အလုပ်ထဲမှာ ထားလို့မဖြစ်တာတွေကိုမှာနေရတာ .."

"အဲဒါ ကိုယ့်ဒုက္ခကိုယ်ရှာတာ၊ 'ကျွန်တော် အလုပ်ရှုပ်နေလို့ တာဝန်မယူနိုင်ဘူးဗျာ' ဆိုရင် ပြီးနေတာပဲ"

"ဘယ်တော့မှမပြောဘူး၊ ကိုယ့်ကို မေမေက ဝမ်းနဲ့လွယ်မမွေးခဲ့ရပေမယ့် ကိုယ်ကတော့ မေမေ့ဗိုက်ထဲကထွက်ခဲ့ရသလို မေမေ ဆိုတဲ့ အရိပ်ကို အရမ်းတန်ဖိုးထားခဲ့တာ၊ ချစ်လဲချစ်တယ်၊ မေမေ စိတ်ညစ်သွားလောက်အောင် 'ဟင့်အင်း' ငြင်းခဲ့တာမျိုး မရှိသေးဘူးဆိုရင် အဲဒါ အမှန် .."

ကားမောင်းနေရင်း မမ တစ်ဖက်လှည့်သွားတာကို ငဲ့ကြည့်ကာ ..

"မင်းအတွက်အချိန်ပေးဖို့က သင့်ကိုသင့်တဲ့ကိစ္စ၊ ဘာဖြစ်လို့လဲဆိုတော့ အလိမ္မာ စာမှာရှိ တဲ့"

ကြည့်စမ်း .. မမက ရှိုင်းစိုင်းတယ်ပေါ့။





"နာသွားလား .."

မမ မျက်နှာပြောင်းလဲသွားတာကိုကြည့်ပြီး ရှေ့ပြန်လှည့်၍ ခေါင်းလယ်က ပြုံးသည်။

"မင်းက ကိုယ်တိုင်ရိုင်းရုံတင်မကဘူး၊ သူများကိုတောင် ရိုင်းနိုင်းနေသေးတယ်"

"အဲဒါ မေမေ့ကို ခံပြောစေချင်လို့မဟုတ်ဘူး သိလား၊ ရှင်နဲ့ သွားလာနေရမှာကို စိတ်ညစ်လို့ .."

"ဖြစ်နိုင်တယ်လေ၊ မကောင်းဆိုးဝါးတွေ မှန်ကြောက်တတ်တယ်တဲ့"

"ဘာပြောတယ် .."

"ကြားဖူးတာပါ၊ ဟုတ်မဟုတ်တော့မသိဘူး"

"ရှင် .. ရှင် ကိုယ့်ပုံစံနဲ့ကိုယ် ခုံခုံညားညားနေနော်၊ လူကို စသလို နောက်သလိုတွေမပြောနဲ့၊ ဒီကပြောချလိုက်ရင် ခေါင်းခွဲခံရတာထက် ဆိုးသွားမယ်"

"ခေါင်းခွဲခံရမှာစိုးလို့ မပြောတော့ပါဘူး၊ မေးတာကိုပဲဖြေ .."

မမ က စူပုပ်ပုပ်မျက်နှာလေးနှင့် စောင်းချိတ်ကြည့်နေ၏။

"ပြောလေ .."

"မမ ဆိုတာကို တော်တော်စိတ်ဝင်စားနေသလား"

"မမ ကိုမဟုတ်ပါဘူး၊ မင်းကိုစိတ်ဝင်စားတာ .."

နှစ်ယောက်ပြိုင်တူကြည့်မိကာ မျက်လုံးချင်းဆုံသွား၏။ သူက ပြုံးလိုက်ပြီး ရှေ့ပြန်လှည့်၍ ...

"စတွေ့လိုက်ကတည်းက ဒေါသတွေဖြစ်ပြီး ဖျောက်လို့ကို မရတော့တာ၊ မြင်လိုက်တာနဲ့ ပြေးဆွဲပြီး တစ်ခုခုပြောချင်တာတွေ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကကျောသွားတယ်ဆိုပြီး အသက်ထွက်လောက်အောင် ဒေါသဖြစ်နေတာ .."

"ဟုတ်တယ်လေ၊ အမြဲတမ်း အချိန်မရွေး စိတ်လှုပ်ရှားနေရတာ မင်းကြောင့်ချည်းပဲ၊ တွေးကြည့်လိုက်တော့လဲ ရှေ့နောက်ဘယ်အစမ်း ကမ္ဘာမှာမှ ပတ်သက်ဖို့အကြောင်းမရှိတဲ့လူချင်း ဒီထက်စိတ်ဝင်စားဖို့ကောင်းတာ ဘာရှိသေးလဲ"

"ဒါဆို ပိုပြီးစိတ်ဝင်စားဖို့ကောင်းတာ ပြောပြဦးမယ်၊ မမ က ငယ်ငယ်ကတည်းက ဟန်တစ်လုံး ပန်တစ်လုံးနေရတာကို ဝါသနာပါတယ်"

"သြော် .. သြော် .. ဒါကြောင့် ခါးပိုက်နှိုက်ရှာတာ .."

"မမဘာသာ လုပ်သတ်နဲ့ သတ်ခဲ့၊ ကိုယ့်ဘဝနဲ့ကိုယ် .."

"ဟုတ်ပြီ၊ မပြောတော့ဘူး"

ပြုံးရိပ်သမ်းနေတာ ပျောက်မသွားသည့်မျက်နှာကို မျက်စောင်းတွေ အဆက်မပြတ်ထိုးနေချင်သည့်ဆန္ဒနှင့် မမ မျက်လုံးကလည်း ထိုထိမှာပဲ စွဲမြဲစူးနစ်နေ၏။ မုန်းပါသည်ဆိုမှ ..

"ငယ်ငယ်က ကိုစင့်ကို ကိုကိုလို့ခေါ်ရမယ်လို့ လူကြီးတွေ သင်ပေးကတည်းက ပြဿနာစခဲ့တာ .."

"ဦးတင့်အောင်က သင်ပေးဖော်ရတာပေါ့"

"အင်း .. ဒေါ်ဒေါ်ကြူနဲ့တုန်းက ဦးလေးကလဲ နွေးထွေးပါတယ်၊ ဒေါ်လေးလောက်ပါ ဒေါ်ဒေါ်ကြူက မဆိုးဘူး။ မိဘလိုမကောင်းပေမယ့် အမြင်မတော်တာတွေ့ရင် ဆုံးမတယ်၊ မသထားပေမယ့် ဖြူစုခဲ့တာသိပ်မရှိဘူး။ အထူးသဖြင့် စုလိုမျိုး စုနစ်သံချိုဟစ်ပြီ၊ သူများမကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်းမပြောတတ်ဘူး"

"မင်းတို့က အဲဒီအဒေါ်နဲ့ ကြာကြာမနေခဲ့ရဘူးလား"





"ဒေါ်ဒေါ်ကြူလား .."

"အင်း .."

"မနေခဲ့ရပါဘူး၊ မမ နှုတ်ကြမ်းလူကြမ်းဖြစ်ခဲ့ရတာ အဲဒီမိန်းမကြီးကြောင့်လဲပါတယ်၊ အစက ကျွေးလည်းကျွေး၊ အော်လည်းအော်နဲ့ ရက်တော့ ခေါင်းငုံ့ခံနေခဲ့ရတယ်၊ ဒါပေမယ့် ရက်နေလဲ ခံရတာပဲ၊ ဘာလို့ခံရမှာလဲဆိုတဲ့စိတ်တွေ ဝင်လာရော"

ဒီနေရာမှာတော့ ပင်လယ်မျက်နှာထက်မှာ ပြုံးနေတာတွေမရှိခဲ့ပေ။ ထူနက်သည့်မျက်ခုံးနှစ်ဖက် အနည်းငယ်တွန့်ကျုံ့ကျ ကားမောင်းနေရင်း အလေးအနက်နားထောင်၏။

"နောက်ကျတော့ သူ့အော်ကိုယ်အော်တွေဖြစ်ပြီး ဘယ်တော့မှ မျက်နှာချင်းဆိုင်လို့ကိုမရတော့တာ၊ ပြီးတော့ ကိုစင် ဘယ်လိုအဖြစ်ဆိုးပြီး လူဆိုးတွေနဲ့ပေါင်းမိခဲ့ရသလဲဆိုတာ သိရဲ့သားနဲ့ ခါးပိုက်နှိုက်မောင်နမဆိုတာ သူ့ကြောင့်ပဲ ကြေညာစရာမလိုအောင် ဖွင့်ကားသွားတာ၊ တကယ်ဆိုရင် အုပ်ထိန်းသူတွေ တာဝန်မဲ့ခဲ့လို့ဖြစ်တဲ့ကိစ္စ၊ သူက အရှက်မရှိတာမဟုတ်ဘူးလား"

"အဲဒါသိရဲ့သားနဲ့ မင်းကပါလွှဲပြီး စင်ကိုနဲ့လိုက်တော့ သူပြောသလို တကယ်ဖြစ်သွားရောမို့လား"

အဖြစ်သနစ်စုံကို ရက်ရက်စက်စက်တွေးနိုင်သည့်သူ့ကို မမ အံ့သြသလို တစ်ချက်တော့ကြည့်မိသည်။ အဖြစ်ကလည်း ဒီအတိုင်းပါပဲ။

ငယ်ငယ်လေးကတည်းက မမ နိုင်ခဲ့ရတာ စင်ကို တစ်ယောက်ပဲရှိသည်။ 'ကိုကို' လို့ခေါ်ရမှာစိုးသလို ကိုယ်က အငယ်ဖြစ်နေရတာကို တောင် မကျေနပ်ချင်ခဲ့တာအမှန်ပင်။

"ကိုယ့်ထက်အကြီးဆိုတာ 'ကိုကို' လို့မခေါ်ချင်ရင်တောင် 'ကို'



www.burmeseclassic.com

www.burmeseclassic.com



တပ်ခေါ်ရတယ်အေ့၊ ကိုဇင်၊ ကိုကိုဇင်၊ တစ်ခုခုပေါ့၊ အသက်ကလဲ တစ်လ၊ တစ်နှစ်လောက်ပဲကွာတာမဟုတ်ဘူး”

ဒေါ်ဒေါ်ကြူက ဤသို့ပြောဖူး၏။ ထို့ကြောင့် ..

“ဒါဆို သမီးက အကြီးဆိုရင် သူက ဘယ်လိုခေါ်ရမှာလဲ”

“ဟဲ့ .. အဲဒါကျတော့လဲ မမ ဖြစ်ဖြစ်၊ မမယဉ်ဖြစ်ဖြစ် မိန်းကလေး ဆိုတော့ ‘မ’ တပ်ပြီးခေါ်ရမှာပဲ”

“ဒါဆို မမ လို့ပဲခေါ် ..”

“ဘာရယ် ..”

“သမီးနာမည်ကို လူတွေမေးရင် မမ လို့ပဲပြောလိုက်ပေါ့၊ မမေးတဲ့ လူတွေကျတော့ မမ က အကြီးမို့လို့ ခေါ်တယ်ထင်လိမ့်မယ်၊ ဘာဖြစ်ဖြစ် အဲဒါပဲကောင်းပါတယ်၊ သမီးက အကြီးပဲဖြစ်ချင်တာ ..”

လူကြီးတွေက ဒေါသဖြစ်ကြ၊ ဆူကြနှင့် ဒီနာမည်ကို အသိအမှတ်မပြုခဲ့သော်လည်း ဇင်ကို ကတော့ အားလုံး မမစိတ်တိုင်းကျဖြစ်စေသူမို့ ‘မမ’ လို့ပဲခေါ်သည်။

မမ စိတ်ကောင်းလေးဝင်ပြီး ကိုဇင် လို့ခေါ်ပေးခဲ့တာလေးကိုပဲ သူ့ခမျာ ဟားတိုက်ရယ်ရင်း ‘သာခု’ ခေါ်ခဲ့သေးသည်။ ဒါတောင် ဒေါ်ဒေါ်ကြူက ဆူ၏။

“မင်းကလဲ၊ ဒီကောင်မလေးကိုပဲ သေလောက်အောင် အရှုံးပေးနေ”

“ဘာဖြစ်လဲ ဒေါ်ဒေါ်ကြူရာ၊ သူကျေနပ်ရင်ပြီးတာပဲ၊ မမ လို့ခေါ်ရတာ ကိုယ့်ဆီက ပုံပါသွားတာမှမဟုတ်တာ ..”

မမ ကလည်း အသားအနာခံပြီး ကြိုက်၏။ ‘မမ’ လို့ မခေါ်ဘဲ မထူး။ လူကြီးတွေရိုက်မှာစိုးလို့ ဇင်ကို က ‘မမရေ’ လို့ အော်ခေါ်ပေးမှ ‘လာပြီ’ လို့ အသံပေးပြီး ဂျစ်တီဂျစ်ကန်မျက်နှာလေးနှင့် ရောက်လာတတ်၏။





သူမ ဘယ်လောက်ဆိုးဆိုး ဒေါသဖြစ်တဲ့လူကပဲ ကိုယ့်ဘာသာ ထုရိုက်နေချင်နေလိမ့်မည်။ ရိုက်နှက်ကန်ကျောက်ပစ်ဖို့ သတိကိုမရကြတာ သူမ ကုသိုလ်ပဲထင်၏။ ထို့ကြောင့် လူတွေထင်ကြသလောက် နာကျင်ဝိုညည်းခဲ့ရတာမရှိဘဲ မမ ဆိုသည့်နာမည်ကို သူမ အပိုင်ရရှိခဲ့ခြင်းဖြစ်သည်။

“ငယ်ငယ်ကတည်းက စိတ်ဝင်စားစရာတွေ ပြည့်နှက်နေခဲ့တာပဲ၊ မဆိုးဘူး”

ပြောပြသမျှ နားထောင်ပြီး ပင်လယ်က မှတ်ချက်ချ၏။

“ဖြစ်နေကြုံနေရတဲ့ဘဝက ဘယ်လိုအခြေအနေဖြစ်ဖြစ် မင်းရဲ့ မသိစိတ်မှာ မင်းပိုင်ဆိုင်ရမယ့်ဘဝအတွက် စိတ်ဓာတ်အင်အားက ရှိနေခဲ့တာ ..”

“ဖြစ်ရပြန်ပြီ”

ခပ်တိုးတိုးပြောပြီး မမ ကမဲ့သည်။ တောက်လျှောက် သူချည်းပဲ ချီးဖွဲ့နှိမ့်ချပြောလာခဲ့တာ၊ ခါးပိုက်နှိုက်ရခြင်းအကြောင်းတွေ ..။

“ခုကျမှ ..”

နှုတ်ခမ်းမဲ့ပြီဆို လူမသိသိအောင်၊ မမြင်မြင်အောင် မပြီးစီးနိုင် မဲ့ရှုံ့နေသည့် နှုတ်ခမ်းသားလေးတွေကိုငုံကြည့်ပြီး ပင်လယ်က အသံထွက်အောင်ရယ်သည်။

“မင်း ကိုယ့်ကို နည်းနည်းပါးပါးခင်တဲ့စိတ်မဖြစ်ဘူးလား”

“မဖြစ်ဘူး ..”

“တကယ်လို့ မောင်နှမအရင်းတွေဖြစ်နေရင်တော့ မင်း ဒီလိုမဟုတ်လောက်ပါဘူး”

“ဘာ ..”



www.burmeseclassic.com

www.burmeseclassic.com



"လမ်းထွက်တိုင်း ခင်ကို့ကိုတွေ့မလားလို့ ကျိုးကန်းတောင်းမှောက် ရှာနေတာမျိုး .."

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်၊ တစ်သက်လုံးမှာ မင်းသတိမှတ်ခဲ့တာ တွယ်တာစရာ သူတစ်ယောက်တည်းလို့လေ .."

"ဟုတ်တယ်လေ .."

"အခု မိဘကိုတွေ့တာတောင် သူ့လောက်မခင်တွယ်သေးဘူး ထင်တယ်"

"ဒါကတော့ ကိုခင့်ကိုခင်ခဲ့တာက တစ်ယောက်နဲ့တစ်ယောက် ကျောချင်းကပ်မှီပြီး မဝရေစာ စားလာခဲ့ရတဲ့ ဘဝတစ်လျှောက်ပဲလေ၊ အဲဒီအချိန်မှာ မိဘရှိနေမယ်ဆိုတဲ့မျှော်လင့်ချက်တွေလဲ မရှိခဲ့ဘူး၊ တစ်နေ့နေ့ ငါတို့ ဘယ်လိုဘဝရောက်အောင် ကြိုးစားမယ်လို့ရည်ရွယ်ဖို့ ကလဲ လက်ထဲမှာအားပြုစရာ မြက်တစ်ပင်တောင်မှ မပိုင်ခဲ့တာ .."

ဒီစကားလေးတွေပြောနေတော့လည်း မမ မျက်နှာလေးကို ကရုဏာဖြစ်ခြင်းများနှင့် ငုံကြည့်မိပြန်သည်။

"အမေ ဆိုတာ မိုးပေါ်ကကျလာသလို ပေါ်လာတော့လည်း ကိုခင်က မိဘမဲ့ဘဝနဲ့ပဲပြီး သနားစရာကောင်းနေတာ .."

မျက်တောင်ဖျားလေးတွေ စိုက်ခနဲ စင်းကျသွားကာ တဖျတ်ဖျတ် ခတ်လာတော့ သူမ ငိုနေပြီမှန်းသိလိုက်၏။

"မမနဲ့ အတူတူလိုက်နေမယ်လို့ညာပြောပြီး တမင်သက်သက်နိုး ထွက်သွားတာ .."

"တမင်ဆိုတာက မင်းချစ်သလို သူကလဲ မင်းကိုချစ်လို့ ငုံညာသွားတာပါ၊ တွေးကြည့်မယ်ဆိုရင် ဘာမှမတော်ကြမှန်းသိပြီးတဲ့နောက်မှာ





အရွယ်ရောက်နေပြီဖြစ်တဲ့ သူ့အတွက် လူစိမ်းတွေကြားထဲမှာ အနေရ ခက်မယ်၊ မင်း သူ့ကြောင့် စိတ်ဆင်းရဲရမှာစိုးမှာပေါ့"

"ရှင်လဲ ဘာမှမတော်ဘဲနေတာမို့လား"

"ကိုယ်က လူကြီးတွေ ကျေနပ်နေတဲ့သူလေ၊ သူကျတော့ မင်းနဲ့ ပတ်သက်တဲ့အတွက် ငုံညာမှုနဲ့နှယ်ပြီး ကျေနပ်ပေးကြရမှာ .."

မျက်ရည်တွေပြည့်အိုင်နေသည့် မျက်ဝန်းလေးတွေ ဖျတ်ခနဲ ဝင့် တက်လာ၏။

"သူ့ဘက်ကဖြစ်သွားတဲ့ ခံစားချက်အပိုင်းကို မင်းမြင်အောင် ပြောပြတာ၊ ဘာပဲဖြစ်ဖြစ် ကမ္ဘာကြီးကကျဉ်းကျဉ်းလေးလို့ ပြောထားကြတာပဲကွာ၊ တစ်နေ့နေ့မှာ ပြန်ဆုံကြမှာပါ၊ အခုလောလောဆယ် မင်းကိုယ့်ဘဝအတွက် တက်လမ်းတွေရှိနေတာကိုကြိုးစားရမယ်၊ ရှိခဲ့ဖူးတဲ့ အညစ်အနွမ်းတွေကို ဆေးကြောပစ်တဲ့သဘောပေါ့၊ လွမ်းလို့ကျန်ရစ်ခဲ့တာတွေကသပ်သပ်၊ ထုတ်နုတ်ဖယ်ရှားသင့်တာတွေကို ဖယ်ပစ်ရမှန်းတော့ သိကိုသိရမယ်"

စကားအကောင်းပြောနေမိတုန်းက စိတ်မဝင်စားခဲ့မိသောမျက်နှာက လူကြီးသူကြီးလုပ်ပြီးပြောလာတော့ မှန်းစရာကောင်းတာတွေကို သတိရလာမိသည်။

ဒီလူနဲ့ပတ်သက်လို့ကတော့ သေချာပြီးသားပါ။ သံယောဇဉ်ဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကျောင်းဆက်တက်ခြင်းကို အစမှာ တော်တော်ဝန်လေးခဲ့ပေမယ့် နောက်တော့ အဆင်ပြေသွားခဲ့သည်။ မပြေတာက ညညမှာ ဘာသာစကားတွေ သင်ရခြင်းဖြစ်၏။

"ကွန်ပျူတာပဲသင်မယ်၊ အဲဒါပဲ စိတ်ဝင်စားတာ .."

"စိတ်ဝင်စားတာကို ကြိုးစားပေါ့သမီးရဲ့၊ မဝင်စားပေမယ့် သူများနဲ့ယှဉ်ရင် မကျန်ခဲ့ရအောင် တတ်ထားသင့်တာကိုလဲ သင်ရမှာပဲလေ၊ သမီးက ကလေးလေးမှမဟုတ်တာ၊ ကောင်းတာကို လမ်းညွှန်ရင် နားလည်ရမယ်"

မေမေက မမ ကို ပီဘိကလေးငယ်လေးကို ပြောဆိုချော့မော့တတ်သလောက် အန်တီခင်ကတော့ ချစ်ပေမယ့် အလိုမလိုက်တူးဆိုတာမျိုး..။

သူ ချော့မော့ပြောပုံက တစ်မျိုးမို့ တစ်ခါတစ်ခါ ကိုယ့်ကပဲ အချော့ကြိုက်နေသလိုလိုဖြစ်သွားတတ်တာကို ရှက်မိသည်။ စိတ်တိုဖို့တော့





မတွေးဖြစ်ပါ။ ကိုယ့်ကိုချစ်မှန်းလည်းသိနေသဖြင့် အင်တင်တင်နဲ့ပဲ ခေါင်းညိတ်နေခဲ့ရသည်။

"သမီးကိုကိုကလဲ အရမ်းအလုပ်ရှုပ်တဲ့သူရယ်၊ သမီးကို တော်စေတတ်စေချင်လွန်းလို့ ဆူဆူပြောပြောနဲ့ပဲ သင်နိုင်းနေတာပါ သမီးရယ်၊ ကြည်ကြည်သာသာ သင်လိုက်နော်၊ သမီးလေးမေမေက အခန်းထဲမှာ နားနေလဲ နားတစွင့်စွင့်၊ လည်ပင်းတရှည်ရှည်နဲ့ အန်တီဝင်သွားတာနဲ့ မေးပြီ၊ သမီးလေး သူ့ကိုကိုနဲ့ အဆင်ပြေရဲ့လား၊ ကောင်းကောင်းသင်နေရဲ့လား စုံနေတာပဲကွယ် .."

အန်တီခင်တို့က မေမေနဲ့ကိုင်ပေါက်ပြီး ပြောတဲ့နေရာမှာလည်း တော်မှတော်ပါပဲ။ ထို့ကြောင့် ညတိုင်း ပင်လယ်နဲ့မမ စားပွဲတစ်လုံးစီနှင့် တစ်ခန်းတည်းမှာအတူတူ။

"ဟား .. ဒီစာတစ်ရွက်ကိုရိုက်နေတာ ခုထိ မပြီးဘူးကွာ၊ ဟင်.."

သူ့စားပွဲကနေလှမ်းကြည့်ပြီး စိတ်ပျက်စွာညည်းရင်း ထလာကာမှ အနားရောက်တော့ ခါးနှစ်ဖက်ထောက်သည်အထိဖြစ်လေသည်။

"နိုင်းတာကိုမလုပ်ဘဲ ဂိမ်းဆော့နေတယ် .. ဟုတ်လား"

"မမ ပျင်းလို့ .."

နှုတ်ခမ်းစုကာ နှာခေါင်းလေးရှုံ့ပွပွနှင့် ပြောပြီးမော့ကြည့်တော့ သူ့ဖို့ပါးစပ်တစ်လုံးကြီးဖြစ်သွားသည့်စကားတွေ ဘယ်ဆီလွင့်ထွက်ကုန်မှန်းမသိ။ မျက်နှာကြီးတင်းထားလျက်နှင့် ရုတ်တရက် ဘာဆက်ပြောရမှန်းမသိဖြစ်သွားဆဲ မယ်မင်းကြီးမက နေသားတကျ ဆက်လိမ့်နေ၏။

"ယဉ်သကို .."

"ဦးပင်လယ်ကလဲ .. နားငြီးလိုက်တာ .."

"မင်း အဲဒီ ဦးပင်လယ် ခေါ်တာကြီးကိုပြင် .."



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ကွယ်ရာမှာခေါ်တာ၊ စောတာမြုတ် .."

"ရှေ့မှာကျတော့ ဘယ်လိုခေါ်ခဲ့သလဲ .."

မမက မော်နီတာပေါ်မှာ စူးစိုက်လျက် ပြုံးစိစိမျက်နှာလေးနှင့် ဘာမှပြန်မပြောဘဲ ပန်းတွန့်သည်။ ဟိုတုန်းကနေ့ စုထိ ရုပ်အင်္ကျီတွေပဲ အကြိုက်ဝတ်ခဲ့သမျှ ခုလည်း ညဝတ်အင်္ကျီအဝါရောင်လေးက ဆံပင်အလန်လေးတွေ ဝဲနေသည့်မျက်နှာလေးနဲ့ဆိုတော့ ကလေးမဟုတ်၊ လူကြီးမဟုတ် ..။

"ဟော့ .. မေးနေတာဖြေလေ .."

"ဟာ .. နေစမ်းပါ၊ ဒီမှာဆော့နေတာကို .."

"မဆော့နဲ့တော့ .."

ပင်လယ်က delete နှိပ်ပစ်လိုက်သဖြင့် အားလုံးပြီးဆုံးသွားခဲ့လျှင် ...

"ဟာ .. ညစ်ပတ်တယ်၊ ကြည့်စမ်း .."

ဒေါသတွေ အတိုင်းအဆမရှိဖြစ်သွားပေမယ့် မရတာကို မရမက ယူတတ်သည့်အနိုင်ယူလိုသည့်စိတ်ကရှိပြီးသား ..။ မမက ဂိမ်းထဲကို ပြန်ဝင်ဖို့ကြိုးစား၏။

ပင်လယ်က မမလက်ဖမိုးလေးတွေကို ဖိဆုပ်ကိုင်လိုက်ကာ ...

"တော်ပြီ၊ သွားပါတော့ .."

"ကိုကိုနော် .."

မမ ဆတ်ခနဲ ထရပ်လိုက်တော့ နှစ်ယောက်သား ရင်ဆိုင်ပြီးသား ဖြစ်သွားသည်။ 'ကိုကို' လို့မခေါ်နိုင်ပါဘူး ငြင်းနေသည့်ကြားကနေ မကြာခဏ ခေါ်ဖြစ်နေခဲ့သောအကြောင်းရင်းကို မမ မသိပေ။

ဖြစ်နိုင်သည်က သူ့ကျမှ လေးစားလွန်းလို့မဟုတ်သော်လည်း ကိုဇင်ကတော့ ငယ်စဉ်ကတည်းက သူငယ်ချင်းလို ခေါ်ပြောပေါင်း





သင်း၍ရင်းနှီးခဲ့သူ ..။

ရင်းနှီးခဲ့ပုံချင်း မတူတာပဲဖြစ်နိုင်၏။ ထို့ပြင် မေမေတို့၊ အန်တီစင်တို့ ပါးစပ်ထဲမှာ 'ကိုကို' ဆိုတာတွေကို မိုးမွှန်အောင် ထည့်ပြောနေတော့ ကိုယ်ကမခေါ်ဖြစ်ဘဲ ဒါကိုရင်းနှီးနေခဲ့သည်။

ခေါ်ဖြစ်တိုင်း အိုးတိုးအမ်းတမ်းဖြစ်ဖြစ်သွားတဲ့အတိုင်း ရန်တွေ့ဖို့စကားတွေရုတ်တရက်ပျောက်ကုန်ကာ သူကိုင်ထားသည့်လက်ကို ဆောင့်တွန်းပစ်မိသည်။

ပင်လယ် က တစ်ဖက်ကိုလွှတ်ပေးလိုက်ပြီး တစ်ဖက်ကို ဖိဆုပ်ထားလျက်နှင့် ..

"အဲဒီလို အမြဲလိမ္မာရမှာ .."

ပြုံးကျသွားသည့်နှုတ်ခမ်းအစုံကို အလွန်အမင်း ကြည့်မရစွာ မျက်စောင်းထိုးမိ၏။ လက်ကို ဆတ်ခနဲ ရုန်းပစ်လိုက်ကာ ...

"အလစ်အငိုက်ဖမ်းပြီး ဝိတိဖြစ်ရှာတာ သနားစရာပဲ"

"သနားစမ်းပါ၊ မင်းသနားမယ့်နေ့ကိုစောင့်နေတာ .."

ထိုစကားကြောင့် မျက်လုံးချင်းဆုံသွားပြန်၏။ ပင်လယ် က ချာခနဲ လှည့်ထွက်သွား၍ ...

"အိပ်တော့မယ်၊ ဂွဒ်နိုက် .."

ဒီလူကြီး တစ်ခါတလေ ပြောပြောသွားတာတွေ ..၊ ဘာတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မလာပါဘူးအေ၊ ညည်းနဲ့ ရှေ့ဆင့်နောက်ဆင့် ထွက်သွားတာ ညည်းသာ အခေါက်ခေါက်အခါခါလာတယ်၊ သူ လုံးဝပြန်မလာဘူး။ ရန်ကုန်မှာမပြောနဲ့၊ မြန်မာပြည်ထဲမှာတောင် ရှိသေးရဲ့လားမသိဘူး။ သူ့အရည်အချင်းနဲ့ နိုင်ငံခြားကိုသွားဖို့မလွယ်ပေမယ့် စုန်းစုန်းမြုပ်သွားပုံကတော့ ထူးခြားတယ်"

မမ က တစ်အိမ်လုံးကို နှံ့အောင်လျှောက်ကြည့်ပြီးမှ ဆိုင်ရှေ့မှာ ပြန်လာရပ်ပြီး ဒေါ်ဝင်းဝင်းကို စကားပြောသည်။

ဒေါ်ဝင်းဝင်းကလည်း အချိုမှုန့်အထုပ်သေးသေးလေးတွေ ထုပ်နေရင်း မော့မကြည့်ဘဲ စကားပြန်၏။

"ညည်းကိုလဲ တစ်ခုတော့ပြောချင်သေးတယ်"

မမ မျက်မှောင်ကြုတ်သွားမှာကိုသိသော်လည်း ကားကြီးပေါ်မှာ ထိုင်စောင့်နေသည့်အမျိုးသမီးကြီးထံ မျက်စနဲ့လှမ်းကြည့်ကာ ...





"သူတို့မှာလဲ သမီးကပူဆာလို့သာ ကြည့်နေရတာဖြစ်မှာ၊ ဘာမှ မတော်စပ်ကြမှန်းသိပြီးမှ အခြေအနေမဲ့တဲ့ သူစိမ်းယောကျ်ားတစ်ယောက်ကို တမ်းတမ်းစွဲနေတာ ဘယ်သဘောကျမလဲ"

"ကျကျ မကျကျ အဲဒါ မမ ကိစ္စပါ၊ ဒေါ်လေး ကိုစင့်ကို ဒီလိုမပြောပါနဲ့"

"အေးပါ၊ မပြောချင်ဘဲပြောရတာပါ .. ကျုပ်ကလဲ၊ ညည်းတို့ဘယ်လိုနေနေ ကျုပ်တို့နဲ့မဆိုင်တော့ဘူး"

"အမြဲတမ်း မဆိုင်တဲ့ဘက်မှာနေခဲ့တာပဲ၊ အပိုတွေ .."

"ဒို့ရဲ့အသိကလဲ လင်နဲ့စပ်မှ တုမ့တော်ရတာလေ၊ ညည်း ပြေပြေပြစ်ပြစ်ရှိပုံလေးတွေလဲ ထည့်ပြောပါဦး"

"ဒါကတော့ အလင်းပြန်တာမကြိုက်ရင် နေရောင်မှာ မှန်မစံနဲ့ လေ၊ မမနဲ့ စင်ကိုရဲ့ဘဝက လရိပ်မိုပြီး ကြီးပြင်းခဲ့ရတာမဟုတ်ဘူး၊ နေလိုမီးလို ကျင့်ခဲ့တာ .."

"အမလေး .. မယ်မင်းကြီးမ၊ စကားတတ်တိုင်းပြောနေလိုက်တာ၊ ကတည်းတော် .. ဟိုကုန်းထက် တစ်စက်မှမလျှော့သေးဘူး"

"သမီးလေး .."

ဒေါ်ဝင်းဝင်းအော်သံထွက်လာသည်နှင့် ဒေါ်ခင်ဆင့်ကလည်း မမ အနားကိုရောက်လာ၏။

"လူကြီးကို ဘာတွေသွားပြောနေတာလဲ သမီး၊ ကောင်လေးမရှိဘူးမို့လား၊ လာ .. လာ .. သွားရအောင်"

ဒေါ်ခင်ဆင့်မျက်နှာက ရှုံ့မဲ့မဲ့နှင့် ဒေါ်ဝင်းဝင်းကို စေ့ခနဲတော့ ကြည့်သွားခဲ့၏။ ကလေးတွေအဖြစ်ကို သိပြီးကတည်းက ဒီအိမ်သားတွေရဲ့ ဆက်ဆံရေးကို နားလည်မှုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ကိုလိုက်ပို့တိုင်း ထိုအမျိုးသမီး၏ ဒေါသသံတချို့တစ်ဝက်ကို လည်း ကြားရမြဲဖြစ်ရာ ကြားရတိုင်း သာယာနာပျော်ဖွယ် တစ်စက်မှ မရှိခဲ့တာကို သတိထားမိခဲ့၏။

ထိုအခါ မမကို ဆုံးမဖို့ ပါးစပ်ပြင်မိတိုင်း ..

"ဒီမိန်းမကြီး အဲဒီလို အော်ဟစ်ပြီးအရှက်ခွဲတတ်လွန်းလို့ မမက မိန်းမကြမ်းဖြစ်ခဲ့တာ .."

ဟု မမ တက်ခေါက်ခြင်းတစ်ချက်မှာ ပြောဖို့တွေ အားလုံးပျောက် ကွယ်ခဲ့သည်။ ခုလည်း မမ ဘာတွေပြောလိုက်မှန်းမသိပေမယ့် ဒေါ် ဝင်းဝင်း ထအော်လိုက်ခြင်းကြောင့် စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွားရ ကာ ကလေးက ပြောမှားဆိုမှားဖြစ်သွားရင်တောင် တောင်းပန်ဖို့အထိ စိတ်ကမဖြစ်ခဲ့ပေ။

ကားပေါ် ရောက်တော့မှ ...

"သမီးရယ် ..၊ လူကြီးနဲ့လူငယ်၊ ကိုယ်ဘာပြောပြော ကိုယ့်အလွန် ပဲဖြစ်မှာလေ၊ ဒေါသဖြစ်တိုင်း မပြောရဘူး။ လူလိမ္မာအမျက် အပြင် မထွက်ဆိုတာ အဲဒါတွေကြောင့်ဖြစ်လာတာပေါ့၊ ယဉ်ကျေးလိမ္မာတဲ့ လူတွေဆိုရင် ဒေါသကို အတော်အတန်ထိန်းနိုင်သွားပြီ၊ ပုထုဇဉ်အား လုံး ဒေါသကိုတော့ မပယ်နိုင်ကြပါဘူး။ ဒါပေမယ့် ထိန်းနိုင်ရင် လူတော်ပဲ"

"အန်တီခင်ကလဲ၊ ဒီလိုရပ်ကွက်မှာ သည်းခံတဲ့လူက လူကြောက် ပဲ၊ ဒေါ်လေးကို မမ အဲဒီလိုပြန်အော်နိုင်လို့ တစ်ရပ်ကွက်လုံး ငြိမ်ကုပ် သွားတာ၊ အစကဆို မမကိုမြင်တာနဲ့ ရွံစရာမစင်ပုံတစ်ခုလို၊ ခွေးသေ ကောင်ပုပ်ကြီးလိုလို ပေါ်တင်ရှုံ့မဲ့သွားကြတာ .. သိလား"

"သမီးရယ် ..၊ ခါက .."

"မမ ပြင်ပါတယ် အန်တီခင်ရဲ့၊ ဒေါ်လေးကလွဲရင် မမ တယ်သူ့ကို





မှ မရိုင်းတော့ဘူး"

"ဪ .. ကွယ် .."

"တချို့လူတွေက ကြောက်မှန်းသိရင် ဖြဲခြောက်တယ်၊ လေးစားမှု မရှိလေ ချိုးနှိမ်လေ၊ သူတို့ရှိန်တဲ့လူဆိုရင် အဲဒီလူ လူဆိုးစားပြ ဘာ ဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာ မတရားတာအကုန်လုပ်၊ မကောင်းမှု ဘာတွေ ကျူးလွန်နေနေ၊ မျက်လွှာချ ခေါင်းငုံ့ပြီးရှောင်သွားကြတယ်၊ အဲဒါ ရှေ့ တင်မှာပဲမဟုတ်ဘူး သိလား၊ ကွယ်ရာမှာတောင် အဲဒီလူအကြောင်း မကောင်းသတင်း မပြောတော့ဘူး။ ရပ်ကွက်အထာက အဲဒီလိုတွေရှိတယ်"

"အင်း .. သက်ငယ်စကား၊ သက်ကြီးကြားရတာကိုး .."

ဒေါ်ခင်ဆင့်က မမ မျက်နှာလေးကို ချစ်စနိုးကြည့်၍ပြုံးနေသည်။ ပြီးတော့ ပခုံးလေးကို ဖျတ်ခနဲရိုက်၍ ကားမောင်းခြင်းမှာ ပြန်လှည့်ရင်း..

"သမီးကို ကားမောင်းသင်ပေးဖို့ သမီးမေမေ ပြောနေတယ်"

ဟု တခြားအကြောင်းကိုပြောသည်။ မမ ဆတ်ခနဲခေါင်းညိတ်၏။

"ကောင်းတာပေါ့ ဟိုတစ်ခါ မမ အတင်းပြောတာတောင် ဦးပင် .. အဲ.. ကိုကိုက မသင်ရဘူးတဲ့"

မမ အလျင်အမြန်ထိန်းလိုက်ပေမယ့် စကားမှားသွားတာကို ဒေါ်ခင်ဆင့်က အမိအရပ်မိ၏။

"သမီးမေမေ တဖွဖွပြောပြီး ညည်းညူနေတာ အဲဒါပဲကွယ်၊ သားကြီးကို သမီးက ဘာဖြစ်လို့စိမ်းနေရတာလဲ၊ သမီးမေမေမျော သား ပျောက်ကိုရှာရင်း ဒီသားကြီးကို သားလိုပဲ ကျွေးမွေးယုယခဲ့ရတာ၊ ပြောရမယ်ဆို ကိုယ့်သားအရင်းလိုပဲချစ်ခဲ့တာ သမီးရဲ့၊ ခုလဲ အချစ်မပျက်ကြဘူး"

"ဒါပေမယ့် မမနဲ့ကျတော့ ရင်းနှီးခဲ့တာမှမဟုတ်တာ၊ အစ်ကိုအရင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်းလဲ သိနေတော့ ..."

"သမီးရယ်၊ အဲဒီလိုစကားတွေများ တောတောမပြောမိပါစေနဲ့နော်၊ သူ့စများ အကြောင်းကြောင်းကြောင့် နားထောင်နေရပေမယ့် ရင်ထဲမှာတော့ ကောင်းရှာမှာမဟုတ်ဘူး၊ အန်တီတို့ကလဲ နောင် ဒီလိုတွေဖြစ်မှာစိုးလို့ ဟိုတုန်းကတည်းက ဘာမှမတော်စပ်ကြတာကို ပြောထားခဲ့တော့ ခုချိန်မှာ ပြောမနာဆိုမနာဖြစ်နေကြတာ၊ တဖြည်းဖြည်းစိမ်းသက်ပြီး သွေးကွဲကုန်ကြမှာစိုးတယ်"

"အန်တီခင်ကလဲ၊ သူနဲ့မမ မရင်းနှီးတော့ရင်လဲ ရတာပဲ၊ သူနဲ့ဒေါက်တာစံနမူ လက်ထပ်တော့မှာမို့လား။ အဲဒီကျရင် ကိုယ့်လမ်းကိုယ်လျှောက်ကြပြီ"

"အို .. ဘယ်သူပြောတာလဲ၊ မထပ်ရပါဘူး"

ဒေါ်ခင်ဆင့် ပျာပျာသလဲပြောရင်း ကားကလည်း အအေးဆိုင်လေးတစ်ဆိုင်ရှေ့မှာ ဖြစ်သလိုထိုးရပ်လေသည်။

"ဆင်း သမီး ..၊ အန်တီ အအေးသောက်ချင်လို့ .."

ဟုပြော၍ ခေါင်းဆောင်ပြီးဆင်းသည်။ သို့သော် မှာလိုက်သည့် အအေးတွေ ရှေ့မှာရောက်လာကာ တစ်စက်မှမအေးတော့တဲ့အထိ မသောက်ဖြစ်ဘဲ ..

"သမီးကို သမီးကိုကိုက ဒီတိုင်းပြောသလား"

"မပြောပါဘူး၊ ဒါပေမယ့် အိမ်ကိုလဲ ထမင်းလာစားဖူးတယ်လေ၊ ကိုကိုနဲ့တွေ့သွားတဲ့အခေါက်ကလဲ အန်တီခင်တို့က အရမ်းသဘောကျနေကြတာ .."

"သမီးကိုကိုကရော .. သဘောကျတဲ့ပုံပြနေသလား .."

ဒေါ်ခင်ဆင့် အတင်းကာရောသိချင်နေတာက ပင်လယ်သဘော





ကိုဖြစ်နေ၏။ မမ ပြောတာကိုနားထောင်ရင်း မျက်နှာပြင်မှာ စိုးရိမ်ခြင်းတွေအပြည့် ..။

"အပြင်မှာ သားနဲ့စံတို့ ဘယ်နှစ်ခါလောက် တွေ့ဖြစ်သတဲ့လဲ"

"ဟင် ..."

"ပြော .. ဒီလိုလေ၊ သမီးနဲ့က ညဘက်ဆို စကားတွေပြောရင်း အတူနေဖြစ်တဲ့အချိန်က များတယ်မို့လား၊ ပြောတဲ့ဆိုတဲ့ထဲမှာများ ပါဖူးလားလို့ .."

"မပါပါဘူး၊ မမက စရင်တော့ရယ်တယ်၊ ဘာဖြစ်ဖြစ် အန်တီခင်ကလဲ .. မမစံက ကိုကိုကိုသဘောကျတဲ့ပုံပေါ်တာ အသိသာကြီး၊ ယောကျ်ားလေးက မသိဘဲနေမလား"

"သိတယ် .. သိတယ်၊ သားကြီးက ဟိုတုန်းကတည်းကသိတယ်၊ ဒါပေမယ့် အန်တီခင်တို့က အတင်းလိုရာဆွဲပြောရင်း စေ့စပ်တော့မလို ဖြစ်ခဲ့တာ .."

"အခုကျတော့ လက်မထပ်ရဘူးဖြစ်သွားတာ ဘာဖြစ်လို့လဲ .."

"အဲဒါက .. ဟို ..."

ဒေါ်ခင်ဆင့် မျက်နှာလွှဲသွားပြီး ပါးပွတ်သလိုလို၊ မေးကိုင်သလိုလိုနှင့် စကားသံ တော်တော်နဲ့မထွက်။

"ငါ့ ပေးစားချင်နေတာများလား" လို့ မတွေးမိဘူးလား ယဉ်သက်လေးရယ် ..၊ စက်ပဲ ..။

ပြောချင်နေသည့်ပါးစပ်ကို ကွယ်သလို၊ ကာသလိုပွတ်မိရင်း ဒေါ်ခင်ဆင့် ပြောရခက်နေတော့သည်။

ဘယ်လိုမှဖွင့်ပြောဖို့မလွယ်တာက မမနဲ့ရင်းနှီးဖို့ကို တစ်ဖက်နေပြန်စပြီး ကြိုးစားနေရသဖြင့် သူစိမ်းတွေလို့သိသွားပြီးမှ သည်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကိုပါ ကြွင်နာရမည်၊ ချစ်ခင်ရမည်ပြောဖို့က ခက်နေ၏။

ပိုဆိုးတာက မမဘက်က တခြမ်းတဲည်းအတည်ပြုထားသည့် မသင့်မြတ်ခြင်းပဲဖြစ်သည်။

ပင်လယ် အပြုံးမပျက် သည်းခံနေတာဟာ သူ့အမေကို တော်တော် ချစ်ခဲ့သော နဂိုစိတ်ရင်းကြောင့်ဖြစ်နိုင်သလို ညီမလေးလိုပဲ သဘော ထားလိုက်နိုင်တာလည်းဖြစ်နိုင်၏။

တစ်နေ့မှာတော့ 'သမီးငယ်နဲ့လက်ထပ်လိုက်ပါ သားရယ်' လို့ ဖွင့်ပြောရမှာပါ။ ဒါက အခြေအနေကို အကဲခတ်ရဦးမည်။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်စေချင်တာ အမှန်ဖြစ်ပေမယ့် ဘာမှဖိတ်မလာဘဲ ကိုယ့်အိတ်ထဲမှာရှိတာလေးပါ ထွက်ကျပျောက်ဆုံး သွားရင်ခက်မည်။

ပင်လယ့်ဘက်ကကြည့်တော့ သမီးမှာ တန်ဖိုးထားမြတ်နိုးထိုက် လောက်သည့် ပညာဟန်ပန်အမူအရာ တစ်ခုမှမရှိ ..။

ပြောသမျှစကားလုံးတွေက ရိုင်းတာလည်းပါ၊ ယဉ်တာလည်းပါ ..။

အရည်အချင်းကောင်းတွေကိုကြ ဖုံမှ ပညာတွေသင်နေရတုန်း ..။ သူမ ဟာ ကိုယ့်အတွက် ရင်သွေးရတနာလေးတစ်ပါးဖြစ်နေသော်လည်း အရည်အချင်းကောင်းများနှင့်ပြည့်နှက်လျက် သမီးရှင်တွေ မျက်စိကျနေ သည့် ပင်ဘယ်ဘက်မှာကျတော့ သမီးလေးက ...။

"အန်တီခင် .."

"ဟင် ..."

စားပွဲပေါ်တင်ထားသည့်လက်တစ်ဖက်ကို မမ က ဆုပ်ကိုင် လိုက်သဖြင့် ဒေါ်ခင်ဆင့်၏ထုးသံက လန့်သွားသလိုကြီးပင်။

အချိန်မတန်လို့ မပြောရဲသေးပါဘူးဆိုမှ ဒါကို ထပ်မေးလိမ့်ဦးမည်။





အခိကက ကိုယ့်ကလေးကို ဖျောင်းဖျနားချဖို့ထက် ပင်လယ့်ဘက်က သူကိုယ်တိုင် နှစ်သက်ခြင်းဖြစ်ဖို့ ..။

သူမ တို့မှာ ညီအစ်မ တိုင်ပင်မိတိုင်း ကိုယ့်သမီးလေးကို နှိမ့်ချ သလိုဖြစ်ရတာမို့ စိတ်ထဲမကောင်းနိုင်သလို ပင်လယ်ကိုယ်တိုင် နှစ်သက် မှုဖြစ်မှာမို့လည်း ကလေးတွေအနေအထား ပြောင်းလဲသွားဖို့ ဆုတောင်း ရတာအမော ..။

"အန်တီခင် .. အအေးသောက်ဦးလေ၊ ပူကုန်ပြီလားမသိဘူး"

"ကြိုက်မှဖြစ်မှာကိုး သမီးရဲ့"

"ဟင် .. ဘယ်လို .."

"ဪ .. အဲဒါလေ .. အအေးကိုမကြိုက်လို့ .. အဟွန်း .."

ရင်တွေပူပြီး ဘာတွေပြောထွက်ကုန်မှန်းလည်းမသိတော့ပါ။ မမ က ပစ်းတွေလှုပ်အောင်ရယ်လိုက်ပြီး အအေးဓာတ်ပျောက်နေပြီဖြစ် သည့်ဘူးကိုဆုပ်ကိုင်၍ ...

"သေချာတယ် .. ပူကုန်ပြီ"

သူမ က တစ်စက်မှမကျန်အောင်သောက်ထားသည့်ဘူးကို ကိုင် လှုပ်ပြရင်း ...

"မမတောင်ကုန်သွားပြီ .. တွေ့လား။ အန်တီခင်က အအေးမကြိုက် ဘဲနဲ့ ဘာဖြစ်လို့ အအေးဆိုင်ထဲဝင်ရတာလဲ"

ပြောတော့အေ .. ပြောတော့လို့သာ အော်လိုက်ချင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အဲဒီကိုသွားမယ်ဆိုရင် သမီးကိုခေါ်မသွားနဲ့၊ မလိုက်ပါနဲ့ သမီး ရယ်.."

လို့ မေမေပြောတုန်းက သူ့ကိုရော၊ မမကိုရော နှစ်ယောက်စလုံး ကို တားမြစ်ခဲ့တာဖြစ်သည်။

'ဖြစ်ပါတယ်၊ လိုက်ပါစေ' လို့ ဖိဆန်ခေါင်းညိတ်ခဲ့တာက သူ ..။ မမ ကားပေါ်မှာပါလာခဲ့တော့လည်း သူကျေနပ်နေသေးသည်။

ခုကျမှ ...။

"ကိုပင်လယ် .. တစ်ခုခုများ သွားစရာရှိလို့လား"

"မဟုတ်ပါဘူး။ ရတယ်"

နာရီငုံ့ကြည့်ပြီး လမ်းဘက်ကိုမျှော်ကြည့်လိုက်တာမြင်သွားသဖြင့် ဒီပရောဂျက်ရဲ့ ဒါရိုက်တာ ဦးကိုကိုကြည်က အားနာဟန်နှင့်မေးသည်။





စားပွဲတစ်ဝိုင်းတည်းမှာရှိနေကြသည့် ဒါရိုက်တာနှစ်ယောက်နှင့် 'မြင့်မား' ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်လင်မယားရော၊ အင်ဂျင်နီယာ တွေကအစ လှည့်ကြည့်လာကြ၏။

"လုပ်ပါ၊ ကျွန်တော့်ညီမထွက်သွားတာကြာလို့ လှမ်းကြည့်တာ၊ ဘာမှမဟုတ်ဘူး"

"ဟုတ်သားပဲ၊ မိန်းကလေးပါလာတာ မြင်တော့မြင်လိုက်သား၊ ဒီဘက်နေရာတွေက သိပ်သန့်ပုံမပေါ်ဘူး.ပင်လယ်၊ စိတ်ပူနေရင် လိုက် သွားပါလား"

သူ့ရွှေဦးဒီလုံးက သူနဲ့အရင်းနှီးဆုံးမို့ အကြံပြု၏။ အစကတည်း က ခြေလှမ်းပြင်နေခဲ့သည့် ပင်လယ် ကလည်း ယာယီရုံးခန်းသစ်လေး ထဲမှာရှိနေသည့်လူအားလုံးကို တစ်ချက်ဝေ့ကြည့်၍ပြုံးပြကာ အပြင်ကို ထွက်လာခဲ့သည်။

လမ်းဆုံလမ်းခွမှာ ကျယ်ဝန်းကြီးမားစွာ ဖောင်ဒေးရှင်းချထားပြီး ဖြစ်သည့်ကုန်တိုက်ကြီးရဲ့နောက်က လမ်းသွယ်လေးထဲကိုဝင်ခဲ့ရင်း ဒီနေရာမှာအုတ်မြစ်ချဖို့ လုပ်ငန်းမျက်နှာစာဖွင့်ခဲ့မိသည့်အဖြစ်နှင့် မမ နဲ့ လာရောက်ပတ်သက်ခဲ့ပုံကို ဆက်စပ်စဉ်းစားလာမိသည်။

ဖောင်ဒေးရှင်းမစခင် သူ ပထမဆုံးလာကြည့်တုန်းက မမနဲ့ ပြန် ဆုံခဲ့၏။ နေရာအတွက် မလွှတ်မကင်းရှိနေသည့် နောက်ဖေးလမ်းကြား ကိုရှင်းလိုက်တော့ အိမ်ငယ်လေးတွေမရှိတော့ဘဲ ကုန်တိုက်နောက် ကျောကပ်လျက်မှာ မမတို့အိမ်တန်းနှင့် ကျောချင်းကပ်ဖြစ်သွားသည်။

မမ အိမ်ကိုရောက်လာပြီးမှ ဒီကို သူလာတိုင်း လိုက်ဖို့ပြင်သည်။ မေမေက မကြိုက်ပေ။ မမကို အပြင်းအထန်မတားပေမယ့် ဖွယ်ရာ မှာ ညည်းညူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ရမယ်မှန်းမသိတော့ဘူး မမရယ်၊ သားကလဲ အဲဒီနေရာမှာ အလုပ်လုပ်နေတယ်၊ သမီးလေးကလဲ ဟိုကောင်လေးကို တငင်ငင်နဲ့ အဲဒီဘက်ကို ခြေဦးလှည့်ဖို့ နေ့ရှိသမျှ ပြင်ဆင်နေတော့တာပဲ၊ မကောင်းခဲ့တဲ့အတိတ်ကြီးကို မေ့ပစ်စေချင်တယ်၊ ဒါပေမယ့် မပြောလို့ကိုမထွက်ဘူး၊ သမီးလေး တစ်မျိုးမြင်သွားမှာစိုးလို့ .."တဲ့။

ဒီနေ့တော့ အားလုံးရှေ့မှာ သူ့နောက်ကပြေးလိုက်ပြီး မှဆာသည်။ ဒီတစ်ခါတော့ တမင်တကာကြီး မထားခဲ့ချင်တော့တာမို့ ခေါ်လာခဲ့တာပါ။

ကားရပ်သည်နှင့် ကားပေါ်က ဖြုတ်ခနဲဆင်းသည်၊ ငါ့အမေ လုပ်နေတဲ့လုပ်ငန်းကြီး ဘယ်လောက်ကြီးကျယ်သလဲ၊ ဘယ်လိုနိုင်မာသလဲ၊ ဘာမှကိုစိတ်မဝင်စားတာက တစ်ချက်မှ မော့မကြည့်ခဲ့ခြင်းမှာ သက်သေပြသွားသည်။

တကယ်ဆို အာမခံလုပ်ငန်းတွေမှာ အောင်မြင်နေလျက်နှင့် နောက်ထပ်လက်တစ်ဖက် ဆန့်ကြည့်တာဖြစ်သည်။ အိမ်မှာလည်း ဒီလုပ်ငန်းအကြောင်းပဲ မေမေတို့က တဖွဖွမေးသည်၊ သူ ရှင်းပြနေတာလည်း ပျင်းရိငြီးငွေ့ဖွယ် ပုံပြင်ဟောင်းကြီးတစ်ပုဒ်ထက်တော့ သာမှာပါ။

ဒါလည်း မမ တို့က စိတ်မဝင်စားခဲ့ပေ။ သူမ သည် 'ငါသူဌေးသမီး ဖြစ်သွားပြီ' ဆိုသော ဝိတိနှင့်မနေ ..။ 'လွတ်လပ်ခြင်းတွေပျောက်ဆုံးကုန်ပြီ' ဆိုသည့် နမြောတသခြင်းနှင့်နေ၏။

ပျောက်ဆုံးခြင်းတွေထဲမှာ သူမ နမြောဆုံးက ငင်ကိုပဲဖြစ်မှာပါ။ ဒီနေရာကိုမရောက်လည်း လွမ်းနေသည်၊ တမင်လာပြီးလည်း လွမ်း၏၊ မလွန်ဘူးလား ..။

အလုပ်လုပ်နေတဲ့သူ အနှောင့်အယှက်ဖြစ်လာအောင် လွမ်းပဲလွမ်း





နိုင်လွန်းတဲ့ကောင်မလေး ..။

လမ်းတစ်ဆစ်ချိုးထဲကို ကွေ့ဝင်လိုက်စဉ်မှာ အိတ်ထဲကဖုန်းခေါ်သံလေးက မြည်လာသည်။ ရှေ့မှာလည်း ဆိုးဝါးသည့်မြင်ကွင်းတစ်ခုက ဘွားခနဲ ဆီးကြိုလျက် ..။

သူ ရှေ့ကို စူးစိုက်ကြည့်ရင်း ဖုန်းထုတ်ယူသည်။ မြင်ကွင်းထဲမှာ လူကြီး လူငယ် မိန်းမ ယောကျ်ားတွေ လူအုပ်ကြီးရှိနေကာ လူပုံအလယ်မှာ ဓာတ်လိုက်က 'မမ' ..။

တကယ်ဆို ယဉ်သကို ဆိုသည့်နာမည်ကို အလိုက်ဖက်ဆုံးပေးသွားခဲ့သူကို ချီးမွမ်းထိုက်သေးသည်၊ ထိုနာမည်ကသာ သူမ နဲ့ တကယ်ယှိုက်ဖက်တာဖြစ်သည်။

မမ တို့ရောက်လေရာအရပ်မှာ ယဉ်သကို ..။ အိမ်ကထွက်ပြီဆိုတာနဲ့ ယဉ်သကိုပါပဲ။

ကြွားရွားလှပသည့် ခွေးတစ်ကောင်နှင့် ပိုင်ရှင်နဲ့တူသော လူကြီးတစ်ယောက်ကို မမ က ကျားကျားလျားလျား ရင်ဆိုင်နေ၏။

"အင်း .. ဟုတ်တယ်၊ ခဏလေးနော် ပြီးရင် ပြန်ဆက်လိုက်မယ်၊ အိုခေ .."

သူ ဖုန်းကိုပြန်ပိတ်ပြီး အိတ်ထဲထည့်နေရင်း ထိုအုပ်စုနှင့်မနီးမဝေးသို့ရောက်၏။

"ခွေးကိုက်ပါတယ်၊ ပေါက်သွားပါတယ်ဆိုမှ အပေါက်ဘယ်မှာလဲမေးနေသေးတယ်၊ ခွေးကိုက်ရာကို ကြည့်ချင်တာရော ဟုတ်ရဲ့လား"

"ဟော .. နင်က မဆီမဆိုင် မိုက်ရိုင်းလှချည်လား၊ ခွေးကိုက်ပါတယ်ပြောပြီး မြို့ရှေ့ကိုရောက်လာတိုင်း အလျော်ထိုင်ပေးနေရအောင် ငါက မျက်စိကန်း နားကန်းမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား၊ သေချာမှတ်စမ်းကြည့်ဦး၊ ခွေးကိုက်တာ၊ အော်ပြီးပြေးနေတာ တစ်လမ်းလုံးမြင်တယ်၊ ဦးပုတစ်ယောက်ပဲ မမြင်ဘူး မကြားဘူးဆိုတော့ .."

"အံမာ .. တင့်အောင်တုမမို့လား၊ ငါ ဝါးလုံးနဲ့သိမ်းရိုက်လိုက်ရရင် သေတော့မယ်"

"လုပ်ကြည့်လေ၊ ဦးပုကို အသက်ကန်တော့ပြီး နားရင်းကွဲအောင် သမပေးလိုက်မယ်၊ ဝါးတိုဝါးစ ပြေးဆွဲဖို့ကိုမလိုဘူး"

"မမ .. မမ .. ဟော့ .. လာစမ်း .."

လူအုပ်ထဲကို ဦးတင့်အောင် ရောက်လာတာမြင်လိုက်ရပြီး မကြာမီ ဒီနေရာမှာ ကမ္ဘာမြေကြီးပာက်တက်ကွဲတော့မယ့်အတိုင်း မမကို ဒရွတ် တိုက်ပါမတတ် ဆွဲခေါ်နေ၏။ မမ ကလည်း ခြေလှမ်းရှန်းပစ်ကာ ...

"ဘာလို့လာရမှာလဲ၊ ဒီလူကြီး ကိုက်တတ်တဲ့ခွေးကိုမွေးထားပြီး အကိုက်ခံရပြီဆို သူ့ခွေးမဟုတ်သလိုလို ဘာလိုလို၊ နိုင်ရတဲ့သူကျတော့ ခုလိုဗိုဟောက်ပြီး ပြောင်လိမ်တယ်၊ လုံးဝမတရားဘူး၊ အဲဒီခွေးဝဲစား မမကိုလဲ ကိုက်ဖူးသေးတယ်၊ အမှိုက်ပုံမှာ ချေးခြောက်လိုက်စားနေတဲ့ ခွေးကို ကျွေးမွေးထားပြီး ကိုယ့်ဟာကိုယ်နိုင်အောင်လဲမထိန်းဘူး၊ ဟိုမှာ ကောင်မလေး စကတ်ကြီးပြဲနေတာ တွေ့လား၊ ပေါင်မှာ ပေါက်သွား တယ်တဲ့၊ ခေါ်မြင့်တို့ ကြည့်ပြီးပြီ"

"နင်ရော မြင်လို့လား"

"ဦးလေးရယ် ..၊ မမ က သူများပြောတာနဲ့ ယောင်ဝါးဝါးပြော စရာလား"

"ဘာမြင်တာလဲ၊ ဇုံခွေးက ဒီအပျိုပေါက်အရွယ်ကို ပေါင်အထိ တက် ကိုက်နိုင်မလား"





"ကိုက်တယ် ဦးလေးပုရဲ့၊ တော်ပြီ .. ဘာဖြစ်သွားသွား .. နေပါစေ တော့ .."

ခွေးကိုက်ခံရသည့် ဆယ့်သုံးနှစ်လောက်အရွယ် မိန်းကလေးက ငိုယိုပြောရင်း အားလုံးထဲကနေထွက်သွား၏။

"နေဦး .. နေဦး၊ ခွေးမွေးတဲ့အိမ်က ဆန်ဝါးလေးဖြစ်ဖြစ် အုံရတယ်၊ ဟိုတုန်းကဆို ပိုက်ဆံတစ်မတ်နဲ့ ဆန် .."

"တစ်မတ်စေ့တွေ ပြတိုက်ထဲမှာတောင် ရှိဖို့မသေချာတော့ဘူး"

မမ စကားမဆုံးခင် ဦးပု ဆိုသည့်လူကြီးက ဘေးပြောပြီး ပြန်လှည့် ဝင်ဖို့ပြင်၏။

"အံမာ .. ဒါ တစ်မတ်နဲ့ကျေနပ်ရမယ့်ခေတ်မဟုတ်ဘူး၊ ဦးပု တောင် နားလည်နေရင် ကျွန်မတို့လဲသိတာပေါ့၊ ခုခေတ် ရောဂါအဆန်းအပြား တွေအရ သူ့ကို ခွေးရူးပြန်ကာကွယ်ဆေးထိုးဖို့ ဦးပု ပေးရမှာ"

"ဘာ .. ဘာပြောတယ်"

"မပေးဘူးလား၊ မပေးချင်ရင် အဲဒီလက်ထဲကခွေးကို လွှတ်ပေး လိုက်၊ ဒီနေရာမှာတင် ရိုက်သတ်ပစ်မယ်"

"ဟ .. မိန်းကလေးဖြစ်ပြီး ကြမ်းတမ်းလှချည်လား၊ ဒီကိစ္စ နင်နဲ့ မဆိုင်ဘူးနော် မမ၊ ကာယကံရှင်ကလဲ ပြီးနေပြီ၊ သူ့ကို ခွေးမကိုက်မိဘူး ဆိုတာသိလို့ အနာလှန်ပြဖို့တောင် မတတ်နိုင်တဲ့ကိစ္စ .."

"ခွေးမကိုက်ဘူးချည်းပဲ ဘာဖြစ်လို့ငြင်းနေဘာလဲ"

"သူ့မှာ ဒဏ်ရာမှမရှိဘဲ"

"သူ မပြဝံ့တဲ့နေရာမှာမို့ပေါ့"

"အဲဒါကြောင့် မကိုက်ဘူးလို့ပြောတာ .."

"ခွေးကိုက်ရာကို ကြည့်ရမှာလား၊ ဦးပု ကိုက်တဲ့အရာကို ရှာရ



www.burmeseclassic.com

www.burmeseclassic.com



မှာလား"

"ဘာ .. ကြည့်စမ်း၊ မိမဆုံးမ ဖမဆုံးမလေး .."

"ဟုတ်တယ်၊ မမတို့က ယေ်စဉ်ကတည်းက ရင်ခွင်မဲ့ကြီးပြင်းခဲ့ရတာ၊ နောက်ထပ်ရိုင်းတာတွေ အများကြီးရှိသေးတယ်"

"တောက် .. သွားကြ .. သွား .."

"မသွားနိုင်ဘူး၊ ဟော့ .. မိသန္တာ မသွားနဲ့ အကိုက်ခံရတဲ့လူပေါင်း မနည်းတော့ဘူး၊ ခွေးကိုဖြစ်ဖြစ်၊ လူကိုဖြစ်ဖြစ် ပညာပေးမှဖြစ်မယ်၊ ဘယ့်နှယ် .. ခွေးက မိမဆုံးမ ဖမဆုံးမ ထွက်ကိုက် .."

"ဟာ ..."

"ဟိုး အိမ်ခေါင်းထဲမှာ မျက်မှန်ကြီးတဝင်းဝင်းနဲ့နေပြီး ဘာမှမကိုက်မိဘူး၊ ထွက်အပြင်းထူ၊ ခွေးရော လူရော ဒူးနံ့နေခဲ့တာကြာပြီ"

"အဲဒါ နင် ဘယ်နှစ်ခါခံရဖူးသလဲ၊ ဒီလောက် ခံစားချက်တွေ မြင်းနေတာ .."

"အမလေး .. ခဏခဏ အကိုက်ခံရတာပေါ့၊ စိတ်မချမ်းသာစရာတွေ မြင်တွေ့နေခဲ့ရတာလဲ ခံစားချက်တွေပဲ၊ ဒီလမ်းထဲမှာ ဒီခွေးက ပြေတီဦးထက်တောင် နာမည်ကြီးသေးတယ်"

"ကြိုက်တဲ့နေရာမှာသွားတိုင်၊ တစ်ပြားမှမပေးဘူး"

ဦးပု အသားတဆတ်ဆတ်တုန်အောင် ဒေါသထွက်နေသမျှ မမ က ခါးထောက်ပြီးမဲ့၏။ ပြီးတော့ မိသန္တာ ဆိုသည့်ကောင်မလေးဘက် ကို လှည့်၍ မေးဆတ်ကာ ...

"သွားလိုက်တော့ မိသန္တာ၊ ဒီခွေးကိုမှမရှင်းနိုင်ရင် နောက်ထပ် ဘယ်သူပြုပြု ကွဲကွဲ .. ဦးပုက မကိုက်ပါဘူးငြင်းမှာပဲ၊ ခွေးကို ကိစ္စတုံးဖို့ ငါ တာဝန်ထား .."





"ဟာ .. မမ .."

ဦးတင့်အောင် ထိတ်လန့်တကြားဆောင့်ဆွဲကာ မမ ကို သူ့ဘက် ယိုင်ကျလာအောင်လုပ်၏။ မမ က ယိုင်နဲ့ပါသွားသည့်တိုင် ပါးစပ်က အပြောမရပ် ..။

"နင် တော်တော်ခက်ပါလား၊ ဘယ်ကဘယ်လို ရောက်ချလာတာလဲ"

"ဘယ်ကရောက်ရောက် ဘာဖြစ်လဲ၊ ခွေးကိုက်တိုင်း မကိုက်မိပါဘူး၊ မြစ်မိရုံလေးနဲ့ပါဆိုပြီး သူ့ပဲဒိုင်ခံငြင်းနေတာ၊ သူကိုက်တာ သူသိလို့ပေါ့"

"တော်ပြီ .."

ဦးတင့်အောင် အထိတ်တလန့် မနိုင်မနင်းဆွဲနေတဲ့ကြားကနေ စိန်မြရုံလက်စွပ်နှင့် စိမ်းညို့သောမွေးညင်းတချို့တင်နေသည့်လက် တစ်ဖက်က မမလက်မောင်းတစ်ဖက်ကို ပိုင်နိုင်စွာ ဆွဲခေါ်သွား၏။

ရန်ပွဲကို အားပါးတရကြည့်ဖို့ ဝိုင်းနေသည့်လူတွေ .. ပင်လယ်နဲ့ မမဆီကို သမင်လည်ပြန်လိုက်ကြည့်ကြ၏။ ပြီးတော့ တီးတိုးစကားတွေ ဆိုနေကြကာ တိတ်ဆိတ်နေခဲ့သောနေရာလေးမှာ ကျွတ်စီကျွတ် စီ ဖြစ်ကျန်ရစ်လေသည်။

မမ ဒီနေရာမှာ ဘယ်လိုပုံစံနဲ့ ခေတ်စားခဲ့မှန်းလည်း ပင်လယ် ပိုသိသွား၏။

လက်လန့်ပါသည် ယဥ်သကိုမမ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"တကယ် .. တကယ်၊ မင်းကို လက်လန်တယ်"

"ဝါသနာပါရင် တစ်ကိုယ်လုံးလန်လို့ရတယ်"

ကိုယ်က ဒေါသဖြစ်ရမလားမှတ်သည်၊ မျက်နှာလေး ရှုပုပ်နေတာ တင်းပြတ်ထွက်တော့မတတ်။

"ကိုကို ဘာဖြစ်လို့လိုက်လာတာလဲ၊ စိတ်ပျက်စရာ ဆိုတဲ့မျက်နှာနဲ့ မမကို မတွေ့သလို မတန်သလို ရှုံ့မဲ့မဲ့နဲ့ လာခဲ့တာ .."

"ရပ်ကွက်ကိုစိတ်ပျက်ပေမယ့် မင်းကိုပျက်လို့မရလို့လေ၊ မင်းကွာ .. အဲဒီထဲကလူ ဟုတ်တော့လို့လား၊ ကိုယ့်ဘဝကို မြင့်အောင်မြှင့်တင်ပါ လို့ ပြောရတာလဲ ခဏခဏ .."

"အသားကျနေပြီ၊ ကုစရာ ဆေးမရှိတော့ဘူး"

ပြောပြီး မမ က ဆတ်ခနဲ ထရပ်ကာ ...





"မေမေ့ကိုသွားပြောမယ်၊ စီ ကဲ့ပျက်နေရင် ဟိုကိုပဲပြန်ပို့လို့၊ မဟုတ်ရင်လဲ ဟိုမှာတစ်ပိုင်း၊ ဒီမှာတစ်ပိုင်း၊ အချိန်ကန့်သတ်နဲ့နေမယ်"

"ယဥ်သကို .."

မမ လက်ဖျားလေးကို မမိတမိကိုင်မိပြီးမှ လွတ်ထွက်မသွားအောင် ဖိဆုပ်ထားလိုက်ကာ ...

"ပြန်ထိုင်ဦး .."

"မထိုင်ဘူး .. ဖယ် .."

"မင်း မေမေ့ကိုပဲ ဘာဖြစ်လို့ မကြင်နာသံတွေ ထွက်နေတာလဲ ဟင်၊ အနေစိမ်းခဲ့လို့ မရင်းနှီးကြသေးတာကိုမပြောဘူး၊ ခုလို စိမ်းစိမ်းကားကားတွေပြောတာ ကောင်းလား"

ပင်လယ်က မမနဲ့ ပခုံးချင်းတိုက်မိအောင် လက်ကိုဖိဆွဲပစ်လိုက်ပြီး ခပ်ကျိတ်ကျိတ်သံနှင့် ကပ်ဆူ၏။

မမ ကလည်း အသံကိုနှိမ့်၍ အကြောက်အရွံ့မရှိသည့်မျက်နှာလေးနှင့်မော့ကာ ...

"မေမေ့ကိုပြောချင်တာမဟုတ်ဘူး၊ ဦးပင်လယ်ဆိုတဲ့ သူဌေးကြီးဝိုက်ဆိုက်နဲ့ ရှင့်ကိုမကျေနပ်တာ၊ မမ ပြောသမျှ တစ်ခုမှမှန်တယ် မပြောဘူး"

"မှန်မှမမှန်တာ .."

"ဘယ်ရောက်နေနေ လိုက်လာပြီး အာဏာပါဝါတွေပြတယ်"

"အဲဒါ မင်းကိုက ခံယူပုံလွဲနေတာ၊ အုပ်ထိန်းသူရှိလာရင် မရှိတုန်းကလို နေလို့မရဘူး။ ငါ လိုက်လိုက်နေရတာလဲ မင်းရဲ့တန်ဖိုးကို ပိုမြင့်အောင်လို့ .."

"လုံးဝကို မမြင့်ချင်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင်းဆေ့နအရဖြစ်စေချမှာမဟုတ်ဘူးလေ၊ မိဘရဲ့ စေတနာ၊ မိဘရဲ့ဂုဏ်သိက္ခာ၊ ပြီးတော့ မင်းဖြတ်သန်းရမယ့်ဘဝ၊ လူတစ်ယောက်ဟာ ဘယ်အချိန် ဘယ်အရပ်မျက်နှာမှာ ဘယ်လိုနေနေ၊ တစ်ချိန်ချိန် တစ်နေရာရာမှာ နိမ့်ခြင်း၊ မြင့်ခြင်းတစ်မျိုးမျိုးနဲ့ ပြောင်းလဲနေနိုင်တယ်၊ အဲဒီပြောင်းလဲခြင်းဟာ ကံကြောင့်၊ ဉာဏ်ကြောင့် ဘာဖြစ်ဖြစ် ဓိအာအေလိုက် ပြောင်းလဲခြင်းက ရှိကိုရှိရမှာ၊ စက္ကူလှေကလေးတောင်မှ ရေပေါ် ပစ်ချလိုက်ရင် လှိုင်းအလိုက် နိမ့်တုန်မြင့်တုန် စီးမျောသွားတာပဲ၊ ကောင်းတဲ့ပြောင်းလဲမှုကို ဘယ်သူမှ ပုံပိုးဖို့မလိုဘဲ မင်းဘာသာ ကြိုးစားရဦးမှာကို ကူညီတဲ့သူကိုတောင်မှ မကျေမနပ်ဖြစ်နေတာ အံ့ရော ..."

ဆုပ်ကိုင်ထားသည့်လက်ကို ဆောင့်လွှတ်လိုက်ပြီး ထိုလက်က ဆံပင်တွေထဲရောက်၏။ စိတ်ရှုပ်ခဲ့ဖူးသမျှ ခွေးပြန်ရလောက်အောင် မဖြစ်ခဲ့သေးဘူးထင်သည်။

စုတော့ ခွေးတွေပြန်နေတာတောင် ရင်ထဲမှာ မွန်းကျပ်နေတာ မပြေ..။

"မင်း စင်ကိုကိုသွားရှာနေတာ သိထားလို့ ခွင့်လွှတ်နေတာ၊ တကယ်ဆိုရင် မလွမ်းလောက်တာကို လွမ်းနေတာ သဘာဝကိုမကျဘူး၊ ဒီလောက် ဓါးသိုးဆိုးဝါးခဲ့တဲ့နေရာကို ..."

"မမက အဲဒီနေရာကို လွမ်းလို့သွားနေတာမှမဟုတ်တာ၊ ကိုယ့်စိတ်ကူးနဲ့ကိုယ်သွားတာ၊ သွားလာရင်း အမြင်မတော်လို့ .."

"အမြင်မတော်လို့ ဝင်ရှင်းရအောင် မင်းက လမ်းလူကြီးလား"

"အဲဒီခွေး မမကိုလဲ လိုက်ဆွဲဖူးတယ် သိလား၊ ဒီက ဗိတ်ကန်ပစ်လိုက်လို့ ကစ်ခါတလေ ပြေးရလွှားရသေးတယ်၊ ခွေးကိုရော၊ လူကို ရော အသေမုန်းတာ ..- ဟိုတုန်းကတည်းက .."





"အခု မင်း မိုက်မိုက်ရိုင်းရိုင်းတွေပြောခဲ့တာ၊ ဟိုက မင်းမိဘလောက် ရှိတယ်"

"စိတ်ဓာတ်အဆိုးအကောင်းက လူတစ်ယောက်ရဲ့ အသက်အရွယ်ပေါ် မှာ နေတာမဟုတ်ဘူး၊ ကိုက်တတ်တဲ့ခွေးကိုမွေးထားပြီး ခွေးကိုက်တိုင်းလဲ သူ အနားမှာမရှိဘဲနဲ့ ထွက်လာပြီဆို မကိုက်မိပါဘူး၊ ပုဆိုးပြဲသွားရုံပါ၊ ဖြစ်ရာလေးထင်ရုံပဲနဲ့ မကိုက်ကြောင်း ငြင်းရတာဒိုင်ခံ .."

"ကြည့် .. ပြောနေရင်း ဖြစ်လာပြန်ပြီ"

ဘာဖြစ်လဲ ဆိုသည့်မျက်နှာနှင့် မမ က မဲ့ရွဲ့ပစ်သည်။

"ယဉ်သကို .."

"ဘာလဲ .."

"အဲဒီလို ရှိရှိသေသေလေးကောင်းပါတယ်"

ပင်လယ် မျက်နှာကြီးနီရဲနေတာကို ဝေ့ခနဲ ကြည့်ပြီး မမ က ကျေနပ်စွာပြုံး၏။

ဒေါသတွေ အဆမတန်ဖြစ်ပြီး လှည့်မကြည့်ချင်အောင် ဖြစ်သွားပါစေ .....။

"မင်းကိုပြောမယ်၊ 'စိန်ပန်း' ဆိုတဲ့လမ်းကို နောက် ဘယ်တော့မှ မသွားရဘူး"

"ဘာ ..."

"မင်းရဲ့ စင်ကို နိုင်ငံခြားတကယ်ထွက်သွားတာလား၊ ရှိနေသေးသလားဆိုတာကို ငါစုံစမ်းပေးမယ်၊ ရှိနေရင် ဒီထိခေါ်လာလို့ရတယ်၊ မင်း မသွားရဘူး"

"အဲဒါ ရှင်ပြောဖို့မလိုဘူး၊ ကိုယ့်ဘာသာ ကိုယ့်သဘောနဲ့ကိုယ် ..."

"ကိုယ့်သဘောနဲ့ကိုယ်တော့ ဘယ်ရမလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆင့်က အားလုံးကိုကြားပြီးသည့် စိတ်ညစ်သော မျက်နှာ မသာမယာနှင့် ထွက်လာသည်။

ပေစောင်းစောင်းရပ်နေကြသည့် မမနဲ့ ပင်လယ်ကို ဗဟိုပြုရှ ည့်ခန်း၏ထိပ်ဆုံးက တစ်ယောက်ထိုင်ဆိုဖာ မှာဝင်ထိုင်လိုက်ပြီး ...

“သမီး ထိုင်ဦး၊ သမီးတို့ပြောနေတာတွေကို အန်တီကြားတယ်၊ ပြောစရာတွေဖြစ်လာတာ အများကြီးပဲ”

မမ ကထိုင်လိုက်ပြီး ပင်လယ် ကထွက်သွား၏။

ပင်လယ် ရှိနေသည့်အချိန်ကနှင့် လုံးဝမတူတော့ဘဲ ပျော့ဆင်းနေ့ည့် သွားကာ ...

“မေမေ မကြားအောင် မမ တိုးတိုးပြောတာပါ၊ မေမေ နိုးသွားပြီ လားဟင် ..”

“နိုးနေပြီပေါ့ သမီးရယ်၊ မကြားဘဲနေပါ့မလား”

“အဲဒါ ကိုကိုအော်နေလို့၊ ဟိုမှာကတည်းက ဖြစ်နေလိုက်တဲ့ဒေါသ၊ သူ့ကိုအော်ဆဲနေတာကျနေတာပဲ”

“သမီးအတွက် ကရုဏာဒေါသတွေဖြစ်မှာပေါ့ သမီးရယ်၊ သူက နေမယ်ဆို အနေသာကြီးပါ၊ အန်တီတို့က သမီးလေး စိမ်းသက်နေ သေးလို့ အတွင်းထဲရဲ အပြင်ကာသလိုနေခဲ့ရတာ၊ တွေးကြည့်ရင် သမီး က အန်တီတို့ရင်သွေး၊ ခုတော့ သားကြီးက သိတတ်ကြင်နာပြီး သမီး က သမီးရဲ့မေမေ့ကို မညှာတာသလိုဖြစ်နေတယ်”

မမ မျက်နှာလေးပျက်သွားတာကို စိုက်ကြည့်ပြီး ဒေါ်ခင်ဆင့်က ဆက်ပြော၏။

“ဒီလောက်ဆိုရင် မေမေ့မေတ္တာတွေ၊ အန်တီတို့စေတနာတွေကို သမီးလေး နားလည်ပြီပေါ့ကွယ်၊ သားကြီးကလဲ သွေးမဟုတ်ဘူးဆိုပေ





မယ့် မိသားစုစိတ်ဓာတ်ရှိတယ်၊ ဒီလူတွေအကုန်လုံးကို သူချစ်တယ်၊ သမီးကိုလဲ ...”

“ဆရာလုပ်ချင်တာ အန်တီရဲ့၊ သူတစ်သက်လုံး တစ်ယောက် တည်းနေလာခဲ့ပြီး ခုမှ သူ့ထက်အသက်ငယ်တဲ့သူရှိလာတော့ ...”

“ဩော် .. ကလေးလိုပဲ သမီးရယ်၊ သမီး ခုနက စကားတွေများကြ ပြီး ကိုကို့ကို ဘာဖြစ်လို့ ဦးပင်လယ်တွေ၊ ရှင်တွေနဲ့ ခွန်းကြီးခွန်းငယ် ပြောနေရတာလဲ၊ ကြားလို့မကောင်းပါဘူး သမီးရယ်၊ သမီးပဲ ပြန် နားထောင်ကြည့်ပါဦး၊ သမီးငယ်လေးကို ခုမှပြန်တွေ့တယ်လို့ လူတွေက သိကြသလို ဒေါ်ယဉ်ဆင့်မှာ သားနဲ့ သမီးနှစ်ယောက် ပြန် ဖြစ်သွားပြီလို့ သတ်မှတ်သွားကြတာ ..”

“ဒါနဲ့ ကိုကို့ကို မေမေ့သားအရင်းမဟုတ်ဘူးလို့ လူတိုင်းသိတယ် ဆို ..”

“အန်တီတို့ ဖုံးကွယ်မထားခဲ့တာကိုပြောတာလေ၊ ရင်းနှီးတဲ့သူ တွေသိတာကတစ်မျိုး၊ မရင်းနှီးကြတဲ့လူတွေ သိတာကတစ်မျိုးပေါ့၊ ဘာပဲဖြစ်ဖြစ် မောင်နှမအနေအထားမှာ ငယ်တဲ့သူက ခံပြော၊ ပြန်ချ နဲ့ ကြားလို့မကောင်းဘူး၊ ကိုကိုလို့ပဲ အကျင့်ပါအောင်ခေါ်ပါ သမီးရယ်၊ စကားများရန်ဖြစ်တာတွေ မလုပ်ပါနဲ့၊ ‘ရှင်’ ဆိုတဲ့အသုံးအနှုန်းကြီးနဲ့ သိပ်ကိုရင့်သီးလွန်းတယ်၊ သမီးတို့ကို သိပ်ကိုသင့်မြတ်စေချင်တဲ့ သမီး ဟို့မေမေဆိုရင် ခု ဘယ်လောက်စိတ်ဆင်းရဲနေရသလဲ ..”

အလွန်နှောင်တရ နားလည်သွားသည့်မျက်နှာလေးက တော်တော် နဲ့မော့မလာခဲ့ပေ။

“သမီး ..”

ဒေါ်ခင်ဆင့်က မေးဖျားလေးကို ဆွဲယူမော့စေလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို သွေးမကွဲတော့ဘူးမို့လားဟင်၊ နောက်ဆို ခုလို ခွန်း
ခွန်းငယ် ပြန်ပြောရန်ဖြစ်တာတွေ မလုပ်တော့ဘူးလို့ အနံတို့ကို က
ပေးမယ်မို့လား"

"ဟုတ်ကဲ့ပါ၊ မမ ဆင်ခြင်ပါ့မယ်"

ဒေါ်ခင်ဆင့် နှစ်မြို့ကိစ္စာပြုံးမိ၏။ မမ လိုမိန်းကလေးဆီက ဒီ
နှိမ့်ချကျိုးနွံသည့် ကတိစကားမျိုးရဖို့က လွယ်တာမဟုတ်။

တစ်ထစ်တော့ အောင်မြင်ပြီဟုတွေးမိကာ လက်ခုပ်ပန်းမော
တောင် ထတီးလိုက်ချင်သည်။

နောက်တစ်ထစ် တက်လှမ်းနိုင်ရင်တော့ ...။





## အခန်း (၂၃)

"ဟာ .. လာပါ၊ ကြွပါဗျာ .. မျှော်လိုက်ရတာ .."

"မောင်နှမနှစ်ယောက်တည်းလား၊ မမဆင့်တို့ညီအစ်မရော .."

"မေမေတို့ ကျန်းမာရေးသိပ်မကောင်းလို့ပါခင်ဗျာ၊ အနံတီ နေ
ကောင်းတယ်နော်၊ အနံကယ့်လ်ကိုတော့ သွားလာရင်း ခဏခဏ တွေ့
ဖြစ်တယ်"

"ကောင်းပါ့ရှင်၊ မင်းတို့ဦးလေး အလုပ်ဘယ်လောက်များသလဲ ဆို
ကိုယ့်သားမွေးနေ့တောင် သတိမရတဲ့အဖြစ်လေ .."

"ဟာကွာ .."

"မာမီကလဲ .. ဒက်ဒီက သားကို မွေးနေ့လက်ဆောင်ကောင်း
ကောင်းပေးထားတာပါ၊ မပြောပါနဲ့ .."

မွေးနေ့ရှင်မိသားစုက ဖော်ရွေသည်၊ အနီးဆုံးစားပွဲမှာရှိနေသူ



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ပင်လယ့်ကိုမြင်တော့ ထနှတ်ဆက်တဲ့သူကဆက်၊ လှမ်းခေါ်တဲ့သူကခေါ်။

ပင်လယ်က ခရမ်းရောင်ချည်ချောပုဆိုးနှင့် ရှပ်အင်္ကျီရော၊ တိုက်ပုံရော အဖြူရောင်ဖြစ်၏။ ဒါက အလုပ်နဲ့ပတ်သက်သော ပါတီပွဲမျိုး မဟုတ်။

လူကြီးပိုင်းခင်မင်မှုသက်သက်သာဖြစ်ကာ မြန်မာဆန်ဆန် ကျင်းပတာဖြစ်၏။ ထို့ကြောင့် မမကလည်း မီးခိုးရောင်အနက်ပွင့်လေးတွေပါသော တစ်ဆက်တည်းဂါဝန်ရှည်လက်ပြတ်လေးကို အနက်ရောင်ကမာအပျော့သားအပေါ်ထပ်လေးနှင့်ဝတ်ထား၏။

အပေါ်ထပ်အင်္ကျီပါးလေး၏ လက်မောင်းအစပ်နှင့် ခါးစပ်တွေနားမှာ ခရစ်စတယ်သီးတွေထိုးထားတာက ကျောက်ပွင့်တွေလို တဖျတ်ဖျတ်လက်နေသည်။ ပြီးတော့ ရွှဲစိုနေသည့် အညိုရောင်နှုတ်ခမ်းသားများနှင့် အညှိုရစ်ထားသော မျက်ခွံပြေပြေက ပြောင်အိနေ၏။

သူမ သည် ဘယ်လို အထူးတလည်ပြင်ထားမှန်းမသိဘဲ မျက်နှာနှင့် ကိုယ်ဟန်ဘယ်လိုငုံငုံ၊ ဘယ်ပုံစံနေနေ၊ တစ်ကိုယ်လုံး လက်ခနဲ ပြက်ခနဲ တောက်ပနေခဲ့၏။

မွေးနေ့ရှင် 'နန္ဒနေ' ၏မျက်လုံးတွေကလည်း မွေးနေ့ပွဲတစ်ခုလုံးမှာရှိသမျှလူတွေကို မေ့လျော့ပြီး မမ တစ်ယောက်ပဲရှိနေသည်ထင်သည့်အတိုင်း ...။

"မယဉ်သကို .. အားရပါးရစားနော်၊ လိုတာရှိရင်ပြော .."

"စားနော် သားတို့၊ နှုတ်မဆက်ဘဲ ထပြန်မသွားရဘူး"

မိဘတွေက စုံလင်အောင်နှုတ်ဆက်သည်။ နန္ဒနေ ကတော့ မမ မှမမ ...။





"ဟိုတ် .. ဇရက်သီးတွေ ကြည့်စမ်း .."

မမက ကတ်ကြေးကိုက်စားဖို့အတွက် ဇရက်သီးစိမ်းတွေ အညှာခြွေထားတာက မနည်းမနော။ ပင်လယ် က မမ လက်ကို ဖိဆုပ်လိုက်ကာ ကိုင်ထားသည့်ဇရက်သီးတွေ ပြန်ပြုတ်ကျသည်အထိ မရမက လှုပ်ချပစ်လိုက်ပြီး ...

"ဟိုဟာတွေပါမစားရဘူး၊ တစ်တောင့်တလေ စပ်ရုံရှိန်းရုံ တော်ပြီပေါ့"

"ဟာ .. ကိုကိုကလဲ အီကအီနဲ့ အချဉ်ကလဲ မစပ်ဘူး၊ အစပ်မပါရင် မမ မစားတတ်ပါဘူး"

"မစားတတ်ရင်မစားနဲ့၊ မနက်ကပဲ ကျောင်းသွားခါနီး ရေအိမ်ပြေးရတာ ဘယ်နှစ်ခါလဲ"

"ကိုကိုပဲ လမ်းထွက်ရင် ကိစ္စရှိတာ အကုန်ရှင်းအောင် လုပ်ရတယ်ဆို၊ ဘာမှမဆိုင်ဘူး၊ စားမှာပဲ"

"ယဉ်သကို .."

"ကိုကိုနော် .. မမ ကို ကျိတ်သူမနေနဲ့"

"ဩော် .. မယဉ်သကိုက မမ ဆိုတဲ့နာမည်လဲရှိလား၊ အဲဒါက ခေါ်ရတာ ပိုအဆင်ပြေတာပေါ့နော်"

သင်းကတစ်မျိုး ..။ ဒီစားပွဲနားမှာပဲ ရစ်ပတ်ဝဲနေကာ ဘယ်လိုနားစွင့်နေသည်မသိ။ ပင်လယ်က အားနာသည့်အပြုံးနှင့် မော့ကြည့်ပြီး ခေါင်းညိတ်သော်လည်း ...

"မမ လို့ တခြားဘယ်သူမှ မခေါ်ကြပါဘူး။ ကိုယ့်ဘာသာပြောတတ်တာ အကျင့်ပါနေလို့ .."

ဘေးမှာရပ်နေသည့်သူ့ကို မော့မကြည့်ဘဲပြောသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့တွမဲ့ရှုံ့နေသည့်နှာခေါင်းနှင့်နှုတ်ခမ်းတို့ သနားစရာဖြစ်နေတာကို နှနှနေ က မမြင်ပေမယ့် ပင်လယ်က မြင်နေရသည်။

အညာခြေပြီးသည့်ရေတ်သီးစိမ်းတွေကို ဘေးကအကြမ်းခွက်လေးထဲ မကျေမနပ်ထည့်ပစ်ပြီး မျက်စောင်းမဟုတ်သည့် စောင်းမျိုတ်မျိုတ်အကြည့်တစ်ချက် သူ့ဆီဝေ၏။

ပခုံးမရောက်တရောက်ထိရှည်သော ရှားရှင့်ရောင်ခရစ်စတယ်နားဆွဲရှည်က လွှဲယမ်းလှုပ်ခါနေကာ ဂုန္နီးကြောင့်ဖြစ်သည့် ပြောင်ပြောင်လက်လက်များက မျက်တောင်ကော့တို့၏အဖျားတို့မှာ လှုပ်လီလှုပ်လဲ့ ..။

မမ မျက်နှာလေးကို စိုက်ခနဲတော့ ငေးဖြစ်သွား၏။ တစ်နာရီပြောင်းရွှေ့သွားတိုင်း၊ တစ်ရက်ပြီးတစ်ရက် ခရီးဆက်လာတိုင်း မမလှလာတာက နှင်းဆီပန်းတစ်ပွင့်ပွင့်နေတာကို ထိုင်ကြည့်နေရသလို မျက်စိအောက်မှာပဲ ငွားငွားစွင့်စွင့် ဝင့်ထည်လာခဲ့သည်။

အမှတ်တမဲ့နေလို့မရတော့အောင် အတိအကျလှသည်။ ပိုပိုကြီးလှ၏။

သူ သတိတရ မျက်နှာလွှဲပစ်လိုက်ပေမယ့် နောက်ကျောစားပွဲကနေ မတိုးမကျယ်ထွက်လာသည့်စကားသံများကြောင့် မှန်ပွဲမှာ အာရုံရောက်နေခဲ့သော မမမျက်ဝန်းတွေပါ သူ့ဆီ ဖျတ်ခနဲရောက်၏။

“သိပ်ကိုလိုက်ဖက်တာပေါ့အေ၊ မပြောပါနဲ့တော့၊ အဲဒါ သူတို့ပဲ ကံကောင်းတာမဟုတ်ဘူး။ မဆင့်တို့ ကံကောင်းတာ ..”

“ဟုတ်ပ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုတဲ့စကားလို သားက မွေးစားသားပေမယ့် အထူးကုဆရာဝန်ကြီးရဲ့သား၊ ကျန်ခဲ့တဲ့ အမွေတွေက နည်းသလား။ များသလားပဲ”

“အမွေကို ထည့်မပြောနဲ့လေ၊ ဆွေသန့်မျိုးသန့်လေး မဟုတ်ဘူး





လား၊ ခုလဲ ကြည့်ပါလား ..၊ ကောင်လေးက လူချောလေး။ စီးပွားရှာတာလဲတော်၊ စာရိတ္တလေးလဲကောင်း ..”

“ကောင်မလေးကလဲ လှပါတယ်၊ သူများလက်ထဲမှာ ကြီးပြင်းရပေမယ့် ပညာတတ်လေးပဲ၊ ဘယ်လောက်အားကျဖို့ကောင်းလဲနော်၊ သားလဲရ၊ သမီးလဲရ ..”

“သူတို့နှစ်ယောက်ကို ပေးစားမယ်လို့ မဆင့်ကပြောဖူးလို့လား မြ ရဲ့ ..”

“မပြောဖူးပါဘူး၊ ဒါပေမယ့် ဟိုတစ်ခါ ပလာဇာမှာတွေ့လို့ စနောက်ကြည့်လိုက်တာ စိတ်မဆိုးတဲ့အပြင် သဘောကျတဲ့မျက်နှာကြီးက ပြုံးအိနေတာပဲ၊ ခုလဲ သူတို့ချင်း သင့်မြတ်နေကြတာပဲ၊ မမြင်ဘူးလား”

“ဟုတ်တယ်၊ ကြင်ကြင်နာနာ ရှိကြမယ့်ပုံပဲ”

သေလိုက် ..။ မမ မျက်နှာလေးတင်းသွားသည်။ ပင်လယ်က မျက်နှာလွှဲ၍ မသိမသာပြုံးသည်။ မကျေမနပ်ဖြစ်သွားတာ ဘယ်လောက်ထိလဲဆိုလျှင် ပြန်တာတောင် မမက ထိုစားပွဲက ခုံခြေထောက်တစ်ဖက်ကို ထိုင်နေသည့်လူ တုန်ခနဲဖြစ်သွားအောင် ခြေဦးထိပ်နှင့် လှဲကန်ပစ်ခဲ့သေးသည်။ ပြီးမှ ...

“ဟဲ့ ..”

“ခြော် .. ကန်တော့နော် အန်တီ .. ကန်တော့၊ အဟွန်း ... ပြန်ချင်စောကြီးသွားလို့ ..”

“ရပါတယ် သမီးရယ်၊ အဟွန်း ဟွန်း ... ရယ်လိုက်တော့လဲ ချစ်စရာကောင်းလိုက်တာ” တဲ့။

မကျေနပ်လို့ ရန်စတဲ့သူမျက်နှာလေး ပြုံးမဲ့မဲ့ဖြစ်သွားတော့ ပင်လယ်က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ .. ဟွန့် .."

ကားထဲကို ဆောင့်ခနဲ ဝင်ထိုင်ပြီး မျက်စောင်းထိုးလိုက်သေးသည်။ ပင်လယ် က ခပ်တည်တည်နှင့် ...

"မှတ်ထား၊ လူကြီးသူမကိုစော်ကားရင် ငရဲကြီးတယ်၊ ဒေါသကြီးတဲ့လူကို မေတ္တာထားတတ်တဲ့လူကနိုင်တယ်၊ လူကြီးလူငယ်မရွေး မျက်စောင်းထိုးတာကိုလဲပြင် .."

"အံမာ ..."

"ခင်ဗျားမျက်စောင်းက နဂါးလို အကြောင်းသုံးပါးမကဘူး၊ ဘယ်နပါးဖြစ်ဖြစ် ရွေးကိုမရွေးတာ .."

"ကိုကို မကြားဘူးလား၊ ပြောနေတာကို .."

"မကောင်းကြောင်း ကဲ့ရဲ့နေတာမှမဟုတ်တာ၊ မကြားချင်ယောင်ဆောင်နေပေါ့"

"မကောင်းကြောင်းထက်ဆိုးတာပေါ့၊ သူများအတွင်းရေးကို ပယ်ပယ်နယ်နယ်ကြီး ..၊ ဒီလောက်နီးနီးလေးဥစ္စာ၊ ကြားသွားမလားလို့ နည်းနည်းပါးပါးတွက်ပါလား"

ပင်လယ် က စက်နှိုးထားပြီးမှ မထွက်သေးဘဲ ဂီယာပေါ်လက်တင်ထားရင်း မမ ကို လှည့်ကြည့်၏။

"ပတ်ဝန်းကျင်စကားက တွန်းအားတဲ့၊ ကောင်းတဲ့ဘက်ကိုထက် မကောင်းတဲ့ဘက်ကို တွန်းတာကများတယ်၊ ဥပမာ အလည်လွန်တဲ့ စုံတွဲတွေ ညားကုန်တာ၊ မကြိုက်တကြိုက်အခြေအနေတွေကနေ ချစ်သူတွေဖြစ်သွားကြတာ .."

မမကလည်း လျှင်သည်။ ပင်လယ် စကားစလိုက်တာနှင့် နားရွဲလေးတွေ လွှဲခါသွားအောင် ဖျတ်ခနဲ လှည့်ကြည့်၍ ...





"ကိုကို့ကိုလူကြီးကိုများ လုံးဝစိတ်မကူးဘူး၊ ဘယ်ကတွန်းအားလာလာ .. ဆောရီး ..."

"အဟွန်း .."

သူက မဲ့လိုက်သလိုလို နှုတ်ခမ်းစေ့စေ့နှင့် ကားကိုစထွက်သည်။

မမ အံ့ဩသလိုတော့ဖြစ်သွား၏။

တကယ်ဆို ပက်ခနဲ ပြန်ပြော လိုက်ပါလား ..၊ အနိုင်မခံ အရှုံးမပေးတဲ့ စကားတစ်ခုခု ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ကိုကို ... ကိုကိုရေ .. လာပါဦး"

သူ အလုပ်ကပြန်ရောက်ပြီး ဒီကောင်မလေး အသံမကြားပါလား လို့တွေးမိနေတုန်း ကုတ်အင်္ကျီချွတ်တာတောင် မပြီးသေးပါ။

အရေးတကြီး ခေါ်သံစူးစူးလေးကို ခပ်သဲ့သဲ့ပဲကြားရ၏။

"ကိုကိုရေ ..."

ဟာ .. ဘယ်ကအော်နေတာလဲ ..။ အင်္ကျီကို ဖြစ်သလိုလှမ်းပစ် လိုက်ပြီး အိမ်ရှေ့ကိုပြန်ပြေးထွက်မိသည်။

"ကိုကို .. မမ အပြင်မှာ၊ ရေစင်ပေါ်မှာ .. လာပါဦး၊ ဒီမှာ ကျ တော့မယ်"

"လာပြီ .."

မြဲထဲရောက်ပေမယ့် ရေစင်ဆီပြေးရတာလည်း နီးနီးလေးမဟုတ် ပေ။ ဒီနေ့ မေမေနဲ့ခေါ်လေး မှော်ဘီကို အရေးတကြီးကိစ္စနှင့် သွား





ကြသည်။ ဟိုမှာ ညအိပ်ဖြစ်လျှင် ဖုန်းဆက်မည်ဟု ပြောသွားကြပြီး ခုထိတော့ ဘာဖုန်းမှမလာသေးပေ။

"ဆင်းလေ၊ ဘာဖြစ်လို့ အသံပြဲနဲ့အော်နေတာလဲ"

"အဲဒီအသံပြဲတာကိုပဲ ပြဿနာရှာနေတာပဲ၊ ဒီမှာ နင်းထားတဲ့ လှေကားကပြုတ်ထွက်တော့မယ်၊ လုပ်ပါဦး .."

မမ က ရေစင်ကြီးပေါ်တက်သည့်လှေကား၏ အလယ်မရောက် တရောက်မှာ လှေကားတစ်ထစ်စီမှာ ခြေတစ်ဖက်စီနင်းထားလျက် ဘယ်ကိုမှမကြည့်ဘဲ မျက်လုံးစုံမှိတ်အော်နေသလားမသိ။

"လှေကားတစ်ခုရှိရက်နဲ့ သွားယူမထောင်ဘဲ မသုံးပါနဲ့တော့လို့ တားထားတဲ့ဒီလှေကားကနေ ဆင်းရသလား၊ နည်းသေးတယ် .. ခင်ဗျား..."

"အဆင်းကျတော့ ဟိုလှေကားက လှုပ်စိလှုပ်စိနဲ့ မဆင်းရဲလို့ပေါ့၊ ဒီလှေကားကြီး ဒီလောက်သံချေးကိုက်နေမယ်လို့ ဘယ်သူကထင်မှာလဲ"

"အန်တီပြောနေတာ မင်းမကြားမိဘူးလား၊ ကဲ ... အခု ဘယ်လို လုပ်ပေးရမလဲ၊ ဘယ်အချောင်းက ပြုတ်ထွက်မလိုဖြစ်နေတာလဲ၊ အပေါ်ပြန်တက်လို့မရဘူးလား"

"မရဘူး၊ ပြန်ဆွဲပြီးအားယူလိုက်တော့ အပေါ်တန်းက သံတိုသံစ အမှုန်တွေပါ ကြွကျလာတာ၊ မြန်မြန်လုပ်ပါ၊ မမ အောက်ကိုမကြည့်ရဲဘူး"

"ပြဿနာပဲကွာ .."

သူလည်း ဘာလုပ်ရမှန်းမသိ။

"အား ..."

"ဟာ ..."

သူ ဟိုဒီမျက်လုံးကစားနေဆဲ မမ နင်းထားသည့်တန်းတစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ထွက်သွား၏။

"ကိုကို .. ကိုကို လုပ်ပါဦး"

"ခဏ .. ခဏလေးကိုင်ထား"

ပင်လယ် ဘုန်းနိမ့်မှာတွေဘာတွေ မတွေးမိတော့ဘဲ အစိမ်းရောင် အားကစားဘောင်းဘီတိုလေးနှင့် တို့လို့တွဲလောင်းဖြစ်နေသည့် မမ ရဲ့အောက်ကို ပြေးဝင်ရပ်ကာ ...

"လက်လွှတ်ချလိုက်တော့ .."

"ဟင့်အင်း .. ကြောက် .. အား ..."

မမ လွှတ်မချဘဲ ကိုင်ထားသည့်တန်းကလည်း ပြုတ်ထွက်ကာ တန်းကြီးကိုင်လျက်သားနှင့် မမ ပြုတ်ကျလာ၏။

"အင့် .."

လူကျလာရုံတင်မဟုတ်ဘဲ သံတုတ်က ပန်းတစ်ဖက်ကို ဖိစိုက် လိုက်သလိုကြီးဖြစ်ကာ ဖင်ထိုင်လဲကျရသည့်အပြင် ပန်းတစ်ခြမ်းလုံး အောင့်တက်သွား၏။

ထိုအခါ မမ ကိုယ်လုံး၏ဖိအားနှင့် မြေပြင်ပေါ် ကို တစောင်းလဲကျ သွားကြသည်။

"အား .. နှုတ်ခမ်းပေါက်သွားပြီထင်တယ်၊ သေပါပြီ"

"နောက်မှညည်းစမ်းပါ၊ မင်းရဲ့သံတုတ်ကြီးကိုလွှတ်လိုက် .."

"အဲဒါ လေ့ကားထစ်သံတန်းကြီးပါ"

"ဘာဖြစ်ဖြစ်ကွာ၊ ဒီမှာ ပန်းရိုးကျိုးပြီ"

ခုကျမှ ပင်လယ့်ကိုလည်းထိသွားမှန်းသိကာ ကမန်းကတန်း လွှတ် ပစ်လိုက်၏။

"နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းထိတာကြည့်စမ်း၊ သွား ..





တုတ်စုတ် ..၊ ငါ့နှုတ်ခမ်းလေး သေပါပြီ"

နှုတ်ခမ်းလေးကို လက်ခုံနဲ့တကပ်ကပ်နှင့် ဘေးမှာနာနေတဲ့သူကို သတင်းမေးဖော်မရ ..။

ပင်လယ် ကိုယ့်ဘာသာထထိုင်ကာ အကျီပခုံးချိတ်လည်ဟိုက်နှင့် ဘောင်းဘီတိုအောက်မှာ တစ်ကိုယ်လုံး ဝင်းစက်တင်းပြည့်နေသည့် သူမ ထံ အကြည့်တစ်ချက်ရောက်ပြီး ...

"ဘာတက်လုပ်တာလဲ၊ ရေစင်ပေါ် ကို .."

"သန့်ရှင်းရေးလုပ်တာလေ၊ ရေသန့်စက်တပ်ထားတယ်ဆိုပေမယ့် ရေတွေ ဘာစော်နံနေမှန်းမသိတာ နှစ်ရက်ရှိပြီ၊ အဲဒါကြောင့် ..."

"အဲဒါ ကုလားခေါ် ခိုင်းနေကျ၊ မင်းကို ဘယ်သူခိုင်းလို့လဲ"

"ဒါလေးဆေးတာကို ကုလားခေါ် စရာလား"

"ခင်ဗျားလုပ်တော့ ဘယ်သူမှ အငြိမ်နေလို့မရတော့ဘူးလေ၊ ကျွတ်.. ဘာဖြစ်သွားပြီလဲမသိဘူး"

ပန်းကိုဆုပ်ကိုင်ရင်း တဖြည်းဖြည်းထရပ်လိုက်သည်။ မမ ကလည်း နှုတ်ခမ်းလေးကို လက်ဝါးလေးအုပ်၍ ရှုံ့မဲ့နေ၏။

"အမလေး ... ဘာတွေဖြစ်ကုန်ကြတာတုန်း၊ အိမ်ထဲဝင်ကာစက အော်သံကြားလိုက်ပါတယ်လို့ထင်တာ၊ အထဲမှာမတွေ့တော့မှ ဒီကို သတိရလို့၊ ဘာဖြစ်ကြတာလဲ .. ပြောပါဦး .."

ဒေါ်ခင်ဆင့်က ရှေ့က၊ ဒေါ်ယဉ်ဆင့်ကတော့ ထုံးစံအတိုင်း နောက်ကနေ ထဘီစလေးတစ်ဖက်မ၍ ခလုတ်တိုက်မတတ်ပင်။

"သားကြီး .. ပန်းတစ်ဖက်က ဘာဖြစ်သွားတာလဲ၊ အကျီအဖြူ လေးမှာလဲ ဖုန်တွေ၊ မြက်ခြောက်တွေနဲ့ .."

"ဟော .. ဒီမှာလဲ .. အို .. နှုတ်ခမ်းမှာ .."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပင်လယ့်လက်မောင်းကိုကိုင်လျက် တစ်ယောက်က မမ နှုတ်ခမ်းမှာအုပ်ထားသည့် လက်ကလေးကိုဆွဲချပစ်လိုက်ပြီး မျက်လုံးပြူးသွား၏။

"ဒါ .. ဒါ ဘာတွေဖြစ်နေကြတာတုန်း .."

"သူပေါ့ .."

"ဟင် ..."

နှုတ်ခမ်းလေးကိုအုပ်ထားပြီး ပင်လယ့်ကို လက်ညှိုးထိုးတော့ ဒေါ်ခင်ဆင့်၏ ပြူးနေသည့်မျက်လုံးက ပိုပြူးသွား၏။

"သားကြီးက .. ဟုတ်လား၊ သားကြီးက ဘာလုပ်လိုက်လို့လဲ"

"ဟာ .. မဟုတ်ကဟုတ်ကတွေ .."

ပင်လယ့်မျက်နှာ တစ်မျိုးတစ်မည်ဖြစ်သွားတာကိုမြင်မှ မမ မျက်နှာ မလေးပင့်သွားကာ ...

"မဟုတ်ဘူး .. မဟုတ်ဘူး၊ ဟို .. ကိုကို အချိန်မီမလာလို့ ဟိုဟာကြီးပြုတ်ထွက်ပါလာပြီး မမကိုထိသွားတာ၊ သူလဲ ပန်းကိုထိသွားတယ်၊ အဲဒါ .."

"ဘာ .. ဒါကြီးက ..."

ထိုအခါကျမှ ညီအစ်မနှစ်ယောက်စလုံး ပတ်ဝန်းကျင်တစ်ဝိုက် ကို ဝေ့ပတ်ကြည့်မိကြ၏။ ဒေါ်ခင်ဆင့် သက်ပြင်းချနိုင်ပေမယ့် ဒေါ်ယဉ်ဆင့်မှာ 'မသေကောင်း မပျောက်ကောင်း' လို့ပြောပြီး ရင်ဘတ်ဖိနေသေးသည်။

ထိုနေ့မှာပဲ ရေစင်ကိစ္စကိုပြုပြင်ဖို့ အားချင်းစီစဉ်လိုက်ပေမယ့် ညဘက်မှာ ပင်လယ် ပန်းတစ်ဖက်အောင့်နေသဖြင့် လူကြီးတွေ အိပ်ရေးပျက်ကြရသည်။





မမ တို့ကတော့ မနက်လက်ဖက်ရည်ဝိုင်းမှာထိုင်တော့မှ ...

"ကိုကိုရော ..."

မမ မေးတော့ ဒေါ်ခင်ဆင့်က ခပ်ပြုံးပြုံးမျက်နှာနှင့် ခေါင်းညိတ်၏။ ပြီးတော့ ညီမဖြစ်သူကိုလှမ်းကြည့်ကာ ...

"တွေ့လား ယဉ်၊ မေးပုံကတော့၊ ကိုယ့်သမီးလေးမို့လို့၊ ချွေးမသာဆို ရိုက်သတ်ပစ်ဖို့ကောင်းနေပြီ"

"ဟင် .. ဘာဖြစ်လို့လဲ"

မမ က ပေါင်မုန့်နှစ်ချပ်ကို အထပ်လိုက်ဖဲ့ရင်း ဟိုကြည့်ဒီကြည့်နှင့်...

"ဟင်လို့ .. ပြောလေ .."

"သမီးကိုကို ညက ပန်းတစ်ဖက်ယောင်ပြီး ညည်းနေတာလေ၊ ညဆယ်နာရီကျော်နေမှ ဆရာဝန်ပင့်ရတာ .."

"ဟင် .. ဟုတ်လား၊ မမ ဘာလို့မသိတာလဲ"

"ရှစ်နာရီမထိုးခင်အိပ်တာကိုး၊ အားကိုးရတာတွေ .."

ဒေါ်ခင်ဆင့် ဝင်ပြောတော့မှ မမ က လှည့်ကြည့်ကာ ...

"ခဏဝင်လှဲရင်း အိပ်ပျော်သွားတာပါ အန်တီကလဲ၊ အဲဒါကို ဘာဖြစ်လို့ ချွေးမနဲ့ နှိုင်းရတာလဲ"

ဒေါ်ခင်ဆင့်မျက်လုံး ဒေါ်ယဉ်ဆင့်ထံ ဖျတ်ခနဲ ရောက်သွား၏။ ပြီးမှ ...

"နှိုင်းပြစရာမတွေ့လို့ ပါးစပ်ထဲ တွေ့ကရာပြောတာ .."

ပြောပုံကြီးက ...။ မမ နှုတ်ခမ်းစူသွားပုံလေးကိုကြည့်ပြီး ဒေါ်ခင်ဆင့်က ကြိတ်ပြုံးသည်။ ကျောင်းတက်ပြီဆိုမှ အပေါင်းအသင်းတွေ စုံလာတာတို့ ရင်ပူနေရပါပြီ။

ကိုယ်က ကာလဒေသံရွေးနေတုန်း ယဉ် ပြောသလို ချစ်သူများ



www.burmeseclassic.com

www.burmeseclassic.com



ရှိသွားရင် ပင်လယ်နဲ့လက်ထပ်ပေးဖို့ ခက်နေခြင်းထက် တွဲရေး၊ ခွဲရေးတွေကြောင့် နောက်ထပ်အလုပ်ရှုပ်ရဦးမည်။

ဒါကြောင့် ဒီကိစ္စကို ပြောဖို့အတွက်က အေးဆေးထားလိုက်လို့ မဖြစ်တော့သည့်အခြေအနေ ..။

"ခုပဲ အန်တီတို့ သူ့အခန်းထဲကထွက်လာတာ၊ ပန်းက သိပ်အရောင်မကျသေးဘူး"

မမ မျက်နှာ မှုန်ကုပ်ကုပ်လေးဖြစ်သွားတာကို ပြေရာပြေကြောင်း လေပြည်ထိုးရင်း ဒေါ်ခင်ဆင့်က မသိမသာအကဲခတ်၍ ...

"သားကြီးက ငယ်ငယ်ကတည်းက တော်ရုံနာကျင်လို့ အသံထွက်တာမဟုတ်ဘူး သမီးရဲ့၊ ညက သူ့ညည်းတော့ အရမ်းကိုစိုးရိမ်သွားကြတာ ..."

"သမီးက ကိုကို့ကို သွားကြည့်လိုက်ပါဦး"

မမ ထထွက်လာတော့ ပါးစပ်ထဲမှာ ပေါင်မုန့်နဲ့ကော်ဖီဝါးနေတာက မပြီးသေးပေ။ တစ်ခါတစ်ခါ အန်တီပြောလိုက်သည့်ပုံစံကြီးက တစ်မျိုးကြီးဖြစ်ဖြစ်နေတာကို တွေးလာမိရင်း ပေါင်မုန့်မျိုရတာတောင် နင်ချင်ချင် ..။

"ကိုကို့ .."

"ပိတ်မထားဘူး"

တံခါးတစ်ချက်ခေါက်ပြီး မမ က အထဲဝင်လိုက်၏။ ပင်လယ် က အတွင်းခံစွပ်ကျယ်ချိုင်းပြတ်အဖြူနှင့် ရှပ်အင်္ကျီမိတ်ကပ်ရောင်ကို ကြယ်သီးမတပ်ဘဲဝတ်ထားသည်။

မမ ဝင်သွားတော့ လက်တစ်ဖက်နဲ့ ခေါင်းဖြီးနေရာက ဘီးကိုင်လျက်နှင့် ဒီဘက်လှည့်လာ၏။





"နိုးပြီလား .."

"လာပြန်ပြီ တစ်ယောက် .."

ဝင်လာသည့်ခြေလှမ်းပါ တုံ့ခနဲ ဖြစ်သွားတော့ ပင်လယ် ကမဲ့၏။

"ခုမှနိုးလာတာမဟုတ်ဘူးလား၊ သိလို့မေးတာ ဘာဖြစ်လို့လဲ"

"ကိုကိုတို့မှာ မမ ကိုပြောဖို့ တာဝန်တစ်မျိုးစီနဲ့ ဒီမနက် စောင့်နေကြတာထင်တယ် .. ဟုတ်လား"

"မစောင့်ပါဘူး၊ ခုပဲ အပြင်ထွက်တော့မှာ၊ ပြန်လာတာတောင် နိုးမလားထင်တာ၊ ရှေ့ရောက်လာတော့ အံ့သြသွားလို့ .."

"ဟွန်း .. လူမမာကြီးမဟုတ်ဘဲနဲ့ ဂရုစိုက်တာ သိပ်ခံချင်တယ်၊ သတင်းမမေးမိတာလေးကို ထေ့ကြ ငေါ့ကြတာ မပြီးတော့ဘူး၊ ဒီမှာ ဲ နှုတ်ခမ်းပေါက်သွားတာပဲကို .."

"ဘယ်မှာလဲ၊ တော်တော်ကြီးကျယ်သွားလား။ ကြည့်ရအောင် .."

ရှေ့တိုးလာတော့ မမ က ဒဏ်ရာလေးရှိနေသေးသည့် အောက်နှုတ်ခမ်းကို ရန်တွေ့သည့်ကလေးလို ဖိကိုက်ထားလိုက်၏။

ပြီးတော့ ဆံပင်တွေခါသွားအောင် မျက်နှာလွှဲပစ်လိုက်ကာ ...

"တော်ပြီ၊ မမေးတော့ဘူး၊ သူများကို ထေ့ငေါ့ဖို့တောင် တတ်နိုင်သေးတာ၊ သတင်းမေးရမယ့်လူနာမျိုးမဟုတ်ဘူး"

မမ က တကယ်ပြန်လှည့်ထွက်၏။ ပင်လယ် က လက်ကို ဖျတ်နဲ့ လှမ်းဆွဲလိုက်ကာ ...

"ဒီလူမမာက ခင်ဗျားမမေးသေးလို့ အပြင်မထွက်နိုင်ဘဲစောင့်နေတာ၊ ဝတ်ကျေတန်းကျေလေးတောင် မမေးတော့ဘူးလား"

ပြန်လှည့်လာသည့် မမ မျက်နှာမှာ နှုတ်ခမ်းထောင့်နှစ်ဖက်က ငြိမ်မနေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်လိုက်ပြမှာလား .."

"အင်း .. နေကောင်းသွားပါပြီ၊ သိပ်မနာတော့ဘူး"

ပင်လယ် ရဲ့ပြောတာကို မမ က အသံထွက်အောင်ရယ်၏။ ပြီးတော့ ကိုင်ထားသည့်လက်ကို ပြန်ရုန်းထွက်လိုက်ပြီး ...

"အကောင်းတိုင်းကြီးဖြစ်နေတာကို .."

"ဟုတ်ပါတယ်၊ ကိုယ်ကလဲ ကောင်းသွားပြီဖြစ်တဲ့အကြောင်း၊ ရုပ်ရှင်လဲ လိုက်ပြနိုင်တယ်ဆိုတဲ့အကြောင်း မင်းကို ဖြေပေးတာ .."

"ဒီကလဲ လိုက်ပြပါ့မယ်လို့ ပြောထားတာရှိလို့ မေးကြည့်တာပါ။ နီးဆိုရင် တစ်ခွန်းပဲဖြေလိုက် .."

"ပြချင်လွန်းလို့ ပြပါရစေ .."

"မဆိုးပါဘူး၊ ကိုကိုလို့ခေါ် ရကျိုးနပ်တယ်"

မမ က မကြားတကြားပြောပြီး လှည့်ထွက်ခဲ့၏။ သူ့ကိုသာ ဒီလိုမဆက်ဆံလျှင် မေမေတို့ အန်တီတို့ သည်းသည်းလှုပ်နေပုံနှင့် သူမ ဘယ်လိုမှ လွတ်လပ်စွာ သွားလာခွင့်ရတော့မှာမဟုတ်။

ကျောင်းနဲ့အိမ်၊ ပြီးတော့ သင်တန်းတက်ချင်တယ် အကြောင်းပြတာလည်းမရ ..။

"ဘာကိုသင်ချင်တာလဲ၊ သမီးကိုကို မတတ်တာဘာမှမရှိဘူး" တဲ့။

တော်တော်တတ်လို့ ခုချိန်ထိ ခေါင်ပြီး 'အရွယ်လွန်နေပြီ၊ မေမေရေ လုပ်ပါဦး' လို့ လက်ကျိတ်ထိုးပူဆာနေရတာ မသိတာမှတ်လို့ ..။

သူ့ကို အပါခေါ်နိုင်မှ ဒိုးခွင့်ရမှာမို့ပါ၊ မဟုတ်လို့ကတော့ ...။





## အခန်း (၂၅)

နေပူနေပေမယ့် ဘုရားရင်ပြင်ပေါ်မှာ ဘုရားဖူးတွေကတော့ လရောင်အောက်မှာ လမ်းလျှောက်နေကြသလိုပါလား ..။

မိဘတွေကို ဘုရားလိုက်ပို့၊ ကျောင်းလိုက်ပို့ရှိခဲ့သော်လည်း ကိုယ်တိုင်ဝပ်တွားပြီး ဦးသုံးကြိမ်ချဖြစ်တာ သိပ်မရှိသလောက်ပင်။ အလုပ်နဲ့လူ နပန်းလုံးနေရတာလည်းပါသည်။

ဘုရားမေ့ တရားမေ့ဖြစ်နေတာကိုလည်း ကိုယ့်ကိုယ်ကိုယ် ဝန်ခံပါ၏။ ခုတော့ စုံကောင်းမှုကြောင့် နေပူကျဲကျဲထဲမှာပဲ ဘုရားရင်ပြင်ပေါ်အထိ သူရောက်ခဲ့ပြီဖြစ်၏။

"စံ .. ပန်းတွေကိုင်ရတာ ကျပ်နေလား၊ ပေးလေ .."

"ပင်လယ်ရယ် .. ပြောဖော်ရလို့ တော်သေးတာပေါ့၊ နှစ်ယောက်စာ ပန်းဝယ်ထားတဲ့ဟာ .. များတာပေါ့၊ စောစောကတည်းက ခွဲယူထားပါလားလို့ .."



www.burmeseclassic.com

www.burmeseclassic.com



ရေညှိစိမ်းရောင်အပျော့သားကို ရင်ဘတ်ကနေ ခြေဖျားအထိ တစ်ရောင်တည်းဖြစ်ကာ ကြက်သွေးရောင်တစ်ထပ်ကို ပန်းအုပ်ပုံ အတွန့်ပြားလေးတွေချုပ်ထားသဖြင့် စုံကိုယ်ပေါ်မှာ ဝတ်စုံက မရိုင်းမယဉ်လေး လှနေ၏။

ပြီးတော့ စံ က ဖြောင့်စင်းပျော့နွဲ့ သည့်ဆံနွယ်တွေကို ကျောလယ်မှာဖြန့်ချထားလျက် နားဆွဲလေးတယမ်းယမ်းနဲ့ဖြစ်သည်။

ပင်လယ်က စုံကို အားနာသလိုပြုံးကြည့်၍ 'ဆောရီး' လုပ်သည်။

"အဲဒါ ကြည့်လေ၊ ကိုယ်က ဘုရားမှန်း တရားမှန်း သိပ်မသိတဲ့ကောင် ..."

"သင်ပေးမယ်လေ၊ စံ လဲ ဩကာသဆုံးအောင်တော့ရပါတယ်"

နှစ်ယောက်သား ရယ်လိုက်မိကြ၏။ တကယ်က သူ့မှာ သွားစရာရှိသေးသည်။ အိမ်ကိုတောင် အပြန်နောက်ကျမှာလို့ ဖုန်းဆက်ပြီးပြီ။ ဒါပေမယ့် စံ ဖုန်းဆက်တော့ ငြင်းရခက်သွား၏။ ဒီနေ့ ဘုရားကိုလိုက်ပေးဖို့ နှစ်ရက်လောက်ကတည်းက ကြို့ပြောထားခဲ့တာ ..၊ နောက်ထပ်ဖုန်းပြန်ဆက်မှ သတိရ၏။

ကိုယ့်ပြဿနာကသပ်သပ်၊ ကတိပေးထားခဲ့တာကို မပျက်ချင်တာမို့ ပေါ့ပါးဟန်နဲ့ပဲ ထလိုက်ခဲ့ရတာဖြစ်သည်။

"စံ က ခုလိုလေးကျတော့လဲ ကျောင်းတုန်းက 'စံနမူ' ပဲနော်"

"ဒါဆို ဟိုအရင်တွေ တွေ့နေတုန်းက ဒေါ်ကြီးနဲ့တူနေတယ်ပေါ့"

"ယဉ်ယဉ်ခံ့ခံ့လေး ပါပဲ"

"အဟွန်း .."

စံ ကရယ်ပြီး မျက်နှာလေးငုံ့သွားကာ ဘာကိုသတိရသွားမှန်းမသိဘဲ ဖျတ်ခနဲ မော့၍ ..





"အပျိုဟိုင်းကြီးဖြစ်သွားရင် ကြိုက်မယ့်သူမရှိမှာစိုးလို့လေ၊ ခုခေတ်က လန်းတာတွေ၊ ဝွမ်းတာတွေ .. ပင်လယ် မကြားဖူးဘူးလား"

"ဒါတွေက သာယာမှုသက်သက်တွေပါ စံရယ်၊ မြင်ရင်မြင်တယ်မှတ်၊ ကြားရင်ကြားတယ်မှတ်၊ ပျောက်သွားရင် ဘာမှမရှိတော့ဘူး။ တော်ကြာ အတွက်မှားပြီးကျန်ခဲ့မှ ထိုင်ငိုနေရလိမ့်မယ်"

စံ က 'ဟုတ်လား' လို့မေးလိုက်တာမျိုး မော့ကြည့်ရင်း ခေါင်းညိတ်၏။ ပြီးမှ ...

"ပြောပါဦး၊ အတွက်မှားသွားနိုင်တဲ့အကြောင်း ..."

"ဩော် ... တည်တည်ခံ့ခံ့လေးတွေကိုမှကြိုက်တဲ့ သားရှင်တွေဆိုရင် မင်းကျန်နေခဲ့မှာပေါ့"

"စံ ကတော့ သားရှင်တွေရွေးချယ်တာခံဖို့ထက် ကိုယ့်ဖူးစာရှင်ကကိုယ်တိုင်ရွေးချယ်တာကိုပဲ လိုချင်တာ၊ ပြောလေ ..ပင်လယ်ရော .. မိဘပေးစားတာကိုပဲ ယူမှာလား"

"ကိုယ်လဲ ရည်ရွယ်ချက်မရှိပါဘူး၊ အိမ်ထောင်ရေးကို စိတ်မဝင်စားတာထင်တယ်"

"စိတ်ဝင်စားပြီဆိုရင်ရော ..၊ ဘယ်လိုမိန်းကလေးမျိုးကိုပဲ ရွေးချယ်မယ်ဆိုတာ ရှိထားပြီလား"

မျက်လုံးချင်းဆုံသွားကြသည်။ စံနဲ့သူ ဘုရားဖူးဖြစ်ကြတာ ခဏလေးရယ် ..။ စကားပြောနေကြတာ တော်တော်ကြာပြီထင်သည်။ ခပ်ဖြည်းဖြည်းလျှောက်နေကြရင်း အရိပ်မိုးတစ်ခု၏အစွန်းမှာ မတိုင်ပင်ဘဲ အကျရပ်မိကြ၏။ ထို့ပြင် ဘာပြောရမှန်းမသိဘဲ အစရှာရင်း အဆုံးပါပျောက်နေသည့်စကားအတွက် ဘယ်ကနေ အစပြန်ထုတ်ရမှန်းမသိ။

"ဒီအချိန်အထိ ရင်ထဲမှာ ဘာရည်ရွယ်ချက်၊ လုပ်ရှားမှုမှမရှိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး"

စံ က ထပ်မေး၏။ ဒီမေးခွန်းပဲမို့ သူ ပါးတစ်ချက်ကုတ်မိရင်း ..

"စံ ကရော ခုချိန်ထိ ရည်ရွယ်ချက်ပျောက်နေတာ ဘာဖြစ်လို့လဲ"

စံမျက်နှာလေးက ပြုံးတော့မလို၊ တည်တော့မလိုနှင့် ဘာမှမဟုတ်ဘဲ မော့လာကာ ...

"အဲဒီလိုတော့မဟုတ်ပါဘူး။ ဒါပေမယ့် ရည်ရွယ်ထားပြီးမှ ပျောက်ရှခဲ့တာ .."

ထိချက်က ပြင်းသည်။ မျက်နှာလွှဲဖို့ သတိမရခဲ့ဘဲ စံမျက်နှာလေးကိုငေးနေမိစဉ် ဖုန်းဝင်လာ၏။ သူ ဖုန်းထုတ်လိုက်တော့ ခေါင်းညိတ်ပြရင်း စံ က ခပ်ရွှာရွှာလေးမှာ ရွှေ့နေပေးသည်။

"ဟလို .. ကိုချစ်ကို ပြော .."

"... ... ..."

"ဟုတ်ပါတယ်၊ ကျွန်တော် လွှတ်လိုက်တာ၊ အားလုံးစိတ်ချရပါတယ်"

"... ... ...."

"ယုံကြည်ပါ။ အိုခေ .. ကျွန်တော်လဲ လာခဲ့မှာပါ။ ဒီညနေ သွားစရာလေးပေါ် လာလို့ .."

ဖုန်းပြောနေရင်း ဘာရယ်မဟုတ်ဘဲ ဟိုရောက်ဒီရောက်မျက်လုံးတွေက တနလ်ာနံ့ထောင့်က လှုငယ်နှစ်ယောက်ထံ တန်းစနဲ့ ရောက်သွား၏။

ယဉ်သကို ...။

ဖုန်းပြောခြင်းကို အမြန်ဆုံးလက်စသပ်ကာ ...

"စံ ခဏလေးနော် .."

လှည့်ပြောမိပြီးမှ စံ နဲ့အတူထွက်လာတိုင်း သူ ဒီလို မကြာမကြာ





ခွင့်တောင်းခဲ့ဖူးတာကိုသတိရပြီး အားနာသလိုတော့ဖြစ်မိ၏။ မတတ်နိုင်ပါ။ သူ့ခြေလှမ်းတွေက ကျောပေးရပ်နေသည့် မမ ထံသို့ ခြေလှမ်းကျဲများနှင့် ဦးတည်သွားခဲ့ပြီး ...

"ကျောင်းရှိန်ကြီးကို ဘုရားမှာ ဘာလာလုပ်တာလဲ ယဉ်သကို .."

"ဟင် ..."

မမ ဖျတ်ခနဲ လှည့်ကြည့်ပြီး ထိတ်လန့်အံ့သြသွားသလို မျက်နှာပျက်၏။ သို့သော် အတော်ဝေးဝေးမှာ ရပ်လျက်ကျန်ရစ်သည့် စံထံကို မျက်လုံးရောက်သွားခဲ့၍ ...

"ကိုကိုတို့လိုမဟုတ်ပါဘူး။ မမ ကိစ္စရှိလို့ .."

ပြောရဲလိုက်တာ ဟုတွေးကာ ပင်လယ့်မျက်နှာ ရဲခနဲဖြစ်လျက်ဘေးမှာ မျက်နှာသေလေးနှင့်ရပ်နေသည့် ခပ်ချောချောကောင်လေး ကိုစိုက်ကြည့်လျက် ..

"ကိစ္စပြီးတဲ့အထိစောင့်မယ်၊ ပြီးရင်လာခဲ့၊ ကိုယ် ဟိုနားမှာ .."

မမ ကို ဒေါသပြလို့မရမှန်း သူသိသည်။ ပိုသိနေကြတာက ကိုယ့်နှမအရင်းလည်းမဟုတ်၊ အရင်းအချာကဲ့သို့ သံယောဇဉ်ထားတတ်အောင် သင်ပြပေးနေတာတောင် သူမ က 'ဘာမှလဲမဆိုင်ဘဲနဲ့' ဆိုတဲ့ စကားတွေ ခုထိပြောနေတုန်း ..။ ထို့ကြောင့် ကိုယ့်ဘက်ကပဲ တစ်ထစ်လျှော့၍ လှည့်ပြန်ခဲ့လိုက်သည်။

"ပင်လယ့်ညီမလေးဆိုတာလား .."

အနားပြန်ရောက်တော့ စံ ကမေးသည်။ သူ ခေါင်းညိတ်လိုက်၏။ စံ အိမ်ကိုရောက်လာတိုင်း စံ့ကို မမကပဲ မြင်နေခဲ့ပြီး စံ ကတော့ အိမ်ရှေ့မှာ ခဏပဲထိုင်၊ တစ်ခါတလေ ပေါ်တီကိုအောက်မှာပဲ ခဏလေးဆင်းရပ်ပြီး ကားပေါ် ပြန်တက်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ခါတလေ ခပ်လှမ်းလှမ်းကပဲ လှမ်းမြင်သွားတာမျိုး ရှိရင်တောင် ရင်းနှီးမှတ်မိနေတာမျိုးမရှိနိုင် ..။ စံ ကလည်း မမ ကို သေချာစူးစိုက်လျက် ကြည့်ပြီးမှ သူ့ဘက်ပြန်မော့၍ ...

"ပင်လယ်တို့က မောင်နှမအရင်းမဟုတ်ပေမယ့် နည်းနည်းဆင်တယ်နော်"

ဘာတစ်ခုမှ ဆင်တူတာမရှိပါ။ လူပြောများတာက လူတွေအများအပြားထဲမှာ 'ပင်လယ်' ဆိုတဲ့နာမည်နဲ့လူတွေ ရှိချင်ရှိနိုင်ပေမယ့် လူတွေရှိဖို့မလွယ်ဘူးတဲ့။ တိုင်းရင်းသားလူမျိုးလိုလို၊ မြန်မာရုပ်လည်းမပျောက်ဘဲ ဘာထူး ခြားမှန်းမသိဘူးဆိုတာတွေ ..။

ဒါတွေကို သတိရမိတာက စံ ပြောတာကို နားလည်သွား၍ဖြစ်သည်။ တကယ်ဆို မောင်နှမတွေ မတော်စပ်ဘူးဆိုတာကို မရေမရာ သိထားတာမို့ ရေရေရာရာသိချင်တာ ဖြစ်နိုင်၏။ ထို့ပြင် သူက မွေးစားသားဖြစ်တဲ့အထိ သေချာသိမထားသေးတာလည်း ပါနိုင်သည်။

ပင်လယ့်မျက်လုံးတွေ စကားပြောနေဆဲ မမ တို့ဆီပြန်ရောက်သွားလျက် ...

"ယဉ်သကိုက မေမေ့သမီးအရင်းပါ၊ ကိုယ်က မွေးစားသား .."

"ဟင် ..."

စံ သည် အံ့သြသွားလျက် ..၊ ပြီးတော့ မမနဲ့ သူ့ကို ဟိုနဲ့ဒီဝေးဝေမယ့် မျက်ဝန်းတွေနဲ့ပဲ ခေါက်တုံ့ခေါက်ပြန် ယှဉ်တွဲကြည့်ရင်း ..

"ဒါဆို ဘာမှကိုမတော်ကြဘူးပေါ့"

"ဒါပေမယ့် အမှန်းခံပြီးစောင့်ရှောက်ရမှာပဲ၊ ကိုယ့်မှာတာဝန်ရှိတယ်"

စံ နားလည်သွား၏။ ဟိုမှာ ကောင်လေးတစ်ယောက်နဲ့ စကားရပ်ပြောနေတာကို တားဆီးရမယ့်တာဝန်တွေတဲ့လား ..။ နားလည်ခြင်း





များစွာထဲမှာ ဘယ်သူ့ကိုမှမပြောဘဲ တစ်ယောက်တည်းခေါင်းညိတ်လိုက်ရင်း ...

"ဒါဆို ညီမလေးကိုစောင့်ရင်း ပင်လယ် ဒီနားမှာ ခဏနေခဲ့နော်၊ စံ က မေမေ့အတွက်ရွှေသက်န်းလည်းကပ်ပေးရဦးမှာ၊ ပြီးမှ ဒီမှာ ပြန်ဆုံမယ်"

"အင်း .. ဟို .. ကိုယ်လိုက်ပေးဖို့ .."

"ရတယ်၊ ပင်လယ် နေခဲ့ပါ၊ စောစောကလဲ ကြားလိုက်သေးတယ်၊ မအားတဲ့ကြားက စံ့နောက်ကို ပင်လယ် လိုက်ပေးခဲ့တာ၊ အရမ်းကို အားနာပါတယ်၊ ခဏနော် .."

စံ တမင်ရှောင်ထွက်သွားတာလား ..၊ ဒီတိုင်း သူကျန်ရစ်ခဲ့တာ ကောင်းပုံမလား ..။ ဘာမှန်းတော့မသိပေမယ့် ဂရုမစိုက်စွာပြောဆိုနေဆဲ နှစ်ယောက်ကို ဒေါသမကင်းဖြစ်လာရင်း ပန်းတစ်ခြမ်း နေပူနေတာကိုတောင် သတိမထားမိ။

မမ က ဒီဘက်ကို နှစ်ခါလောက်လှမ်းကြည့်ပြီးမှ ဝါးတစ်ပြန်စာလောက်လျှောက်လာသည်။ ပြီးတော့ ပြန်ရပ်ပြီးပြောနေပြန်သည်၊နောက်ထပ်လျှောက်တော့ ငါးပေလောက်ကို တရွေ့ရွေ့နှင့် ရပ်နေပြန်ရာ ...

"မပြီးသေးဘူးလား .."

"ခဏနေပါဦး၊ ဒီမှာ ..."

"မနေနိုင်ဘူး၊ လာခဲ့ .."

မမ လက်ကို ဆတ်ခနဲဆွဲကာ လှည့်ထွက်ခဲ့တော့ စောင်းတန်းဆီကိုမဟုတ်ဘဲ စံ့ကိုလိုက်ရှာတာဖြစ်သည်။ မမ က မရုန်းဘဲပါလာပြီးမှ နေပူကျဲတဲမှာရပ်ပစ်လိုက်ပြီး ဆတ်ခနဲရုန်း၏။

"ဒီလောက်နေပူကြီးထဲမှာ ရည်းစားကို မြေလှန်ရှာနေတာ ကိုယ့်ဘာသာရှာပါလား၊ မမကိုလွှတ် .."



www.burmeseclassic.com

www.burmeseclassic.com



"ရှာနေရတာ မင်းကြောင့်လေ၊ မင်းကြောင့်ဖြစ်နေရတာမြင်လို့ သူတစ်ယောက်တည်းထွက်သွားတာ .."

"မင်းကြောင့်လို့မပြောပါနဲ့၊ မမ က သူများလို ဘုရားမှာ ရာသက်ပန်ပေါင်းကြဖို့ သစ္စာပန်းကပ်တွေ လာတှုတာမဟုတ်ဘူး၊ အဲဒီတစ်ယောက်က ကိုစင့်အကြောင်း သိထားတယ်ဆိုလို့ သတင်းနောက်လိုက်နေတာ .."

"အထူးအဆန်းပါလား"

ပြောချင်တာပြောနေရင်း မမ က စောင်းတန်းအတိုင်း ဆင်းချသွား၏။ သူမှာ စုံကိုရှာဖို့ဟာလည်း မဖြစ်မြောက်တော့ပါ။ ထိုပြင် လူတွေသတိထားမိလောက်အောင် စုပုပ်ပုပ်မျက်နှာနှင့် အပြေးတစ်ပိုင်း ဆင်းနေသည့် မမ ကို လက်ကိုဆွဲထားလိုက်ပြီး ...

"ဖြည်းဖြည်းသွား ..၊ ခြေတစ်ချက်ချော်တာနဲ့ ကားဆီ ဒါရိုက်ရောက်သွားမယ်၊ မိန်းကလေးဖြစ်ပြီး နုနုရွရွမရှိဘူး"

ပြန်ရုန်းသည့်လက်ကို လွှတ်မပေးဘဲ ဖိဆုပ်ထားလိုက်တော့ သူများတွေအမြင်မှာ စိတ်ကောက်နေကြသည့်စုံတွဲလို ဆင်တူသွားနိုင်၏။ မတတ်နိုင်ပါ။

"ကျောင်းပြင်က လူတစ်ယောက်အကြောင်းကို ကျောင်းသားတစ်ယောက်က သိထားတယ်ဆိုတာ သဘာဝကျရဲ့လား၊ အခု ဘုရားကို နှစ်ယောက်တည်းလာတာပေါ့ .. ဟုတ်လား"

"မဟုတ်ဘူး၊ မမ တစ်ယောက်တည်းလာတာ .."

"ဘာ ..."

"သူနဲ့ ဒီမှာချိန်းထားတာလေ၊ ကိုစင့်ကို တွေ့တဲ့နေရာ သူလိုက်ပြမယ်တဲ့ .."

"အဓိပ္ပာယ်မရှိတာ ..."





"မမ ဒီလောက်မအဘူး ကိုကို၊ မှားသွားရင်လဲ မှားပါစေ .. ကိုစင့်ကို အရမ်းတွေ့ချင်တယ်၊ တွေ့ရမှဖြစ်မယ်၊ သူ ကိုစင့်ကိုသိနေတာကလဲ သူ့အစ်ကိုနဲ့ကိုစင်က လုပ်ဖော်ကိုင်ဖက်ချင်း .."

"ဒါဆို သူ့အစ်ကိုကလဲ ခါးပိုက်နှိုက်ပေါ့"

မမ မျက်ဝန်းတွေ စူးခနဲလက်သွား၏။ ကားနားရောက်မှ နှစ်ယောက် ရင်ဆိုင်ရပ်မိကြကာ ...

"ကိုကို့ရှေ့မှာရပ်နေတာလဲ ခါးပိုက်နှိုက်မပဲ"

"ဆောရီး .. ကိုယ်ပြောချင်တာ စင်ကို့ကိုမဟုတ်ဘူး"

"ထားလိုက်ပါ .. ရတယ်၊ မမတို့က ခါးပိုက်နှိုက်ပြီး ပြေးလွှားရှာဖွေစားသောက်ရတဲ့လူတွေလေ .."

"မဟုတ်ဘူး ယဉ်သကို၊ ကိုယ့်ဘဝ ကိုယ့်အကြောင်း ဘယ်လိုကောက်ကွေ့ထွက်သွားခဲ့သလဲ၊ အဲဒါက ကိုယ့်ဘဝ၊ သူများရဲ့ဘဝကိုကျတော့ ကောက်ကွေ့ကြောင်းတွေလား၊ ဖြတ်ရွှေ့ကြောင်းတွေလား၊ ကိုယ်ဘာသိသလဲ၊ စင်ကိုက လူဆိုးပေမယ့် မင်းအတွက် ကိုးကွယ်ထိုက်တဲ့လူပါဆိုရင် ဒါ လက်ခံပေးလို့ရတယ်၊ နောက်ထပ်လူဆိုးတစ်ယောက်ကို ယုံကြည်ဦးမယ်ဆိုတာကျတော့ အရမ်းအန္တရာယ်များ တယ်၊ မင်း နားလည်လား .."

"မကြောက်ပါဘူးလို့ ပြောပြီးပြီပဲ"

"ကောင်းပြီ၊ စင်ကိုနဲ့ မင်းရဲ့အမေ .."

မေမေ ဆိုတော့ မမ မျက်နှာလေးပျက်သွား၏။ ပင်လယ် က မမကိုစိုက်ကြည့်လိုက်ပြီး ...

"စင်ကို့နောက်ကို မင်း တကောက်ကောက်ပြန်လိုက်နေချိန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက်စိတ်ပူလွန်းလို့ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်ကျန်ခဲ့တဲ့ မေမေ့ရဲ့သောကကို မင်းချိန်ထိုးလိုက် ..”

မမ ငြိမ်သက်နေခဲ့၏။

“သောကတွေနဲ့ တစ်သက်လုံး လှုပ်လီလှုပ်လဲ့ရှင်သန်ခဲ့ရတဲ့ လူတစ်ယောက်ပါ။ မေမေ့ဘက်ကို မင်းပြန်ငဲ့သင့်တယ် ယဉ်သကို ..”

“မေမေ့ကိုငဲ့လို့ မမ စိတ်ရှိတိုင်း ဘာမှမလုပ်ခဲ့တာ၊ ဘယ်မှလဲမသွားခဲ့ဘူး၊ မမဘက်က အနည်းမထိုင်သေးတဲ့ဘဝကိုတော့ နည်းနည်းနားလည်သင့်ပါတယ်”

ပင်လယ် သက်ပြင်းရှိုက်လိုက်ရင်း လည်ပင်းမှာလက်တင်၍ ခဏငြိမ်နေမိသည်။ ပြီးတော့မှ ထိုလက်က ဘောင်းဘီအိတ်တစ်ဖက်ထဲကို ပြန်ရောက်သွားရင်း ..

“မင်းကို ကိုယ်နားလည်ပေးမယ်၊ အခု ဘာသတင်းရခဲ့သလဲ ပြော၊ အဲဒီနောက်ကို သေချာလိုက်ပေးမယ်၊ မေမေတို့ရှေ့မှာတော့ မင်းရင်ထဲက ပူလောင်ရှာဖွေနေတာတွေကို ဖုံးဖိထားမှဖြစ်မယ်”

“သူ့ကိုအမိမဖမ်းနိုင်ဘဲ ကိုဇင် မမရှေ့ကို ဘယ်လိုမှ လိုက်လာမှာမဟုတ်ဘူး”

“နေဦး၊ မင်းကို ကိုယ်ပြောမယ်၊ ကိုဇင်နဲ့ တွေ့ကြ လွမ်းကြဖို့မှာ တစ်ခုရှိတာက မင်းနဲ့သူ ဘာမှမတော်စပ်ကြတဲ့ သူစိမ်းတွေနော်”

“မမတို့ရင်ထဲမှာ မောင်နှမတွေပဲ”

“သူနဲ့တွေ့ရင် နှုတ်ဆက်ရုံပဲလား၊ အတူနေဖို့ကြိုးစားမှာလား”

မမ မျက်လုံးတွေ သူ့ဆီ စိုက်ခနဲ ရောက်၏။

“ဒါပဲရှိတာလေ၊ ဒီလောက်ထိတွေ့ချင်တဲ့ဆန္ဒမှာ တွေ့ရင် ‘ဘာ’ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုခု ရှိရမှာမဟုတ်ဘူးလား”





“ဘာမှလုပ်ခွင့်မရှိဘူးလို့ ကိုကိုပြောချင်တာလား”

“ဒါက မင်းကိုယ်မင်းသိရမယ့်ကိစ္စပါ။ လူကြီးတွေနဲ့ ကိုယ့်အမြင် အရ ဇင်ကိုက မင်းနဲ့ ဘဝခြားသွားပြီ၊ လမ်းတွေ့ရင် ပြုံးပြနှုတ်ဆက် ရုံထက် ပိုသင့်တဲ့လူတစ်ယောက်ဖြစ်နိုင်တယ်၊ လက်ပွန်းတတီးရင်းနှီးဖို့ မသင့်တော့ဘူး”

မမ မျက်ဝန်းမှာ မျက်ရည်တွေဝေ့သီလာသည်။ အံကြိတ်ထား သည့်ကြားမှာ မျက်ရည်စက်တို့က ကျော်ဖြတ်သွားလာခွင့်ကို ရိုက်ပုတ် တောင်းဆိုနေကြသည်။

ဝေးခဲ့ပြီဆိုကတည်းက ပြန်ဆုံခွင့်မရှိတော့ဘူးဆိုတဲ့အသိ ရင်မှာပိုက် ခဲ့မိလျှင်အကောင်းသား ..။ တကယ်တမ်းကျတော့ အရင်လိုရင်းနှီးခွင့် မရှိတော့တာကို နားလည်ပြီးသားပါ။ ဒါပေမယ့် ...

“ကိုဇင့်ကို ကိုကိုရှာပေးပါ”

အံကြိတ်ထားရင်းပြောတော့ အမိန့်ပေးသလိုဖြစ်နေနိုင်၏။ လက်တွေ့မှာပူလောင်နေသည့်ခံစားချက်တို့သည် ပင်လယ်သည်သာ ကယ်တင်ရှင်တစ်ပါးလို ဝပ်တွားခယနေခဲ့လျက် ..။

“ပြောလေ ကိုကို ..”

“အားလုံးကူညီပေးမယ်၊ မျက်ရည်တွေသုတ် ..”

မျက်ဝန်းတို့၏ ညို့ငင်ခြင်းများစွာအနက် မျက်ရည်ပြည့်လျှမ်းနေသော မမ ထံမှ ခယသည့်မျက်ဝန်းအစုံကျမှ သူရှင်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ရင်ထဲမှာတော့ ကောင်းနိုင်ပါ့မလား ယဉ်ရယ်၊ ညက သူတို့နှစ်ယောက်ပြောနေကြတာကို ကြားရတော့ အံ့လဲအံ့ဩတယ်၊ စိတ်လဲပူမိတယ်၊ နင်ကိုယ်တိုင်ကလဲ အလိုလိုက်လွန်းတာပါ။ ပြောစရာ ရှိတာပြောလိုက်၊ သဘောမကျတဲ့လမ်းဆို မသွားနဲ့ပေါ့၊ ခုတော့ မျက်စိ ဒေါက်ထောက်ကြည့်နေပြီး မတော်တာမြင်လဲ မတားရဲ၊ မကြိုက်တာ တွေ့လဲ မပြောရဲ .."

"မပြောရဲတာတော့ ဟုတ်မလား မမရယ်၊ မပြောရက်တာပါ။ သမီးလေး စိတ်ညစ်သွားမှာစိုးလို့၊ အရမ်းလွတ်လပ်တဲ့ဘဝကနေ လှောင်အိမ်ထဲထည့်ပိတ်ခံရသလို ဒီကိုရောက်မှ ခါးသီးမွန်းကျပ်သွားတာမျိုး မဖြစ်စေချင်ဘူး"

"ဟဲ့ .. မိဘဆိုတာ သားသမီးနဲ့ပတ်သက်ရင် ဆယ့်နှစ်ကြိုးကခေလို ကသင့်ရင်ကရမှာပဲ၊ အလိုက်အထိုက်နေပေးရအောင် ငါတို့က သူ့ရဲ့သူငယ်ချင်းတွေမဟုတ်ဘူးလေ၊ တော်ကြာ ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်ကုန်မှခက်မယ်၊ ညတုန်းက ပြောနေကြတဲ့စကားထဲမှာ တစ်ယောက်





နဲ့တစ်ယောက် နားလည်နေလိုက်ကြတာမှ .. ဟွန်း .. ပြောကိုမပြောချင်တော့ဘူး"

ဒေါ်ခင်ဆင့် အားမလိုအားမရတွေဖြစ်လျက် ဆိုဖာပေါ်မှာ ခြေချင်းချိတ်ထိုင်နေရာကနေ ခြေတစ်ဖက်ကို ချလိုက်၊ ပြန်ချိတ်လိုက်နှင့် ပုံစံအမျိုးမျိုးဖြစ်နေခဲ့၏။

"မမက အစုဘာဖြစ်ချင်လို့လဲဟင်၊ သားနဲ့သမီးကိုဖွင့်ပြောပြီး တစ်ခါတည်းလက်ထပ်ပေးချင်တာလား"

"အစုဖြစ်ချင်တာမဟုတ်ဘူး ယဉ်၊ ဖြစ်ချင်နေတာကြာပြီ"

ထိုအချိန်လေးမှာ အပေါ်ထပ်လှေကားရင်းကိုရောက်နေပြီ သည့် မမ ခြေလှမ်းတွေ နှေးကွေးသွားခဲ့၏။ ထို့နောက် ညှော်ခန်းဘက်ကို တစ်လှမ်းချင်းတိုးကပ်လျက် နားစိုက်ထောင်နေခဲ့လျှင် ...

"သူတို့နှစ်ယောက်ကို လက်ထပ်ပေးပြီးတာနဲ့ သူတို့နဲ့သက်ဆိုင်တဲ့ အမွေတွေကိုလွှဲပေးပြီး စိတ်အေးလက်အေးနေလို့ရပြီ၊ တို့ညီအစ်မ ဘုရားသွားကျောင်းတက်နေကြရုံပဲ"

"သားကြီးရဲ့မိဘဘက်က အမွေတွေက နည်းတာမဟုတ်ဘူး မမရယ်၊ အဲဒါကြောင့် ကျွန်မ စိတ်မလုံဖြစ်မိတာ၊ သမီးလေးဘက်မှာ စည်းစိမ်ဥစ္စာ နှစ်ဆတိုးပြီး ကျွန်မတို့ လိုက်ပေးနိုင်ပေမယ့် အရည်အချင်း အဆင့်အတန်းကျတော့ ကွာနေဦးမှာပဲ၊ တကယ်လို့ သားကြီးမှာ ချစ်သူရှိနေခဲ့ရင် ကျွန်မတို့ကို တစ်လွဲထင်သွားနိုင်တယ်၊ ဒါမှမဟုတ် အားနာပါးနာ ခေါင်းညိတ်ပြီး စိတ်ဆင်းရဲကြရမှာ .."

"မဟုတ်တဲ့ဘက်က မတွေးနဲ့လေကွယ်၊ ဒါကမှ အတွင်းသိအစင်းသိတွေလို ယုံကြည်လို့ရမှာပေါ့၊ ညည်းထင်နေတာပါ၊ သားကြီးက သမီးကို ကြင်နာပါတယ်၊ ငါအကဲခတ်ရသလောက်ဆိုရင် လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လဲ သူငြင်းမှာမဟုတ်ပါဘူး။ တို့ကလေးက ကံအကြောင်းမလှပေမယ့် ရွှေပင်နားတော့ ရွှေကျေးပေါ့၊ ပြောရလောက်အောင် အပြစ်အနာအဆာ ဘာရှိခဲ့သလဲ၊ သားကြီး တလွဲထင်မှာစိုးပြီး တခြားလူနဲ့ဖြစ်သွားမှကော် မှာ၊ အဲဒါကမှ ငယ်ကျိုးငယ်နာဖော်ပြီး အဆဲခံရမယ့်ကိန်း ..”

မမ အံကြိတ်ထားမိသည်။ တကယ်အဟုတ်ပါ။ သူမ ဘဝက ဒီထက် တောင်ဆိုးနေပါသေးသည်။ ဟိုဘဝလေးထဲမှာတော့ ပတ်ဝန်းကျင်မှာ ဘယ်သူမှမိုလ်မထားခဲ့ဘဲ မော်ခဲ့ ကြွားခဲ့နိုင်သည်။

ဘာကြောင့် မော်ကြွားခဲ့သလဲဆိုလျှင် မိုက်ရဲ တိုက်ရဲလို့ ..။

ဒီပတ်ဝန်းကျင်မှာကျတော့ ဒါတွေက အနာအဆာ အစွန်းအထင်း တွေဖြစ်နေခဲ့၏။ သူမ ဘဝဟာ ပင်လယ် လိုလူ့ရဲ့လက်ထဲကိုမှမရောက် လျှင် ပတ်ဝန်းကျင်ရိုက်ပုတ်မှုတွေကြောင့် စုန်းစုန်းမြုပ်ရတော့မလိုလို။

“ကိုယ်က ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နိုင်တယ် ယဉ်၊ နင် စဉ်းစားဦး။ ဟိုကောင်လေးနဲ့သမီး ပြန်ဆုံဖြစ်ရင် သူတို့ချင်းတွယ်တာတဲ့ ပုံစံက ပြောင်းလဲသွားမှာပဲ၊ ဘာမှမတော်စပ်ကြဘူးဆိုတာကို သိထား ကြပြီလေ၊ သားကြီးဘေးမှာ ဒေါက်တာစံနမူလဲ ရှိနေတာ၊ တလွဲစီဖြစ် ကုန်မှာသေချာတယ်”

“ဒေါက်တာစံနမူက သဘောကျနေတာပါ။ သားကြီးက ဟိုတုန်း ကလိုပဲ ဘာမှမပိုဘူး”

“ဖြစ်ရလေ ယဉ်ရယ်၊ လူငယ်တွေရင်ထဲကို နင်က ဘယ်လောက် ထိ ထွင်းဖောက်မြင်နိုင်လို့လဲ၊ ကြာပါတယ်အေ .. အမြန်ဆုံးသာ လက် ထပ်ပေးလိုက် ..”

မမ မျက်နှာလေးမော့၍ ကျလုလုမျက်ရည်တို့ကို ပျောက်ကွယ် သွားဖို့ ကြိုးစား၏။ ထင်တော့ ထင်ခဲ့သား ..။ အန်တီပြောနေတဲ့စကား





တွေ တစ်ခါတစ်ခါ ဘာလိုလိုဆိုတာ ..။

ဘယ်သူမှမမြင်ဘဲ ကိုယ့်ဘာသာသက်ပြင်းရှိုက်၍ ဆံပင်တွေ ဟိုသပ်ဒီသပ်ပြုပြင်ကာ နေရာမှနောက်ပြန်အလှည့် ..

“ဟင် ..”

သူမနဲ့ တစ်တောင်သာသာလောက်မှာ ပင်လယ် ကရပ်နေသည်။

ကိုယ်ကြားသလို သူလည်းကြားပြီးပြီပေါ့။ လဲသေလိုက်တော့ .. မမ၊ တိုင်နဲ့ခေါင်းနဲ့ဖြစ်ဖြစ် ပြေးတိုက်လိုက်စမ်း ..။

ရှက်သည့်စိတ်က မျက်လုံးတွေပင် ပြာလာသလိုလို ..။

တစ်ယောက်မျက်ဝန်းထဲ တစ်ယောက်စူးစိုက်ငေးရင်း ဘာမှမမြင် တော့ပေ။ ထိန်းချုပ်ထားသည့်မျက်ရည်တွေက ပါးတစ်ဖက်ကနေ မိုးချောင်ခိုးဝှက် လျှောဆင်း၏။ ပင်လယ် က ရှေ့ကိုတိုးလိုက်ပြီး မမ ကို စကားပြောဖို့ကြိုးစား၏။

မမ က ဖွတ်ရှောင်ထွက်သည်။

“ကိုယ်တို့ စကားပြောရအောင် ..”

“မပြောဘူး၊ ရှင့်ကိုလဲ မမ လက်မထပ်ဘူး၊ အဲဒါကိုမပူနဲ့”

မမ က သူဆွဲလိုက်သည်ကိုရုန်းကာ ထိုနေရာမှ ပြေးထွက်သွား လေသည်။ ကိုယ်ဟာ ဒီနေ့ ဒေါ်ယဉ်ဆင့်၏သမီးတစ်ယောက်ဖြစ်ခဲ့ ပေမယ့် လူကုံထံဆိုသည့်အသိုင်းအဝိုင်းမှာ မဝင်ဆံ့တဲ့သူ ..။

ပျော့ညံ့တာမဟုတ်ပေမယ့် မိန်းမ ဆိုတဲ့သဘာဝအတိုင်း အားငယ်တာတော့ရှိသေးသည်။

အရင်လိုဘဝလေး ပြန်ပေးပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ဟုတ်သည်၊ ရှေ့မှာ ခင်ကိုပါ။

သေချာမှန်း ကိုယ့်ဘာသာအတည်ပြု၍ ခြေထောက်က လီဗာကို ဖိလိုက်ပြီးသားဖြစ်၏။ အနီရောင်တက္ကစီက ကားတွေထဲမှာထင်းနေတော့ ထပ်ကြပ်မကွာလိုက်ဖို့ သိပ်မခက်ခဲပေ။ ဒါပေမယ့် သူ မှားသွားသည်။

တက္ကစီကို မီသွားသည့်အချိန်မှာ ကားပေါ်မှာ ခင်ကို မပါတော့ပေ။

"ဟိတ်လူ .. ဘာလုပ်တာလဲဗျ၊ ကံကောင်းလို့ မရိုက်မိတယ်"

"ဆောရီး .. ခဏလေး .. ခဏ .."

ကြားအောင်လှမ်းပြောလိုက်ပြီး ပင်လယ် ကားပေါ်ကနေဆင်းသည်။ သိပ်မကျယ်သောလမ်းပေါ်မှာ သူ့ကားထွက်လို့မရအောင် ခပ်စောင်းစောင်းပိတ်ခံထားသည့် ပင်လယ်ရဲ့ကားကို တက္ကစီသမားက ဘုကြည့်ကြည့်၏။





"နည်းနည်းလောက်မေးချင်လို့ပါ"

"ဘာလဲ"

"စောစောကပါလာတဲ့လူ ဘယ်မှာဆင်းသွားသလဲ"

အနားမှာ လက်ထောက်ပြီးငုံ့ကြည့်နေသည့် ပင်လယ်ကို ကားသမားက မျက်မှောင်ကုပ်နှင့် မပြောချင်မဆိုချင်သလို အကြာကြီးနေသည်။ ပြောတော့လည်း မရေမရာ ..။

"ကိုယ့်မင်းကိုယ့်ချင်းလမ်းနားမှာ ဆင်းသွားတယ်၊ ထပ်မမေးနဲ့၊ ဘာမှမသိတော့ဘူး။ ခင်များကားကိုဖယ်ပေး .."

"အိုခေ .."

သူမှာ စိတ်ဆိုးဖို့သတိမရဘဲ ထိုဆီကိုပြေးဖို့ပဲ စိတ်ကသန်နေမိသည်။ မမ ကို သူ ကတိပေးခဲ့သည်။ ခင်ကို့ကို မျက်ခြည်ပြတ်ခံလို့မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ဘယ်ရောက်သွားတာလဲ ..။

လမ်းကြိုလမ်းကြားမှန်သမျှ စုံသလောက်ရှိပြီထင်သည်။ မျက်စိအောက်မှာတင် ဝင်သွားတာကို တွေ့လိုက်ပါရက်နဲ့ မတွေ့တာကို မကျေနပ်နိုင်။

ရေပ်ပျက်တစ်ခုနှင့်လမ်းကြားလေးထဲကို ဝင်လိုက်တော့မှ ဇင်ကို့ကို မြေစိုက်စိုက် အိမ်ကုပ်ကုပ်လေးတစ်လုံးထဲကိုဝင်သွားတာ မြင်လိုက်ရ၏။

"ကိုဇင် .. ကိုဇင် .. ခဏနေဦး .."

မမ ပြေးလိုက်ခဲ့သည်။ ဒီနေရာ ဘယ်လိုနေရာ၊ ဘယ်လိုစရိုက်တွေမှန်း အစက သိထားခဲ့တာတွေကိုလည်း မေ့ကုန်၏။ တဲလေး၏ တံခါးဝမှာ ခြေစုံရပ်လိုက်မိကာမှ ...





"ကိုဇင် .."

ဇင်ကိုက မမ ဝင်လာမှာကိုကြိုသိနေသလို တံခါးဘက်ကိုလှည့်၍ ခါးနှစ်ဖက်ထောက်ထား၏။ မျက်နှာမှာပြုံးနေပုံဟာ လှိုက်လှိုက်လှဲလှဲကြိုဆိုနေတာမျိုးမဟုတ်မှန်း ခံစားမိသော်လည်း ဘာဆိုတာကို ခွဲခြားနေချိန်မရပေ။

"ကိုဇင် .."

"လာလေ ..၊ လိုက်လာပြီးမှ အထဲကိုမဝင်တော့ဘူးလား .."

မဝင်ဘူးလားဆိုတော့ ဝင်ချင်စရာရှိလို့လားဆိုသည့်အကြည့်နှင့် မျက်လုံးက တဲသာသာအိမ်လေးကို တစ်ပတ်ဝေ့သွားမိ၏။

အထဲမှာ ဝါးကွပ်ပျစ်တစ်ခြမ်းရှိကာ ဒီဘက်ခြမ်းမှာ တံခါးခပ်နဲ့နဲ့ တပ်ထားသောအခန်းတစ်ခန်းရှိသည်။ ကွပ်ပျစ်ပေါ်မှာ အသက်သုံးဆယ်ကျော်လောက်လူတစ်ယောက်က ပုလင်းထောင်နေ၏။

ဘယ်လိုနေရာလဲ ..။

သူမနဲ့ကိုဇင် တွဲသွားပြေးလွှားခဲ့ဖူးပေမယ့် ဒီလောက်ထိ စရိုက်ကျတဲ့နေရာတွေကို မရောက်ဖူးခဲ့ပါ။

"ကိုဇင် ထွက်ခဲ့စမ်းပါ၊ မမ ပြောစရာတွေရှိလို့ .."

"ဟုတ်တယ်၊ ငါလဲရှိတာပဲ၊ ဒါပေမယ့် ငါက အလင်းရောင်ကို မမြင်ရဲတဲ့ကောင်ဖြစ်သွားပြီ၊ နင်ဝင်လာခဲ့ပါ"

ဇင်ကို ရင်ဆိုင်နေရတာတွေကို မမ သိသည်။ ထို့ကြောင့် ခြေလှမ်းတို့က သံယောဇဉ်ဆွဲအားအတိုင်း ရွေ့လျားသွားခဲ့၏။ မျက်လုံးထဲမှာတော့ မေမေ့ကို ပြန်မြင်နေမိလေသည်။

ဒီအချိန် မမ ဒီလိုနေရာရောက်နေမှန်းသာ မေမေသိလျှင် ..။

"လာပါ၊ သူဌေးသမီးဖြစ်သွားတာနဲ့ ငါ့ဘဝက နင့်အတွက် ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



နေပြီလား”

“ကိုစင် .. နင်စကားပြောတာ ဘယ်လိုကြီးလဲ၊ ငါကတော့ ရှာဖွေပြီးလိုက်လာခဲ့ရတာ ..”

“ငါလဲ လာရှာတာပဲ၊ တိုက်ကြီးမျက်နှာစာကိုမရောက်တရောက်ကနေ လှည့်ပြန်လာခဲ့ရတာတော့ ဓမ္မဖြူ လူတောမတိုးသလိုပေါ့ဟာ”

“ဘာ .. အိမ်ကိုရောက်တယ်၊ မဟုတ်တာ ...”

“ဟုတ်တယ်၊ ငါ နှစ်ခေါက်လာတယ်”

“ကိုစင်ရယ် ..၊ ငါ နင့်ကိုတွေ့ချင်လွန်းလို့ ဦးလေးတို့ဆီကိုရောက်ခဲ့တာလဲအကြိမ်ကြိမ်၊ နင်ရောက်လာရင် ငါနဲ့မတွေ့ရင်တောင် ကိုကိုနဲ့ ..”

ပြောမိပြီးမှ ရှက်သလိုလိုဖြစ်သွားကာ ငေးနေသည့်စင်ကို့ကို ငဲ့ခနဲကြည့်မိ၏။

“ဦးပင်လယ်နဲ့ နင် တွေ့မှာပဲ၊ ငါ သူ့ကို သေချာမှာထားတာ ..”

စင်ကို က အဖြူအနက်စင်းတွေပါသည့် တွန့်ကြေကြေစပို့ရှပ်လက်တိုနှင့် ဆံပင်တွေက ပခုံးအောက်ထိအောင် ရှည်နေသေးသည်။

ဆံပင်ကြောင့်လား၊ လူက နွမ်းနေလို့လားမသိ၊ အရင်ကထက် ပိုပိန်သွားသလိုပင် ..။

“အထဲသွားပြောရအောင် ..”

“နေဦး၊ အဲဒီထဲကို ..”

မဝင်ချင်ဘူးလို့ မပြောဖြစ်လိုက်ဘဲ စင်ကို ဆွဲခေါ်သွားသည့်အတိုင်း အခန်းငယ်လေးထဲကို မမ ရောက်သွား၏။

အထဲမှာ တစ်ယောက်အိပ် သစ်သားတန်းလျားလေးတစ်လုံးနှင့် သောက်ရေအိုးတစ်လုံးရယ်၊ ပြီးတော့ မဆေးရသေးသည့် ပန်းကန်ပြားနှစ်ချပ် ဖြစ်သလိုထပ်တင်လျက်ရှိသော လေးထောင့်သစ်သား





စားပွဲပုလေးတစ်လုံး ..။

မြင်ကွင်းထဲမှာ အားလုံးက စုတ်ပြတ်သပ်နေတော့သည်။ ဘယ်သူ့အိမ်၊ ဘယ်သူ့အိပ်ရာလဲမသိပေမယ့် မတ်တတ်ရပ်နေရတာပင် စိတ်ကမသန့်ချင်။

ကိုယ်တိုင်ဆင်းရဲခဲ့ဖူးပေမယ့် ဒီလောက်နိမ့်ကျစုတ်ပြတ်နေသည့် နေထိုင်မှုမျိုးတော့ မမြင်ဖူးခဲ့တာအမှန်ပင်။

“ထိုင်လေ ..”

“မထိုင်ချင်ပါဘူး၊ နင် .. နင်နဲ့ ဒီနေရာ ဘယ်လိုပတ်သက်တာလဲ၊ အပြင်လူက ဘာလဲ”

“ဒါ သူ့နေရာပဲ၊ ငါနဲ့သိပေမယ့် မရင်းနှီးပါဘူး၊ ခုတလော ဦးနေစိုးတို့လူစု ငါ့ကို မဟုတ်ကဟုတ်ကတွေစွပ်စွဲပြီး ချောင်ပိတ်ဖမ်းဖို့ ကြိုးစားနေကြတယ်”

“အို .. ငါတို့က စားဝတ်နေရေးအတွက် ကိုယ့်ဘာသာစွန့်စားပြီး လုပ်ခဲ့ရတာတွေပဲရှိတာ၊ နင်လဲ သူတို့ရဲ့ အဖွဲ့သားစစ်စစ်ကြီး မဟုတ်သေးဘူး၊ သားသမီးလို မွေးခဲ့တာဆို၊ နင်ပဲပြောခဲ့တာ ..”

“ခုမဟုတ်တော့ဘူး၊ သူတို့ပုံစံက ငါ့ကိုလွှတ်ပေးခဲ့ရင်တောင် ထောင်ကျအောင်လုပ်မယ်၊ မကျချင်ရင် သူတို့ခိုင်းတာလုပ်၊ ဒီနှစ်ခုပဲ”

“နေပါဦး၊ ခုမှ နင့်ကိုပဲ ဘာဖြစ်လို့ သည်းမည်းနေကြတာလဲ၊ အဲဒီ ခါးပိုက်နှိုက်အဖွဲ့ကို ငါ ရဲနဲ့ဖော်ထုတ်လိုက်မှာ ..”

“ဘယ်ရမလဲ မမ၊ မရဘူးဆိုတာ နင်သိသားနဲ့ အရူးရယ်များအောင် ဘာတွေလျှောက်ပြောနေတာလဲ၊ ခုချိန်ထိ ဦးနေစိုးဆိုတာ ဘယ်သူ [illegible] ဘယ်ကောင်မှမမြင်ဖူးဘူး၊ ပြီးတော့ ငါတို့လို စေလွှတ်နေတဲ့ကောင်တွေကို လက်သပ်မွေးပြီး ခါးပိုက်နှိုက်ခိုင်းနေတဲ့ ခေါင်းဆောင်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကသိခဲ့တာ .."

"မှ ဘာဖြစ်နေလို့လဲ"

"ဟိုထင်တာထက် အများကြီးလက်တံရှည်တယ်၊ လူငယ်တွေ ပြေးလွှားစွန့်စားရဲပြီဆိုရင် သူတို့က .."

ဇင်ကို ဆက်မပြောတော့ပေ။ မမ တစ်ကိုယ်လုံးကို စူးစိုက်ကြည့်နေလျက် တစ်ခုခုကိုဆုံးဖြတ်ဖို့ ချီတုံချတုံဖြစ်နေခဲ့၏။

"ကိုဇင် .. ပြောလေ .."

"အသက်ရှူကျပ်လောက်စရာတွေ ငါမပြောချင်တော့ဘူး မမ၊ နင် အခု ငါ့နောက်လိုက်လာတာ ဘာအတွက်လဲ"

"တွေ့ချင်လို့ပေါ့၊ ငါ နင့်ကို အရမ်းသတိရနေတာ၊ စကားတွေလဲ ပြောချင်တယ်"

ဇင်ကို က မမ ကိုယ်ပေါ်ကနေ မျက်လုံးမလွှဲဘဲပြုံးလိုက်၏။

"နင်နဲ့ငါ ဘာမှမတော်စပ်ကြဘူးဆိုတာ သတိရရဲ့လား"

"ဘာပဲဖြစ်ဖြစ် ငါတို့ချင်းဖြစ်ခဲ့ကြတဲ့သံယောဇဉ်က အဖြူရောင်ပါ၊ ဘယ်သူကို ဂရုစိုက်ရမှာလဲ"

"ငါလဲ အဲဒါကိုသိချင်တာ၊ နင်ပါသွားပြီးကတည်းက ငါလုံးဝနေလို့မရဘူး။ ဟိုလူနဲ့နင် ဘာမှမတော်မှန်းသိရတော့ပိုဆိုးတယ်၊ ခုဆို သိပ်တောင်မကြာသေးဘူး။ သူ့ကို နင်က ကိုကိုလို့ခေါ်နေပြီ"

မမ မျက်နှာလေးပျက်သွားကာ ဇင်ကိုက အံကြိတ်သည်။ ပြီးတော့ ရှေ့တစ်လှမ်းတိုးလိုက်လျှင် မမနဲ့ နီးနီးလေးဖြစ်သွား၏။

"မမ ..."

"ဟင် ..."

"နင် ငါ့ကို တကယ်သံယောဇဉ်ရှိသေးရင် .."





သူ ဆက်မပြောဘဲ မမ မေးလာမှာကိုစောင့်နေ၏။ မမ က ငေးကြည့်နေရင်း ခေါင်းညိတ်၍ ...

"ပြောလေ၊ ငါ ဘာကူညီရမှာလဲ၊ ဘာလုပ်ပေးရမှာလဲ"

"ငါတို့ရင်းနှီးလောက်တဲ့ငွေနဲ့ နိုင်ငံခြားကို ပြေးကြရအောင်"

"ဟင် .."

မမ ငိုင်သွားလေသည်။ အံ့သြသွားသည့်စိတ်က လူကိုအုပ်စီးလျက် ဇင်ကို့ကို အသံတိတ်ငေးနေခဲ့မိ၏။ ဇင်ကိုက မမ လက်ဖဝါးလေးကို ဖမ်းဆုပ်ထားလိုက်ကာ ..

"နင်က သူဋ္ဌေးသမီးဖြစ်သွားပြီပဲ၊ ဒေါ်ယဉ်ယဉ်ဆင့်ဆိုတဲ့မိန်းမကြီးက နင်ဘယ်ရောက်သွားသွား၊ ဘယ်အခြေအနေပဲဖြစ်ဖြစ် သူ လိုက်ရှာမှာပဲ၊ ပြန်ခေါ်မှာလဲသေချာတယ်၊ နင် တကယ် ငါ့ကို သံယောဇဉ်ရှိခဲ့တာမှန်ရင် သတ္တိမွေးလိုက်ပါဟာ .. နော် .."

"ကိုဇင် .."

"ငါတစ်ယောက်တည်း အထီးကျန်နေခဲ့ရတော့မှ ငါ နင့်ကို ဘယ်လောက်တွယ်တာခဲ့မှန်းသိခဲ့ရတယ်၊ တို့နှစ်ယောက်က နှစ်ယောက်တစ်ဘဝပါ၊ ငါနဲ့လိုက်မယ်မို့လားဟင် .."

"ဘာတွေပြောနေတာလဲ ကိုဇင်၊ ငါ .. ငါ အခု နင့်နောက်ကိုလိုက်ရင် ဘယ်လိုပုံစံနဲ့ဖြစ်သွားမလဲ နင်သိလား၊ ဟိုတုန်းက မောင်နှမစိတ်တွေနဲ့ .. အခု .."

"ဘယ်တုန်းကဖြစ်ဖြစ် နင်နဲ့ငါ နှစ်ယောက်တစ်ဘဝပဲ မမ၊ ငါကတော့ သူဋ္ဌေးတွေနောက်ကို ထည့်လိုက်ပြီးကတည်းက ဘယ်ရှေ့ဆက်သွယ်လာမလဲလို့ မျှော်လိုက်ရတာ၊ ဘာအကြောင်းမှမကြားလို့ ခြိမ်းမှာလာရစ်တော့လဲ မတွေ့ဘူး။ လက်စသတ်တော့ နင်က ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက သူ့ဌေးသမီးလုပ်တော့မလို့ကိုး ..”

“ကိုဇင် .. နင်ရူးနေလား၊ နင်ရူးသွားပြီလားဟင် ..၊ ငါ မေမေတို့နောက်ကိုလိုက်သွားတာ မဟုတ်ကဟုတ်က ဟန်ဆောင်ပြီး သိုက်တူးဖို့လား”

“ငါက အဲဒီလိုပဲထင်ခဲ့တာ ..”

မမ နှုတ်ခမ်းအစုံ ပွင့်ဟသွားခဲ့၏။

လာခဲ့သည့်ရည်ရွယ်ရင်းတွေလည်း ပျောက်ကုန်ပါပြီ။ ကိုဇင် ဘာဖြစ်လို့ ဒီစကားတွေပြောနေတာလဲ ..။

ဟိုတုန်းကတော့ ‘နင့်ကို ကောင်းစားစေချင်တယ်၊ နင်က မိန်းကလေး’ ဆိုသည့်စကားတွေကို မုန်းအောင်ပြောခဲ့သူ ..။

“မမ ..”

ပခုံးတစ်ဖက်ပေါ်မှာ ဖတ်ခနဲတင်လိုက်သည့်လက်ကို ကြောင်တောင်တောင်လိုက်ငုံ့ကြည့်ရင်း မမ အံ့သြမပြေနိုင်။

“ငါမျှော်လင့်မိတာ လွန်သွားလို့လား၊ မီအာဆိုပေမယ့် ဘာသံယောဇဉ်တွေရှိခဲ့ကြသလဲ၊ ငါ့ထက်ကျော်ပြီး အလွယ်တကူ ရင်းနှီးလို့ရော ရခဲ့သလား ..”

‘ရခဲ့တယ်’ လို့ ရင်ထဲမှာ ပြောသံထွက်၏။ ‘သွေး’ ကစကားပြောတယ်ဆိုတာ မကြားဖူးဘူးလား ..။

နှုတ်ခမ်းအစုံကို ဖိကပ်ပိတ်ထားသည့် မမ ကို ဇင်ကိုက ငုံ့မိုးကြည့်ကာ ...

“နင့်ခေါင်းထဲမှာ ငါ့ကိုခင်တွယ်တာတွေ၊ ငါနဲ့ပဲနေချင်တဲ့စိတ်တွေ၊ ဒါတွေအပြင် တခြားခံစားချက် ဘာမှထိုးဖောက်နိုင်မှာမဟုတ်ဘူးလို့ ထင်ခဲ့တာ၊ ဘာငေးနေတာလဲ မမ၊ ငါ့ကိုပြန်ပြောစမ်းပါ၊ နင် အဲဒီလို





မဟုတ်ခဲ့ဘူးလား”

‘ဟင့်အင်း’ လို့ ရင်ထဲမှာပြောနေသော်လည်း ခေါင်းခါဖို့ပင် မတတ်နိုင်ခဲ့ပေ။

နှမ်းဖတ်ဖတ် ဇင်ကို့ရုပ်ပုံကိုငေးနေရင်း သူ့ဘက်က မျှော်လင့်ချက်အားလုံးအတွက် ကြက်ခြေခတ်ဖို့ ခွန်အားမဲ့နေခဲ့၏။

“မှတ်ပြီ၊ နင် အဲဒီလိုလုပ်ဖို့ စိတ်မကူးရဲခဲ့ဘူးဆိုတာ ငါနားလည်နိုင်တယ်၊ အဲဒါကိုထားလိုက်ပါ၊ နင်ဆိုရင် ဒေါ်ယဉ်ဆင့်အတွက် နီးနေနေ၊ ဝေးနေနေ အမိုးတန်ရတာနော်ပဲ၊ အဲဒါတွေကို ငါလဲ ခံစားခွင့်ရဖို့ နင်ဖန်တီးမပေးချင်ဘူးလား”

အားတက်သရော မေးလိုက်၊ ပြောလိုက်နှင့် ဇင်ကို့လက်နှစ်ဖက်က မမရဲ့ပခုံးနှစ်ဖက်မှာ တင်းတင်းကျပ်ကျပ်ဖြစ်လာသည်။

“ကိုဇင် .. နင် ငါ့ကို နိုးရာလိုက်ဖို့ခေါ်နေတာလားဟင်”

မျက်လုံးချင်း ကြာရှည်စွာဆုံစည်းသွားခဲ့ပြီး ဇင်ကို မျက်လွှာအရင်ချသည်။ ပြီးတော့ ခေါင်းညိတ်၏။

“ငါတို့ နောက်ထပ်ရင်းနှီးကြဖို့က ပေါင်းကြဖို့ပဲရှိတာလေ၊ သူစိမ်းတွေဆိုတာကို အားလုံးအသိအမှတ်ပြုခဲ့ပြီးတဲ့နောက် ...”

သူ စကားသံတိတ်ကျသွားသည်။

“ငါ အရမ်းကို မျှော်လင့်နေခဲ့တာပါ မမရယ်၊ ငါတစ်ယောက်တည်းဆင်းရဲမွဲတေနေတာကို နင်မခံစားနိုင်ပါဘူး၊ အဲဒါ ငါယုံတယ်”

“ဟုတ်တယ်၊ ငါလဲ နင့်ကို လိုက်ခဲ့ဖို့ခေါ်သေးတာပဲ၊ မေမေတို့က နင့်အတွက် ငါပြောရင် အားလုံးလိုက်လျောကြမှာ၊ ခုလဲ နင်နဲ့ငါ ဘယ်လိုဆက်လက်တွယ်တာဖို့ နင့်အတွက် ငါ တတ်နိုင်သလောက် [illegible] ပေးဖို့ အားလုံးအတွက်ပြောချင်လို့ ရှာဖွေလိုက်လာခဲ့တာပါ၊ ဒါပေမယ့် - ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ လက်ထပ်ဖို့မဟုတ်ဘူး"

ဇင်ကို့မျက်နှာသည် ရီဝေဝေးမောသွားပြီးမှ တဖြည်းဖြည်း ပြုံးယောင်သမ်းလာပုံက အံကြိတ်ထားမှန်း သိသာနေ၏။

မမ က ပြတ်သားစွာပြောပြီးမှ မျက်နှာလေးငုံ့သွားကာ ...

"အဲဒါ ဘဝနဲ့ဘာမှမဆိုင်တဲ့ အဖြူရောင်သံယောဇဉ်သက်သက်နဲ့ ပြောတာ၊ ငါတို့ချင်း ပိုနားလည်မှာပါ"

"လည်လို့မရတော့ဘူး မမ၊ ငါ နင့်ကိုမှမရရင်၊ နှိုင်ငံရပ်ခြားကိုမှ ထွက်မပြေးနိုင်ခဲ့ရင်၊ ငါ့ဘဝ ဘယ်တော့မှ ချမ်းသာရာရတော့မှာမဟုတ်ဘူး။ အဲဒါကြောင့် ဖြူတာ၊ နီတာ မတွက်ချင်တော့ဘူး၊ ငါတို့လက်ထပ်မယ်ဟာ .. နော်"

"အို .. မလုပ်နဲ့"

"ငါသိတယ်၊ နင်ပြောင်းလဲနေလောက်ပြီဆိုတာလေ၊ အဲဒါကြောင့် ငါ သတ္တိတွေမွေးပြီး ဒီနားထိရောက်အောင် ခေါ်ခဲ့တာပဲ"

"ကိုဇင်နော် .. ဟင့်အင်း .. မရဘူး၊ ဖယ် .. လွှတ် .."

ဇင်ကို သည် မုန်ယိုနေသည့်ဆင်ရိုင်းတစ်ကောင်လို တန်းလျားလေးပေါ်ကို မမ လဲကျသွားအောင် သည်းမည်းကြိုးစားသည်။

မမ ရင်ထဲမှာ အံ့အားသင့်တာတွေ၊ သနားကြင်နာတာတွေ ပျောက်ကွယ်ကုန်ကာ ရက်ကြောက်ရွံ့ရှာခြင်းတွေ ပွက်ပွက်ဆူလျက် ဇင်ကို့ကိုယ်ကြီးကို အားကုန်ဆောင့်တွန်းပစ်လိုက်၏။

ပြီးတော့ .. ပြေးစမ်း ..။

လှည့်မကြည့်စတမ်း ပြေးထွက်ခဲ့မိသည်။ သူမ တစ်ခုခုဖြစ်လာပုံက ဘယ်လောက်ထိပေါ်လွင်နေသည်မသိ၊ ချွေးတွေ လိုက်ဟောင်ကြ၏။





လမ်းကြားထဲဖင်လာသည့် ဆိုက်ကားနဲ့လူတွေ ပါးစပ်အပြဲသားနှင့် သမင်လည်ပြန်လိုက်ကြည့်ကြသည်။

"လူယုတ်မာ၊ နင့်မှာ အဲဒီလိုရိုင်းစိုင်းတဲ့စိတ်တွေ ငုပ်လျှိုးကိန်းအောင်းနေတာ ငါ လုံးဝမသိခဲ့ဘူး .. သိလား .. တောက် .."

ရှက်လည်းရှက်သည်။ ဒေါသနှင့် ကဆုန်ပေါက်ပြေးနေပေမယ့် ခြေထောက်တွေက နောက်ပြန်ရောက်နေသလားမသိ။ ကုန်းမြင့်ထက်ကနေ လမ်းမကြီးပေါ် ပြေးထွက်မိပြီးမှ ကိုယ်ရှိန်သတ်၍ လမ်းကူးဖို့အတွက် အရပ်မျက်နှာရှေးရသည်။

ထို့နောက် ဘယ်ဘက်ကို ကိုယ့်ဘာသာရှေးပြီး လှည့်ပြေးခဲ့စဉ် ..

"တီ ..."

"အား ..."

"ဟာ .. ယဉ်သကို .."

ဖရိုးကြောအတိုင်း ကွေ့ချလာသည့်ကားတစ်စီးက မျက်လုံးထဲမှာ အကြီးကြီးဖြစ်သွားပြီး ...

"ယဉ်သကို .."

ကားနဲ့မထိဘဲ ကားရှေ့မှာ ပုံခနဲ ခွေကျသွားသည့် မမ ဆီကို ပင်လယ် ပြေးဆင်းလာ၏။

"အ .. အား ..."

"ယဉ်သကို .. မင်းကို မတိုက်မိသေးဘူး၊ ဘာဖြစ်သွားတာလဲ၊ ဘာတွေဖြစ်လာတာလဲ၊ ပြောစမ်း .."

"ကိုကို ..."

ဘေးမှာ ဒူးတစ်ဖက်ယောက်၍ထိုင်ကာ ပခုံးနှစ်ဖက်ကိုဆွဲထူတော့ မမ ပင်လယ့်ရင်ခွင်ထဲကို ခေါင်းတိုးဝင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ..."

ဘာမှမပြောနိုင်ဘဲ ရှိုက်ကြီးတငင် ငိုမိလေသည်။ ပင်လယ်က ထုထပ်လာသည့်လမ်းပေါ်ကလူတွေကို ဇွဲကြည့်ပြီး မမ ကို ကားပေါ် တွဲတင်လိုက်၏။

မမ သည် သူ့လက်မောင်းတစ်ဖက်မှာ ပါးလေးကပ်မှီ၍ ငိုနေဆဲ ..။





## အခန်း (၂၉)

ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်သွားလိုက်ပါ မမရယ် ..။

မုန်းသွားစမ်းပါ။ မစင်ပုံတစ်ပုံလို ရွံရှာသွားပါ ..။

ဇင်ကို ဆိုတဲ့ကောင်ဟာ အဲဒီလို မသတီစရာသတ္တဝါတစ်ကောင် မှန်း နင်ပိုသိအောင်လို့ပါ။ ဒီလိုလုပ်ရတာ နင်မပြောနဲ့ ငါ့ကိုယ်ငါတောင် ရွံပါတယ် ..။

ဘေးတိုက်ပြို့အကျမှာ ရေအိုးစင်တိုင်က သံချွန်နဲ့ခြစ်မိသည့်ဒဏ်ရာ ကနေ မျက်ခုံးအစပ်ကိုဖြတ်၍ ပါးရိုးမှ မေးရိုးထိတိုင် သွေးတို့က ဤာဖြွ ကြီးစွာ ဖြတ်သန်းနေကြ၏။

ဒဏ်ရာကို စတ်သပ်ပြီးတော့တောင် မကိုင်မိခဲ့ပါ။ သွေးထွက်နေ သည့်ဒဏ်ရာထက် အတွင်းကြေသွားသည့်ရင်ဘတ်ထဲမှာ တစ်ခုမှ အကောင်းတိုင်းမကျန်တော့အောင် ပြိုကျပျက်စီးသွားသည့်အဖြစ်ကို မခံစားနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ကို သည် လဲကျနေရာမှ တော်တော်နှင့်မထဖြစ်ဘဲ တသွဲ့သွဲ့ဆင်းကျနေသောသွေးတို့ သွေ့ခြောက်စပြုတော့မှ မြေပြင်ပေါ်ကနေ တန်းလျားပေါ် ရောက်ခဲ့သည်။

ထိုပြင် သွေးကဲ့သို့ အေးခဲသွားမည်မဟုတ်သော မျက်ရည်စတွေ သူ့ပါးပေါ်မှာ စိုလူးနေဆဲ ..။

"မင်းက ကြည့်တော့ အေးတိအေးစက် ညောင်နာနာနဲ့ လုပ်ချလိုက်တာ ပြတ်သားလှချည်လား၊ အဟွန်း .. ဟွန်း .. ဆရာတင်ထိုက်နေပြီ"

စကားပြောသံသည် ပုလင်းကိုဆောင့်ချလိုက်သံနှင့်အတူ တိတ်ကျသွားကာ မမ တိုးတိုက်ထွက်သွားသော ယိုင်နဲ့နဲ့အခန်းတံခါးရှေ့မှာ လူရိပ်ပေါ် လာ၏။

"မင်းပြောထားလို့ ငါကလဲ လိုအပ်ရင်ကူညီဖို့စောင့်နေတာပါ။ ခုလို ကိုယ်တိုင်လူကြမ်းလုပ်ပြီး ကိုယ့်ဇာတ်ကို နိုင်အောင်ကသွားတော့လဲ ဇာတ်ရှိန်ပိုမြင့်သွားတာပေါ့၊ ဒါပေမယ့် ခင်ကို .. ဒီကောင်မလေးရဲ့ မင်းအပေါ် ထားတဲ့သံယောဇဉ်က သေးသေးနုပ်နုပ်မဟုတ်ဘူးနော်၊ ဒီလိုနေရာအထိလိုက်လာရဲတဲ့ သူ့ရဲ့သတ္တိ၊ သံယောဇဉ်တွေကို မင်း ခုလို စုတ်တိစုတ်ဖတ်ယုတ်မာပြလိုက်တာ၊ လိုချင်တဲ့အတိုင်း ကွက်တိဝင်သွားပေမယ့် ပြီးသွားတာမဟုတ်ဘူး၊ မင်းအတွက်က ခုမှ စမှာ၊ ဘာတွေလဲသိလား၊ ဒုက္ခတွေ .."

သူပဲမေးပြီး သူ့ဘာသာဖြေသည်။ ပြီးတော့ ဘေးတိုက်မြင်နေရသည့် ခင်ကို ထိုင်နေရာကို သေချာထပ်ကြည့်ကာ ...

"မင်း .. သွားပြီ ခင်ကို၊ ဟိုဘက်မှာ .. အဲ .. ကောင်မလေးရင်ဘတ်ထဲမှာ လူယုတ်မာ ခင်ကို ကို မီးသဂြိုဟ်ပြီးလို့ ပြာမှုန့်တွေတောင် လေတိုက်လို့ပါသွားလောက်ပြီ၊ မင်းကကော့ ခံပေတော့ .."





သောက်တိုင်းမမူးတတ်သည့်ဟန်တွေနှင့် ပြောတာတွေကလည်း အရက်သမားစကားလို အာလေးလျှာလေးမဟုတ်ပေ။ သို့သော် ပြောရင်းထွက်သွားသည့်အခါ ခြေလှမ်းမမှန်ခြင်းက စကားသံကိုပါ ယိုင်နဲ့နဲ့ သယ်ဆောင်သွားခဲ့၏။

ထိုအိမ်လေးထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

မငိုပြင်ခဲ့သည့် အတိတ်ကာလများမှာကတည်းက ခင်ကိုက လူဆိုးယူပေလေးတစ်ယောက်။ ပစ္စုပ္ပန်မှာလည်း ထူးခြားထည်ဝါခဲ့တာ ဘာမှမရှိပါ။

နောင်အနာဂတ်မှာ ထို့ထက်ပို၍ ဘယ်လိုဆိုးဝါးလာဦးမယ်ဆိုတာလည်း မသိနိုင် ..။ ဒီလိုကောင်ကို နှင် ခင်တွယ်မနေသင့်လို့ပါ မမရယ်..။ ငါ့ကို မုန်းပစ်လိုက်ပါ ...။

ငါ့ကို နှင် လာလာရှာနေတာ ငါသိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နှင်အပြင်ထွက်တိုင်း မမြင်ကွယ်ရာကနေ ငါ လိုက်ချောင်းကြည့်နေကျ ..။ ငါ နှင့်ကိုသိပ်ချစ်တယ်၊ အဲဒီအချစ်ဟာ ဘယ်လိုအချစ်လဲဆိုတာမသိပေမယ့် ငါ နှင့်ကိုစွင့်လွှတ်နိုင်တယ်၊ စွန့်လွှတ်ရဲတယ်၊ နှင်ပျော်ဖို့ ငါ ငိုနေရမယ်ဆိုရင်တောင် ကျေနပ်နေဦးမှာ ...။

သူဌေးသမီးဆိုတဲ့ဘဝမှာ ငါ့အတွက် နောက်ဆံတင်းတဲ့ သံယောဇဉ်တွေနဲ့ နှင် မပျော်နိုင်မှာသိနေလို့ ငါ မိုက်ရိုင်းပြလိုက်တာ ...။

လူယုတ်မာတစ်ယောက်လို့သတ်မှတ်ပြီး မေ့လိုက်တော့ မမရယ်၊ ငါ ငိုပျော်ပါတယ် ..။

မျက်ရည်များနှင့် စိုလူးနေသောမျက်နှာမှာ မချိတရိအပြုံးတစ်ချက်ဖြစ်၏။ မုန်းမေ့သွားစေချင်သည်၊ ဒါပေမယ် မုန်းသွားပြီဆိုသည့် အသိတစ်ချက်ကြောင့် တစ်ဘဝလုံး ပျက်သုဉ်းသွားခဲ့သလို အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်တွေမဲ့သွားခဲ့၏။

"ဇင်ကို .. ဟေ့ .. အထဲမှာရှိလား၊ ဇင်ကို ..."

ပစ်စလက်ခတ် လျှော့တိလျှော့ရဲနေသည့် ဇင်ကို့တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ်သွားသည်။ ဒီနေရာမှာ သူရှိနေမှန်းသိထားတာ 'နက်ရှိုင်း' ဂေဟာကလူတွေနဲ့ သူတို့အလုပ်နဲ့ ပတ်သက်သူတချို့ပဲရှိသည်။

ကြားလိုက်ရသည့်အသံက သူ့ဦးလေးအရင်း ဦးဝင်းမြင့်၏အသံ။

"ဇင်ကို .."

"ကျွန်တော် ရှိတယ်"

ရှေ့မှာပေါ်လာမှ အသံပေးလိုက်တာမို့ တဲအိမ်ထဲကိုငုံ့ကြည့်နေသည့် ဦးဝင်းမြင့် မျက်နှာ နောက်ပြန်ရောက်သွား၏။ ပြီးတော့ နဖူးထောင့်တစ်ဖက်ကနေစီးကျနေသည့် သွေးစီးကြောင်းကြီးနဲ့ သူ့ကို မျက်လုံးပြူးနှင့်ကြည့်ကာ ...

"ဒါ ... ဒါ ဘာဖြစ်တာလဲ"

"ကျွန်တော့်ပြဿနာပါ။ ဦးလေး ဘာလာလုပ်တာလဲ"

"ဟား .. မင်း မေးရက်တယ်၊ ဒီမှာ ဇင်ကို ... မင်းက ငါ့ကို မရင်းနှီးချင်ပေမယ့် ငါက မင်းရဲ့ဦးလေးအရင်းကွ"

သိပြီးသားတွေကို ဘာလုပ်ဖို့လဲ ..။ ဇင်ကို့မျက်နှာက ဦးဝင်းမြင့် အပေါ်မှာ ဘယ်လိုမှ စိတ်ဝင်စားမှုမရှိသလို ခပ်လွှဲလွှဲနှင့် ..။

"ဒီမှာ ဇင်ကို .. ငါ့မျက်နှာကို နည်းနည်းကြည့်ဦး"

ကြည့် ဆိုတော့လည်း လှည့်ကြည့်၏။ ဒါပေမယ့် မျက်မှောင်ကြုတ်ထားလျက် ...

"ဦးလေး .. ကျွန်တော့်ကိစ္စတွေထဲက တစ်စုံတစ်ရာကြောင့်ဆိုရင် ဘာမှထူးမှာမဟုတ်ဘူး။ မပြောပါနဲ့တော့ .."





"ဘာ ..."

"ကျွန်တော် ရှေ့အပတ်ထဲမှာ ထွက်တော့မှာ .."

"မင်းမထွက်ရဘူး ဟိတ်ကောင်၊ နိုင်ငံခြားသွားတယ်ဆိုပြီး လူကြားကောင်းပေမယ့် ဘယ်လိုပုံစံနဲ့ မင်းသွားမှာလဲဆိုတာ ငါသိတယ်၊ မသွားရဘူး"

"ကျွန်တော် မသွားရင် ..."

သူ့ ဆက်မပြောပေမယ့် ဦးဝင်းမြင့်က မျက်နှာကြီးတင်းလျက် ...

"ဟိုကောင်မလေးကို ဒီကောင်တွေ သံသယဝင်သွားမှာစိုးလို့မို့လား၊ ငါ့ကို မင်းတို့နှစ်ယောက်အကြောင်း တင့်အောင် အားလုံးပြောပြတယ်၊ မမ ဆိုတဲ့မိန်းကလေးကချည်းပဲ မင်းကို ဦးဆောင်သွားတာ။ ခါးပိုက်နှိုက် ပညာတွေတတ်ပြီး မင်း ခါးပိုက်နှိုက်မလုပ်ရဲဘူး။ မမကကာ လုပ်ရဲအောင် ရှေ့ကလမ်းပြတယ်"

"မမနဲ့ဘာမှမဆိုင်ဘူး"

"ဆိုင်တာကို ဘယ်သူမှမသိပါဘူး၊ ဒါပေမယ့် ငါကတော့သိတယ်၊ တကယ့်လူတော်လူကောင်းက ဇင်ကို ဆိုတဲ့ကောင်၊ မမ မဟုတ်ဘူး။ ဒါကို လူကုံထံတွေရဲ့ သွေးပါဆိုပြီး ပင်တိုင်စံထိပ်ထားဖြစ်သွားတော့ မမ ဖြစ်နေတယ်၊ တကယ်ဆိုးရဲ မိုက်ရဲခဲ့တဲ့သူနဲ့ တွဲမိလို့ မင်းဘဝ အခုလို အဖတ်ဆယ်မရတော့တာ နားလည်လား ဇင်ကို၊ ငါထင်ပါတယ်၊ သူတို့ သည်းကြီးမည်းကြီးရှာနေကြတဲ့ Memory Card ဆိုတာလေးကို မင်း တစ်ယောက်တည်းအစွမ်းနဲ့ ရအောင်မယူရဲပါဘူး၊ မင်းက ဘာမဆို တွေမှ တယ်လေ၊ တွေဝေတယ်၊ မမ က လက်တုံ့ပြန်ချင်တယ်၊ စွန့်စားချင်တယ်၊ တင့်အောင် ပြောနေကတည်းက မင်းတို့နှစ်ယောက် ဖြတ်သန်းခဲ့ကြတဲ့ ဘဝကို မြင်ကြည့်လို့ရတယ်၊ ငါ့ကို အတိအကျဝန်ခံစမ်းပါ၊ အဲဒီကတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ကြတာ မမ အကူအညီနဲ့မို့လား”

“ဦးလေး .. တော်ပြီလား၊ ပြောချင်တာပြောပြီးရင် သွားတော့ဗျာ”

“ဇင်ကို ..”

“ဦးလေး .. ဦးလေး ပြောတဲ့စကားတွေက မမအတွက် ဘယ်လောက်အန္တရာယ်များသလဲ သိရဲ့လား၊ ခုချိန်ကျမှ ဒါတွေပြောနေလို့ ဘာမှပြောင်းလဲလာမှာမဟုတ်ဘူး၊ အဲဒီတော့ သွားပါတော့ ..”

ဇင်ကိုက ပါးရိုးပေါ် ကသွေးကြောင်းကို ပွတ်သုတ်ပစ်၏။ ဒါပေမယ့် ခြောက်သွေ့နေပြီဖြစ်သည့် သွေးတို့က စီးကြောင်းအတိုင်း မပျက်ဘဲရှိနေခဲ့၏။

ဒဏ်ရာ ဘာကြောင့်ရခဲ့တာလဲလို့ မမေးသော်လည်း ဦးဝင်းမြင့်၏ မျက်လုံးတွေက ဇင်ကိုနဲ့ ဒဏ်ရာကိုပဲကြည့်လျက် ...

“ပြောင်းလဲလို့မရတာ မရှိဘူးကွ၊ မရသေးခင်မှာလဲ ရှန်းထွက်လို့ရတယ်၊ မင်း နိုင်ငံခြားကူးချင်သလား၊ ငါကူညီလို့ရတယ်၊ ‘နက်ရှိုင်း’ ကလူတွေနဲ့ သွားဖို့မလိုဘူး”

“ကျွန်တော်က စီးပွားရှာဖို့မဟုတ်ဘူး၊ စိတ်လေလို့ ရှက်လွှင့်မှာလဲမဟုတ်ဘူး၊ သူတို့နဲ့ပတ်သက်ပြီး ဖြေရှင်းစရာရှိနေလို့ ..”

“အဲဒါ ငါသိပြီးပြီ”

“ဦးလေးကို ဘယ်သူကပြောလိုက်တာလဲ”

“နိုင်မင်းရဲ့တပည့်တွေ ငါ့ကို ဒုက္ခ ပေးကြတာလေ၊ သတ်တော့ ဖြတ်တော့မလို့နဲ့ ပြန်လွှတ်ပေးလိုက်တော့ အံ့ဩနေတာ၊ လက်စသတ်တော့ မင်းက မမဘက်ကို ဒီအရိပ်မကျနိုင်အောင် လမ်းလွှဲယူမလို့ ခေါင်းခံလိုက်တာကိုး”

“အဲဒီလိုလဲမဟုတ်ဘူးလေ၊ ကျွန်တော်သာ အစ်ကိုတစ်ယောက်





နေရာမှာနေပြီး သူ့ကို တာဝန်မကျေခဲ့လို့ လူဆိုးသူခိုးမလေး ဖြစ်ခဲ့ရှာတာ၊ ကျေးဇူးပြုပြီး မမကိုမဝေဖန်ပါနဲ့ဗျာ၊ ဒီစကားတွေလဲ ဒီမှာပဲပြောပါ၊ သူတို့လိုချင်တဲ့ပစ္စည်း ကျွန်တော် တခြားပို့ထားတယ်လို့ပြောပြီးပြီ၊ အားလုံးအေးချမ်းနေကာမှ ဘာမှမသိတော့တဲ့လူကို ဒုက္ခမပေးချင်ပါနဲ့၊ ဦးလေးဘာသာ ကိုယ့်တူဖြစ်နေလို့၊ ကိုယ့်သွေးဘက်ကနာလို့ ဘာပြောပြော ကျွန်တော် ကျေးဇူးတင်မှာမဟုတ်ဘူး”

“ငါကလဲ ကျေးဇူးနည်းနည်းပါးပါးတင်ပါလို့ မင်းဆီမှာ လာတောင်းတာမဟုတ်ပါဘူး၊ မမကိုလဲ ထိခိုက်စေချင်လို့မဟုတ်ဘူး၊ ဒါပေမယ့် မင်းကိုယ့်ဆီမှာမရှိတော့ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ်အသေခံပြီးတော့များ ရှိတယ်လို့ပြောခဲ့တာ .. ကြည့်စမ်း ..”

ဇင်ကို က ဦးဝင်းမြင့်ကိုကျောပေး၍ ဟိုဘက်လှည့်ရပ်၏။ ပြီးမှ ဆက်၍ ...

“ဟုတ်တယ်၊ အဲဒီလိုပြောမှဖြစ်မှာ၊ မမနဲ့ကျွန်တော် အဲဒါကို ရအောင်ယူထားပြီး ရဲလက်အပ်မယ်၊ ဒီဂိုဏ်းကိုဖော်ထုတ်မယ်ဘာညာနဲ့ သိမ်းထားခဲ့တာ၊ သူတို့ကလဲ ကျွန်တော့်ကို လူပျော့လူညံ့ဆိုတဲ့ ပစ်ပယ်ချက်နဲ့ ဒီပစ္စည်း ကျွန်တော့်ဆီမှာရှိမှန်းမသိကြဘူး၊ သိသွားလို့ မေးလာကတည်းက ‘မင်းတို့နှစ်ယောက် ဘယ်သူ့ဆီမှာလဲ’ တဲ့ ..”

“မရှိတော့ဘူးလို့ ဖြေပေါ့ကွ၊ လျှို့ဝှက်ချက်တွေမပေါ်အောင် ဒီကတ်ကိုဖျောက်ဖျက်ချင်တာ၊ ယူထားပေမယ့် မင်းတို့လဲ တိုင်မခဲ့ကြတာ မဟုတ်ဘူးလေ၊ ပျောက်သွားပြီဆိုလဲ တကယ်ပျောက်လို့ ပျောက်တဲ့အကြောင်းပြောတာ မယုံစရာမရှိပါဘူး”

“ဘယ်လိုမှ ယုံမှာမဟုတ်ဘူး”

ဇင်ကိုက ဒီဘက်ပြန်လှည့်လာပြီး ခေါင်းခါ၏။ ဒီပစ္စည်း ဤမြှ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာကို သူသိသည်။ ဒါကြောင့် အမှတ်မထင် ရယူထားခဲ့သည့် ဒီကတ်ကို သူတို့ထဲမှာပဲ ပြန်ထားလိုက်ဖို့ မမကို နားချခဲ့ဖူးသေးသည်။

မမ.က နားမထောင် ..။ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းမရရင်း မမက တံတားပေါ်ကနေ ရေထဲကိုလွှင့်ပစ်ချလိုက်၏။ ဘယ်လောက်ထိစိုးရိမ်သလဲဆိုလျှင် ကန်တော်ကြီးရေကန်ထဲကို ပြန်ဆင်းဆယ်ဖို့ထိ သူ ကြိုးစားခဲ့မိသည်။ ပြဿနာ ဒီကစခဲ့တာမဟုတ်သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်ကို သူ ကြိုတင်စိုးရိမ်နေခဲ့၏။

ဖြစ်လာခဲ့ပြီဆိုတော့လည်း မမကို ဒုက္ခအရောက်မခံနိုင်ပါ။ ဒီလိုလူတွေက တစ်ယောက်ယောက်ကို သံသယရှိပြီဆိုတာနှင့် မရမက ရေဆုံးမိုးဆုံး လိုက်ကြမှာဖြစ်သည်။

ထုတ်မပေးနိုင်လျှင် ဘာဖြစ်သွားမလဲ ..။

"ပြောပါဦး၊ မင်းက သူတို့ကိုခေါ် သွားပြီး ဘာလုပ်ပေးမှာလဲ"

"သူတို့လုပ်သမျှခံမယ်"

"ဘာကွ .."

"ဒီကတ် မမနဲ့ လုံးဝမသက်ဆိုင်တဲ့အကြောင်း ရှင်းသွားအောင် သူတို့ရှေ့မှာပဲ ဖျက်ဆီးပစ်မယ်"

"ဘာကိုလဲ .."

"Memory Card တစ်ခုနပေ့ါ ကျွန်တော့်လက်ထဲကနေ ပျက်စီးသွားပြီဆိုရင် ကျန်ခဲ့တဲ့သူ အန္တရာယ်ကင်းသွားလိမ့်မယ်"

"မင်း အဲဒီလို ဖျက်ဆီးပြလိုက်တိုင်း သူတို့ကယုံမလားကွ၊ နေဦး အခု ငါသိနေပြီဆိုတော့ မင်းလုပ်သမျှ ဝိဝိရိရိပြီးဆုံးသွားမယ်လို့ ထင်သေးလား"

"ဦးလေး ..."



ခင်ကို့ မျက်လုံးတွေ မီးတောက်သွား၏။ ငြိမ်းခြောက်တာလား၊ သတိပေးချင်တာလားမသိဘဲ ဦးဝင်းမြင့်၏လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်ကာ ...

"သူတို့မကျေနပ်ရင် သတ်ပစ်မှာပဲ၊ ရှင်ရဖို့ထက် သေရဖို့ကများပါတယ်၊ ဒါပေမယ့် နှစ်ယောက်စလုံးသေမယ့်အစား တစ်ယောက်ပဲ သေလို့ရရင် သေခွင့်ပေးပါ၊ မမ ကို လက်ညှိုးထိုးလိုက်ရင်လဲ ပစ္စည်းက ထွက်လာမှာမဟုတ်ဘူး၊ မိသားစုနဲ့ အသိုက်အမြုံတစ်ခုကို မဖျက်ဆီးပါနဲ့ဗျာ၊ ကျွန်တော်က လမ်းပေါ် ကကောင်ပါ"

"မင်းရဲ့ မိသားစု ငါ ရှိသေးတယ်ကွ"

"ကျွန်တော်မသိဘူး၊ သိတာတစ်ခုပဲရှိတယ်၊ မမကို ဒါကြောင့် လုံးဝမထိခိုက်စေရဘူး၊ ဦးလေး လုံးဝမဟာလိုက်ပါနဲ့၊ ဘာမှအကျိုးမရှိတာကို လုပ်ပြီး အားလုံးဝမ်းနည်းစရာတွေဖြစ်ကုန်အောင် မဖန်တီးဖို့ ကျွန်တော်တောင်းပန်ပါတယ်"

ဦးဝင်းမြင့် ဘာမှမပြောသာတော့ပေ။

ရင်ခွင်မဲ့လူငယ်တွေရဲ့ဘဝ ဘယ်အရပ်ကနေ ဘယ်လေတိုက်ပြီး ဘယ်သစ်ကိုင်းမှာငြိမိခဲ့သလဲ၊ အမြင့်ပေဘယ်လောက်ကနေ အကျနာခဲ့သလဲ ..။

ဘာမှမသိခဲ့ရတဲ့ဘဝ ..။

ခုချိန်မှာ ဆရာလာမလုပ်ပါနဲ့ဆိုတဲ့စကားကို ဘယ်လိုဒေါသနဲ့ တိုက်ခိုက်ရမလဲ ..။

ဒီတိုင်း ကြည့်နေရုံမှလွဲ၍ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

ပါးပြင်မှာ နွေးခနဲဖြစ်သွားတော့ မအိပ်ဘဲ မျက်လုံးမှိတ်ထားတာမို့ မေမေမှန်း သိလိုက်သည်။ ပြီးတော့ မမရဲ့မေးဖျားလေးကို ဖွဖွလေး ကိုင်၍ နဖူးပြင်မှာ နွေးသွားပြန်သည်။

မေမေသည် မမကိုစိုးမိုး၍ အကြာကြီးငုံ့ကြည့်နေလိုက်၊ နမ်းလိုက်နှင့် ပါးပြင်လေးတွေပါနမ်းပြီးမှ အနားကခွာ၏။

မမ မျက်လုံးတွေ ခပ်မှေးမှေးဖွင့်ကြည့်လိုက်မိသည်။ မေမေက အခန်းထဲကနေ ပြန်ထွက်မသွားသေးဘဲ မှန်တင်ခုံရှေ့မှာရပ်၏။

တင်ထားသည့် မိတ်ကပ်၊ ရေမွှေး၊ နှုတ်ခမ်းနီ အားလုံးကို ဖွဖွလေး ကောက်သည်။ ဖွင့်ကြည့်ပြီး ငေး၏။ ထို့နောက် နှုတ်ခမ်းတစ်ဖက်ကို ဖိကိုက်ပစ်လိုက်စဉ် မီးရောင်အောက်မှာ လက်ခနဲ လက်ခနဲ ကြွေဆင်းသွားသည်က မျက်ရည်တွေ ..။

မမ ရင်ထဲမှာ လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားမိသည်။



မေမေ ဘာဖြစ်လို့ ငိုနေတာလဲ၊ နှုတ်ခမ်းနီဘူးလေးတွေကိုဖွင့်၍ နမ်းကြည့်လိုက်၊ ပြန်ချလိုက်နှင့် နောက်ထပ်မျက်ရည်တွေ ကျနေလျှင် …

"မေမေ …"

"ဟင် .. သမီးလေး နိုးသွားပြီ"

ဒေါ်ယဉ်ဆင့် ထိတ်လန့်သလိုဖြစ်သွားလျက် မျက်ရည်တွေကို ဖျောက်ဖျက်ဖို့ကြိုးစား၏။

"မေမေ .. မေမေ ဘာဖြစ်လို့ငိုတာလဲဟင်၊ မမ ကိုပြောပါဦး၊ မမကြောင့်လား"

မျက်ရည်သုတ်ချိန်မရအောင် ဒေါ်ယဉ်ဆင့် လက်တွေကိုပါ ဆွဲယူပွေ့ပိုက်၍ မမက စိုးရိမ်တကြီးမေး၏။ ထိုအခါကျမှ ထိန်းချုပ်ထားသည့် မျက်ရည်တွေ စီးသွယ်ကျလာလျက် ဒေါ်ယဉ်ဆင့် ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ မေမေငိုတာသမီးအတွက်၊ သမီးကြောင့်တော့ မဟုတ်ပါဘူး"

"ဘယ်လို မေမေ .."

"ညဉ့်နက်လှပြီ သမီးရယ်၊ မနက်မှပြောရအောင် ..၊ အိပ်လိုက်တော့နော် .."

"ဟင့်အင်း …"

မမက ဒေါ်ယဉ်ဆင့်ကို မွေ့ရာပေါ်မှာ အတူထိုင်ဖြစ်အောင် ဆွဲခေါ်ပြီး …

"ရှင်းအောင်ပြောပါ မေမေရယ်၊ မမကြောင့် မေမေ မငိုရဘူး၊ ဒီဘဝမှာ ရင်ခွင်မဲ့ကြီးပြင်းခဲ့ရတာတောင် ဒီအဖြစ်ဆိုးကြီးကို ကြောက်လွန်းလို့ပါ။ မမကြောင့် မေမေကျတဲ့မျက်ရည်တွေဆိုရင် ကိုယ့်ကြောင့်မိဘကို မျက်ရည်ကျစေခဲ့တဲ့အဖြစ်ကြောင့် မမ …"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သမီးမိုက်လို့မဟုတ်ပါဘူး၊ မေမေလေ ..."

ဒေါ်ယဉ်ဆင့်က မမ မျက်နှာလေးကိုဆွဲယူပြီး ရင်ခွင်ထဲမှာ ပွေ့ပိုက်ဖက်ထားလိုက်ကာ ...

"သမီးလေးကို စိတ်သစ်လူသစ်နဲ့ တိုးတက်ဝင့်ထည်လာတာကို သိပ်ကိုမြင်ချင်နေတာ၊ ခုတော့ သမီးလေးက မေမေ ဖြစ်စေချင်သလို မဟုတ်ဘူး"

ဒေါ်ယဉ်ဆင့်မျက်လုံးတွေက မှန်တင်ခုံဆီရောက်သွား၏။ ရောက်လာတယ်ဆို အားလုံးပြည့်စုံအောင် ဖြည့်ဆည်းပေးခဲ့တာပါ။

ဒါပေမယ့် မမ က မိတ်ကပ်နှုတ်ခမ်းနီလေးနဲ့ လှလှပပနေဖို့တောင် အားမထုတ်ခဲ့ပေ။ ဟိုဘဝကလာတဲ့အတိုင်း ခပ်ပြောင်ပြောင် အပေအတေမျက်နှာလေးနှင့် ဒီအိမ်သားတွေကိုလည်း မခင်တွယ်၊ ကျန်ခဲ့တဲ့ လူတွေဆီမှာ စိတ်ကကျန်ရစ်လိုက် ...။

"မေမေ့ကို ဒီအရွယ်ကျမှ ပြန်ဆုံခဲ့လို့ မခင်တွယ်ရင်နေပါ၊ သမီးလေး ပြောင်းလဲဖို့ မေမေစီစဉ်ပေးထားတာလေးတွေကိုတော့နာခံစေချင်တယ်"

စောစောက နှုတ်ခမ်းနီဘူးတွေကိုကိုင်ကြည့်နေသည့်မြင်ကွင်းကြောင့် မေမေ ဘာပြောချင်တာမှန်း မမ သိသည်။

မိတ်ကပ်ပေါင်ဒါတွေပြင်၊ ကျော့ကျော့မော့မော့လေးဝတ်စားပြီး ကျန်ခဲ့တဲ့အတိတ်နဲ့ ဘာမှမဆိုင်တော့သည့် ယဉ်သကို ဖြစ်စေချင်တာ ...။

ဒါတောင် ပြီးခဲ့တဲ့အဖြစ်ဆိုးကြီးကို မေမေတို့ ဘယ်သူမှ မသိလိုက်ကြပေ။ ပင်လယ် ကလည်း မမ ကတိတောင်းထားသည့်အတိုင်း ဇင်ကိုနဲ့ပတ်သက်တာဆို ဘာတစ်ခုမှမဟခဲ့တော့ မသိကြ။

"သမီးလေး .."

"ရှင် ..."





ဒေါ်ယဉ်ဆင့်က မမ မျက်နှာလေးကိုမော့ယူပြီး သေချာငေးကြည့်ရင်း ...

"သမီး ခုတလော ကျောင်းလဲ ခဏခဏပျက်တယ်၊ မျက်နှာလဲ မကောင်းဘူး၊ ဘာတွေကျိတ်ခံစားနေရတာလဲဟင်၊ အခက်အခဲတွေ ရှိနေရင်ပြောပါ၊ သမီးပြောမှ မေမေတို့သိရမှာပေါ့၊ ပြီးတော့ သမီးကိုကိုလဲ မျက်နှာမကောင်းဘူး၊ ကိုကိုနဲ့ အဆင်မပြေကြတာများလား"

"မဟုတ်ဘူး မေမေ"

မမ မျက်လုံးထဲမှာ သုန်မှုန်နီမြန်းနေသည့် ဇင်ကို့မျက်နှာကြီးပေါ်လာကာ မကြောက်တတ်သည့်စိတ်က ထိတ်ခနဲ၊ ဖျင်းခနဲ ဖြစ်၏။

'နင်နဲ့ငါ' လို့ ပြောဆိုဆက်ဆံနေပေမယ့် 'ငါ့အစ်ကို ငါသေားမှာရှိတယ်' ဆိုသည့် အားကိုးသမှုလေးတော့ ထားခဲ့တာပဲဖြစ်သည်။ ထို့ကြောင့် ဘဝကကြမ်းတမ်းခဲ့ပေမယ့် ဘယ်လိုပြေးလွှားပုန်းနေရပါစေ၊ ကြောက်ရလန့်ရမှန်းမသိခဲ့ပေ။

ခုတော့ ဘယ်လိုမှ မထင်မှတ် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားသည့် ဇင်ကို့ရဲ့စိတ်သဘောကို အကဲခတ်ချိန်မရ၊ ပြုပြင်ရင်ဆိုင်ဖို့လည်း မဖြစ်နိုင်တော့ဘဲ ထွက်ပြေးခဲ့ရတာ ရုပ်ပျက်ဆင်းပျက်။

အဲဒီအချိန်မှာ စိတ်က ကိုယ်မှာမရှိဘဲ အစ်ကိုတစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီဆိုသည့် ယူကျုံးမရခြင်း၊ မဖွယ်မရာကြီးစားလာသည့် မျက်နှာကြီးကို အံ့သြရွံရှာခဲ့ရခြင်း ...

စသည့် ခံစားမှုများနှင့် လူကပြေးနေပြီး စိတ်ကတခြား ..။

အကယ်၍ ပင်လယ်နဲ့သာ ပက်ပင်းမတိုးခဲ့လျှင် ထိုနေရာမှာမဟုတ်ရင်တောင် တခြားတစ်နေရာရာမှာ သူမ ခွေခေါက်လဲကျသွားမှာ အသေအချာပင်။

"ငါတို့ လက်ထပ်ရအောင်နော် .."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ လက်ထပ်ရအောင်နော် .."

နားထဲမှာ ဇင်ကို့အသံကြီးက ဝင်လာပြန်၏။ တောင်းဆိုနေသည့် မျက်နှာကြီးက တုန်ရင်နီမြန်းလျက် ...။

"သမီး ..."

"ရှင် ..."

မမ ဆတ်ခနဲ တုန်သွား၏။ စိုးရိမ်တကြီးကြည့်နေသည့် မေမေ့ မျက်ဝန်းတွေကိုမြင်မှ ကိုယ့်မျက်ဝန်းမှာ မျက်ရည်တွေစို့စွတ်နေတာကို သတိရသည်။

"သမီး ဘာဖြစ်လို့လဲဟင်၊ ဘာကိုတွေးပြီးထိတ်လန့်နေတာလဲ၊ မေမေ့ကိုပြောစမ်း .."

"ဟင့်အင်း ..၊ မဟုတ်ဘူး၊ ဘာမှမဖြစ်ပါဘူး၊ မမကြောင့် မေမေ စိတ်ဆင်းရဲရတာကိုတွေးပြီး စိတ်မကောင်းလို့ .."

ဒါလည်းပါပေမယ့် မှသားတော့မကင်းဘူးထင်သည်။ မေမေက စိတ်မကောင်းဖြစ်သွားသည့်မျက်နှာလေးနှင့် ခေါင်းခါ၍ပြုံးပြသည်။

"သမီးကြောင့် မဟုတ်ပါဘူးကွယ်၊ မေမေတို့ နောက်ကျစွာ ဆုံစည်းခဲ့ကြတဲ့ ကံတရားကြောင့်ပါ၊ သမီးကို မေမေ တစ်ခုပဲပြောချင်တယ်"

"ဟုတ်ကဲ့ .."

"ဒီစကားကိုပြောဖို့ မေမေတို့ တော်တော်စဉ်းစားခဲ့ရတာပါ၊ တကယ် ရင်ဆိုင်ရရင် ဘယ်လိုဖြစ်မယ်မှန်းမသိပေမယ့် ဒီနေ့ထိ ဒါကိုပဲတွေးပြီး ရင်တွေပူရတာ အဆမတန်အောင်ပဲ"

"ပြောပါ မေမေ၊ မမ မေမေ့ကို စိတ်မဆင်းရဲစေရပါဘူးလို့ ကတိ ပေးပြီးပြီပဲ"

"သမီးလေးကို သားကြီးနဲ့ လက်ထပ်ပေးချင်တယ်"





မျက်နှာလေး တစ်ချက်ပျက်သွားပေမယ့် မမ ခါးခါးသီးသီးဖြစ်သွားတာမရှိတာကြောင့် ဒေါ်ယဉ်ဆင့် ဝမ်းသာသွား၏။

"သမီးဘဝအတွက် အိမ်ထောင်ဘက်ကောင်းက သားကြီးပဲ သမီး၊ အဲဒါကိုနားလည်ပါနော်၊ သမီး တကယ်လို့ လက်မခံနိုင်ဘူးဆိုရင်လဲ လက်ခံသင့်တဲ့အကြောင်းတွေနဲ့ ထပ်ပြီးစည်းရုံးရမှာပဲ၊ ခေါင်းညိတ်လိုက်ပါ သမီးရယ် .. နော်"

"ကိုကိုကရော .."

"သားကြီးကိုလဲ ပြောပြီးပြီ၊ သမီးကိုပဲပြောပါတဲ့၊ သူ့ဘက်က ပြောစရာမရှိပါဘူးတဲ့"

မမ့မျက်နှာလေး ငေးသွားသည်။ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဆို..။ သမီးရှင်တွေ မျက်စိကျလောက်တဲ့ ယောကျ်ားဆိုတာကရော ..။

ရင်ထဲမှာ မေးခွန်းတွေဖြစ်နေပြန်သည်။ ဟိုနေ့က ကိုဇင့် လက်ထဲကနေ ခွေးပြေးဝက်ပြေး ပြေးခဲ့တဲ့အဖြစ်ကလည်း သူ့ရှေ့မှာ ပက်ပက်စက်စက် ..။

'ကိုဇင် ဒီလိုကြံစည်လို့ပါ' ဆိုတာ သေချာရှင်းမပြခဲ့ပါ။ ဒါပေမယ့် ဒီပတ်ဝန်းကျင်ကိုသွားခဲ့လို့ ဒီလိုဖြစ်လာတယ်ဆိုတာ ကိုကို သိသည်။ မမဟာ ကိုကို့မျက်လုံးထဲမှာ ဟိုတုန်းကနေ ဒီနေ့အထိ ဘယ်လိုမှ တင့်တယ်စွာမဝင်ဆံ့နိုင်။

မမရင်ထဲမှာ ဟိုတုန်းကလို ရှူးခနဲ ဒိုင်းခနဲ ပြန်ပြောငြင်းဆန်နိုင်စွမ်းတွေ မဲ့နေခဲ့ပါပြီ။ ဒါတွေဟာ ကိုယ့်ဘဝ၊ ကိုယ့်အကြောင်းပဲမို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘုရားသွားမှာဆိုတော့ ရုပ်အင်္ကျီကြီးနဲ့မကောင်းပါဘူး သမီးလေးရယ် ..၊ ဒါလေးဝတ် .."

ဟု ဆိုကာ ပုစွန်ဆီရောင် ရင်စေ့လေးကိုဝတ်ခိုင်း၏။ လက်တွန့်လည်ပင်းတွန့်လေးတွေပါကာ ဒီဇိုင်းဆန်းပဲဖြစ်သည်။ ခက်တာတစ်ခုက အင်္ကျီက ကိုယ်မှာကပ်ကျပ်နေ၏။

'ထဘီပေမယ့် ကျွတ်ကျဖို့မရှိဘူး၊ ဒါက ချိတ်ထဘီ' တဲ့။ ထဘီကို ဝတ်ပြီး ချိတ်တပ်လိုက်ရုံနဲ့ပြီး၏။

ဒါလည်း တင်သားတွေပေါ်မှာ တင်းကျပ်နေတာမို့ မမ တော်တော်ဒုက္ခရောက်သွား၏။

"သိပ်လှတာပဲ၊ ဘောင်းဘီတွေလဲ ဝတ်တော့ဝတ်ပေါ့ သမီးရယ်၊ သွားလာတဲ့အခါမှာတော့ လိုက်ဖက်အောင် သူနေရာနဲ့သူ ဝတ်တတ်ရမှာပေါ့"

အန်တီရော၊ မေမေရော၊ မမ ကို ရှေ့ကကြည့်၊ နောက်ကကြည့်နှင့် ကျေနပ်နေကြသည်။





"သမီးကိုကို ရေချိုးနေတယ်၊ ဝတ်စုံသွားရွေးပေးလိုက်ပါဦး"

လို့ပြောလာတော့ မမ ခေါင်းခါလိုက်မိ၏။

"မေမေကလဲ .. အန်တီရွေးပေးနေကျဥစ္စာ .."

"သားနဲ့သမီးတို့က သူစိမ်းတွေမှမဟုတ်ကြဘဲကွယ်၊ ရှေ့လျှောက်ပိုတောင်မှသက်ဆိုင်ကြဦးမှာ၊ သွားပါ သမီးရဲ့၊ သားကတောင် သမီးအတွက် လက်ကိုင်အိတ်လေး ရွေးပေးသွားသေးတာ .."

လူကြီးတွေကတော့ အားလုံးအဆင်ပြေနေကြပြီထင်ကာ တပြုံးပြုံးနှင့်ကျေနပ်နေကြ၏။ မမရင်ထဲမှာ မကြည်လင်သေးပါ။

ကိုကိုနဲ့ တတ်နိုင်သမျှ ရင်မဆိုင်ဖြစ်အောင် ရှောင်နေတာတောင် ခုလို တွဲသွားတွဲလာတွေဖြစ်အောင် မေမေတို့က ဟိုသွားပါဦး ဒီလာပါဦး ဆိုတာတွေ မပြီးနိုင် ..။

ဘယ်ဘက်နားသယ်စပ်မှာ ကပ်ပန်းလေးနှင့် သိမ်းယူထားသည့် ဆံပင်တွေကို အသာလေးစမ်းရင်း မမ အောက်ထပ်ဆင်းလာခဲ့၏။

ခုတလော မမ စိတ်ရှုပ်နေမှန်းသိ၍ထင်သည်။ ပင်လယ်ကလည်း အရင်ကလို စွတ်လိုက်မခေါ်၊ မတည့်အောင်ပြောတာတွေ သိပ်မလုပ်ခဲ့။

"သြော် .. တကယ်ပါဆို .."

ဖုန်းပြောနေသံကြားလိုက်သဖြင့် မမ အခန်းတံခါးကိုတွန်းဖွင့်ပြီးမှ တုံ့ဆိုင်းသွားမိသည်။ ပင်လယ်က မှန်ချပ်တွေကာထားသည့်နောက်ကနေ အပြင်ဘက်ရှုခင်းကို မျက်နှာမူ၍ ဖုန်းပြောနေတာဖြစ်သည်။

တံခါးပွင့်နေပြီးမှ ပြန်လှည့်သွားရမလို၊ ဆက်ဝင်လိုက်ရမလိုနှင့် မမ ရပ်နေမိဆဲ ..။

"မောင်ရင်းနှမလို ချစ်ခင်တွယ်တာလာခဲ့တဲ့စိတ်က အော်ရုံနဲ့ ပြောင်းလဲဖို့မလွယ်ဘူး စံ .."



www.burmeseclassic.com

www.burmeseclassic.com



"....... ......... ......."

"ဟုတ်တော့ဟုတ်တယ်လေ၊ ဒါပေမယ့် မောင်နှမမဟုတ်ဘဲ ဖြူဖြူစင်စင်ခင်တွယ်လာတာက အရင်းခံပဲ"

"...... ... ......."

"ချစ်တာပေါ့ စံ၊ အဲဒါတွေပြောလဲ မင်းယုံမှာမဟုတ်ဘူး၊ ကိုယ့်ရင်ဘတ်ကြီးကို ကိုယ်ပဲနားလည်တာ .."

"..... ...... ....."

"ကလေးစိတ်တော့မဟုတ်ဘူး၊ ဒါပေမယ့် ဆိုးချင်တာလေးတော့ရှိတယ်"

".... ..... ..... ...."

"ဆောရီးလို့ လက်ပြနှုတ်မဆက်ချင်ဘူး၊ အဲဒါကြောင့် ..."

"နှုတ်ဆက်လိုက်တော့ ကိုကို၊ ဒါ အားနာရမယ့်ကိစ္စမဟုတ်ဘူး"

"ဟာ ..."

မမ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ အသံတိတ်ပြိုဆင်းလာသည့် မျက်ရည်တွေကို ဘယ်ပြန်ညာပြန် ပွတ်ဆွဲသုတ်ရင်း ပင်လယ် လက်ထဲကဖုန်းကို ပြေးလုၡ၏။

"ယဉ်သကို .. ဘာလဲကွာ၊ လွှတ်စမ်း .. ခဏ .."

"ကိုကိုလွှတ်လိုက် ..၊ ပြောရခက်နေတာတွေကို ကိုကို့အစား ပြောပေးမယ်"

လွှတ်လိုက်တာမဟုတ်ဘဲ ဖုန်းက မမလက်ထဲပါသွား၏။

"ဒီမှာ .. မမစံ .. ဟာလို .. မမကို ကိုကိုချစ် ..."

"... .... ...."

"ဟာလို .."





"အပ္ပနံး ..."

လုနေကြရင်း ဘယ်ခလုတ်ကိုနှိပ်လိုက်မိမှန်းမသိဘဲ ဖုန်းက ပိတ်သွားသည်။ ပင်လယ်က ရှည်မျောမှုဆိုးနှင့် အဝါနုရောင်တိုက်ပုံကိုပါ ဝတ်ထားပြီး ဖြစ်လျက် မမ အဖြစ်ကို လက်ပိုက်ပြီးရယ်တော့ အသုံးမကျသည့် တပည့်တစ်ယောက်ကို ဆရာသမားက သနားသဖြင့် ကျိစယ်တာမျိုး။

"ဘာရယ်တာလဲ၊ ရှင် အဲဒီစကားတွေကို မစံကိုပြောမယ့်အစား မမမေတို့ကိုပြောပါလား"

"ဘာလို့ပြောရမှာလဲ"

"ချစ်တဲ့သူကို ချစ်လျက်နဲ့ စွန့်ပစ်လိုက်ရပြီး မချစ်တဲ့သူကိုယူမယ်၊ ပြီးတော့ ကျေးဇူးသဏ္ဍာယတွေကြောင့် ဘာညာနဲ့ ရှုတ်ပြပြီးကြေကွဲ အဲဒီလိုလုပ်ကြတာ ရုပ်ရှင်ထဲမှာပဲ ကြည့်လို့ကောင်းတာ .."

"ဟုတ်တယ်၊ အပြင်မှာဆို မချစ်တဲ့မိန်းမကို ဘယ်ကောင်မှမယူဘူး ဘာလုပ်ဖို့လဲ၊ မချစ်ရတဲ့အထဲ ကိုယ့်ကိုယ်းလေးနိုပြီး ဆိုးနွဲ့နေမှာမျိုး.."

မတည်ပေမယ့် မရယ်သောမျက်နှာပေါ်ကစာကို ဖတ်ဖို့ကြိုးစားရင်း မမ မျက်ဝန်းလေးတွေ ငေးသွားသည်။ သူ့ဖုန်းကို ဖိဆုပ်ထားရင်း နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်လာတာကို ဖိကိုက်ထားမိ၏။

"ရှင် .. ရှင် အဲဒီခံစားချက်တွေကိုမပြောဘဲ ဘာဖြစ်လို့ ခေါင်းညိတ်ခဲ့တာလဲ"

"ပြောဖို့မှမလိုတာ ..."

"ဦးပင်လယ် .."

"ပြော ..."

"ရှင့်ဘက်က ပြောရခက်နေတယ်ဆိုရင် ကျွန်မ ပြောပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ"

"မေမေနဲ့ အန်တီ့ကို ..."

"အားလုံးပြီးသွားပြီပဲ .."

"မပြီးရဘူး"

မမ က ပင်လယ့်လက်ကိုဆွဲ၍ အခန်းပြင်ထွက်ဖို့ တံခါးဆွဲဖွင့်လိုက်၏။

"ဟင် .. သမီး .."

"ကျကျနနပြင်ဆင်ထားပြီးမှ မျက်ရည်တွေနဲ့ပါလား။ ဘာဖြစ်ကြတာလဲ"

အခန်းပြင်မှာ ဒေါ်ခင်ဆင့်ရော၊ ဒေါ်ယဉ်ဆင့်ပါ သူတို့နှစ်ယောက်ကိုကြည့်၍ နားမလည်နိုင် ..။ ပင်လယ်က မမ လက်ကို အသာလေးဖြုတ်ချလိုက်ပြီး မျက်နှာခပ်လွှဲလွှဲနှင့် ...။

"သမီးနဲ့သား ဘာဖြစ်ကြတာလဲ"

"ကျွန်တော်က ဘာမှမဖြစ်ပါဘူး"

"မေမေ ..."

မမ က မျက်ဝန်းထောင့်လေးတွေ နီရဲလာသည့်မျက်နှာလေးနှင့် ပင့်သက်ရှိုက်၍ အားယူသေးသည်။ ပြီးမှ ပင်လယ့်မျက်နှာဆီမရောက်သော အကြည့်တစ်ချက်ဝေ့ကာ ...

"သူ့မှာချစ်သူရှိတယ် မေမေ၊ မေမေတို့ကိုပြောရခက်ပြီး လက်ထပ်ဖို့ကိစ္စကို သူလက်ခံခဲ့တာ .."

"ဘုရားရေ ..."

ပြောပြီးငုံ့ကြည့်လိုက်တော့လည်း ပင်လယ်က မလှုပ် ..။ သူမပဲဆက်ပြောပေမယ့် ဒေါ်ခင်ဆင့်တို့မျက်လုံးတွေက ပင်လယ့်မျက်နှာ





ဆက်မှာပဲ တအံ့တသြ ..။

"သူ့ချစ်သူက ..."

"ဒေါက်တာစံနုမူပါ။ ခုနကပဲ သူ ရင်ဖွင့်နေတာကို မမ ကြားလိုက်တာ .."

"သားကြီး ..."

ဒေါ်ခင်ဆင့် ဘယ်လိုမှဟန်မဆောင်နိုင်အောင် မျက်နှာပျက်နေသျက် ရှည်ရှည်ဝေးဝေးမေးဖို့တောင် သတိမရဘဲဖြစ်နေခဲ့၏။

ဟိုအစတုန်းကတော့ စံနုမူ ကိုမြင်လိုက်တာနှင့် လက်ဖျားတခါခါသဘောတွေကျလို့မဆုံးရှိခဲ့ပြီး ခုကျမှ ဒီနာမည်ပါလာတာကို ရင်တွေပူသွားလိုက်တာ ရေနွေးအိုးလို ထဆူတော့မလားမသိ ..။

ခံစားချက်ခေတ်ခံရှိခဲ့သော ဒေါ်ယဉ်ဆင့်ကတော့ မျက်ဝန်းမှာမျက်ရည်ရောင်တွေ လဲ့နေပြီ။

"သား ... သား တကယ်လားဟင် .."

"မဟုတ်ဘူး မေမေ .."

"ဟင် ..."

"ကျွန်တော် စံနဲ့ ဖုန်းပြောနေတာ အဲဒီအကြောင်းပဲ၊ ဒါပေမယ့် အဲဒါမဟုတ်ဘူး"

မမ မျက်နှာ ဒေါသနှင့် ဖျတ်ခနဲမော့လာ၏။

"ရှင် တော်ကြာတစ်မျိုး၊ ခုတစ်မျိုးမလုပ်နဲ့နော်၊ ယောကျ်ားပီပီစကားကိုပြော .."

"ကျွတ် ..."

နဖူးပေါ်ကဆံပင်တချို့ကိုသပ်တင်ပစ်လိုက်ပြီး ပင်လယ်က မမ ကိုစိုက်ကြည့်၏။ တစ်ခုခုပြောတော့မလိုပြင်ပြီးမှ မပြောဘဲ ဒေါ်ယဉ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



တို့ဘက်ကိုလှည့်၍ ...

"သူကြားချင်တာတွေကြားပြီး လျှောက်ထင်နေတာ မေမေ၊ အဲဒါ သူကိုယ်တိုင် ရှင်းရှင်းလင်းလင်းသိမှဖြစ်မှာ၊ ကျွန်တော်တို့ ခဏလောက် ဆွေးနွေးပါရစေ .."

ခွင့်တောင်းပြီးသည်နှင့် ပင်လယ်က မမ လက်ကလေးကိုဆွဲ၍ သူပါ တစ်လှမ်းပြန်ဆုတ်ကာ တံခါးကို ပိတ်ပစ်လိုက်၏။

"ဘာလဲ၊ ဘာတွေပါးစပ်အရသာခံပြီးပြောမလို့လဲ၊ ရှင် ကျွန်မကို မောင်နှမလိုပဲချစ်လို့ရတယ်ဆိုတာ ကိုယ်တိုင်ပြောနေတာ .."

"ဟုတ်တယ်၊ စုံကို ဟိုတုန်းကတည်းက ခုချိန်ထိ မောင်လို နှမလို သံယောဇဉ်ထက်မပိုခဲ့တဲ့အကြောင်း ပြောပြနေတာ၊ အဲဒါ မင်းမဟုတ်ဘူး"

"ဘာ ..."

"မင်းကို မောင်နှမလိုချစ်ရအောင် ငါ့ကို အစ်ကိုကြီးတစ်ယောက်လို ရှိသေခဲ့တာရှိလို့လား၊ သံယောဇဉ်ဖြစ်လောက်အောင်ရော .. မင်းနဲ့ ငါ့အတွက် အချိန်တွေရှိခဲ့သလား"

မမ က မကြည်သည့်မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေ၏။ ပင်လယ် က ပွန်းစနဲ မဲကာ မျက်ရည်တွေနှင့် မမ မျက်နှာလေးကို ရယ်စရာလို လို၊ လှောင်သလိုလို ..။

"အစ်ကိုလို့သဘောထားပါလို့ လူကြီးတွေ နားချတာတောင် မအောင်မြင်လို့ မင်းပါးစပ်ထဲမှာ ငါက ရှင်ဖြစ်လိုက်၊ ကိုကိုဖြစ်လိုက် .."

"ဒါတွေကို မကျေမနပ်ဖြစ်ပြီး ရှင်က ..."

"မကျေနပ်တဲ့စကား ကိုယ့်ပါးစပ်ကပြောဖူးသလား"

"ခုနက ပြောနေတာ .."

"ချစ်တယ်လို့ပြောတာကျတော့ မကြားလိုက်ဘူးလား"





မမ မျက်နှာလေး ပန်းရင့်ရောင်ပြေးသွား၏။

"မင်း တော်တော်စိတ်မြန်လက်မြန်လုပ်တတ်တဲ့မိန်းကလေး၊ လူကြီးတွေ စိတ်ဆင်းရဲအောင် .."

မမ မျက်နှာလေးက ပေစောင်းစောင်း မကျေမနပ်ရှိနေဆဲ ..။

"စိတ်မြန်လက်မြန်မဟုတ်ဘူး၊ မမကိုက ရှင့်ကို လက်မထပ်ချင် တာ.."

"သိတယ် .."

"မမက မေမေတို့ရဲ့သမီးဖြစ်နေတာကလွဲရင် ခင်ဗျားနဲ့ ..."

"ဘာဖြစ်လဲ .. ဆက်ပြော .."

"အဲဒီလို မျက်နှာငယ်စွာနဲ့ မဖြတ်သန်းချင်တာ၊ ခင်ဗျားငြင်းမယ် ဆိုရင် ..."

"မင်းငြင်းမှာစိုးလို့ အန်တီ့ကို ကိုယ်ဘယ်လောက်ပြောထားရသလဲ သိရဲ့လား"

"အို ..."

ပခုံးလေးနှစ်ဖက်ကို ဆွဲခါလိုက်တော့ မမ လက်ထဲကဖုန်း ဒေါက် ခနဲ လွတ်ကျ၏။

"မေမေ သူ့သမီးလေးကို ခုမှပြန်တွေ့တာဆိုပြီး မေမေ့မျက်လုံးထဲ မှာ ကလေးသာသာပဲဖြစ်နေနိုင်တဲ့မင်းကို ဘယ်လိုတောင်းရမှန်းမသိ ခဲ့ဘူး"

ပြောနေတာကိုနားထောင်ရင်း ဖယ်ချပစ်မလို့ ထပ်အုပ်ကိုင်ထား သည့်လက်က ဖယ်ချခြင်းသို့မရောက်ဘဲ သူ့လက်ကို ကိုင်ထားသလို ဖြစ်နေခဲ့၏။

တစ်ယောက်ကိုတစ်ယောက်ငေးရင်း အခန်းလေးထဲမှာ ဘာဂ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားခဲ့သည်။

"မင်း ဒီကိုစရောက်လာတုန်းက ဒီလောက်မဟုတ်သေးဘူး။ ဟို တစ်ယောက်အပေါ်မှာ မင်းသံယောဇဉ်ကြီးနေတာမြင်လေ စိုးရိမ်လေ ဖြစ်လာတယ်၊ မဆိုင်သလိုနေကြည့်တယ်၊ အဲဒီခံစားချက်တွေက ပေလှာ တစ်ချပ်လို ဖျာအောက်ထိုးထည့်ပြီး မမြင်မတွေ့အောင် ဖျောက်ပစ်လို့ မရဘူး၊ ထွက်လာတဲ့အဖြေက အဲဒါပဲ"

ပန်းမှာကိုင်ထားသည့် သူ့လက်နှစ်ဖက်က ခပ်ဖြည်းဖြည်းလျှောကျ သွားကာ နံရံပေါ်မှာ လက်တစ်ဖက်ထောက်၍ ရပ်နေခြင်းကိုမြင်သည်။

"ဘယ်သူမှမသိလိုက်ဘဲ ကိုယ်တစ်ယောက်တည်း ဒုက္ခများသွား သေးတယ် .. သိလား"

မေးတာမဟုတ်ဘဲ မမရဲ့မေးဖျားလေးကို ဆွဲလှည့်၍ သူ့ကိုကြည့် စေပြီးမှ ...

"မေမေတို့ပြောနေတာကို မင်းနဲ့ကိုယ် ကြားလိုက်တဲ့နေ့ကလေ၊ မင်းက ကိုယ့်ကို လက်မထပ်နိုင်ဘူးလို့ပြောထွက်သွားတာ .."

"ဟုတ်တယ်၊ မမက ကိုယ့်ဘဝကိုမမေ့တဲ့သူ၊ ဒါကု ဖိနှိပ်ပြောဆို လာမှာကိုလဲ မခံနိုင်ဘူး"

"ကိုယ်ကတော့ အဲဒီလိုမထင်ဘူး။ မင်း ဟိုတစ်ယောက်ကို ..."

"ရှင် အဲဒါကိုထည့်မပြောပါနဲ့၊ မမ တောင်းပန်တယ်"

မမ ခံစားချက်တွေ အနိမ့်အမြင့်မညီဘဲ ပြောတဲ့စကားတွေက နုးညံ့လာလိုက်၊ မာကျောသွားလိုက် ..။

"တစ်ခုခုတော့အကြောင်းရှိတယ်ထင်တယ်၊ ကိုယ့်ကိုနားလည် တယ်ဆိုရင် မင်း ပြီးခဲ့တဲ့ဖရိုက်ဒေးက ကိုယ့်ကားရှေ့မှာလဲကျတဲ့အဖြစ် ကို ပြောပြနိုင်မလား။ ဒါ စင်ကိုနဲ့ပတ်သက်နေတယ်လို့ ကိုယ်ထင်တယ်"





မမ က မေးလာမှာကိုသိထားပြီးသည့်မျက်နှာနှင့် ဆတ်ခနဲ ခေါင်း ညိတ်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ဘယ်တော့မှပြောမှာမဟုတ်လို့ နောက် ထပ်မမေးပါနဲ့ ကိုကို၊ သူ့ကို အစ်ကိုလိုတွယ်တာခဲ့တဲ့ သံယောဇဉ်စက် ကွင်းထဲက ထုတ်နုတ်မေ့ထားလိုက်ပြီ"

မေ့လိုက်ပါပြီဆိုသည့်မျက်နှာလေးမှာ မျက်ရည်စတွေ ဝေ့သီလာ ခဲ့သဖြင့် ပင်လယ် မျက်မှောင်ကြုတ်သွားသည်။

"အစ်ကိုလို မခင်တွယ်တော့ဘူးဆိုတာ ဘာလဲ ယဉ်သကို၊ ဒီ့ထက် ရှင်းအောင်ပြော၊ ကိုယ်နဲ့ နေရာချင်းလဲဖို့တော့ မကြိုးစားနဲ့နော်"

မမ၏ စိတ်မရှည်သည့်မျက်လုံးတွေ စူးခနဲ ရောက်လာ၏။

"လဲသင့်ရင် လဲရမှာပဲ"

ပြောပြီး တံခါးလှမ်းဖွင့်လျှင် ပင်လယ် က လက်ကို ဖျတ်ခနဲ ပြန်ဆွဲ ကာ ...

"အဲဒီလို ပြီးစလွယ်ပြောပြီး ရှဲ့တတ်တဲ့အကျင့်တွေ ပျောက်မှဖြစ် မယ်"

"ဟာ .. ဘာလုပ်တာလဲ၊ ကိုကိုနော် .."

ပင်လယ် ဆိုသည့်ရင်ခွင်ကျယ်မှာ မမ ကိုယ်လေး မြုပ်ဆင်းသွား ခဲ့၏။ တမ်းတမြတ်နိုးသည့်အနမ်းတွေ ဖြန့်ခင်းလိုက်သောပါးပြင်နုနုသည် ပန်းရင့်ရောင်ပဝါပါးလေး လွှမ်းတင်လိုက်သလို ...။

ဘာမှမသိနားမလည်ပါဘဲ ဘာမှန်းမသိတာတွေဖြစ်ခဲ့ရင်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဝတ်မကြည့်ပါနဲ့ကွာ၊ တချို့လူတွေပြောဖူးတယ်၊ မင်္ဂလာဝတ်စုံတွေကို မင်္ဂလာမဆောင်ရသေးဘဲ ဝတ်မကြည့်ကောင်းဘူးတဲ့၊ နေပါစေ၊ သုံးစုံလောက်ဝယ်လိုက်၊ ကြိုက်တာတစ်စုံတော့ရမှာပဲ"

"ကိုကိုကလဲ၊ တန်ဖိုးက နည်းတာမဟုတ်ဘူး၊ အပိုတွေ ဘာလုပ်ဖို့လဲ၊ ဒီခေတ်လူငယ်ဖြစ်နေပြီး အယူသည်းနေပြန်ပြီ"

မမ က ဝတ်စုံကိုယူပြီး အတွင်းခန်းကို ခြေလှမ်းပြင်သည်။ ပင်လယ် က ပြန်ဆွဲထား၏။

"ဝတ်မနေနဲ့၊ မင်းကိုယ်လုံးနဲ့ ဘာဝတ်ဝတ်တော်တယ်၊ အစ်မ .. သူပြတာတွေ အားလုံးယူမယ်"

"အို .. ကိုကို .."

"နေပါကွာ .."





မမ ဝမ်းသာကြည်နူးရမည့်အစား ဒေါသဖြစ်ချင်လာ၏။ မဟုတ်တာကို ဒီလောက်တောင်အယူသည်းရသလား၊ မကြီးမငယ်နဲ့ ..။

မမ မျက်နှာလေး စူပုပ်နေပေမယ့် ဖက်ရှင်ဆိုင်မှာရှိသမျှ အမျိုးသမီးတွေကတော့ သူမတို့ကိုကြည့်၍ ပြုံးတဲ့သူက ပြုံး ..၊ ရယ်တဲ့သူကရယ် ...။

"ကိုးသိန်းတောင်ကျော်သေးတယ်၊ အိမ်ရောက်ရင် ကိုကို ပိုက်ဆံတွေဖြုန်းတာ မေမေနဲ့တိုင်ပြောမယ်"

မမ က ကလေးလို ပွစိပွစိရေရွတ်ရင်း ကားပေါ်မှာ ဆောင့်အောင့်ထိုင်သည်။ ပင်လယ် က ဟွန်းခနဲရယ်လျက် ကားမမောင်းဖြစ်သေးဘဲ မမ နှာခေါင်းရှုံ့ရှုံ့လေးကို ဆွဲလိမ်ပစ်လိုက်ရင်း ...

"အဲဒါ ခင်ဗျားကိုချစ်လို့၊ ဘယ်လိုအကြောင်းကြောင့်မှ ဆုံးရှုံးမခံနိုင်လို့ .. နားလည်လား။ ပြန်တိုင်ပြောရင် မေမေက ငါ့သားသမက်လေး ချစ်တတ်လှချေလားလို့ပြောပြီး ဆုတွေဘာတွေချနိုင်သေးတယ်"

"ဟုတ်တယ်၊ တုတ်ကြီးကြီးနဲ့ ကျောတစ်ရာ၊ ရင်တစ်ရာ ရိုက်ပြီးတော့ ..."

"ဟား ဟား ဟား ..."

ကားလေးသည် 'မဒီ' ဖက်ရှင်ရှေ့ကနေ ပြေးလွှားထွက်လာခဲ့ပြီး ကန်တော်ကြီးဥယျာဉ်ထဲကို ကွေ့ဝင်သွားခဲ့၏။

"ဗိုက်ဆာနေပြီဆို ..၊ ဘာလုပ်မလို့လဲ"

"ဒီမှာလဲ စားစရာတွေရှိတာပဲကွ၊ ခဏလောက် အပန်းဖြေရအောင်ပြီးတော့မှ တစ်ခုခုစားတာပေါ့၊ ဒီနေ့တစ်ရက်ပဲ ကိုယ် အပြည့်အဝနားရတာ၊ မင်းနားမှာ တစ်ချိန်လုံးနေမယ်၊ စကားတွေပြောမယ်"

မမက ရှက်မျက်နှာလေးနှင့်ပြုံးတော့ ပိုရွှန်းငယ်သွားကာ ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ ထိုမျက်နှာလေးမှာပဲ စူးနစ်ပျော်ဝင်လျက် ..

"ဘာလဲ .. မကြိုက်ဘူးလား"

ကားလေးကို မြက်ခင်းစပ်စပ်မှာ ထိုးရပ်ပစ်လိုက်ပြီး ပင်လယ်က ပခုံးတစ်ခြမ်းစောင်း၍လှည့်ကြည့်သည်။

"ဒီနေ့ရယ် ..၊ မင်းနဲ့လက်ထပ်ပြီးသုံးရက် .."

"ဘာလုပ်မလို့လဲ .."

"အနားမှာနေမှာလေ၊ ပြီးတော့ မုန်းအောင်ချစ်ပြမယ်"

"သုံးရက်ကျော်ရင် မချစ်တော့ဘူးပေါ့"

ပင်လယ် က ပခုံးတွန့်၍ရယ်သည်။

"ဒါကတော့ မင်းရဲ့ဆွဲအားပေါ်မှာ မူတည်တယ်"

"ဟွန်း .. ကြီးကျယ်လိုက်တာ၊ ဒီကလဲ ဆွဲချင်စရာကောင်းမှ ဆွဲမှာပေါ့၊ လုံးဝပဲ"

"အဲလိုလား ..၊ ရတယ်လေ .."

"အား ..."

ပင်လယ် အကြမ်းဖရမ်း ဆွဲဖက်ပစ်လိုက်သဖြင့် မမ ကိုယ်လေး သူ့ရင်ခွင်ထဲ လုံးထွေးပါသွားၡ၏။

"ကိုကိုနော် ..၊ သူများတွေမြင်ကုန်တော့မယ်၊ ဘယ်လိုဖြစ် .. ဟင့်အင်း .."

ကလေးတစ်ယောက်ကို ဆွဲချုပ်ထားသလိုပွေ့ဖက်၍ မမ မျက်နှာလေးမှာ သူ့မျက်နှာဖိကပ်ပစ်လိုက်သဖြင့် အရှုံးဆိုသည့် အနီရောင်တစ်ချက် မျက်လုံးထဲမှာ ရဲခနဲဖြစ်သွား၏။

ရှက်ရှက်နှင့် မျက်လုံးတွေကိုမှိတ်လိုက်လျှင် ပတ်ဝန်းကျင်တစ်ခုလုံး အသံဗလံတွေ ပျောက်ဆုံးသွားခဲ့သည်။





"ယဉ်သကို .."

"ဟင် ..."

"မင်း သိပ်ချစ်ဖို့ကောင်းတာပဲ"

"သုံးရက်စာလား"

"မဟုတ်ဘူး၊ တစ်ဘဝလုံး၊ တစ်သက်လုံး မြတ်မြတ်နိုးနိုး ရိုးမြေကျ ပေါင်းဖို့အထိ ချစ်ဖို့ကောင်းနေတာ .."

"အဟွန်း .."

မမ က ပင်လယ့်ပခုံးတစ်ဖက်မှာ ခေါင်းလေးစောင်းမှီလျက် ရယ်သည်။ နှမ္ဗတ်နေသည့် ပါးပြင်လေးတွေကို ဖွဖွလေးပွတ်သပ်နေရင်း သူ့ရင်ထဲမှာ ချစ်စိတ်တို့ တစိမ့်စိမ့်ဖြာ၏။

"ကိုကိုကိုချစ်လား .."

"ကြည့်ဦးမှာပေါ့၊ ဘယ်လောက်ထိ ဆွဲဆောင်နိုင်မလဲဆိုတာ .."

"စောင့်ကြည့်နေတာ ကြာတယ်ကွာ၊ ခုပြမယ် .."

"သွား ..."

မမက သူ့လက်နှစ်ဖက်ပေါ်ကနေ ဖိဆုပ်ထားလိုက်ပြီး ပါးစပ်က ရော၊ လက်ကရော အရှိန်မိတားဆီးကာ ...

"ကိုကိုနော် ..၊ သူများကို အရုပ်ကျနေတာပဲ၊ ပန်းခြံထဲကိုခေါ် လာပြီးတော့ ..."

"မကြိုက်ဘူးလား၊ ဒီမှာ ဒီလောက်သာယာနေတာကို .."

"သာယာတာက ဟုတ်တယ်လေ၊ ကိုကိုက ဖွတ်ကြီး .."

နှုတ်ခမ်းစူသွားတာလေးကို ပင်လယ် က မြတ်နိုးမဝစွာငုံ့နမ်း၏။

"ရှက်စရာကြီး၊ အိမ်မှာလဲ လွတ်လွတ်လပ်လပ် တွေ့နေရဲ့သားနဲ့ –"

"မတူဘူးလေ၊ အရိပ်တစ်ခုရဲ့ အောက်မှာဆိုတာ ရော်ဗိုဆန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မီးတွေရှေ့မှာ ရပ်နေရသလိုပဲ၊ အထိန်းအကွပ်ရှိနေတဲ့ခံစားချက်တွေ၊ နီတဲ့ စိမ်းတဲ့ပေါ်မှာ ပြောင်းလဲနေတာ၊ ထိန်းချုပ်ရတာတွေ၊ ကိုကို ပြောတာ သဘောပေါက်ရဲ့လား"

"အင်း .."

"ဒီမှာကျတော့ ကိုယ်တို့နှစ်ယောက်ရဲ့ရင်ခုန်သံတွေကို အတိုင်း သားကြားနေရတာ ..."

"ဟင် .. ဟုတ်လို့လား .."

မမ တကယ်ခေါင်းလေးထောင်သွားတော့ ပင်လယ် ကရယ်ကာ နဖူးပြေပြေထက်က ဆံယဉ်စလေးတွေကို ဖွဖွလေးမှုတ်လိုက်ပြီး ...

"ဟုတ်တယ်၊ ခုနက မင်းရင်ခုန်နေတာကို ကိုကိုကြားတယ်"

"ဟယ် .. မဟုတ်ဘဲနဲ့ .."

"တကယ်ပြောတာ ..၊ ကိုကို နမ်းနေတုန်းမှာ မင်းရဲ့ရင်တွေ ခုန် ပေါက်အော်ဟစ်နေတာ၊ ကိုကို့ကိုချစ်တယ် .. ကိုကို့ကိုချစ်တယ် တဲ့"

"အဟား .. ရယ်ရတယ် .."

နှစ်ယောက်သား ရယ်လိုက်မိကြလေသည်။

ပင်လယ် က မမနှုတ်ခမ်းသားလေးတွေကို ငုံ့မိုးကြည့်ရင်း သူ့ နှုတ်ခမ်းတို့နှင့် ဖိကပ်မတတ် ငုံ့ကျလာကာ ...

"မသိရင်မှတ်ထား ချာတိတ်ရဲ့၊ အချစ်ဆိုတာ ရင်ခုန်သံချင်းထပ် တူညီတဲ့အခါမှာလဲ ဖြစ်တယ်"

"ဘယ်တုန်းက ပြဋ္ဌာန်းခဲ့တဲ့ သီအိုရီလဲ"

"ခုပဲ ပြဋ္ဌာန်းလိုက်တာ၊ ပင်လယ်ရဲ့သီအိုရီ .."





## အခန်း (၃၃)

မင်္ဂလာညှော်ခံပွဲက မနက်တစ်ခါ ညတစ်ခါ ဖြစ်ခဲ့၏။ ရင်ထဲမှာ ကြည်နူးနေခြင်းက ပျော်တာတွေထက်သာမည်ထင်သည်။ ဦးလေးတို့ လင်မယား ရောက်လာချိန်မှာတော့ ရင်ထဲမှာ လှိုက်ခနဲပူပြင်း၏။

ကိုဇင့်ကို သတိရလို့ပါ။ 'ကိုဇင်ရော' လို့ မေးဖို့ နှုတ်များမှာ အကြိမ် ကြိမ်ဖြစ်ပေမယ့် ဘာကိုမကြားရမှန်းမသိဘဲ မေးလည်းမမေးရဲခဲ့ပေ။

ဖိတ်စာတွေ သွားပို့တုန်းကတော့ ဒေါ်ဝှင်းဝင်းက မရိုးနိုင်သော စကားကိုပြောခဲ့သည်တဲ့။

"ဇင်ကိုကို ကိုယ်မေးသေးတယ်၊ တစ်ခါမှကို ပြန်မလာဘူးတဲ့" ကိုကို ပြန်လာတော့ ဒီတိုင်းပြန်ပြောသည်။ ဒါဆို ကိုဇင် ကိုယ့်ကိုပဲ ပတ်ချောင်းနေတယ်ဆိုတာ ဟုတ်မှာပါ ..။

ပြီးတော့ နောက်ကပါလာပြီမှန်းသိတာနှင့် ယုတ်မာမိုက်ကြိုးစားတဲ့ တာ..။

မင်္ဂလာပွဲမှာ ပျော်နေသည့်စိတ်တို့က ဦးလေးတို့ရောက်လာတော့ ဘာလိုလိုကြီးဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုယုတ်မာလို့တွေးထားပြီး မေ့ဖို့ကြိုးစားပြီးကာမှ သူမ ဘာဖြစ်တာလဲ ..။

"လာပါကွာ၊ ငါ နှုတ်ဆက်ပြီးပြီ"

ဦးလေးတို့ပြန်သွားတာကို မမ လှမ်းမြင်သည်။ ဒေါ်ဝင်းဝင်းကပါးစပ်တပြင်ပြင်နှင့် ဘာတွေပြောချင်နေမှန်းမသိဘဲ ဦးလေး ထပြန်သွားပုံကလည်း မပြောမဆိုစေချင်၍ ကမန်းကတန်း ထပြန်ရသည့်ပုံ ...။

"ဦးလေးတို့ပြန်သွားပြီ မေမေ၊ မမကိုတောင် နှုတ်ဆက်မသွားဘူး"

မမ ပြောတော့ မေမေကတော့ နှစ်သိမ့်ရှာသည်။

"ဒီမှာ ဧည့်သည်တွေနဲ့ သမီး အလုပ်ရှုပ်နေမှန်း သိလို့ဖြစ်မှာပါ" တဲ့။

ဧည့်ခံပွဲမပြီးမချင်း စိတ်ထဲမှာ ဟာတာတာနှင့်ဖြစ်ကာ လက်ဖွဲ့ဘူးတွေ ဖွင့်ကြည့်မလားလို့ ပင်လယ် မေးတာတောင် ခေါင်းခါမိ၏။

"ပင်ပန်းနေပြီထင်တယ်၊ ခဏဝင်နားပြီး ရေချိုးလိုက်လေ၊ ကိုကို ဧည့်သည်တွေနဲ့ ခဏလိုက်သွားလိုက်ဦးမယ်"

"ညဉ့်နက်မှာလား ကိုကို၊ အရက်တွေ မသောက်ရဘူးနော်"

"အိုခေ .. လုံးဝစိတ်ချ .."

မမနဖူးလေးကိုနမ်းပြီး ပင်လယ် ထွက်သွား၏။ မမ ရေချိုးနေတုန်းမှာ အိမ်ဖော်ကောင်မလေးက သနပ်ခါးတွေသွေးထားသည်။ မေမေကရောက်လာပြီး ...

"သနပ်ခါးရေကျဲလေးလိမ်းလိုက် သမီး၊ အေးမြမြလေးနဲ့ စိတ်ကြည်တယ်၊ နောက်ညတွေလဲ ခါတိုင်းလို ဖြစ်သလိုဝင်မအိပ်ရဘူးနော်၊ မိန်းမတို့ရဲ့ ဂုဏ်ကျက်သရေဟာ အလှတရားပဲ သမီးရဲ့၊ နေ့နေ့ညည အမြဲလှနေရမယ်၊ လှအောင် တရားလွန်ပြင်ဆင်ဖို့မလိုဘူး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနဲ့ သေသပ်လှပမှုကို ပြောချင်တာ၊ အိမ်ထောင်သည်ဖြစ်ပြီဆိုပြီး ပက်ပက်စက်စက်နေလိုက်ရင် ပထမဆုံး မိမိကိုယ်ကို မလန်းဆန်းဘဲ ယုံကြည်မှု





မဲ့သွားမယ်၊ အို .. နောက်ထပ်ဆိုးကျိုးတွေ ဆက် တိုက်ဖြစ်လာမှာပဲ၊ မနက်ကျမှ အေးအေးရှင်းပြမယ်၊ မေမေပြောတာ နားထောင်မယ်မို့လား"

"ဟုတ် .."

မေမေ စကားတွေအများကြီးပြောပြီးမှ ကျေနပ်သွား၏။

"သမီး အိပ်ချင်အိပ်လေ၊ သားကို သမီးအနံတိ စောင့်လိမ့်မယ်၊ သူက ဆယ့်နှစ်နာရီမကျော်ဘဲ အိပ်ပျော်တဲ့လူမဟုတ်ဘူး"

"မဟုတ်တာ မေမေရယ်၊ မအိပ်ပေမယ့် လူကြီးဆိုတာ အနားယူဖို့လိုတာပေါ့၊ ကိုကို့ကို မမပဲ စောင့်ပါ့မယ်"

ဒီလိုပြောတာလေးကိုလည်း မေမေ သဘောတွေကျနေပြန်သည်။

"မိသီတာ .. နင်သွားအိပ်တော့၊ ရပြီ"

"ဟုတ်ကဲ့ မမ .."

ကောင်မလေးကို ဝင်အိပ်ခိုင်းပြီး မမ ဆိုဖာပေါ်မှာ စာထိုင်ဖတ်နေလိုက်သည်။ ငုတ်တုတ်ကနေ ဆိုဖာထက်မှာ ဘယ်လိုခွေခေါက်အိပ်ပျော်သွားသည်မသိ။

ကိုယ်ခန္ဓာသည် လေထဲမှာ ငြိမ့်ငြိမ့်လေးဝဲပျံနေသလိုဖြစ်လျက်မွှေးအိသောအထိအတွေ့နှင့် နောက်ထပ် ငြိမ့်ခနဲဖြစ်သွားလျှင် ..

"ဟင် .. ကိုကို .."

နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်မှာ ပက်လက်ကလေးဖြစ်နေတော့မှ မမ မျက်လုံးတွေပွင့်သွားပြီး လန့်ဖျပ်နိုး၏။ ကြည့်လိုက်တော့ သူမသည် ဆိုဖာပေါ်မှာမဟုတ်တော့ဘဲ မွေ့ရာပေါ် သို့ရောက်နေကာ ပွေ့ခေါ်လာသူက ပင်လယ် ..။

"တံခါးဖွင့်ဖို့စောင့်သတဲ့ဗျား မွေ့ခေါ်လာတာတောင်မသိဘူးအပျွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်က တံခါးပိတ်ပြီးပြန်လှည့်လာရင်းရယ်သည်။ မမ မျက်နှာလေးနီလျက် ..

"ကိုကို .. ကိုကို့ကို ဘယ်သူတံခါးဖွင့်ပေးတာလဲဟင် .."

"အန်တီခင် .."

"ဟယ် .. အန်တီပင်ပန်းမှာစိုးလို့ မမ တမင်စောင့်နေတာကို .."

"ကိုယ့်ကလေးအကြောင်း ကိုယ်သိလို့တဲ့လေ၊ တံခါးဖွင့်တာတောင် အသံမပြည်အောင်လာဖွင့်တာ၊ ကလေးကို ဖွဖွလေးပွေ့သွားပါတဲ့"

"ဟာ .. ဘာကလေးလဲ"

ကိုယ့်ကိုယ်ကိုယ် ဘယ်လိုခံစားလိုက်ရမှန်းမသိဘဲ ရှက်သွားသလိုလို၊ ပင်လယ် က အပြုံးမပျက် ကုတ်အင်္ကျီကိုချွတ်ထားလိုက်ပြီး လည်စည်း နဲ့ရှပ်အင်္ကျီကိုဖြုတ်နေရင်း ...

"သိပ်လှနေပါလား၊ ပါးကွက်လေးတွေနဲ့၊ ဟိုတုန်းက မလိမ်းဖူးသလိုပဲ"

"ဟုတ်တယ်၊ ကိုကို့အတွက်လေ .."

"အိုခေနော် .."

"အို .. ကိုကိုကလဲ၊ အင်္ကျီတွေလဲဦးလေ၊ ရေသွားချိုးမှာမို့လား၊ လွှတ်စမ်းပါ"

"မိန်းမက အင်္ကျီချွတ်ပေးရမှန်းမှမသိတာ၊ ရေချိုးချင်စိတ်မရှိအောင် ဖြားယောင်းသွေးဆောင်နေလို့ ရေလဲမချိုးချင်တော့ဘူး"

"ကိုကိုနော် ..."

မမ ပက်လက်ကလေးပစ်ကျသွားကာ ရင်တွေခုန်နေပေမယ့် ရှက်သည့်စိတ်ကြောင့် သူ့အနမ်းတွေကို အလန့်တကြား ရှောင်တိမ်းနေမိ၏။ ထိုစဉ် ဖုန်းမြည်သံက အတိအကျ နှောင့်ယှက်လေသည်။



"ဂျွတ် .. တစ်သက်လုံးမှာ ဒီအသံအမုန်းဆုံးပဲ"

ပင်လယ် က ညည်းညူရင်း ကိုယ်ကိုတစ်ပတ်လှိမ့်ကာ စားပွဲပေါ်က ဖုန်းကို လှမ်းကိုင်၏။

"ဟလို .."

"မမနဲ့ အရေးတကြီးပြောစရာရှိလို့ပါ"

ယောကျ်ားသံတစ်သံမို့ သူ မျက်မှောင်ကြုတ်သွား၏။ ခင်ကို့အသံ ဟုတ်မှန်းတော့ သိပေမယ့် သက်ဆိုင်သူလက်ထဲကို ထည့်ပေးလိုက်၏။

မမ ကိုယ့်ဖုန်းဆိုတော့ အုံ့ဩသွားကာ လှဲနေရာမှ လူးလဲထ၍ အင်္ကျီကို ပြေပြစ်အောင် ပြုပြင်၏။

"ဟလို .. မမ ပါ .."

"မမ .. ငါတ ခင်ကို့ ဦးလေး ဦးဝင်းမြင့်ပါ"

စပီကာ ဖွင့်ထားမလိုဘဲ ညှိနက်သံမို့ ဖုန်းထဲကစကားတွေကို ပင်လယ် ဒီအတိုင်းကြားနေရ၏။ ဖုန်းပြောတာကို နားထောင်မနေသင့်ပေမယ့် အချိန်မတော်ဝင်သည့်ဖုန်းမို့ မမကို စိုးရိမ်လို့ပါ ..။

"ပြောလေ ဦးလေးဝင်းမြင့်၊ ဘာကိစ္စရှိလို့လဲဟင် .."

"ခင်ကို အရေးပေါ်ရောက်နေတယ်၊ အသက်မီချင်ရင် ခုချက်ချင်း ထွက်လာခဲ့ပါ"

"ရှင် .. ဘယ်လို .. ဟလို .. ဦးလေးဝင်းမြင့် .."

တစ်ဖက်က ဖုန်းချသွားပြီမှန်း ပင်လယ် ကသိပေမယ့် မမ ကတော့ ကယောင်ချောက်ချားခေါ်နေဆဲ ..။

"ကဲ .. ထ .. ကိုယ်လိုက်ပို့မယ်"

"ဟင် ..."

"ဆေးရုံကို မင်းလိုက်မှာမို့လား"

"ဟုတ် .."

[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အကျီလဲလိုက် .."

ပင်လယ် စိတ်ရှုပ်ထွေးသွားပေမယ့် မမ စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးဖို့ သူ့မှာတာဝန်ရှိသည်။ ထို့ကြောင့် လူကြီးတွေ အသိပေးကာ မမနဲ့သူ ထွက်လာခဲ့ကြ၏။

"ကိုဇင် .. ဘာဖြစ်တာလဲမသိဘူး၊ တကယ်စိုးရိမ်ရတဲ့ အခြေအနေ လားဟင် .."

"ကိုယ်လဲ မသိဘူးလေ၊ ဟိုရောက်တော့ သိရမှာပေါ့၊ အရမ်းစိတ် ပူမနေပါနဲ့ကွာ၊ မင်းမြန်မြန်ထွက်လာအောင် ပြောတာလဲဖြစ်နိုင်ပါတယ်"

မမ ပင်လယ့်လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ထားကာ မျက်ရည်တွေတဝေ့ဝေ့တက်လာကြ၏။ မုန်းတယ်ဆိုတာ ဘယ်ရောက် သွားသလဲ ..။

ရွံစရာကောင်းတဲ့လူယုတ်မာဆိုပြီး မေ့လိုက်ပြီဆို ..။

ရင်ဘတ်ထဲမှာ သံယောဇဉ်တွေ ဟိုတုန်းကအတိုင်းပါလား ..။

"ဟင် .. ရှေ့ .. ရှေ့မှာ ကိုကို .. ဦးဝင်းမြင့်ကြီး .."

ရှင်းလင်းမည်းပြောင်နေသည့် လမ်းမအလယ်မှာ ကုတ်အကျီဖြူ ဖြူ ဖားနှင့် မားမားကြီးရပ်နေသည့် ဦးဝင်းမြင့်က ကားနီးလာမှ လက်နှစ် ဖက်ကားရပ်တား၏။

ထိုအခါ ကုတ်အကျီထဲက နောက်ထပ်ထွက်လာသည့် လက် တစ်ဖက်ထဲမှာ ဘူးလေးတစ်ဘူးကိုကိုင်ထားတာ မြင်လိုက်ရသည်။

ကားက သူ့ရှေ့နားမှာ တုံ့ခနဲ ရပ်သွား၏။

ဦးဝင်းမြင့် က ခဏရပ် ကြည့်နေပြီးမှ ...

"မမ .. ခဏလောက်ဆင်းခဲ့ပါလား"

မမ ဆင်းဖို့ပြင်တော့ ပင်လယ် က ဆွဲထားလိုက်ပြီး ဒီဘက်ကို မှန်ချ၍ ...





"ဦးလေးက ဆေးရုံကဆက်တာမဟုတ်ဘူးလား၊ ဘာဖြစ်လို့ ဒီက စောင့်နေတာလဲ"

"အရေးပေါ်ဆက်ရတာ၊ မင်းတို့ ချက်ချင်းထွက်လာဖို့လေ၊ ဒီက စောင့်တာကတော့ ..."

သူသည် နေရာမှ တုတ်တုတ်မလှုပ်ဘဲ အသက်တစ်အောင့်လောက် ပြီးမှ ..

"ဆေးရုံကို သွားစရာမလိုတော့လို့ပါ"

"ဟင် .. ဘာ .."

မမ မျက်လုံးလေးဝိုင်းသွား၏။ ဒီတစ်ခါ ဆင်းသွားတာကိုတော့ တားဆီးဖြစ်ဘဲ ပင်လယ် ကလည်း ဟိုဘက်ကနေ ဆင်းလိုက်၏။

"ဦးလေးဝင်းမြင့် .."

တကယ်ဆို ဒီလူကြီးကို မမ သေချာတစ်ခါမှ စကားမပြောဖူးပါ။ ကိုဇင့်ကိုသွားရှာရင်း ဦးလေးတို့အိမ်အဝင်အထွက်မှာ နှစ်ခါဆုံဖူးတာပဲ ရှိ၏။

ဦးဝင်းမြင့်ကလည်း အမှတ်တမဲ့နေခဲ့ပုံပေါ်သည့် မမကို ဒီည သူ့ ရှေ့ရောက်လာမှ စူးစူးစိုက်စိုက်ကြည့်၏။

ပန်းနုရောင်ပေါ်မှာ အနီခက်တွေပါသည့် တီရှပ်ပွပွလေးနှင့် ဘောင်း ဘီရှည်အနီပွပွကိုဝတ်ထားသည့်မိန်းကလေး ..။

ထွေးသစ်နုနယ်သော၊ အပျိုရည်အဆင်းနှင့် ယဉ်တစ်ကိုယ်လုံး ကလည်း ငေးလောက်သည့်ရုပ်ပင်။ ဒါပေမယ့် ငေးမောရူးသွပ်ရလောက် အောင် ဆွဲဆောင်နိုင်တာမျိုးတော့မဟုတ်ပါဘဲ သူမကိုမှ ဘာဖြစ်လို့ ပေးဆပ်ချင်နေကြတာလဲ ..။

ဘယ်လိုအပြစ်၊ ဘယ်အကြောင်းတွေရှိရှိ ချစ်ဖို့ ကြိုက်ဖို့ ...



www.burmeseclassic.com

www.burmeseclassic.com



လို့ အဆင်သင့်ဖြစ်နေကြတာလဲ ..။

ဦးဝင်းမြင့်မျက်လုံးတွေ မမဘေးမှာရပ်လာသည့် ပင်လယ်ထဲ ရေစုံ ဖြတ်ပြေးသည်။ တစ်ယောက်က ပိုင်ဆိုင်သွားသူဖြစ်ကာ တစ်ယောက်ကတော့ ...။

"ရော ..."

ဘာမှမပြောသေးဘဲ ဦးဝင်းမြင့်က သူကိုင်ထားသည့် အပြာရောင်ဘူးလေးကိုလှမ်းပေးသည်။ မမ က ယူထားလိုက်ပြီးမှ ဆတ်ခနဲ ပြန်မော့လာကာ ...

"ဘာတွေလာထွင်နေတာလဲ၊ ကိုစင် အသည်းအသန်ဖြစ်နေတယ်ဆို၊ လမ်းကဖြတ်ပြီး အရှိန်တွေကြာအောင်လုပ်နေတာ ဘာလုပ်တာလဲ"

မမ ဘုဆတ်ဆတ်မေးတော့ ဦးဝင်းမြင့်က အကျည်းတန်သည့် မဲ့ပြုံးနှင့် စိုက်ကြည့်၏။

"မလိုတော့လို့ပေါ့ ကလေးမရယ်၊ သူ ဆုံးသွားပြီ"

"ဘာ ..."

"ဒီနေ့ဆို သူဆုံးတာ ရှစ်ရက်ရှိပြီ"

"မဖြစ်နိုင်ဘူး။ ဦးလေးကြီး ဘာတွေလျှောက်ပြောနေတာလဲ"

"မယုံရင် နဖူးပေါ်လက်တင်ပြီး အိမ်ပြန်ရောက်မှ စဉ်းစားပေတော့၊ အခု မင်းလက်ထဲရောက်နေတဲ့ဘူးကို ကြည့်လိုက်ပါ"

မမ က ဘူးပေါ်မှာ အသာလေးပတ်ချည်ထားသည့် ခဲကြိုးပြာလေးကို ဆွဲဖြည်ချလိုက်၏။ ထိုအခါ အပြာရောင်ပေါ်မှာ အဖြူရောင်စာလုံးလေးတွေ ထင်းနေတာကို မြင်လိုက်ရသည်။

တာဝရ ညီမလေး

မမ





မမ မျက်လုံးတွေ ပြာခနဲ ဖြစ်သွား၏။ သာသာလေးအုပ်ထားသည့် ဘူးရဲ့အပေါ်ဖုံးကို တဖြည်းဖြည်းဖွင့်နေသော လက်တို့က တဆတ်ဆတ်တုန်လာခဲ့သည်။

"ဟင် ..."

အထဲမှာ စင်ကို့လက်သန်းမှာ အမြဲစွပ်ထားနေကျ ရော်ဘာလက်စွပ်ကွင်းမည်းလေးက ငါးရာနှစ်ဆယ့်ရှစ်ကျပ်တိတိ ထပ်ထားသည့် ပိုက်ဆံအုပ်လေးပေါ်မှာ တင်လျက်သား ..။

ပိုက်ဆံတွေနဲ့လက်စွပ်ကို နေရာတကျမြဲနေအောင် သေချာကပ်ထပ်ထားတာဖြစ်သည်။ ပိုက်ဆံတွေကို အထပ်လိုက်လေးကောက်ယူလိုက်တော့ အောက်မှာ စာကြောင်းလေးတွေပေါ် လာပြန်သည်။

ဘယ်အခါမပြောင်းလဲသော

မြူခင်မေတ္တာများဖြင့် ...

တာဝရအခ်ကိုကြီး ..

ကိုစင် .. ကိုစင် .. ဘယ်မှာလဲ ..။ မမ ခေါင်းထဲမှာ ပေါက်ကွဲသံတွေ ဆူညံကုန်၏။ ဒါကို ဘေးလူတစ်စုံတစ်ယောက်က နားလည်ချင်မှ လည်မည်။

မမ ကတော့ ကိုစင် ဘာလုပ်လိုက်တာမှန်း ချက်ချင်းသိ၏။ ငည်သည့်ဖြေရှင်းချက် တစ်စုံတစ်ရာမှမလိုပါဘဲ မမ ခေါင်းထဲမှာ ရှင်းလင်းစွာဝင်လာသည့်အသိက ကိုစင် ဟာ မမ ဘက်က သံယောစဉ်ကုန်ခမ်းသွားအောင် တမင်အနစ်နာခံခဲ့ခြင်း ..။

"ကိုစင် တကယ်သေသွားတာမဖြစ်နိုင်ဘူး။ သူ ဘယ်မှာလဲ၊ ဘယ်နားမှာရှိနေရဲ့သားနဲ့ ဘာဖြစ်လို့ ထွက်မလာတာလဲ"

"ဟုတ်တယ်၊ ဒီနားမှာ ရှိချင်ရှိနေမှာပါ၊ သူက သူ့ညီမကို အသက်



www.burmeseclassic.com

www.burmeseclassic.com



ပေးချစ်တဲ့သူကိုး .."

"မဟုတ်ဘူး၊ မမ မယုံဘူး၊ ကိုဇင်.. ကိုဇင် မသေပါဘူး"

"ယဉ်သကို .. ဟိတ် .. နိုးချင်ရင် ငိုလိုက်လေ၊ ဒီမှာ ကိုယ့်ကိုမှီထား.."

"ဟင့်အင်း .. ကိုကို .. ကိုဇင့်ကိုခေါ်ပေးပါ၊ သူက ဘာဖြစ်လို့သေရ တာလဲ၊ ဦးလေးကြီး သက်သက်ညာတာ၊ မယုံဘူး"

"ယဉ်သကို .."

မမ သည် ဦးဝင်းမြင့်ကို ထုရိုက်ပုစ်တော့မလို ရုန်းကန်အော်ဟစ် ရင်း ပင်လယ့်လက်ထဲမှာ တအိအိပျော့ခွေကျသွား၏။

"ဟာ .. ယဉ်သကို ..၊ ကျွတ် .. ခင်ဗျားဗျာ ..၊ ဒီလိုဖြစ်သွားပြီဆို ရင်လဲ ဒီသတင်း မနက်ကျမှ ပေးလို့ရသားနဲ့ .."

"ဘာကွ .."

ပင်လယ် မမကိုယ်လေးကိုပွေ့ချီကာ ကားထဲမှာ သာသာလေး သွားထည့်သည်။

"ဟွန်း .. တရားကျဖို့ကောင်းပါ့ကွာ .."

ဦးဝင်းမြင့်က လက်နှစ်ဖက်နောက်ပစ်ကာ ပင်လယ့်ဘေးကို လျှောက်လာလျက် ...

"ဟိုတစ်ယောက်က နှစ်သက်သေမယ့်အစား တစ်သက်ပဲထိုးကျွေး သွားတာ၊ မင်းမိန်းမ ဒီလောက်တော့ဖြစ်ထိုက်တယ်လေ၊ ဂုဏ်ယူပါတယ် ကွာ၊ တက်မခေါက်ပါနဲ့"

"ခင်ဗျား ဘာတွေပြောနေတာလဲ"

"မင်းသိမှာမဟုတ်ပါဘူး၊ ဇင်ကိုနဲ့မမ ဆိုတဲ့ အဝါရောင်လေလွင့် စွယ်တော်ရွက်လေးဟာ လွင့်ချင်ရာလွင့်၊ ကပ်ချင်တဲ့နေရာမှာကပ်၊ ထင် သလို လွင့်မျောရွေ့လျားနေတာလေ၊ သူတို့နှစ်ယောက် ဘာတွေရင်ဆိုင်





ခဲ့ရသလဲ၊ ဘယ်လိုပုံစံနဲ့ အတိတ်ကိုကျော်ဖြတ်ခဲ့ကြသလဲ၊ မင်း မသိသေး ရင် အဲ .. မေးရဲရင်ပေါ့၊ သူသတိရရင် မေးကြည့်လိုက်ပေါ့"

ပင်လယ် ကားတံခါးကိုကိုင်လျက်သားနှင့် ငုတ်တုတ်မေ့သွားသည်။ ဦးဝင်းမြင့်၏မျက်နှာကြီးက တင်းမာနေရာကနေ ရိဝေဆွေးမြေ့သွား ကာ..

"ကလေးတွေဘဝက သနားစရာပါ"

"အဲဒါ ခင်ဗျားမွေးခဲ့တဲ့မီးပဲ၊ အခု သေတဲ့လူကသေ၊ ကျန်တဲ့လူက ကျန်ခဲ့တယ်၊ ဘာတွေထပ်လုပ်ချင်သေးလို့လဲ"

ဒေါသဖြစ်ဖြစ်နှင့် တံခါးကိုဆောင့်ပိတ်ကာ ဦးဝင်းမြင့် ရင်ဘတ်ကို ပါ တွန်းပစ်လိုက်မိ၏။ ဦးဝင်းမြင့်က ဒေါသဖြစ်ပုံမပြဘဲ ယိုင်နဲ့သွား သည့်ခြေလှမ်းကို ပြန်ထိန်း၍ ...

"ဟုတ်တယ်၊ အားလုံးက ကျုပ်ကြောင့်ဖြစ်တာ၊ မမမှာလဲ အပြစ် မရှိပါဘူး၊ ဒါပေမယ့်ကွာ .. ငါက ဇင်ကိုရဲ့ဦးလေးအရင်းပါ၊ သူနေမယ် ဆိုရင် နေသာရဲ့သားနဲ့ သူညီမအပေါ်မှာ ဒီအရိပ်တွေ စွန်းထင်းကုန်မှာ စိုးလို့ တစ်ယောက်တည်း သိမ်းကျုံးယူသွားတာ .."

ဦးဝင်းမြင့် ငိုသံပါကြီးနှင့်ပြောရင်း အသံက တိမ်ဝင်သွားသည်။

"မပြောတော့ပါဘူး၊ ဒါတွေကို မမ သိအောင်ပြောဖို့လဲ ကျုပ် မရည် ရွယ်ဘူး၊ ဇင်ကိုက လူယုတ်မာတွေနှိပ်စက်ပြီး နယ်စပ်ကို မသေရုံတမယ် လေး ပြန်ကူးလာနိုင်တာ၊ တကယ်တော့ သူ ဒီပစ္စည်းလေးပေးချင်လို့ မမလက်ထဲ အရောက်ပို့ပေးနိုင်မယ့်လူကိုစောင့်နေတာ"

ပင်လယ် က နှုးစိုက်နားထောင်နေ၏။ မမနဲ့ဇင်ကိုတို့၏ နောက်ဆုံး တွေ့ဆုံခန်းကို ဘာမှမသိခဲ့သူမို့ ဒီဘူးနှင့်တကွပါသော ပစ္စည်းတွေကို ဘာအဓိပ္ပာယ်ဆိုတာလည်း နားမလည်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းမြင့်ကလည်း ဒါတွေကို ထာဝရဖုံးကွယ်ထားတော့ဖို့ ဆုံးဖြတ်ခဲ့သည်ဖြစ်ရာ ...

"သူ့အသက်ကိုမီရုံလေးပဲ ကျူပ်ရောက်သွားခဲ့တာ၊ ဘာစကားမှ မပြောနိုင်ဘဲ ဒီဘူးလေးကိုပေးပြီး သူဆုံးသွားခဲ့တယ်၊ မမ မယုံနိုင်သေးရင် မင်းပြောပြနိုင်အောင် ငါပြောခဲ့တာ၊ ပြောပြလိုက်ပါကွာ၊ အားလုံး အမှန်တကယ်ပြီးဆုံးသွားပါပြီ လို့ .."

ဦးဝင်းမြင့် ဝတ်ရုံကြီးတဖားဖားနှင့် လှည့်ထွက်သွားလေသည်။

ပင်လယ် တစ်ယောက်တည်း စတီယာရင်ပေါ် မှာလက်တင်လျက် မမကိုယ်လေးကို တစ်ဖက်က်ဆွဲယူကာ ပခုံးပေါ် မှာ မှီနေစေလိုက်၏။

ဘယ်လိုနှိုးရမလဲ ချာတိတ်ရယ် ..၊ ကိုယ်ကြားချင်တာက မင်းဆိုးနဲ့ မယုံ တီတီတာတာအသံလေးကို ..၊ ငိုရှိုက်သံတွေမဟုတ်ဘူး ..။

သူပေးသွားတာ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဆိုရင် ကိုယ်ပေးမယ့် ထောင့်ငါးရာက လွှမ်းမိုးနိုင်ပါ့မလား ..။

ဒီနေရာမှာတော့ ကိန်းကဏန်းအလိုက် တန်ဖိုးအနည်းအများကို အတည်ပြုချင်မိသည်။ ပုလောင်ခြင်း၊ အေးမြခြင်းတွေ၊ နူးညံ့တာ၊ ကြမ်းတမ်းတာတွေ၊ ဘယ်လိုဒဿနတွေပဲရှိနေနေ ...

နေရာချင်းတော့ မလဲနိုင် ...။

# လရောင်ကျူးရင့်

ရွှေသမင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com